


7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


ဂု ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၃)၊ အမှတ်(၁၁) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက် ၊ ဗုဒ္ဓဟူး ၊ (မေ ၂၁ ၊ ၂၀၁၄)



TRI
LIVES BRILLIANTLY




*ရန်ကုန်မြို့နေ အိမ်ရှင်မတစ်ဦး မီးဖိုခန်းအတွင်း လျှပ်စစ်မီးအသုံးပြုချက်ပြုတ်နေသည်ကိုတွေ့ရစဉ်* ဓာတ်ပုံ−ဂျေမောင်မောင်(အမရပူရ)

# ပြည်သူ့ညည်းတွားသံ ကြားကြပါစ

**အေးသူစံ**

ပြည်သူတို့၏ အခက်အခဲအကျပ်အတည်းများကို ကျန်ရှိသမ္မတသက်တမ်းအတွင်း အာရုံစိုက်ဖြေရှင်းသွားမည်ဟုပြောထားသော သမ္မတဦးသိန်းစိန်က မီတာခများ တိုးမြှင့်ကောက်ခံသင့်ကြောင်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်သို့ပေးပို့ခဲ့ပြီး မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များကိုအစဉ်လေ့လာနားထောင်နေပါသည်ဆိုသော လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီမှုဖြင့် ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်အတည်ပြုခဲ့ခြင်းဖြစ်သည်။

**အချပ်ပို A6 ››**

## ဆုံးခန်းမတိုင်သေးသည့် လူထုကြားအကြမ်းဖက်မှု

**ရန်မျိုးနိုင်**

"အခုက ဒီမိုကရေစီလမ်းကြောင်းကိုသွားနေတယ်လို့ပြောဆိုနေတဲ့အတွက် လူထုအတွင်းမှာ အကြမ်းဖက်မှုဆိုတာမရှိသင့်တော့ဘူး။ ရဲနဲ့ပြည်သူထိပ်တိုက်တွေ့ပြီး နှစ်ဦးစလုံးဒဏ်ရာရမယ့်အဖြစ်တွေကို လျှော့ချဖို့အဖြေလိုလာပြီ"

**စာမျက်နှာ ၂ ››**

## လူ့တန်ဖိုး မေ့လျော့ခံရခြင်း

**အောင်သစ်လွင်၊ အေးမြတ်သူ**

ကာယကံရှင် အလုပ်သမား၏ လုပ်ငန်းပိုင်းဆိုင်ရာ အသိပညာနည်းပါးမှု၊ လုပ်ငန်းရှင်၏ နည်းပညာဆိုင်ရာ အထောက်အပံ့အားနည်းမှုနှင့် လုပ်ငန်းခွင်အတွင်းကြိုတင်ပြင်ဆင်မှုအားနည်းခြင်းတို့ကြောင့် လူသေဆုံး/ဒဏ်ရာရမှုဖြစ်စဉ်၏ နောက်ကွယ်တွင် သက်ဆိုင်ရာမိသားစုဝင်များ နေ့စဉ် စားဝတ်နေရေးအတွက် ဒုက္ခပင်လယ်ဝေကြရသည်။

**စာမျက်နှာ ၈ ››**

## နောက်တစ်ခါ မျှော်ပါလေဦး

**ထားထားမြင့်**

အမေရိကန်သမ္မတအိုဘားမားက စီးပွားရေးပိတ်ဆို့မှုအချို့ကို သက်တမ်းတိုးမှုကြောင့် မြန်မာစီးပွားရေးလုပ်ငန်းများနည်းတူအမေရိကန်စီးပွားရေးလုပ်ငန်းများကလည်းမပျော်နိုင်ကြပါ။သူတို့က မြန်မာနှင့်စီးပွားရေးထဲထဲဝင်ဝင်လုပ်ရန် ပိတ်ပင်ထားခံရချိန်မှာ အခြားဥရောပနှင့်အာရှကုမ္ပဏီများက ခြေကုပ်ရသွားမှာကို ပူပန်နေကြရသည်။

**စာမျက်နှာ ၁၃ ››**



## "ကျွန်တော့်အမြင်က ၄၃၆ ရော ၅၉(စ)ရော ပြင်ဖို့က ၂၀၁၅မတိုင်ခင် မဖြစ်နိုင်ဘူးလို့မြင်တယ်"

ဒေါက်တာရန်မျိုးသိမ်းနှင့်တွေ့ဆုံခြင်း

**စာမျက်နှာ ၁၈ ››**




7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# ဆိုးခန်းမတိုင်သေးသည့် လူထုကြားက အကြမ်းဖက်မှု

**ရန်မျိုးနိုင်**

နှစ်ပေါင်းငါးဆယ်ကျော်ကြာ အာဏာရှင်အုပ်ချုပ်ရေးစနစ်မှခွဲထွက်ကာ ပြည်သူလူထုဆန္ဒနှင့် ရွေးချယ်တင်မြှောက်ခံရသည့် အစိုးရသာ နိုင်ငံကိုအုပ်ချုပ်ရသည့် ဒီမိုကရေစီစနစ်ပြုပြင်ပြောင်းလဲရေးကို လုပ်ဆောင်နေသည်ဟု သမ္မတဦးသိန်းစိန်အစိုးရက အမြဲမပြတ်ထုတ်ဖော်ပြောကြားလျက်ရှိသည်။

ပြည်သူများအတွက် ယုံကြည်စိတ်ချရပြီး လူ့အခွင့်အရေးကိုလေးစားလိုက်နာသည့် ရဲတပ်ဖွဲ့ဝင်များဖြစ်လာစေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အား ဥရောပသမဂ္ဂက သင်တန်းများ ပို့ချလျက်ရှိသည်။

ဥရောပသမဂ္ဂ ပို့ချသော သင်တန်းများသည် လူစုလူဝေးများကိုနှိမ်နင်းရာတွင် မလိုအပ်ဘဲ လူအင်အားမသုံးခြင်း၊ အကြမ်းဖက်မှုမပြုဘဲ စနစ်တကျထိန်းသိမ်းနည်းနှင့် ရဲတပ်ဖွဲ့ဝင်များကလည်း ဥပဒေကိုလေးစားလိုက်နာရန်အတွက်ရည်ရွယ်ပို့ချခဲ့ခြင်းလည်းဖြစ်သည်။

ယင်းသို့နှစ်ဖက်နစ်နာသည့် ထိပ်တိုက် တွေ့ဆုံမှုများသည် နိုင်ငံတွင်ဖြစ်ပေါ်နေသောအခြေအနေများအရ ဆက်လက်ဖြစ်ပေါ် နေဦးမည်ဖြစ်သဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား ထိပ်တိုက်တွေ့ဆုံမှုများတွင် နှစ်ဖက်ထိခိုက်မှုမရှိဘဲ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်နည်းလမ်းကို ဝိုင်းဝန်းအဖြေရှာရန်အမြန်ဆုံးလိုအပ်လာပြီဖြစ်သည်။

"အခုက ဒီမိုကရေစီလမ်းကြောင်းကိုသွားနေတယ်လို့ပြော



*လယ်မြေသိမ်းခံရ၍ ကြိမ်စာတိုက်သည့်လယ်သမားများကို ဖမ်းဆီးခဲ့ပြီးနောက် လက်ထိပ်နှင့်အတူတွေ့ရစဉ်*

ဓာတ်ပုံ–ကိုရဲတင်ဖေ့စ်ဘွတ်ခ်




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

ဆိုနေတဲ့အတွက် လူထုအတွင်းမှာ အကြမ်းဖက်မှုဆိုတာမရှိသင့်တော့ဘူး။ ရဲနဲ့ပြည်သူထိပ်တိုက်တွေ့ပြီး နှစ်ဦးစလုံးဒဏ်ရာရမယ့်အဖြစ်တွေကို လျှော့ချဖို့အဖြေလိုလာပြီ”ဟု ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဥပဒေရေးရာတာဝန်ခံဦးမာကီးက ပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကပင် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်သဲကုန်းမြို့တွင်ဖမ်းဆီးထိန်းသိမ်းခံရသော လယ်သမားတစ်ဦး ပြန်လည်လွှတ်ပေးရေးနှင့် လယ်ယာမြေပြန်လည်ရရှိရေးအတွက် ဆန္ဒပြကြသူများနှင့်ရဲတပ်ဖွဲ့ကြား ရုန်းရင်းဆန်ခတ်ဖြစ်ပြီး လယ်သမားအချို့နှင့်ရဲတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာအသီးသီးရရှိခဲ့ကြသည်။

နိုင်ငံတွင်းလက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများနှင့်ပတ်သက်ပြီး အစိုးရအနေဖြင့် ကိုင်တွယ်ဖြေရှင်းရာတွင် အေးအေးချမ်းချမ်းနှင့် စေ့စပ်ဆွေးနွေးဖြေရှင်း၍ ရမည့်နည်းလမ်းကိုသာ သုံးမည်ဖြစ်သည်ဟု သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဒုဝန်ကြီးဦးရဲထွဋ်က ပြောသည်။

အစိုးရသစ်လက်ထက်တွင် ရဲတပ်ဖွဲ့နှင့် ဒေသခံအချို့ကြား သွေးထွက်သံယိုအကြီးအကျယ် ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ် ဖြစ်ပွားခဲ့ပြီး အသေးစားထိပ်တိုက်တွေ့ဆုံမှုများသည်လည်း ရဲနှင့်ပြည်သူများကြား ဆက်လက်ဖြစ်ပေါ်လျက်ရှိကာ နှစ်ဖက်စလုံး ထိခိုက်ဒဏ်ရာရမှုများဖြစ်ပွားလျက်ရှိသည်။

“တချို့ဖြစ်ရပ်တွေကျတော့ မလိုလားအပ်ဘဲ နှစ်ဖက်စလုံး နာရတာပေါ့။ ရဲရော၊ လူထုရော ဒဏ်ရာရတယ်။ ကြုံနေရတဲ့ပြဿနာကလည်း မဖြေရှင်းနိုင်ဘဲ ရဲနဲ့ဒေသခံတွေကြား အမုန်းတွေပိုများလာတာပဲဖြစ်လာတယ်”ဟု လယ်သမားအရေး လိုက်လံဆောင်ရွက်ပေးသူတစ်ဦးဖြစ်သည့်မအူပင်မြို့နယ်မှ တရားလွှတ်တော်ရှေ့နေဦးသောင်းဦးက ပြောသည်။ ၂၀၁၃ ဖေဖော်ဝါရီအတွင်း ရောဝတီတိုင်းဒေသကြီး မလက်တိုကျေးရွာအုပ်စုပလောင်ကျေးရွာအနီးလယ်မြေသိမ်းဆည်းခံရသည့်အရေးနှင့်ပတ်သက်ပြီး ရွာသားအင်အား ၁၅၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များကြား ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပွားခဲ့ရာတွင် ရဲတပ်သားတစ်ဦးသေဆုံးပြီး အခြားရဲတပ်သားသုံးဦးနှင့် ဒေသခံ ၃၀ နီးပါးဒဏ်ရာရရှိခဲ့ကြသည်။

အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် သွေးထွက်သံယိုဖြစ်သည့်ရဲနှင့်ပြည်သူထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားမှု မရှိသလောက် နည်းပါးခဲ့သော်လည်း နယ်မြို့များတွင်မူ သွေးထွက်သံယိုပဋိပက္ခများမကြာခဏဖြစ်ပေါ်ခဲ့သည်။

“ရန်ကုန်ကျတော့ဗျာ မီဒီယာကလည်းအားကောင်းတယ်။ ပြီးတော့ နိုင်ငံတကာကလည်း စောင့်ကြည့်နေတာပါတယ်။ နယ်မှာကျတော့ အဲဒီအချက်တွေ အားနည်းတဲ့အပေါ်မှာ အခွင့်ယူတာပဲဗျ”ဟု ၈၈ မျိုးဆက်ဥပဒေရေးရာတာဝန်ခံဦးမာကီးက သုံးသပ်သည်။

ရဲတပ်ဖွဲ့နှင့်ဒေသခံအချို့ကြား သွေးထွက်သံယိုအကြီးအကျယ်ထိပ်တိုက်တွေ့ဆုံမှုလေးကြိမ်သည် ရောဝတီတိုင်း၊ စစ်ကိုင်းတိုင်း၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သွေးထွက်သံယိုထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်တိုင် အကြီးအကျယ်ဖြစ်ပွားခဲ့သည့် ရောဝတီတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းသန်းကမူ ဒေသခံများ၏မကျေနပ်မှုများ၊ ပြဿနာများတင်းမာနေသည့်အချိန်ရောက်မှ ရဲတပ်ဖွဲ့ကိုသွားရောက်ဖြေရှင်းခိုင်းခြင်းမျိုးကို မလုပ်သင့်ကြောင်း အကြံပြုသည်။

ထို့ပြင် နှစ်ဖက်ကြား ထိပ်တိုက်မတွေ့ရန် ဒေသခံများကြုံတွေ့ခံစားနေရသည့်ပြဿနာများ တင်းမာလာခြင်းမရှိမီဖြေရှင်းကြရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသန်းကပြောသည်။

ပြည်သူလူထုနှင့် ထိပ်တိုက်တွေ့ဆုံမှုဖြစ်ခဲ့သည့် ဖြစ်စဉ်များကိုပြန်လည်သုံးသပ်ကြည့်မည်ဆိုပါက ဒေသခံပြည်သူများနှင့် ခရိုနီများ(သို့မဟုတ်) အစိုးရတို့အကြား ဖြစ်ပေါ်သည့်ပြဿနာဖြစ်ပြီး ရဲတပ်ဖွဲ့၏အကျိုးစီးပွားမပါသည့်အပြင် ထိပ်တိုက်တွေ့ဆုံမှုတွင် ပြည်သူများဒဏ်ရာရရှိသွားပါကလည်းရဲတပ်ဖွဲ့ဝင်များသာနာမည်ပျက်ရကြောင်း ရောဝတီတိုင်းဒေသကြီးအတွင်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက 7 Day News သို့ပြောသည်။

ထို့ပြင် အချို့သောပဋိပက္ခများတွင်လူအုပ်စုကြီးကအန္တရာယ်ပြုမည့်ပုံစံပြလာသည့်အတွက် မိမိကိုယ်မိမိကာကွယ်ခြင်းအပြင် လူအုပ်စုခွဲရာတွင်လည်း နည်းစနစ်ပိုင်းဆိုင်ရာအားနည်းချက်များကြောင့်ပြည်သူများနှင့်တပ်ဖွဲ့ဝင်များပါ ထိခိုက်နစ်နာခဲ့ရသည်ဟု ၎င်းကဆိုသည်။

“အဓိကကတော့ ရဲနဲ့ဒေသခံ ဘာကြောင့်ထိပ်တိုက်တွေ့လဲ ပြန်ကြည့်ရင် လယ်မြေကိစ္စတွေ၊ လုပ်ခလစာပြဿနာတွေ၊ ခရိုနီတွေနဲ့ ပတ်သက်တဲ့ကိစ္စတွေပဲ။ အဲဒါတွေက အစိုးရက ထိထိရောက်ရောက်ဖြေရှင်းပေးရင်ရတယ်။ အခုတော့ အဲဒီလိုမလုပ်တော့ ထိပ်တိုက်တွေ့ကြတာပေါ့”ဟု လယ်သမားအရေး ဆောင်ရွက်ပေးသူတရားလွှတ်တော်ရှေ့နေ ဦးသောင်းဦးက ရဲနှင့်ပြည်သူထိပ်တိုက်တွေ့ဆုံမှုအပေါ် ၎င်း၏အမြင်ကိုပြောသည်။

နိုင်ငံအနှံ့တွင်ဖြစ်ပွားခဲ့သော လယ်ယာမြေသိမ်းဆည်းခံရမှုများ၏ ပဋိပက္ခအချို့သည် တက်ကြွလှုပ်ရှားသူများပါဝင်ပတ်သက်မှုအပေါ်မူတည်နေသည်ဟုလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်ဝိုင်းကြည်ကထောက်ပြခဲ့သည်။

“လယ်ယာမြေသိမ်းဆည်းခံရမှုလို ပဋိပက္ခတွေကိုကြည့်ရင် လယ်သမားရော၊ ရဲတပ်ဖွဲ့ပါမနစ်နာအောင်ဝင်ပြီး မှန်မှန်ကန်ကန် ဥပဒေဘောင်ထဲကလုပ်ပေးကြမယ့်သူတွေလိုနေတာကိုတွေ့ရတယ်။ ဥပဒေမဲ့လုပ်ကြရင် အကုန်နစ်နာတာပဲအဖတ်တင်တယ်” ဟု ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေး စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ဝင်ဖြစ်သူ ဒေါ်ခင်ဝိုင်းကြည်ကဆိုသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သင်တန်းပေးနေရခြင်းသည် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ပြဿနာများအပေါ် ဒီမိုကရေစီနည်းကျကိုင်တွယ်မှုဖြင့် မြန်မာပြည်သူများအား စစ်မှန်သောဝန်ဆောင်မှုပေးနိုင်ရန် ဦးတည်ဆောင်ရွက်ပေးရခြင်းဖြစ်သည်ဟု ဥရောပသမဂ္ဂက ထုတ်ဖော်ပြောကြားထားသည်။

“ရဲရော ဒေသခံတွေပါ မကျေမလည်ဖြစ်လာပြီဆိုရင် တွေ့ဆုံဆွေးနွေးဖို့လိုတယ်ဗျ။ အဓိကကတော့ ပြည်သူတွေနစ်နာမှုမရှိအောင်လုပ်ရမယ်။ ရဲတပ်ဖွဲ့လည်းနာမည်မပျက်အောင်ပေါ့။ အဲဒါအရေးကြီးတယ်။ ပဋိပက္ခဖြစ်တယ်ဆိုတာ နိုင်ငံရဲ့ပုံရိပ်ကျတာပဲ” ဟု ၈၈မျိုးဆက်ဥပဒေရေးရာတာဝန်ခံ ဦးမာကီးက ပြောသည်။



# PYI HTUN AUNG TRADING CO.,LTD

## BRIDGESTONE တာယာ၏ မိုးရာသီအတွက် အထူးဈေးရောင်းပွဲတော်

ပြည်ထွန်းအောင်ကုမ္ပဏီ၏ Universal တာယာအရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ် ဆိုင်များတွင် BRIDGESTONE တံဆိပ် ကုန်ကားနှင့် ဘတ်(စ်)ကားတာယာများဝယ်ယူပြီး T-Shirt နှင့် ကျပ်(15000)တန် ဆီထည့်ခွင့်ကူပွန်များ ရယူပါ။

Promotion ကာလ (10.5.2014 မှ 30.6.2014) အထိ တာယာအလုံးရေ ကန့်သတ်ထားပါ၍ BRIDGESTONE ၏မိတ်ဆောင်း မိတ်သစ်များကို အခွင့်အရေးကောင်းလက်မလွှတ်စေရန် သတင်းကောင်းပါးအပ်ပါသည်။

ပြည်ထွန်းအောင်ကုမ္ပဏီ၏Universal တာယာအရောင်းဆိုင်များနှင့် အရောင်းကိုယ်စားလှယ်များတွင် BRIDGESTONE တာယာဝယ်ယူ၍ T-shirt နှင့် ဆီကူပွန်ကို ထုတ်ယူပါ။

ဆီထည့်ပြီးလျှင် ဆီဘောက်ချာနှင့်တကွ ကူပွန်နှင့်မိမိဝယ်ယူခဲ့သောဆိုင်တွင်ငွေသားထုတ်ယူပါ။

Universal တာယာအရောင်းဆိုင်များ

Universal (မြေနီကုန်း) - အမှတ်(260)၊ ဗားဂရာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-01 2304116

Universal (အောင်မင်္ဂလာအဝေးပြေးဝန်း)-အခန်း(ယ-13)၊ပဒုက္ကာလမ်း၊ ယ-ဝန်းအသစ်၊ အောင်မင်္ဂလာအဝေးပြေး၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 73143283

Universal (မြို့ရွာနာမြို့သစ်)- အမှတ်(1)၊ အမှတ်(3)လမ်းမကြီးနှင့်ကာယ(12)လမ်းထောင့်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။
ဖုန်း- 09 73142042

(အရောင်းကိုယ်စားလှယ်များဆက်သွယ်ရန် ဖုန်း - 09 421103088)




အရောင်းကိုယ်စားလှယ်ဆိုင်များ

ရွှေမြို့ တော်တာယာဆိုင်

ဘုရင့်နောင်တာယာဆိုင်

ပါဂိတာယာရောင်းဝယ်ရေး

ဦးလှဝင်း (ကံတော်လေး တာယာဆိုင်)

ကျွန်းမြို့ တာ(တာယာဆိုင်)

ငွေဝင်(တာယာရောင်းဝယ်ရေး)

မြန်မာ(တာယာရောင်းဝယ်ရေး)

ကံတော်လေး(တာယာနှင့်အင်ဂျင်ဝိုင်)

ယောမိတ်(ကားပစ္စည်းဆိုင်)

အနော်ရဓာ

ကောင်းပါ(တာယာဆိုင်)

အောင်(တောင်ကြီး)

Promotion ကာလအတွင်း အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပါက ပြည်ထွန်းအောင်ကုမ္ပဏီ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

Life
7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# ကချင်တောနက်ထဲ ၁၀ ရက်အကြာ

**အောင်ခိုင်**

တောကြီးမျက်မည်းထဲတွင် ၁၀ ရက်ကြာ ကြောက်ရွံ့စိတ်ဖြင့် နေထိုင်ခဲ့ရသော အတွေ့အကြုံများမှာ ကိုဖြိုးဖြိုးအတွက်တော့ ပြန်ပြောင်းစဉ်းစားတိုင်း အိပ်မက်ဆိုးသဖွယ် ဖြစ်နေသည်။

ပြည်နယ်အစိုးရအဖွဲ့ရုံးမှ အငယ်တန်းစာရေးတစ်ဦးဖြစ်သော ကိုဖြိုးဖြိုးတစ်ယောက် အားလပ်ရက်တစ်ရက်တွင် လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းများနှင့်အတူ ကချင်ချောင်းသာဟုခေါ်သော အပန်းဖြေစခန်းသို့သွားရောက်ရင်း ထင်မှတ်မထားသောဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။

မေလ ၃ ရက်က ကိုဖြိုးဖြိုးအပါအဝင် ပြည်နယ်အစိုးရ အဖွဲ့ဝန်ထမ်းနှစ်ဦးမှာ မြစ်ကြီးနားမြို့မှ ၁၇ မိုင်ခန့်ကွာဝေးသော ကချင်ချောင်းသာသို့အသွားဒွန်ဂန်ကျေးရွာအနီးတွင် ကေအိုင်အေ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။



*တောတွင်းတစ်နေရာ၌ ကေအိုင်အေစစ်သားများကို တွေ့ရစဉ်* ဓာတ်ပုံ – Jade Land

မရောက်ဖူးသော တောကြီးမျက်မည်းထဲတွင် ၁၀ ရက်ကြာပြီးနောက် ကိုဖြိုးဖြိုးတစ်ယောက် ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်သော်လည်း တောထဲတွင်ရှိနေစဉ် နေထိုင်ခဲ့ရသော နေ့ရက်များမှာ သူ့အတွက်တော့ အိပ်မက်ဆိုး ဖြစ်နေပါသေးသည်။

**မေလ ၃ ရက်**

အားလပ်ရက်တွင် စိတ်ကြိုက်အနားယူမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကချင်ချောင်းသာသို့ လာရောက်သော ကိုဖြိုးဖြိုးတို့ နှစ်ယောက် လမ်းခုလတ်တွင် အရပ်ဝတ်ကေအိုင်အေ တပ်ဖွဲ့ဝင်များက ၎င်းတို့စီးနင်းလာသော ဆိုင်ကယ်ကို တား၍ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ထို့နောက် ၎င်းတို့ကို ယူနီဖောင်းဝတ် ကေအိုင်အေ တပ်ဖွဲ့ဝင်များစောင့်နေသော တောထဲသို့ ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ အပြန်အလှန် ပြောစကားများနှင့် ၎င်းတို့၏ လက်မောင်းတံဆိပ် ယူနီဖောင်းများကို ကြည့်၍ ကေအိုင်အေဟုသိရှိခဲ့ရကြောင်း ကိုဖြိုးဖြိုးကပြောသည်။

စတင်ဖမ်းဆီးခြင်းခံခဲ့ရသည့် မေလ ၃ ရက်ညကတော့ ၎င်းတို့နှစ်ဦးမှာ လက်တစ်ဖက်တွင် ကြိုးဖြင့်ချည်နှောင်ခံရ၍ တဲတစ်ခုအတွင်း၌ အိပ်စက်ခဲ့ရသည်။

"အကြိမ်ကြိမ် ထွက်ပြေးဖို့ ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ကြောက်တာပေါ့။ တောထဲလည်း တစ်ခါမှ မရောက်ဖူးဘူး" ဟု ကိုဖြိုးဖြိုးက တောထဲတွင်နေထိုင်ခဲ့ရစဉ်က ခံစားချက်ကို ပြောပြသည်။

**အချပ်ပို**(A8)**သို့**



7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# ချက်သမ္မတဟောင်းပြောပြတဲ့ ကွန်မြူနစ်ပုံပြင်

**သူရကျော်**

ဒေါ်အောင်ဆန်းစုကြည်ကို ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်အဖြစ် အဆိုပြုခဲ့သည့် ကမ္ဘာကျော်နိုင်ငံရေးအကျဉ်းသားဟောင်းကြီး၊ ချက်ကိုစလိုဗေးကီးယားနိုင်ငံသမ္မတ ဖြစ်ခဲ့သူရေးသားခဲ့သည့် ပုံပြင် စာအုပ်ကို နိုင်ငံရေး အကျဉ်းသားဟောင်း ဦးမင်းကိုနိုင်၏လက်ရာ ပန်းချီပုံများဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

နိုင်ငံရေး အကျဉ်းသားဟောင်း နှစ်ဦးလက်ရာ ပုံပြင်စာအုပ်လေးကို "ဖိုးစီတို့အကြောင်း" ဟု အမည်ပေးထားသည်။ မူရင်းရေးသားသူ ချက်ကိုစလိုဗေးကီးယားနိုင်ငံ၏သမ္မတ ဗားကလာ့ဗ်ဟာဗဲလ်က အဆိုပါ စာအုပ်တွင် ကွန်မြူနစ် စနစ်ဆိုးကို ဝေဖန်ထောက်ပြထားခြင်း ဖြစ်သည်။

ကွန်မြူနစ်စနစ်သည် မည်မျှဆိုးရွားသည်ဟူသည့် အကြောင်းအရာအချက်များကို နောင်တစ်ချိန်တွင် ကလေးငယ်များ သိစေနိုင်ရန် ရေးသားခဲ့ခြင်း ဖြစ်ပါသည်။ လွတ်မြောက်ရေးကြိုးပမ်းသူ၊ ချက်ပြဇာတ်ရေးဆရာ၊ အက်ဆေးဆရာ၊ နိုင်ငံရေးအကျဉ်းသားဟောင်း၊ နိုင်ငံရေးသမားကြီး၊ သမ္မတဟောင်း ဗားကလာ့ဗ်ဟာဗဲလ်၏ အဆိုပါ စာအုပ်ကို မြန်မာနိုင်ငံ၌ ပြန်လည်ဖြန့်ချိရာတွင် နိုင်ငံရေးအကျဉ်းသားဟောင်း၊ ၈၈ မျိုးဆက်ကျောင်း သားခေါင်းဆောင် ဦးမင်းကိုနိုင်က သူကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီကားချပ်သုံးကားဖြင့် ပါဝင်ခြယ်မှုန်းခဲ့ခြင်း ဖြစ်သည်။

ဗားကလာ့ဗ်ဟာဗဲလ်သည် ကလေးများအတွက် ယခုစာအုပ်တစ်အုပ်တည်းကို ရေးသားခဲ့သူဖြစ်သည်။ ၁၉၇၅ ခုနှစ်မှာ ချက်ကိုစလိုဗေးကီးယားနိုင်ငံတွင် ကွန်မြူနစ်များအုပ်ချုပ်သည့်ကာလဖြစ်ပြီး စာရေးဆရာများ မိမိတို့ရေးသားထားသည့် စာအုပ်များကို ထုတ်ဝေခွင့်မရှိသည့် အချိန်ကာလဖြစ်သည်။ ထိုအချိန်တွင် ဗားကလာ့ဗ်ဟာဗဲလ်က ယခုစာအုပ်ကို The PIZH' HUKS ဟူသည့် ခေါင်းစဉ်ဖြင့် ပုံပြင်သဖွယ်ရေးသားခဲ့ခြင်း ဖြစ်သည်။

ထိုစာအုပ်ကို မောင်ဒေး (မြန်မာပြန်)က ဖိုးစီတို့အကြောင်း ဟု အမည်ပေးကာ မြန်မာဘာသာသို့ ပြန်ဆို၍ ဦးမင်းကိုနိုင်ရေးဆွဲထားသည့် ပန်းချီသရုပ်ဖော်ပုံ သုံးခုကိုထည့်သွင်းကာ စိတ်ကူးချိုချိုစာပေက ထုတ်ဝေလိုက်ခြင်းဖြစ်သည်။ မေလ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ပန်းချီပြခန်းတစ်ခုဖြစ်သော Gallery–65 ၌ ဖိုးစီတို့ အကြောင်းစာအုပ်ကို မိတ်ဆက်ခဲ့သည်။

အဆိုပါ မိတ်ဆက်ပွဲကို ချက်သမ္မတနိုင်ငံဆိုင်ရာ သံရုံး(ရန်ကုန်)က ဦးစီး၍ ကျင်းပပေးခဲ့ပြီး မျက်နှာဖုံးနှင့် အတွင်းပန်းချီများကို ခြယ်မှုန်းခဲ့သူ ဦးမင်းကိုနိုင်က ရှင်းလင်းပြောကြားခြင်းများဖြင့် အားဖြည့်ပါဝင်ခဲ့သည်။

မူရင်းစာရေးသူ ဗားကလာ့ဗ်ဟာဗဲလ်က ကလေးများနားလည်လွယ်စေမည့် စကားလုံးများဖြင့် ပုံပြင်ကို ရေးသားထားပြီး စာအုပ်တွင် လျှို့ဝှက်ကြံစည်မှု၊ တယ်လီဖုန်း၊ အလည်ထွက်သူဟူသည့် အပိုင်းသုံးပိုင်းပါဝင်ပြီး သရုပ်ဖော်ပုံအပါအဝင် စာမျက်နှာ ၂၇ မျက်နှာရှိသည်။

မူရင်းစာရေးသူက ဦးဦးဗားကလာ့ဗ်ဟာဗဲလ်ဟု အမည်တပ်၍ ကလေးများကို အောက်ပါအတိုင်းအမှာ စာရေးသားခဲ့သည်။

"ကလေးတို့ရေ။ ဦးက များသောအားဖြင့် ကလေးစာပေကို ရေးလေ့မရှိပါဘူး။ ဒါကြောင့်လည်း အခုဦးဦးပြောပြမယ့် ဖိုးစီတို့အကြောင်းက ကလေးတို့အတွက် အဓိပ္ပာယ်ရှိပါ့မလား မသိဘူး။ ကလေးတို့ကြိုက်မယ်၊ အလင်းရောင် ထွန်းညှိပေးခဲ့တာဟာ ဘယ်လိုမှ မမေ့နိုင်စရာပါ" ဟု

**စာမျက်နှာ(၈)သို့**










## ဝက်သုံးထွာ အချိုချက်

မိုးအေးအေးမှာ ဝက်သုံးထပ်သားလေးနဲ့ လွေးပြီး ကွေးနေချင်သူတွေအတွက် ဝိုက်ဖီက ဒီတစ်ပတ် ပြင်ဆင်ချက်ပြုတ်ထားပါမယ်။ ဒီဟင်းလေးချက်ဖို့ ကြက်ဥငါးလုံး၊ ဝက်သုံးထပ်သား ၂၅ ကျပ်သား၊ ကြက်သွန်မြိတ်၊ ပဲငံပြာရည်အကြည်၊ အနောက်၊ သကြား အနည်းငယ်၊ ချင်းနဲ့ နာနတ်ပွင့် သုံးပွင့်ပဲလိုပါတယ်။

အရင်ဆုံးကြက်ဥ ငါးလုံး ပြုတ်လိုက်ပါ။ ကြက်ဥပြုတ်ထားတဲ့အချိန်မှာ ဝက်သုံးထပ်သားကို အနေတော်လှီး၊ ခရုဆီ၊ ဆား၊ ပဲငံပြာရည်ထည့်နယ်နှပ်ထား။ ဆီစသတ်ပါမယ်။ ကြက်သွန်ဖြူနီ မညက်တညက်ထောင်းထားတာကို ဆီသတ်ပါ။ ကြက်သွန်လေးတွေရဲလာရင် သကြားညို ထမင်းစားဇွန်း နှစ်ဇွန်းထည့်။ သကြားကြေတဲ့အထိ မွှေပြီးတဲ့အခါ ဝက်သားထည့်ပါ။ ဝက်သားလုံးပြီးရင် ရေထည့်ပြီး အုပ်ထားပါ။

အဲဒီအချိန်မှာ ကြက်ဥခွာပြီး ပဲငံပြာရည် လက်နှစ်လုံးလောက် ထည့်ထားတဲ့အိုးကို မီးဖိုပေါ်တင်၊ ကြက်ဥတွေအလုံးလိုက်ထည့်လှိမ့်ပါ။ ကြက်ဥတွေ ညိုသွားရင် ဆယ်ထားပါ။

ဝက်သားနူးခါနီးပြီဆိုရင် ခုနကြက်ဥလေးတွေထည့်ပါ။ နာနတ်ပွင့်ကိုလည်း အပေါ်ကနေ တင်လိုက်ပါ။ ခပ်ပါးပါးလှီးထားတဲ့ ချင်းပြားလေးပါအုပ်ပြီး ဆီပြန်တဲ့အထိ အဖုံးဖုံးထားပါ။

ဆီပြန်သွားပြီဆိုရင်တော့ ကြက်သွန်မြိတ်ပေးအုပ်ပြီး စားရုံပါပဲ။



# မြို့ပြ၏ အနေးယာဉ်

ဇေဇန္နေထွန်း

ညနေပိုင်း ရုံးဆင်းချိန်တွင် မြောက်ဥက္ကလာပမြို့နယ် အစွန်ရပ်ကွက်တစ်ခု၌ ကားသံ၊ ဆိုင်ကယ်သံ၊ လူသံများနှင့် ဆူညံနေလျက်ရှိသည်။ ထိုရပ်ကွက်အတွင်းရှိ နွယ်သာကီဘတ်စ်ကားဂိတ်သို့ လိုင်းကားတစ်စီး ထိုးရပ်လိုက်တိုင်း ခရီးသည်တစ်အုပ်ပြီး တစ်အုပ် ဆင်းလာသည်။

လိုင်းကားရပ်လိုက်သည်နှင့် ဆိုင်ကယ် ကယ်ရီသမား ခုနစ်ယောက်ခန့် လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး လက်ညှိုးကို ပြိုင်တူထောင်လိုက်ကာ "ဆိုင်ကယ်လား" ဟု အော်မေးလိုက်ကြသည်။ ကားပေါ်က ဆင်းလာသော ခရီးသည်သုံးယောက်က ဆိုင်ကယ်များပေါ်သို့ တက်ထိုင်လိုက်ကြသည်။

ယင်းကားဂိတ်အနီးတွင် ယခင်က ယခုကဲ့သို့ ဆိုင်ကယ်များ မတွေ့ရ။ ဆိုက်ကားဂိတ်နှစ်ခုသာ ရှိသည်။ ယခုလို ညနေစောင်းဆိုလျှင် ဆိုက်ကားဆရာများ အလွန်အလုပ်များကြသည်။ ယခုတော့ ဆိုင်ကယ် ကယ်ရီသမားများနှင့် ဆိုက်ကား ဆရာများကြားဈေးကွက်လုနေရပြီဖြစ်သည်။

လူဦးရေ ထူထပ်သော မြောက်ဥက္ကလာပမြို့နယ် အပါအဝင် အခြားမြို့နယ်များ၌ အငှားဆိုင်ကယ်သမားများ တိုးပွားလာခြင်းကြောင့် တရားဝင်လိုင်စင်ဖြင့် နင်းသူ အနေးယာဉ်လုပ်သားများ ဝင်ငွေလျော့ကျလာသည်။

ခရီးသည်များက ဆိုက်ကားထက် ဆိုင်ကယ်ကယ်ရီများကို ပိုမိုရွေးချယ်လာခြင်းကြောင့် ဆိုက်ကားနင်းသူများ အလုပ်အကိုင်ခက်ခဲလာပြီး မိသားစုဝင်ငွေများပါ ထိခိုက်လာရသည်။

"ခုက ဆိုင်ကယ် ကယ်ရီတွေ အရမ်းများလာတယ်။ မိုးရွာတဲ့အချိန်ဆို သူတို့နဲ့ ဘယ်လိုမှ မယှဉ်နိုင်ဘူး" ဟု လုပ်သက် ၁၀နှစ်ရှိ ဆိုက်ကားဆရာက သက်ပြင်းမောကို မှုတ်ထုတ်ရင်း ပြောသည်။

မြောက်ဥက္ကလာပ၊ ရွှေပေါက်ကံ၊ အင်းစိန်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မြောက်ဒဂုံ၊ ဒဂုံတောင်၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ သာကေတ၊ သံလျင်မြို့နယ်၊ သုံးခွနှင့် ရန်ကုန်မြို့တစ်ဖက်ကမ်းရှိ ဒလမြို့နယ်တို့တွင် ဆိုင်ကယ် ကယ်ရီသမားများ တိုးပွားလာခြင်းကြောင့် မူလအနေးယာဉ်လုပ်သားများ ဝင်ငွေလျော့ကျလာပြီး စီးပွားရေးမပြေလည်မှုများရင်ဆိုင်လာရသည်။

လွန်ခဲ့သော ၂ နှစ်ခန့်မှစ၍ ဆိုင်ကယ်ကယ်ရီများ ပေါများလာပြီး အလုပ်သမားများသော လှိုင်သာယာမြို့နယ်၊ ဘီအိုစီအပိုင်းတွင် ဆိုက်ကားဆရာ ၃၀ ခန့်က ဝင်ငွေခက်ခဲလာသဖြင့် ဆိုင်ကယ်ကယ်ရီသမားများကို နှိမ်နင်းရန် ဆန္ဒပြခဲ့သည်။

"တခြား မြို့နယ်တွေကတော့ ဆန္ဒပြကြတယ်။ ဆိုက်ကားဆရာများတဲ့ မြောက်ဥက္ကလာပကတော့ မလှုပ်ရှားသေးဘူး။ အရမ်းကျပ်တည်းလာရင်တော့ ပြောလို့မရဘူး" ဟု မြောက်ဥက္ကလာပအပိုင်းမှ ဆိုက်ကားဆရာတစ်ဦးက ပြတ်သားစွာ ဆိုသည်။ ဆိုက်ကားသမားများ ဝင်ငွေနည်းပါးသော အကြောင်းတစ်ချက်ကား လွန်ခဲ့သည့် နှစ်များက စတင်ပြီး မြို့တွင်း၌ ဆိုက်ကားပြေးဆွဲမှုကို ကန့်သတ်လိုက်ခြင်းကြောင့် ဆိုက်ကားဆွဲသူအများစုက မြို့အစွန်သို့ ပြောင်းရွှေ့သွားရခြင်းလည်း ဖြစ်သည်။

ဆယ်စုနှစ်ပေါင်းများစွာ ခရီးတိုဆက်သွယ်ရေး အသုံးပြုယာဉ်များအဖြစ် အနေးယာဉ်လုပ်သားများက ပြည်သူကို အကျိုးပြုခဲ့သည်။ ဆိုက်ကားဆရာများသည် တစ်နှစ်တစ်နှစ်ကို မိုင်ပေါင်းများစွာ သယ်ဆောင်ပေးခဲ့ပြီး လူနှင့်ကုန်ချိန်များစွာ သယ်ဆောင်အကျိုးပြုခဲ့ကြသည်။

"ဆိုက်ကားသမားတွေက သနားဖို့ကောင်းတယ်။ နေပူထဲနင်းရတာလေ။ ဈေးသည်တွေကတော့ ဆိုက်ကားပဲ အားကိုးရတယ်" ဟု နေ့စဉ် ဆိုက်ကားငှားစီးသော လှည်းတန်းဈေးတွင် ဆိုင်ဖွင့်ထားသူ အသက် (၆၀) အရွယ် အမျိုးသမီးက ဆိုသည်။

ရန်ကုန်မြို့မှာ လိုင်စင်ဆိုက်ကားနှင့် လိုင်စင်မဲ့နင်းသည့် ဆိုက်ကားပေါင်း သိန်းနှင့်ချီရှိပြီး ဆိုက်ကားနင်းသည့် ကာယသမားအများစုက ဒေသခံထက် ရွှေ့ပြောင်းနေထိုင်သူများဖြစ်ကြသည်။

စပေါ်ငွေ၊ အာမခံငွေ သောင်းဂဏန်းအချို့ကို အသုံးပြုရပြီး အရင်းအနှီးအနည်းဆုံးနှင့် ရန်ကုန်မြို့ပေါ်မှာ အလုပ်အကိုင်ရရန် လွယ်ကူတာက ဆိုက်ကားနင်းသည့် အလုပ်ဖြစ်သည်။

ရန်ကုန်မြို့တွင် ဆိုက်ကားနင်းသူတစ်ယောက်၏ ဝင်ငွေကငွေကျပ်ငါးထောင်နှင့် တစ်သောင်းကြားရှိပြီး ဈေးဦးမပေါက်သည့်နေ့များလည်း ရှိနိုင်သည်။

စာမျက်နှာ(၈)သို့



ရန်ကုန်မြို့တစ်နေရာတွင် တွေ့ရသည့် ကုန်များသယ်ဆောင်နေသည့် အနေးယာဉ်ဆိုက်ကားတစ်စီး

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)




7 DAY NEWS JOURNAL
Vol.13, No.11 ▪ MAY 21 , 2014

# လူ့တန်ဖိုး မေ့လျော့ခံရခြင်း

▪အောင်သစ်လွင်၊ အေးမြတ်သူ

**အကြောင်း** အမျိုးမျိုးဖြင့် လူသားတစ်ယောက်သေဆုံး(သို့မဟုတ်) ဒဏ်ရာရခဲ့သည့် မှုခင်းများအနက် အလုပ်သမားများလုပ်ငန်းခွင်အတွင်း မတော်တဆမှုနှင့် ပေါ့လျော့မှုကြောင့်ဖြစ်ပွားသည့် မှုခင်းများမှာ အများဆုံးပါဝင်နေပါသည်။ လက်ရှိအခြေအနေများအရ ကျွမ်းကျင်လုပ်သားရှားပါးခြင်း၊ အလုပ်သမားများ လုပ်ငန်းအတွေ့အကြုံနည်းပါးခြင်းတို့အပြင် လုပ်ငန်းရှင်သူဌေးကိုယ်တိုင်က အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနည်းပါးခြင်းက အဓိကအကြောင်းရင်းဖြစ်နေပါသည်။

အမှုကြီးဆယ်မျိုးအပါအဝင် မြန်မာတစ်နိုင်ငံလုံးတွင် ဖြစ်ပွားသည့် မှုခင်းအားလုံးအနက် လုပ်ငန်းခွင်မတော်တဆမှုနှင့် ပေါ့လျော့မှုတို့ ကြောင့်ဖြစ်ပေါ်သည့် သေဆုံး၊ ဒဏ်ရာရမှုမှာ ပျမ်းမျှအားဖြင့် နှစ်စဉ် ၂၅ ရာခိုင်နှုန်းခန့်အထိ ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ မှုခင်းနှစ်ချုပ်စာရင်းများ အရသိရသည်။



*ညမျိုးချုပ် မိုးသည်းသည်းတွင်အလုပ်လုပ်နေသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုမှ လုပ်သားများ*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

ကာယကံရှင်အလုပ်သမား၏လုပ်ငန်းပိုင်းဆိုင်ရာ အသိပညာနည်းပါးမှု၊ လုပ်ငန်းရှင်၏ နည်းပညာဆိုင်ရာ အထောက်အပံ့အားနည်းမှုနှင့် လုပ်ငန်းခွင်အတွင်းကြိုတင်ပြင်ဆင်မှုအားနည်းခြင်းတို့ကြောင့် လူသေဆုံး၊ ဒဏ်ရာရမှုဖြစ်စဉ်၏ နောက်ကွယ်တွင် သက်ဆိုင်ရာမိသားစုဝင်များ နေ့စဉ်စားဝတ်နေရေးအတွက် ဒုက္ခပင်လယ်ဝေကြရသည်။ ထို့ကြောင့် ယင်းအခြေအနေကို စနစ်တကျထိန်းသိမ်းကာကွယ်ရန် အရေးတကြီးလိုအပ်နေကြောင်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ Global Enchanting Eduction Center မှ လုံခြုံရေးဆိုင်ရာ အရည်အသွေးစစ်ဆေးရေးအရာရှိ ဦးအောင်ကိုက ပြောသည်။

“လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးက ဘယ်လောက်အရေးပါလဲဆိုရင် အလုပ်သမားတစ်ယောက်သေတာနဲ့ သူ့နောက်က မိသားစုဝင်တွေလည်းဒုက္ခရောက်ကြတာပဲ။ လူကိုလူလိုမြင်ရင် သူဌေးတို့၊ အင်ဂျင်နီယာတို့ကိုတင် တန်ဖိုးထား အရေးပေးနေရမှာ မဟုတ်ပါဘူး။အလုပ်သမားလည်း လူပါပဲ”ဟု ဦးအောင်ကိုက ပြောသည်။

“တန်ရာတန်ကြေးနဲ့ အလုပ်ပေးထားတယ်ဆိုပြီး မျက်နှာလွှဲခဲပစ်မလုပ်ဘဲ ကိုယ်ချင်းစာစိတ်နဲ့ လုပ်ငန်းခွင်ထဲက အလုပ်သမားတွေရဲ့ မတော်တဆထိခိုက်မှုတွေလျော့နည်းအောင် လုပ်ငန်းရှင်တွေအနေနဲ့ ကာကွယ်ပေးသင့်ပါတယ်”ဟုမြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ အငြိမ်းစားရဲမှူးကြီး ညွန့်လှိုင်ကပြောသည်။

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဖြစ်သမျှ မှုခင်းဖြစ်စဉ်များအနက် လုပ်ငန်းခွင်မတော်တဆမှုကြောင့် ဖြစ်သည့် လူသေဆုံး၊ ဒဏ်ရာရမှုမှာ အများဆုံးဖြစ်နေခြင်းကို ရည်ရွယ်၍ အငြိမ်းစားရဲမှူးကြီးက ပြောခြင်းဖြစ်ပါသည်။

ယခုနှစ်အတွင်း သိသာထင်ရှားသော လုပ်ငန်းခွင်မတော်တဆမှုအဖြစ် ဧပြီလက ရန်ကုန်တိုင်းဒေသကြီးအလုံမြို့တွင် ဖြိုလက်စအဆောက်အအုံပြိုကျသောကြောင့် ဆောက်လုပ်ရေးအလုပ်သမားသုံးဦးသေဆုံးခဲ့သည်။ ဥပဒေအရ လုပ်ငန်းရှင်တွင် တာဝန်အပြည့်အဝရှိသော်လည်း အဆိုပါအမှုမျိုးမှာ ကရုဏာကြေးဟု ခေါင်းစဉ်တပ်ထားသည့် လျော်ကြေးနှင့်ပင် အမှုပိတ်သိမ်းလေ့ရှိသောကြောင့်ဥပဒေအရအားနည်းချက်များရှိကြောင်း အလုပ်သမားအရေး ဆောင်ရွက်သူရှေ့နေ ဦးမြင့်ဦးကပြောသည်။

ထို့အပြင် သတ္တုတူးဖော်ခြင်းလုပ်ငန်းများစွာရှိနေသည့် ဖားကန့်၊ ရမည်းသင်းနှင့် သပိတ်ကျင်းမြို့နယ်ကဲ့သို့ဒေသများတွင်လည်း လုပ်ငန်းခွင်မတော်တဆမှုကြောင့် အလုပ်သမားသေဆုံးမှုမကြာခဏဖြစ်ပွားနေပြီးလုပ်ငန်းရှင်များအား ထိရောက်သော အရေးယူမှုမျိုး မရှိခဲ့ကြောင်း ဦးမြင့်ဦးကပြောသည်။

“ကျွန်တော်တို့က ကန်ထရိုက်ကတစ်ဆင့် နေ့စားဝင်လုပ်ရတာဆိုတော့ သူတို့ကိုယ်ပိုင် အလုပ်သမားတွေ ဝတ်တဲ့ ဝတ်စုံတွေ မရပါဘူး။ တောင်းတော့ မင်းတို့အတွက်မပါဘူးလို့ အလုပ်သမားခေါင်းကပြောတယ်။ လုပ်နိုင်ရင်လုပ်၊ မလုပ်နိုင်ရင်ထွက် လို့ပြောတော့လည်း ဒီလိုပဲ လုပ်နေရတာပေါ့”ဟုဘုရင့်နောင်ပွဲရုံအနီးဆောက်လုပ်ရေးလုပ်ငန်းခွင် တစ်ခုမှ အသက် (၁၈)နှစ်အရွယ် ဆောက်လုပ်ရေးအလုပ်သမားဝေလွင်ကပြောသည်။

စာမျက်နှာ( ၁၄ ) သို့

စာမျက်နှာ(၆)မှ

## ချက်သမ္မတဟောင်းပြောပြတဲ့ ကွန်မြူနစ်ပုံပြင်

၂၀၁၃ ခုနှစ်က ချက်နိုင်ငံ၊ ပရပ်စ်မြို့တွင် ကျင်းပသည့် Forum 2000 ညီလာခံသို့ တက်ရောက်စဉ် ပြောကြားသွားခဲ့သည်။

ကွယ်လွန်သူ ချက်သမ္မတဟောင်းဟာဗဲလ်၏ ဆန္ဒအရ နှင်းဆီပန်းခြောက်တစ်ပွင့်ကို ချက်နိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်ထံသို့ ၂၀၁၂ခုနှစ်တွင် လာရောက်ပေးအပ်ခဲ့ဖူးသည်။ ဟာဗဲလ်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် လူချင်းမဆုံးဖူးသော်လည်း စာအဆက်အသွယ် အမြဲရှိခဲ့သူဖြစ်ကာ ပေးပို့သည့်စာတစ်စောင်တွင် “သူငယ်ချင်းရေပြီးခဲ့တဲ့နှစ်တွေအတွင်း ငါစီစဉ်တဲ့ နိုင်ငံတကာညီလာခံတွေ၊ တခြားအခမ်းအနားတွေကို မင်းတက်နိုင်ဖို့ စာအတော်များများ ပေးပို့ခဲ့တယ်။ မင်းတက်နိုင်ဖို့ အခြေအနေရှိမယ် မဟုတ်မှန်းသိလျက်နဲ့ ဖိတ်ခဲ့တာပါ။ မင်းကိုငါတို့အားပေးထောက်ခံကြတယ်ဆိုတာ မင်းတို့ဆီက အာဏာပိုင်တွေသိအောင်လို့စာတွေဆက်ပို့ခဲ့တာပါ” ဟု ရေးသားခဲ့သည်။

စာမျက်နှာ (၇) မှ

## မြို့ပြ၏ အနေးယာဉ်

ကိုယ်ပိုင်ကား၊ ဘတ်စ်ကား၊ ရထား၊ တက္ကစီများကို အသုံးပြုသွားလာနေရသော နေရာဒေသများရှိသော်လည်း ရန်ကုန်မြို့လယ်နေရာများတွင်ပင် အနေးယာဉ်ဆိုက်ကားများကို သုံးနေကြရဆဲဖြစ်သည်။

ဝေဘာဂီမြို့သစ်နေ ဆိုင်ကယ်စီး ခရီးသည်တစ်ဦးက “ဆိုင်ကယ်က ဈေးသက်သာတယ်။ မြန်မြန်လည်းရောက်တော့ ဆိုင်ကယ်ပဲစီးတယ်” ဟု ဆိုသည်။

မြို့နေလူထု သွားလာရေးအထောက်အကူပြုရာတွင် ဆိုက်ကားများပါဝင်ပြီး ဆိုက်ကားဆရာအများစုက ငွေကျပ်ရှစ်သိန်းတန် ဆိုက်ကားတစ်စီးပိုင်ဆိုင်ရန် မျှော်လင့်နေချိန်တွင် ငွေကျပ်သုံးသိန်းရှိရုံဖြင့် ဆိုင်ကယ်ဝယ်ပြီး ကယ်ရီဆွဲနိုင်သဖြင့် ဈေးကွက်ဝေစုက ဆိုက်ကားသမားများအတွက် တဖြည်းဖြည်းကျဉ်းလာသည်။

စားဝတ်နေရေးကျပ်တည်းမှုများက အခြေခံလူတန်းစားများကို ဝင်ငွေရှစ်ထောင်၊ တစ်သောင်းရနိုင်သည့် ဆိုင်ကယ်ကယ်ရီ သမားဖြစ်လာစေကြောင်း မြောက်ဥက္ကလာပ ခြောက်ကွေ့မှ ဆိုင်ကယ်ကယ်ရီသမားတစ်ဦးက ဆိုသည်။

“ဆိုင်ကယ်တွေ များလာတာ အုံနာတွေရှိတယ်လေ။ ဆိုင်ကယ်အုံနာက နှစ်ထောင်၊ ဆိုက်ကားအုံနာက တစ်ထောင်ဆိုတော့ ဆိုင်ကယ်ပဲ မောင်းကြတာပေါ့” ဟု ၎င်းက ရှင်းပြသည်။

ရပ်ကွက်အတွင်းမှစီးပွားရေးသမားတစ်ဦးက “လမ်းဘေးစီးပွားရေးပဲ။ ဆိုင်ကယ်က သုံးသိန်းရင်းပြီး ငွေငါးထောင်၊ ခြောက်ထောင်ဝင်နိုင်တယ်။ ဆိုက်ကားက အုံနာကြေး၁၂၀၀ နဲ့မိသားစုစားဝတ်နေရေး ဖြေရှင်းနိုင်တယ်” ဟု မှတ်ချက်ပေးသည်။

ဆိုင်ကယ်ကယ်ရီများက မြို့ပြပို့ဆောင်ရေးအတွက် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်လာနေသည်။ သို့သော် ဆိုင်ကယ်ကယ်ရီများကိုတရားဝင်ခွင့်ပြုခြင်း(သို့မဟုတ်) ကန့်သတ်ဇရိယာများ စနစ်တကျ သတ်မှတ်ဆောင်ရွက်ပေးရန် လိုအပ်သည်။

ပြီးခဲ့သည့်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆိုင်ကယ်တိုက်မှု ၂၇၅ မှုဖြစ်ပွားပြီး ၃၃ ဦးသေဆုံးခဲ့၍ ၃၇၅ ဦး ဒဏ်ရာရရှိခဲ့သည်။

“ဆိုင်ကယ် ကယ်ရီတွေ မဖမ်းတာများလို့ အတင့်ရဲလာတာ။ အင်းစိန်၊ မင်္ဂလာဒုံဘက်မှာ ပေါ်တင်လုပ်နေတာ။ မဖမ်းလို့ သွေးတိုးစမ်းနေတာ ။ တိတိကျကျလုပ်ရင် လိုက်နာထိန်းသိမ်းလာမယ်” ဟု ၎င်းက ဆိုသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆင်းရဲသားပပျောက်ရေးအတွက် အနေးယာဉ်လုပ်သားများကို သယ်ယူပို့ဆောင်ရေးသမဝါယမအသင်းလီမိတက်သို့ ဝင်ရောက်စေကာအသေးစားချေးငွေများ ထုတ်ချေးပေးနေသော်လည်း သိန်းချီရှိသော ဆိုက်ကားသမားအများစုမှာ ယင်းအသင်းနှင့် ဝေးကွာနေပါသည်။

“မိသားစုအတွက် ရှာဖွေရတာခက်လာတယ်။ ဆိုင်ကယ်သမားတွေ မရှိတော့ရင် ကောင်းမယ်” ဟု မြောက်ဥက္ကလာပမှ ဆိုက်ကားဆရာက ယတိပြတ်ပြောသည်။

သို့သော် ဆိုင်ကယ် ကယ်ရီများကလည်း အချိန်နှင့်တစ်ပြေးညီသွားလာလုပ်ကိုင်နေရသည့် မြို့နေလူထုအတွက်တော့ လိုအပ်နေသည်။ ထို့ကြောင့် ဆိုက်ကားရော၊ ဆိုင်ကယ်ကယ်ရီပါ မျှတစွာလုပ်ကိုင်နိုင်မည့် အနေအထားကို တာဝန်ရှိသူများက ဖန်တီးပေးရမည် ဖြစ်သည်။

“အဖြေမရှာနိုင်ရင်တော့ ပြဿနာက ပိုကြီးလာဖို့ပဲ ရှိမယ်။ အစိုးရအနေနဲ့ အဖြေရှာပေါ့” ဟု မြို့ပြစီမံကိန်းပညာရှင် ဦးဝင်းမြင့်က အကြံပြုပြောကြားသည်။

Health
7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# အသက်မဝင် အသက်ငင်နေသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေ

**ယမင်း၊ သူရကျော်**

အရှည် ခြောက်ပေရှိခုတင်တစ်လုံးပေါ်၌ပိန်လှီနေသည့်အသက်(၅၀)ကျော်အရွယ် အမျိုးသားကြီးတစ်ဦးလဲလျောင်းနေသည်။

ကျောက်တန်းမြို့နယ်အတွင်းရှိ ကျေးရွာတစ်ခုတွင်နေထိုင်သော ဦးကျင်သိန်းဖြစ်ပြီး ဆယ်ကျော်သက်အရွယ်မှစ၍ နှစ်ခြိုက်စွာသောက်သုံးခဲ့သည့် ဆေးလိပ်ကြောင့် ယခုလို ဝေဒနာ ခံစားရင်း ဆေးရုံခုတင်တွင် လဲလျောင်းနေရခြင်းဖြစ်သည်။

အဆုတ်ကင်ဆာဝေဒနာ ခံစားနေရပြီး အသက်အန္တရာယ်အရှိဆုံးအဆင့် ၄သို့ရောက်ရှိနေပြီဖြစ်သည်ဟု သူ့ကို ပြုစုစောင့်ရှောက်ပေးနေသည့် ဇနီးသည်ကဆိုသည်။

“သူ့ကိုအသိမပေးရက်ဘူး။ သူက ရောဂါပျောက်ရင် လယ်ပြန်လုပ်မယ်။ ဒီလိုပဲတွေးထားတာ။ ဆရာမတွေပြောတာတော့အဆင့် ၄ ရောက်လာပြီဆိုရင် လပိုင်းလောက်ပဲခံတော့မယ်ပြောတယ်” ဟု ဇနီးဖြစ်သူ ဒေါ်ကြည်ကြည် အေးကညို့နွမ်းစွာဆိုသည်။

လွန်ခဲ့သည့်တစ်နှစ်ကျော်မှစ၍ တရှောင်ရှောင်ဖြစ်လာသဖြင့် ဆေးရုံသို့ပြကြည့်ရာ တီဘီကျိတ်တွေ့ပြီးနောက် ကုနေရင်းကပင် မသက်သာဘဲ ရောဂါအခြေအနေပိုဆိုးလာခြင်းဖြစ်သည်။ ယခု အဆုတ်ကင်ဆာ ဖြစ်နေသည်ကိုမူ လွန်ခဲ့သည့် ၃လအတွင်းမှ သိခဲ့ရသည်ဟု ဆိုသည်။

ကမ္ဘာတစ်ဝန်း၌ သွေးတိုး၊ ဆီးချို၊ လေဖြတ်ခြင်းအစရှိသည့် ကူးစက်မဟုတ်သောရောဂါများ ဖြစ်ပွားနှုန်း မြင့်တက်လျက်ရှိသည်။



*စီးကရက်သောက်နေသည့် အမျိုးသားတစ်ဦး*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံ၌ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ် ၃ဆခန့်မြင့်မားလာခဲ့သည်။ အဆိုပါမြင့်မားလာမှုကို ကာကွယ်ရန်အတွက် ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်မှုဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့သော်လည်း ၇ နှစ်ကျော်ကြာမြင့်သည်အထိယင်းဥပဒေမှာ ထိရောက်မှုမရှိသေးဘဲ ကင်ဆာဖြစ်ပွားမှုနှုန်းမှာလည်း မြင့်တက်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၀၀ပြည့်နှစ်မှစ၍ ဆေးလိပ်ကင်းဝေးရေးစီမံချက်နှင့်ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးအစီအစဉ်ကို တရားဝင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၃ခုနှစ်အောက်တိုဘာတွင် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနောက် မြန်မာနိုင်ငံ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၀၇ခု နှစ်တွင် အသက်ဝင်ခဲ့သော်လည်း ယနေ့အချိန်အထိ ဥပဒေပါအကြောင်းအရာများအတိုင်း ထိရောက်သည့် အရေးယူမှုများ ပြုလုပ်သည်ကို မတွေ့ရသေးပေ။

ယင်းဥပဒေထဲ၌ ဆေးလိပ်မသောက်ရနေရာများ၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအရောင်းအဝယ်ထိန်းချုပ်ရေးအစီအစဉ်များ၊ ဆေးလိပ်ဖြတ်ရေးအစီအစဉ်များပါဝင်သည်။ ဥပဒေချိုးဖောက်ပါကလည်း ဒဏ်ငွေထောင်ဒဏ်သတ်မှတ်မှုများပါရှိသော်လည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဥပဒေထဲတွင် အားနည်းချက်များရှိနေသေးသည်ဟု ကျန်းမာရေးအသိုင်းအဝန်းမှ ပညာရှင်အချို့က သုံးသပ်ပြောဆိုကြသည်။

“ဥပဒေရှိရဲ့သားနဲ့ လက်တွေ့အကောင်အထည်ဖော်မှုမရှိတဲ့အတွက် မထိရောက်ပါဘူး။အများပြည်သူသိအောင်ထင်သာမြင်သာအောင်လည်း မလုပ်ပေးဘူး။ ဥပဒေကစာအုပ်ထဲမှာသာရှိတယ်။ ဥပဒေပြဋ္ဌာန်းပြီးကတည်းက တစ်စွန်းတစ်စအရေးယူဆောင်ရွက်ပေးတာလည်း မတွေ့ရပါဘူး။ အားနည်းချက်ရှိတာတွေကိုအချိန်ယူပြီး လုပ်ဆောင်ဖို့လိုပါပြီ”ဟု ဥပဒေပညာရှင်ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

ထို့အပြင် လက်ရှိကျင့်သုံးနေသည့်ဥပဒေထဲ၌ ဆေးရုံ၊ ဆေးခန်းများတွင်သာမက ဝန်ထမ်းအိမ်ရာများထဲတွင် ဆေးလိပ်မသောက်ရဟု ပါရှိသော်လည်း ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာတွင် ဆေးလိပ်သောက်ခွင့်ရှိနေသည့်အတွက် အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံက ရာနှုန်းပြည့်ဆေးလိပ်ကင်းစင်ခြင်းမဟုတ်ဘဲ ခြွင်းချက်ရှိနေသေးသည်။

ထို့အပြင် ခရီးသွားဘတ်စ်ကားရပ်သည့်နေရာများသည်လည်း ဆေးလိပ်မသောက်ရဟု သတ်မှတ်ပေးထားခြင်းမရှိခြင်း၊ မသောက်ရသည့်နေရာများတွင် ဥပဒေချိုးဖောက်ပြီး သောက်ပါကဖမ်းဆီးခြင်း၊ ပြစ်ဒဏ်ပေးခြင်းများမှာ ရဲအရေးပိုင်သည့်အမှုများဖြစ်နေသည့်အတွက် ရဲများသာဆောင်ရွက်နိုင်ခြင်း၊ ဆေးလိပ်နှင့်ပတ်သက်၍ ကျောင်းများနှင့်တက္ကသိုလ်စသည်တို့တွင် အရေးယူမှုမပြုလုပ်နိုင်သေးဘဲ ပညာပေးခြင်း၊ သတိပေးခြင်းမျိုးသာလုပ်နိုင်သေးကြောင်းစသည့် အားနည်းချက်များ ပြင်ဆင်ရန်လိုအပ်ကြောင်း သိရသည်။

“ဥပဒေကို ပြဋ္ဌာန်းခဲ့ပေမယ့် လူတွေကြားမှာ သိရှိမှုက အားနည်းတယ်။ လိုက်နာကျင့်သုံးမှုကလည်း အားနည်းတယ်။ ဥပဒေထွက်တာကိုမသိသလောက်ဘဲ။ တစ်ဖက်ကလည်း ကုမ္ပဏီတွေက ကြော်ငြာအားကောင်းနေတယ်။ ဒါတွေကိုထိရောက်စွာအရေးမယူရင်တော့ ထိန်းချုပ်နိုင်မှာမဟုတ်ဘူး”ဟု မြန်မာနိုင်ငံသူနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာနေစိုးမောင်ကဆိုသည်။

ဆေးလိပ်မသောက်ရနေရာများတွင် သောက်ပါက ထိုသူကို ပြစ်ဒဏ်အဖြစ် ဒဏ်ငွေကျပ်တစ်ထောင်မှ ငါးထောင်အထိချမှတ်နိုင်သည်ဟု ဥပဒေထဲတွင်ပါရှိသော်လည်း ယင်းစနစ်ကိုကျယ်ကျယ်ပြန့်ပြန့်ကျင့်သုံးနိုင်ခြင်းမရှိသေးပေ။

ထို့ကြောင့် ဥပဒေကို အကောင်အထည်ဖော်ရန် စဉ်းစားသည့်အခါ လူမှုဌာနပေါင်းစုံမှ တာဝန်ယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မော်တော်ယာဉ်၊ မီးရထား၊ လေယာဉ်၊ လေဆိပ်စသည်

**စာမျက်နှာ (၁၉)သို့**



7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# ပထမအကြိမ် ကင်ဆာကုသအောင်မြင်သူများနေ့ ပြုလုပ်မည်

**ယမင်း**

**ရန်ကုန်၊ မေ-၁၇**

ဇွန်လပထမပတ်၌ ကျရောက်မည့် ကင်ဆာကုသအောင်မြင်ထားသူများနေ့အထိမ်းအမှတ်အဖြစ် ပြည်သူများ အခမဲ့ဆေးစစ်နိုင်ခြင်း၊ ကျွမ်းကျင်သော အထူးကုဆရာဝန်ကြီးနှင့် အခမဲ့ဆွေးနွေးတိုင်ပင်နိုင်ခြင်းတို့ ပါဝင်သည့် လှုပ်ရှားမှုတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း ရွှေရောင်နှင်းဆီ ကင်ဆာဖောင်ဒေးရှင်းမှ သတင်းရရှိသည်။

အခမ်းအနားကို ဇွန်လ ၁ ရက် နံနက် ၇ နာရီခွဲမှ ၁၁ နာရီအထိ လမ်းမတော်မြို့နယ်ရှိ ရန်ကုန်သူနာပြုတက္ကသိုလ် ခန်းမဆောင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

"နိုင်ငံတကာမှာ နှစ်စဉ်လုပ်ကြပေမယ့် ကျွန်တော်တို့ဆီမှာတော့ ဒါပထမဦးဆုံးအကြိမ်ပါ။ ကင် ဆာရောဂါဆိုတာ စောစောတွေ့ပြီးကုသရင် ပျောက်နိုင်တယ်ဆိုတဲ့ မက်ဆေ့ချ်ကိုလည်း ပေးရင်းနဲ့ ကုသအောင်မြင်ပြီးတဲ့သူတွေကိုလည်း ဂုဏ်ပြုတဲ့အနေနဲ့ ဒီဟာကို ကျင်းပရခြင်းဖြစ်ပါတယ်" ဟု ရွှေရောင်နှင်းဆီ ဖောင်ဒေးရှင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာ မိုးအောင်ကျော်က ပြောသည်။

ထို့အပြင် အခမ်းအနား၌ ကင်ဆာကုသအောင်မြင်ပြီးသူများကို ဖိတ်ခေါ်ထားပြီး ၎င်းတို့၏ အတွေ့အကြုံများကို ဖလှယ်ခြင်း၊ ဝါရင့်ဆရာဝန်ကြီးများက ကင်ဆာဖြစ်ရသည့် အကြောင်းရင်းများ၊ ကင်ဆာကုသအောင်မြင်သူများနေ့ ဖြစ်ပေါ်လာပုံတို့ကို ဟောပြောသွားမည်ဖြစ်သည်။

တက်ရောက်လာသူ ပြည်သူများကို အခမဲ့ဆေးစစ်ပေးခြင်းနှင့် ခံစားနေရသည့် ဝေဒနာများကို ကျွမ်းကျင်သူ အထူးကုဆရာဝန်ကြီးများနှင့် အခမဲ့ဆွေးနွေးတိုင်ပင်နိုင်သည့် အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

အခမ်းအနားတက်ရောက်လိုသူများအနေဖြင့် ရွှေရောင်နှင်းဆီ ဖောင်ဒေးရှင်း ဖုန်းနံပါတ် ၀၉-၇၃၁၅၄၉၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကင်ဆာဖြစ်ပွားနှုန်းမှာ နှစ်စဉ်မြင့်တက်လျက်ရှိပြီး အမျိုးသားများ၌ အဆုတ်ကင်ဆာ၊ အသည်းကင်ဆာအများဆုံးဖြစ်ပွားနေပြီး အမျိုးသမီးများ၌ သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာ အများဆုံးဖြစ်ပွားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က သတင်းထုတ်ပြန်ထားသည်။

# ကင်ဆာဖြစ်ပွားမှု လျှော့ချနိုင်သော်လည်း အဖွဲ့အစည်းနှင့် ပညာရှင်များကြား ညှိနှိုင်းဆောင်ရွက်မှု လိုနေသေးဟု ဝန်ကြီးပြော

**ယမင်း၊ ရှင်းရှင်း**

**ရန်ကုန်၊ မေ-၁၇**

မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားမှုကို လျှော့ချနိုင်ပြီဖြစ်သော်လည်း အစိုးရနှင့် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပညာရှင်အဖွဲ့အစည်းများကြား ပိုမိုကောင်းမွန်သော ညှိနှိုင်းဆောင်ရွက်မှုများ လိုအပ်နေသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

ကင်ဆာထိန်းချုပ်ရေးလုပ်ငန်းများ၌ ကဏ္ဍပေါင်းစုံမှ အဓိကပါဝင်ဆောင်ရွက်သူများ အစည်းအဝေးကို မေလ ၁၆ ရက်၌ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာနတွင် ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအစည်းအဝေးတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ခုခါမှာ ရောဂါကို ကာကွယ်တာ၊ စောစောစီးစီးတွေ့တာ၊ ကုသတာတွေကြောင့် ကင်ဆာရောဂါကနေ အောင်အောင်မြင်မြင် အသက်ရှင်နေတဲ့သူတွေ ရှိလာနေပြီဖြစ်ပေမယ့် အဖွဲ့အစည်းတွေကြားမှာ ပိုမိုကောင်းမွန်တဲ့ ညှိနှိုင်းဆောင်ရွက်မှုတွေ အများကြီး လိုအပ်နေပါသေးတယ်" ဟု ၎င်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း စာရင်းမှတ်တမ်းပြုစုရန်၊ ပြည်သူများ ကင်ဆာရောဂါနှင့်ပတ်သက်၍ ပိုမိုဂရုပြုမိလာစေရန်၊ ကင်ဆာရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာတိုးပွား ရရှိလာစေရန်၊ ကင်ဆာရောဂါ ကြိုတင်စစ်ဆေးခြင်းနည်းစနစ်များ ပြည်သူလူထု အတွင်း သိရှိစေရန်နှင့် ပြည်တွင်းပြည်ပ ကင်ဆာဖောင်ဒေးရှင်းများ၊ စေတနာ့အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ အဆိုပါ အစည်းအဝေးကို ကျင်းပခဲ့ခြင်း ဖြစ်သည်။

မကူးစက်နိုင်သော နာတာရှည်ရောဂါများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကင်ဆာရောဂါကြောင့် သက်တမ်းမစေ့မီသေဆုံးမှုများကို ကာကွယ်ရန်၊ ထိန်းချုပ်ရန်နှင့် လျှော့ချမှုများ ပြုလုပ်ရန် ဦးစားပေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။

"တူတာတွေကိုအတူတူလုပ်ကြပြီးတော့ မတူတာတွေကို သူ့ဟာနဲ့သူ လုပ်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း ဒီလိုပဲ သွားနေကြတယ်။ ကင်ဆာထိန်းချုပ်ရေးက အရေးကြီးပါတယ်။ အကုန်လုံး ပူးပေါင်းလုပ်ကိုင်ကြမယ်ဆိုရင် အရာရောက်ပြီး ဖြစ်ပွားနှုန်းတွေ သေဆုံးနှုန်းတွေ ကျလာမယ်လို့ ယူဆတယ်" ဟု ဆေးတက္ကသိုလ် (၂) မှ ပါမောက္ခဒေါက်တာ တင့်ဆွေလတ်က ဆိုသည်။

ကမ္ဘာတစ်ဝန်းလုံး၌ အသေအပျောက်အများဆုံးဖြစ်ပွားစေသော ရောဂါများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ကင်ဆာရောဂါ၏ ၇၀ ရာခိုင်နှုန်းသည် ဝင်ငွေနိမ့်ကျသော နိုင်ငံများနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံများတွင် ဖြစ်ပွားနေပြီး ကင်ဆာရောဂါကြောင့် သေဆုံးမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ရှစ်သန်းကျော်အထိ တိုးပွားလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ခန့်မှန်းထားသည်။

# မွေးရာပါ နှလုံးအပေါက် အချိန်မီခွဲစိတ်လျှင် သက်တမ်းစေ့နေနိုင်မည်

**ရှင်းရှင်း**

**ရန်ကုန်၊ မေ-၁၇**

မွေးရာပါ နှလုံးအပေါက်ပါရှိသော လူနာများ အချိန်မီခွဲစိတ်ပါက သက်တမ်းစေ့နေထိုင်သွားနိုင်မည်ဖြစ်ကြောင်းရန်ကင်းကလေးဆေးရုံမှ နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီးများက ပြောသည်။

မွေးရာပါ နှလုံးအပေါက်ပါရှိသည့် ကလေးများအား မကုသဘဲ ထားမည်ဆိုပါက ၎င်းတို့အသက်အရွယ်ရလာသည်နှင့်အမျှ နှလုံးရှိအပေါက်မှာ တဖြည်းဖြည်းကြီးထွားလာနိုင်ပြီး အသက်အန္တရာယ် ထိခိုက်လာနိုင်သည်အထိ ဖြစ်လာနိုင်ကြောင်း သိရသည်။

"မွေးရာပါ နှလုံးအပေါက်ပါတာကို လုံးဝကာကွယ်လို့ ရတာမရှိသေးပေမယ့် အချိန်မီခွဲစိတ်ရင် နှစ် ၆၀၊ ၇၀ အထိ နေနိုင်တယ်။ ဒါကြောင့် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ နှလုံးရောဂါရှိတဲ့ကလေးတွေကို လျစ်လျူမရှုဘဲ ဂရုစိုက်ပါ" ဟု နှလုံးခွဲစိတ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ အောင်သူက တိုက်တွန်းပြောဆိုသည်။

ထိုသို့သော နှလုံးရောဂါရှိသည့် ကလေးများကို ရန်ကင်းကလေးဆေးရုံကြီးနှင့် မလေးရှားနိုင်ငံရှိ အမျိုးသားနှလုံးဆိုင်ရာ တက္ကသိုလ်တစ်ခုဖြစ်သည့် IJN ဆေးရုံတို့ ပူးပေါင်းကာ အခမဲ့ ခွဲစိတ်မှုများ ပြုလုပ်ပေးခဲ့သည်။

လူဦးရေ ၂၉ သန်းကျော်ရှိသော မလေးရှားနိုင်ငံတွင် မွေးရာပါ နှလုံးအပေါက်ပါသည့် ကလေးများ တစ်နှစ်လျှင် ငါးထောင်ခန့်ရှိနေပြီး မလေးရှားနိုင်ငံထက် လူဦးရေ ထက်ဝက်ကျော် များပြားသော မြန်မာနိုင်ငံတွင်မူ မလေးရှားနိုင်ငံရှိ နှလုံးအပေါက်ပါသည့် ကလေးများစာရင်းနှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် ပိုမိုများပြားနိုင်ကြောင်း MHTC မှ Medical Marketing Executive ကိုဖြိုးဝေလင်းက ခန့်မှန်းသည်။

ယခုနှစ်အတွင်းမှာပင် ရန်ကင်းကလေးဆေးရုံ၌ မွေးရာပါ နှလုံးအပေါက်ပါရှိသော အသက်ကိုးလနှင့် ၁၂ နှစ်အတွင်းရှိသည့် ကလေးငယ်စုစုပေါင်း ၁၁ ဦးအား အခမဲ့ခွဲစိတ်ပေးခြင်းကို နှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာ လုပ်ဆောင်ပေးခဲ့သည်။










# တမူးနှင့် ကလေးရှိ မူလတန်းကျောင်းများတွင် ချင်းတိုင်းရင်းသားစာပေ သင်ကြားမည်

**ကိုစိုင်း**

**ကလေး၊ မေ- ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ချင်းတိုင်းရင်းသားအများစု နေထိုင်ကြသည့် တမူးခရိုင်နှင့် ကလေးခရိုင်ရှိ မူလတန်း ကျောင်းများတွင် ချင်းတိုင်းရင်းသား စာပေ စတင်သင်ကြားပေး နေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ်ကပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတိုင်းရင်းသား စာပေကို သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းချင်းတိုင်းရင်းသားဖတ်စာအဖြစ် နိုင်ငံတော် အစိုးရ ပညာရေးဝန်ကြီးဌာနက သင်ရိုးညွှန်းတမ်းဖတ်စာအုပ်များကို ၂၀၁၃-၁၄ ပညာသင်နှစ်နောက်ဆုံးလတွင် စာသင်ကျောင်းများရှိ ဆရာ၊ ဆရာမများ လက်ဝယ်အရောက်ချထားပေးပြီးဖြစ်သည်။



မူလတန်းချင်းကျောင်းသားကလေးငယ်များကိုတွေ့ရစဉ် ဓာတ်ပုံ – ကိုစိုင်း

တမူးခရိုင်နှင့် ကလေးခရိုင်တို့သည် ချင်းပြည်နယ် တီးတိန်မြို့နယ်နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသဖြင့် တီးတိန်ချင်းတိုင်းရင်းသားနှင့် ဖလမ်းချင်းတိုင်းရင်းသားတို့ အများဆုံးနေထိုင်ကြခြင်းဖြစ်သည်။

ထို့ကြောင့် ချင်းတိုင်းရင်းသားစာပေ သင်ကြားရာတွင် ဖလမ်းနှင့် တီးတိန် ချင်းတို့ကို အဓိကထား သင်ကြားပေးလျက်ရှိသည်။

"စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာတော့ တမူးခရိုင်နဲ့ ကလေးခရိုင်ကိုပဲ ကျောင်းချိန်အတွင်း အဓိကထားသင်ကြားပေးနေပါတယ်။ မေပြီကစပြီး သင်ကြားပေးနေပါပြီ"ဟု ချင်းတိုင်းရင်းသား ရေးရာဝန်ကြီး ဦးနိုထန်ကပ်ကပြောသည်။

ချင်းတိုင်းရင်းသား စာပေသင်ကြားမှုသည် ၁၉၆၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် သင်ရိုးညွှန်းတမ်းအဖြစ် ပြန်လည်သင်ကြားခြင်းဖြစ်သည်။ ယခင်အစိုးရလက်ထက်က တိုင်းရင်းသားစာပေသင်ကြားမှုကို ကန့်သတ်ထားသဖြင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုများ မပပျောက်စေရန် တိုင်းရင်းသားများ အနေဖြင့် မိမိတို့ အစီအစဉ်ဖြင့် ဘုရားကျောင်းများတွင် သင်ကြားပေးခြင်း၊ နွေရာသီ ကျောင်းပိတ်ရက်များတွင် သင်ကြားပေးခြင်းများ ပြုလုပ်ခဲ့ကြရသည်ဟု တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီ အကြီးအကဲများက ပြောသည်။

# ပြည်မြို့တွင် လျှပ်စစ်မီးမမှန်

**ဇော်မင်းထိုက်**

**ပြည်၊ မေ- ၁၇**

ပြည်မြို့နယ်အတွင်း မီးမပြတ်ရန် ဓာတ်အားလိုင်းသွယ်တန်းမှုများပြုပြင်ဆောင်ရွက်နေကြောင်း၊ ကျန်ကာလများတွင် မီးပြတ်နိုင်ခြေ မရှိတော့ကြောင်း ပြည်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးသန်းဇော်ဦးက ပြောသည်။

"မီးပြတ်နေတဲ့ အကြောင်းတွေက မိုးဦးလေဦးကျမှာ လေပြင်းကြောင့် ဓာတ်တိုင်တွေ ပျက်စီးတဲ့အခါ ပြုပြင်ရင်ပြတ်တယ်။ ဓာတ်ကြိုးဓာတ်တိုင်တွေနဲ့မလွတ်တဲ့ သစ်ပင်တွေခုတ်တဲ့အခါ၊ မကောင်းတဲ့ ဓာတ်တိုင်တွေ လဲတဲ့အခါ မီးဖြတ်တယ်။ အဲဒါကလည်း ပြုလုပ်တဲ့ မီးလိုင်းပဲဖြတ်ထားတာ။ ပြည်သူတွေသိအောင်ပြောဖို့ ရပ်ကွက်က တာဝန်ရှိသူတွေကိုလည်း ကြိုအကြောင်းကြားပေးပါတယ်။ ဒါမျိုးတွေကလွဲလို့ မီးမပြတ်တော့ဘူး" ဟု ဦးသန်းဇော်ဦးက ပြောသည်။

ပြည်မြို့နယ်တွင် မီးသုံးစွဲသူဦးရေနှစ်သောင်းသုံးထောင်ကျော်ရှိရာ ဒစ်ဂျစ်တယ်မီတာ တပ်ဆင်မှုမှာ ခြောက်ထောင့်ခုနစ်ရာခန့် ကျန်ရှိနေသေးပြီး အဆိုပါမီတာများမှာ သစ်သားဓာတ်တိုင်များတွင်ရှိနေသောကြောင့်လဲလှယ်ရန် ဓာတ်တိုင်များစွာ ကျန်နေသည်။

ယခုအခါ ခေတ္တရာမြို့သစ်ရပ်ကွက်တွင် အသစ်လဲလှယ်ခြင်းများ ဆောင်ရွက်နေကြောင်း သိရသည်။ "အချိန်နဲ့ ဓာတ်တိုင်တွေ၊ တန်းတွေ လဲလှယ်နေတယ်။ ဒါကိုလည်း အတတ်နိုင်ဆုံး မီးပြတ်မှုနည်းမယ့် နေရာလိုင်းကို ရွေးပြီး ဆောင်ရွက်ပေးနေတယ်။ ပြုပြင်ဆောင်ရွက်တဲ့အခါ ဝန်ကြီးဌာနက ချပေးတဲ့ ဘတ်ဂျက်အပေါ်မှာသာ ဆောင်ရွက်ပေးရခြင်း ဖြစ်တယ်။ System brake ဖြစ်တဲ့အခါမှသာ တစ်မြို့လုံးပြတ်မယ်။ အခု ပြည်မြို့မှာ မီးမပြတ်ရေး နေ့စဉ် ဆောင်ရွက်နေပါတယ်" ဟု ဦးသန်းဇော်ဦးက ရှင်းပြသည်။

ပြည်မြို့တွင် ယမန်နှစ် မိုးဦးကျကာလ၌ လေပြင်းကြောင့် ဗိုလ်ချုပ်လမ်းရှိ ဓာတ်တိုင်များ လဲကျခဲ့ခြင်းများရှိခဲ့သည်။ ယခုနှစ် မေလ ၁၁ ရက်ကလည်း လေ ပြင်းကြောင့် ဓာတ်တိုင်များ လဲခဲ့ ရာ မီးပြတ်ချိန်မကြာမြင့်ရေးအတွက် ပုဂ္ဂလိက ကျောက်တိုင်အရောင်းဆိုင်များမှ ဝယ်ယူကာ လဲလှယ်မှုများ ချက်ချင်းပြုလုပ်ပေးခဲ့ကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# စစ်ကိုင်းဒေသထွက် စိန်တစ်လုံးသရက်သီးများ ထိုင်းနှင့် စင်ကာပူသို့တင်ပို့

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၁၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထွက်ရှိသော စိန်တစ်လုံး သရက်သီးများကို တရုတ်နယ်စပ်ဈေးကွက်သာမက ထိုင်းနှင့် စင်ကာပူနိုင်ငံ ဈေးကွက်များအထိ တင်ပို့ရောင်းချနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိန်တစ်လုံး သရက်စိုက်ပျိုးထုတ်လုပ်သူများက ပြောသည်။

"စိန်တစ်လုံးသရက်သီးက ပုံမှန်တရုတ်ဈေးကွက်နဲ့ ပြည်တွင်း ဈေးကွက်ကို အဓိကပို့တယ်။ ထိုင်းနဲ့စင်ကာပူဈေးကွက်ကို ကုမ္ပဏီကနေတစ်ဆင့်တင်ပို့နေတာ ၂နှစ်ရှိပြီ။ သစ်သီးကုမ္ပဏီတွေကလည်း သရက်သီးရာသီ မတိုင်မီ ကြိုပွဲငွေ့စနစ်နဲ့ ကြိုဝယ်တယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးအောင်သန်းဦးက ပြောသည်။ "မေလဆန်းကစပြီး ဈေးကွက်တင်ပို့ခဲ့တာ မေလကုန်မှာ စိန်တစ်လုံးသရက်သီးတွေကုန်မယ်။ အဓိက တရုတ်နယ်စပ်နဲ့ ပြည်တွင်းဈေးကွက်ကို အားထားနေရတယ်"ဟု စစ်ကိုင်းမြို့နယ် ဒီပဲယင်းကျေးရွာဒေသခံ ဦးကျော်မြင့်က ပြောသည်။



*ဈေးကွက်အတွင်းရောင်းချနေသော စိန်တစ်လုံးသရက်သီးများ* ဓာတ်ပုံ- မျိုးမင်းဦး

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းစိုက်ပျိုးသော စိန်တစ်လုံး သရက်သီးများကို ယခုနှစ်တွင် ၄၀၀ ဂရမ်အထက် တစ်တန်လျှင် ကျပ် ၁၂ သိန်း၊ ၃၅၀ ဂရမ်မှ ၄၀၀ ဂရမ်အထိ တစ်တန်လျှင် ကျပ် ၁၀ သိန်း၊ ၃၀၀ ဂရမ်မှ ၃၅၀ ဂရမ်အထိ ကျပ်ရှစ်သိန်း၊ ၂၅၀ ဂရမ်မှ ၃၀၀ ဂရမ်အထိ ကျပ်ခုနစ်သိန်း၊ ၂၂၀ ဂရမ်မှ ၂၅၀ ဂရမ်အထိ ကျပ်ရှစ်သိန်း စသည်ဖြင့်အမျိုးအစားငါးမျိုးခွဲခြား၍ ဝယ်ယူလျက်ရှိကြောင်း သိရှိရသည်။ မုံရွာဈေးကွက်တွင် စိန်တစ်လုံး သရက်သီး တစ်သေတ္တာ (အလုံး ၁၃၀)လျှင် ကျပ်နှစ်သောင်းခြောက်ထောင်၊ တစ်သေတ္တာ (အလုံး ၁၅၀ )လျှင် ကျပ်နှစ်သောင်းဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

# သံဆန်ခါပိုက်သုံးငါးဖမ်းဆီးမှုများကြောင့် ငါးအရနည်းလာ

**ခိုင်ခိုင်စိုး**

**ကျိုက်ထို**

**မေ- ၁၈**

မုတ္တမပင်လယ်ကွေ့တွင် အခြားမြို့နယ်များမှ သံဆန်ခါပိုက် (ဖော့ပိုက်)ဖြင့် လာရောက်ငါးဖမ်းသူများကြောင့်ကမ်းခြေတစ်လျှောက်ရှိ ဒေသခံငါးဖမ်းသမားများ ငါးအရနည်းလာကြောင်း ဒေသခံများက ပြောသည်။

မုတ္တမကမ်းခြေတစ်လျှောက်ရှိ ရွာများတွင် ဒေသခံများမှာ ငါးဖမ်းခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက် ရှိပြီး လွန်ခဲ့သည့် နှစ်များမှစ၍ အခြားမြို့နယ်များမှ လာရောက် ငါးဖမ်းမှုကြောင့် ဒေသခံများ ငါးအရနည်းလာကာ အခက်အခဲများဖြစ်နေသည်ဟု ယင်းဒေသခံများက ပြောသည်။

ဒေသခံများမှာ သာမန်ငါးဖမ်းပိုက်များကို အသုံးပြု၍ ငါးဖမ်းသော်လည်း၊ အခြားမြို့နယ်များမှ ငါးဖမ်းသမားများက သံဆန်ကာပိုက်(ဖော့ပိုက်)ဟုခေါ်သည့် အကွက်စိပ်သည့် ငါးဖမ်းပိုက်များကိုအသုံးပြု၍ နေ့စဉ်လာရောက်ဖမ်းဆီးလျက်ရှိသည်ဟု သထုံမြို့နယ်၊ အောင်ကံသာကျေးရွာမှ ဦးအောင်မင်းက ပြောသည်။

"သံဆန်ခါပိုက်တွေသုံးပြီး ငါးဖမ်းတာက ကျိုက်ထိုက လူတွေ။ သူတို့သံဆန်ခါသုံးပြီး ဖမ်းတော့ ငါးအသေးလေးတွေက အစပါတယ်။ သက်ဆိုင်ရာက လာမေးရင်လည်း သံဆန်ခါပိုက်တွေဝှက်ထားပြီး ကျဲတဲ့ပိုက်တွေပြထားတယ်"ဟု ၎င်းက ပြောသည်။

ယင်းပိုက်များကို အသုံးပြု၍ ဖမ်းဆီးသည့်အတွက် ငါးသယံဇာတများ ရှားပါးသွားပြီး ယခင်ဖမ်းမိနေကျ ငါးများမှာလည်း ယခုအခါတွင် မျိုးသုဉ်းသွားကြောင်း ဒေသခံများကဆိုသည်။

"အရင်ကဆိုရင် ခဏလေး ဆင်းလိုက်တာနဲ့ သုံးလေးပိဿာလောက်ရတယ်။ အခုဆိုရင် သူတို့ဆင်းသွားပြီဆိုရင် နောက်လူတွေ မရတော့ဘူး။ အရင်ကရခဲ့တဲ့ ငါးသလောက်တောင် အခုမရတော့ဘူး"ဟု ၎င်းတို့ကဆိုသည်။

ထိုသို့ငါးရှားပါးပြီး ဖမ်းဆီးရခက်ခဲမှုများကြောင့် ဒေသခံငါးဖမ်းသမားအချို့မှာ တံငါအလုပ်ကို စွန့်၍ တစ်ဖက်နိုင်ငံသို့သွားရောက် အလုပ်လုပ်မှု များပြားလာကြောင်း သိရသည်။

"အဲဒီငါးဖမ်းပိုက်တွေက တော်တော်စိပ်တယ်။ ဘောပင်တောင်ထိုးလို့မဝင်ဘူး။ တချို့တွေဆိုတစ်နေ့လုံးရှာတာတောင် ဟင်းစားမရတာရှိတယ်။ နောင်လာမယ့်မျိုးဆက်တွေအထိစားဖို့ တော်တော်ခက်သွားမယ်။ အခုတောင်မှ တော်တော်အခြေအနေဆိုးတယ်။ ငါးမျိုးသုဉ်းသွားနိုင်တယ်"ဟု ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးအသင်းမှဦး အောင်ကျော်ညွန့်ကပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနက လေးပိုင်း၊ သုံးပိုင်းလက်မအထက်ရှိသည့် ငါးဖမ်းပိုက်များကိုသာ အသုံးပြုခွင့်ပေးထားပြီး ယင်းအောက်လျော့သည့် ပိုက်များကို အသုံးပြုခွင့်မပေးထားဘဲ ထိုပိုက်သေးများကို ရေချိုငါးဖမ်းလုပ်ငန်းများအတွက်သာ သုံးခွင့်ပြုထားကြောင်း ကျိုက်ထိုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုဦးစီးမှူးကပြောသည်။

"ပိုက်အသေးတွေ သုံးရင် လှေတွေ ပေးမထွက်ပါဘူး။ ဒေသခံတွေကလည်း သတင်းပေးဖို့လိုတယ်။ သံဆန်ခါပိုက်တွေ သုံးတာတွေ့ရင် ငါးလုပ်ငန်းဦးစီးဌာနကို တင်ပြနိုင်တယ်။ သိမှလည်း ပညာပေးနိုင်မှာ"ဟု ၎င်းကဆိုသည်။

駿台 SATT SoftGuide HRD CENTER SS人材開発センター SATT

ဂျပန်နိုင်ငံတစ်ဝှမ်းလုံးနှင့် နိုင်ငံတကာတွင် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းခွဲပေါင်း (၅၈)ခုဖွင့်လှစ်ထားရှိသော SUNDAI Education Groupမှ မြန်မာနိုင်ငံတွင် ဂျပန်စာ သင်တန်းကျောင်းဖွင့်ပြီ!!!

| Date | Time/ Day | Level |
|---|---|---|
| 2/June-29/August | 9:00-10:30 (Mon-Thu) | Basic 1 |
| 2/June-29/August | 10:40-12:10 (Mon-Thu) | Basic 2 |
| 2/June-29/August | 1:00-2:30 (Mon-Thu) | Basic 1 |
| 2/June-30/June | 2:40-4:00 (Mon-Thu) | Conversation Class by Japanese |

Conversation Class တွင် ဂျပန်စာအခြေခံရှိသောသူများအတွက်သာရည်ရွယ်ပါသည်။

ဂျပန်စာကို စိတ်ဝင်စားသူများ၊ ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားလိုသူများ၊ ဂျပန်ကုမ္ပဏီတွင် အလုပ်လုပ်လိုသူများ၊ ဂျပန်စာသင်တန်းကျောင်းတွင် ဆရာ၊ဆရာမ လုပ်လိုသူများအတွက် ရည်ရွယ်၍ဖွင့်လှစ်သော သင်တန်းကျောင်းဖြစ်ပါသဖြင့် ဂျပန်ဆရာ၊ဆရာမများမှ ကြီးကြပ်ပြီး ဂျပန်ဘာသာ သင်ကြားမှု အတွေ့အကြုံရှိသော မြန်မာဆရာ၊ဆရာမများမှ ကွန်ပျူတာနှင့်ရုပ်ပုံကားချပ်များကို အသုံးပြု၍ ဂျပန်နိုင်ငံရှိ Sundai Education Group၏ သင်ကြားနည်းအတိုင်း သင်ကြားပေးမည်ဖြစ်ပါသည်။

Coming Soon !!!!

Preparation Course For JLPT

ဆက်သွယ်ရန်လိပ်စာ
No, (124/122), 15thStreet (Middle),Lanmadaw Township, Yangon.
Tel 0931831348,09-43134769,09-5151755,09-33116696
Find Us on Facebook- SS HRD Center
Website www.satt-yangon.com E-mail satt.yangon@gmail.com

ဝန်ထမ်းအလိုရှိသည်

**အင်တာနက် ဂျာနယ်သည် သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ကဏ္ဍများ၊ အီလက်ထရောနစ်ပစ္စည်းများ ဖော်ပြပေးလျက်ရှိသော အပတ်စဉ်ထုတ်ဂျာနယ် ဖြစ်ပါသည်။**

အင်တာနက်ဂျာနယ်တွင် တာဝန်ထမ်းဆောင်ရန်ရိုးသားကြိုးစား၍ အရည်အချင်းရှိသော အောက်ဖော်ပြပါ ဝန်ထမ်းများ အလိုရှိပါသည်။

❖ Marketing Executive M/F (2) posts
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရဖြစ်ပြီး၊ အသက် (၁၉) နှစ်မှ (၂၅) နှစ်အတွင်းရှိရမည်။
- အိုင်တီနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူဖြစ်ရမည်။
- သွက်လက်ထက်မြက်၍ လူမှုဆက်ဆံရေး ကောင်းမွန်ရမည်။
- ကွန်ပျူတာ နှင့် အင်္ဂလိပ်စာ အခြေခံအဆင့် နားလည်တတ်ကျွမ်းရမည်။
- ရုပ်ရည်အသင့်အတင့်ရှိပြီး၊ အပြောအဆို ချိုသာရမည်။
- အကျင့်စာရိတ္တ နှင့် ကျန်းမာရေး ကောင်းမွန်ရမည်။
- ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများ လစာညှိနှိုင်းပေးမည်။

❖ External Relations M (1) post
- အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အသက် (၁၈) နှစ်မှ (၂၅) နှစ်အတွင်းရှိရမည်။
- ပုံနှိပ်မီဒီယာလုပ်ငန်းကို ကောင်းစွာ နားလည်ရမည်။
- သွက်လက်ထက်မြက်၍ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ရမည်။
- ကျန်းမာသန်စွမ်း၍ ရန်ကုန်မြို့တွင်း သွားလာနိုင်ရမည်။

လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင် မိတ္တူ၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထား မိတ္တူ တို့နှင့်အတူ (၃၁.၅.၂၀၁၄) နေ့နောက်ဆုံးထား၍ အောက်ပါလိပ်စာသို့ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ပထမထပ် ၊ တိုက် (E)၊ ဒိုင်းမွန်းကွန်ဒို၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၅၁၂၈၈၇, ၅၁၃၅၁၅~၅၁၃၉ဖက်(စ်) - ၅၁၃၅၁၉ Email: hr@informationmatrix.com

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014






*GE ကုမ္ပဏီ မြန်မာပြည်ရုံးဖွင့်ပွဲ အခမ်းအနား ၂၀၁၃ မေလအတွင်းက ကျင်းပစဉ်* ဓာတ်ပုံ – ငြိမ်းချမ်းနိုင်/အီးပီအေ

# နောက်တစ်ခါ မျှော်ပါလေဦး

**ထားထားမြင့်**

အမေရိကန်နှင့်မြန်မာဆက်ဆံရေးပြန်လည်အဆင်ပြေလာခဲ့သည့် ၂၀၁၂ ကစပြီး မြန်မာအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နှစ်စဉ်မေလတွင်အမျှော်လင့်ကြီးမျှော်လင့်ရသော အရာတစ်ခုရှိပါသည်။ မြန်မာနိုင်ငံ အပေါ် အမေရိကန်၏ လက်ကျန်စီးပွားရေးပိတ်ဆို့မှု ဥပဒေကို နှစ်စဉ် မေလရောက်တိုင်း အမေရိကန်က ဖြေလျှော့ပေးမှာလား၊ သက်တမ်းတိုးမှာလားဆိုသည့် အချက်ဖြစ်ပါသည်။ ယခုနှစ်အတွက်အဖြေကို ၂၀၁၄မေလ ၁၆ ရက်တွင် အိုဘားမားအစိုးရအဖွဲ့က ပြတ်ပြတ်သားသားပေးသွားပါသည်။ သက်တမ်းတိုးကြောင်း အမေရိကန်လွှတ်တော်ကို အကြောင်းကြား၍ ကျန်ရှိနေသေးသော စီးပွားရေးပိတ်ဆို့မှုများကို တစ်နှစ် ထပ်မံသက်တမ်း တိုးလိုက်ပါသည်။

အဆိုပါစာတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များကို ၁၉၉၀ပြည့်နှစ်များ၌ မြန်မာတွင်ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီရေးလှုပ်ရှားမှုများကို ဖိနှိပ်ရာတွင်ပါဝင်ခဲ့သူများနှင့် စီးပွားရေးအတူတွဲလုပ်ခြင်း မပြုအောင် တားမြစ်ထားသော အမေရိကန်အစိုးရ၏ အမျိုးသားအရေးပေါ်ဥပဒေကို နောက်ထပ်တစ်နှစ်သက်တမ်းတိုးလိုက်သည်ဟု အိုဘားမားက လွှတ်တော်အား အသိပေးခြင်းဖြစ်သည်။ သူ၏အကြောင်းပြချက်က မြန်မာနိုင်ငံ၌ ပြုပြင်ပြောင်းလဲမှုများ လုပ်ရာတွင် တိုးတက်မှုအချို့ရှိနေလင့်ကစား လိုအပ်သောအဆင့်များရှိနေသေးသည်ဟုဆို၏။

မြန်မာအစိုးရအတွက် ထိုသတင်းက စိတ်ပျက်စရာပင်တည်း။ အစိုးရထက်ပိုပြီး စိတ်ပျက်သူများကတော့ တစ်ချိန်က စစ်အစိုးရနှင့် အကျိုးတူလုပ်ငန်းများပူးပေါင်းလုပ်ဆောင်ခဲ့သည့် စီးပွားရေးသမားများဖြစ်ကြသည်။ သူတို့က မြန်မာနိုင်ငံတွင် ဘယ်လုပ်ငန်းမဆို လက်ညှိုးထိုးမလွဲပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများဖြစ်သည်။ သို့ရာတွင် အမေရိကန်အစိုးရက SDN ခေါ် အထူးပိတ်ဆို့ခံရသည့်စာရင်းတွင်ပါနေသည့်အတွက် မြန်မာနိုင်ငံပြင်ပ နိုင်ငံတကာဈေးကွက်သို့ ဝင်ခွင့်ပင်မရ။ စင်ကာပူစတော့အိတ်ချိန်းကပင် ဝင်ရောက်ခွင့်လက်မခံ။ မြန်မာနိုင်ငံက ကမ္ဘာ့ဈေးကွက်သို့ လမ်းဖွင့်ပေးခဲ့သော်လည်း ထိုရေစီးထဲတွင် သူတို့ဝင်ရောက်မျောပါလို့မရ။ အဝေးကသာ အမေရိကန်ကပိတ်ဆို့မှုများ အကုန်ဖြေလျှော့ပေးမည့် အချိန်ကိုစောင့်မျှော်နေကြရသည်။

၂၀၁၄ မေလနောက်ဆုံးထိ အမေရိကန်အစိုးရ၏ ပိတ်ဆို့ခံရသူများ (SDN)စာရင်းတွင် ယုဇန၊ ဇေကမ္ဘာ၊ ထူး၊ မက်စ်မြန်မာ၊ အဲပုဂံ၊ ရောရွှေဝါ၊ အေးရှားဝေါလ်၊ ဒဂုံအင်တာနေရှင်နယ်၊ ရန်ကုန်အဲဝေး စသည့်မြန်မာပြည်ရှိ ထိပ်တန်းစီးပွားရေးလုပ်ငန်းစုကြီးများပါဝင်နေဆဲဖြစ်ပြီး ဝီကီလိခ်အင်တာနက် စာမျက်နှာပေါက်ကြားမှုများအရ အမေရိကန်သံရုံးက ဝါရှင်တန်သို့ပေးပို့သော မှတ်တမ်းများတွင် အဆိုပါစီးပွားရေးလုပ်ငန်းများကို ပတ်သက်ပိုင်ဆိုင်နေသူများသည် ပြည်သူများကို ဖိနှိပ်ချုပ်ချယ်ခဲ့သည့် မြန်မာစစ်ဗိုလ်ချုပ်များ၏ မျက်နှာသာပေးမှုကိုရယူပြီး စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နေသည်ဟုဖော်ပြပါရှိသည်။

မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့သည့်နောက်ပိုင်း ယင်းစာရင်းပါ စီးပွားရေးလုပ်ငန်းများအနက် ဦးဇော်ဇော်ဦးဆောင်သည့် မက်စ်မြန်မာကုမ္ပဏီက နာမည်ကောင်းကိုပြန်တည် ဆောက်ပြီး နိုင်ငံတကာဈေးကွက်သို့ဝင်ရောက်ရန် ပြင်ဆင်ခဲ့ပါသည်။ စစ်တပ်နှင့်ပူးပေါင်းသည့် ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်များတွင် မက်စ်မြန်မာ ဦးဇော်ဇော်သည် ပရဟိတလုပ်ငန်းများစွာဖြင့် နာမည်ကောင်းရှိသူတစ်ဦးဖြစ်သည်။ လူချစ်လူခင်များသည်။ သူ၏ မက်စ်မြန်မာကုမ္ပဏီသည် ဆောက်လုပ်ရေး ဟိုတယ်နှင့်ဘဏ်လုပ်ငန်းများကို ပိုင်ဆိုင်ပြီး ၂၀၁၁ ခုနှစ်တွင် နှစ်စဉ်အမြတ်ငွေဒေါ်လာသန်း ၅၀၀ ရှိသည်ဟု ဦးဇော်ကိုယ်တိုင် ကြေညာထားသည့်ကုမ္ပဏီအုပ်စုကြီးဖြစ်၏။

သို့ရာတွင် ဦးဇော်ဇော်က ၂၀၁၃ တွင်စင်ကာပူစတော့ဈေးကွက်သို့ Aussino ကုမ္ပဏီအုပ်စုအကူအညီဖြင့် စာရင်းသွင်းရန်ကြိုးစားခဲ့ရာ အမေရိကန်အစိုးရပိတ်ဆို့မှုစာရင်းတွင်ပါဝင်နေသဖြင့် စင်ကာပူနိုင်ငံဘက်က ငြင်းကိုငြင်းပယ်ခဲ့ပါသည်ဟု စင်ကာပူသတင်းစာများကရေးသား ဖော်ပြခဲ့ကြသည်။

ရန်ကုန်အခြေစိုက်အမေရိကန်သံရုံး၏ကြေးနန်းသတင်းများကိုဖော်ပြထားသည့် ဝီကီလိခ်စာမျက်နှာတွင် ဦးဇော်ဇော်သည် လူ့အခွင့်အရေးများကိုဆိုးဆိုးရွားရွားချိုးဖောက်ခဲ့သည့် စစ်အစိုးရထံမှ လုပ်ပိုင်ခွင့်ကန်ထရိုက်များရယူရန် စီမံကိန်းအချို့ကို အခမဲ့လုပ်ပေးခဲ့သည်ဟု ဖော်ပြပါရှိသည်။ အမေရိကန်အခြေစိုက် ဝေါစထရီစာစောင်တွင်မူ ဦးဇော်ဇော်ကသူသည် ယခင်စစ်အစိုးရနှင့် နီးစပ်စွာဆောင်ရွက်ခဲ့သည့်လုပ်ငန်းရှင်တစ်ဦးအဖြစ်ကိုငြင်းဆန်ဖြေကြားခဲ့ပါသည်။

**အမေရိကန်သမ္မတအိုဘားမားက စီးပွားရေးပိတ်ဆို့မှုအချို့ကို သက်တမ်းတိုးမှုကြောင့် မြန်မာစီးပွားရေးလုပ်ငန်းများနည်းတူ အမေရိကန်စီးပွားရေးလုပ်ငန်း များကလည်း မပျော်နိုင်ကြပါ။ သူတို့က မြန်မာနှင့်စီးပွားရေးထဲထဲဝင်ဝင်လုပ်ရန် ပိတ်ပင်ထားခံရချိန်မှာ အခြားဥရောပနှင့်အာရှကုမ္ပဏီများက ခြေကုပ်ရသွားမှာကို ပူပန်နေကြရသည်။**

“ရာဇဝတ်မှုနဲ့ဆိုင်တာတွေ ကျွန်တော် ဘာတစ်ခုမှမလုပ်ခဲ့ပါဘူး”

ယခုလိုအခြေအနေမျိုးတွင် ကံကောင်းပြီး အခွင့်အလမ်းပိုများလာသည်က ယခင်စစ်အစိုးရနှင့် ခပ်မှန်မှန်တန်းတန်းသာဆက်ဆံခဲ့သည့် စီးပွားရေးလုပ်ငန်းရှင်စစ်စစ်များပင်ဖြစ်သည်။ SDN စာရင်းတွင်မပါသည့် စီးပွားရေးလုပ်ငန်းရှင်များ မျက်နှာပန်းပွင့်လာပြီး မြန်မာသို့အခြေချဝင်ရောက်လာသောနိုင်ငံတကာစီးပွားရေးလုပ်ငန်းများက အကျိုးတူပူးပေါင်းရန် အပြိုင်အဆိုင်ကမ်းလှမ်းနေကြသည်။ ထိုအထဲတွင် ရိုးမဘဏ်သူဌေးကြီးဦးသိမ်းဝေခေါ် မစ္စတာဆာချ်ပန်နှင့်ရေနံနှင့်စွမ်းအင်လုပ်ငန်းရှင်ဦးမိုက်ကယ်မိုးမြင့်တို့ပါဝင်သည်။

Financial Times သတင်းစာ၏ရေးသားချက်အရ ၂၀၀၈ တွင် စစ်အစိုးရနှင့်ပတ်သက်မှုကြောင့် အမေရိကန်အစိုးရက ဦးမိုးမြင့်ကို အမေရိကန်နိုင်ငံသို့ခရီးသွားလာခွင့်ဗီဇာပိတ်ခဲ့သည်ဟုဆိုသည်။ သို့သော်လည်း သူ၏တောင်းဆိုမှုကြောင့် နောက်နှစ်တွင်ပြန်ပေးခဲ့သည်။ ဝီကီလိခ်ကြေးနန်းများ ပေါက်ကြားချက်အရ ဦးမိုးမြင့်သည် စစ်အစိုးရနှင့်ရင်းနှီးသည်မှာ မှန်သော်လည်း အောင်မြင်ပြီးတရားဥပဒေအရ လုပ်ဆောင်သောစီးပွားရေးသမားတစ်ယောက်ဟု အမေရိကန်သံရုံးကသုံးသပ်ခဲ့သည်ဟုသိရသည်။ အမေရိကန်ပိတ်ဆို့မှုစာရင်းတွင်မပါသောဦးမိုးမြင့်သည် ယခုအခါ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့်နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများက မျက်စိအကျဆုံးလူတစ်ယောက်ဟု Financial Times က ရေးသားထားပါသည်။

အမေရိကန်သမ္မတအိုဘားမားကစီးပွားရေးပိတ်ဆို့မှုအချို့ကို သက်တမ်းတိုးမှုကြောင့် မြန်မာစီးပွားရေးလုပ်ငန်းများနည်းတူ အမေရိကန်စီးပွားရေးလုပ်ငန်းများကလည်း မပျော်နိုင်ကြပါ။ သူတို့က မြန်မာနှင့်စီးပွားရေးထဲထဲဝင်ဝင်လုပ်ရန် ပိတ်ပင်ထားခံရချိန်မှာအခြားဥရောပနှင့်အာရှကုမ္ပဏီများက ခြေကုပ်ရသွားမှာကို ပူပန်နေကြရသည်။

သို့ရာတွင်လည်း အရဲတိုးပြီး မစမ်းသပ်ရဲကြ။ နိုင်ငံတကာဈေးကွက်တွင် နာမည်ကောင်းရရန် အမြကြိုးပမ်းနေကြသည့်ကုမ္ပဏီများမှာ အကျိုးအမြတ်ထက် နာမည်ပျက်ရှိလာမည်ကို ပို၍စိုးရွံ့ကြသည်။ ထို့ကြောင့်မြန်မာနိုင်ငံတွင်လုပ်ငန်းများအခြေချနေသည့် အမေရိကန်ဂျီ အီးကုမ္ပဏီနှင့် ဖို့ဒ်မော်တော်ကားကုမ္ပဏီများမှာတစ်ဖက်တွင်လည်း သူတို့သည်မြန်မာစစ်တပ်နှင့်ပတ်သက်သည့် လုပ်ငန်းများ၊ ပုဂ္ဂိုလ်များနှင့်ကင်းရှင်းကြောင်းလူ့အခွင့်အရေးချိုးဖောက်မှုများနှင့် မပတ်သက်ကြောင်း ဝါရှင်တန်ဒီစီသို့အမြဲအစီရင်ခံတင်ပြနေရသည်။

ထို့ကြောင့် ယခုအခြေအနေတွင် လာမည့် ၂၀၁၅အဆိုပါ ပိတ်ဆို့မှု ဥပဒေသက်တမ်းတိုးမည့် အချိန်၌အပြောင်းအလဲတစ်စုံတစ်ရာဖြစ်ပါစေဟုသာ မျှော်လင့် ဆုတောင်းရုံသာရှိတော့သည်။ ။

***ကိုးကား- အင်တာနက် သတင်းများ***

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.11 ▪ MAY 21 , 2014

စာမျက်နှာ (၈) မှ

# လူ့တန်ဖိုး မေ့လျော့ခံရခြင်း

လုပ်ငန်းခွင်အတွင်း အလုပ်သမားတစ်ယောက် သေဆုံး၊ ဒဏ်ရာရပါက ကျန်ရစ်သူ မိသားစုကို လုပ်ငန်းရှင်က ပေးသည့် လျော်ကြေးငွေ သိန်းဆယ်ဂဏန်းခန့်ငွေကြေးပမာဏမှာ ကာယကံရှင်မိသားစုအတွက် အလွန်များသည့် ငွေကြေးအဖြစ် ထင်မှတ်နေခြင်းကလည်း အရေးယူမှုအပိုင်းအားနည်းရခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ဦးမြင့်ဦးက သုံးသပ်သည်။

"မိသားစုဝင်တွေက တစ်ခါမှ မရဖူးတဲ့ ငွေကြေးကိုယူပြီး ပြန်သွားတယ်။ ကုန်သည် ကုန်ရောဒုက္ခတွေရောက်ကုန်ကြတယ်။ ငွေရရေးအတွက် အမြန်ကျေအေးလိုက်တော့လည်း အရေးယူတဲ့အပိုင်း မထိရောက်တော့ဘူးပေါ့"ဟု ဆိုပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းများစွာရှိနေသည့် ရန်ကုန်မြို့တွင် လုပ်ငန်းခွင်တော်တော်များများ၌ Safety First ဟူသည့် ဗီနိုင်းများ ဟိတ်ဟန်ကြီးကြီးထားရှိကြသော်လည်း အမှန်တကယ်တွင်မူ လိုက်နာမှုများနည်းကြောင်း စမ်းချောင်းမြို့နယ် ကျွန်တောလမ်းရှိ ကားပါကင်ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ နေ့စားအလုပ်သမားဦးလှစိုးက ပြောသည်။

"ကုမ္ပဏီတွေက သူတို့ကိုယ်ပိုင်အလုပ်သမားတွေကိုပဲ လုပ်ငန်းသုံးဝတ်စုံပေးတာ။ ကျွန်တော်တို့လို ကန်ထရိုက်ကခေါ်လို့ လာလုပ်တဲ့ သူတွေကို မပေးဘူး။ ဒီအတိုင်းပဲ လုပ်နေရတာပဲ။ တစ်ခါတစ်လေအမြင့်တွေတက်ရင်တောင် ပုဆိုးကွင်းသိုင်းပြီး တက်ရတာ"ဟု ဆိုသည်။

"အလုပ်သမားအများစုက ဗဟုသုတနည်းသလို လုပ်ငန်းရှင်ကလည်း တာဝန်ယူမှုအားနည်းတယ်။ အလုပ်သမားကိုယ်တိုင်က အမြင့်တက်ရင် လိုအပ်တဲ့လုံခြုံရေးဝတ်စုံလိုချင်ရင်တောင် အလုပ်ပိုင်ရှင်က ထုတ်မပေးတာမျိုးရှိတယ်။ ဒီမှာလက်ရှိသုံးနေတဲ့ဝတ်စုံတွေကလည်း အရည်အသွေးညံ့ပါတယ်။ လိုအပ်ချက်တွေကတော့ အများကြီးပါ"ဟု Global Enchanting Eduction Center မှ အတိုင်ပင်ခံ ဦးဝေဖြိုးဦးကပြောသည်။

လုပ်ငန်းခွင်အန္တရာယ်အများဆုံးရင်ဆိုင်နေရသည့် လုပ်ငန်းများမှာ ဆောက်လုပ်ရေး၊ သင်္ဘောကျင်း၊ သတ္တုနှင့် ရေနံတူးဖော်သည့် လုပ်ငန်းများအပြင် အမျိုးသမီးအများစုအလုပ်လုပ်နေသည့် အထည်ချုပ်ကဲ့သို့ စက်ရုံများဖြစ်နေပြီး ကျွမ်းကျင်လုပ်သားရှားပါးခြင်းကလည်းမတော်တဆဖြစ်ပွားမှုများခြင်း၏ အကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း Hertz Electri Group အမည်ဖြင့် ဆောက်လုပ်ရေးလုပ်သားများအား လျှပ်စစ်ဝိုင်ယာရိန်းတပ်ဆင်နည်းသင်တန်းပေးနေသည့် မန္တလေးမြို့မှ ကိုတင်မောင်လတ်ကပြောသည်။

"အများစုက လုပ်ရင်းနဲ့တတ်လာတာ။ ဒါပေမဲ့ နည်းပညာကတိုးတက်လာတော့ တချို့အပိုင်းတွေမှာ လိုအပ်ချက်တွေရှိတယ်။ စာတွေ့မရှိကြတော့ ပညာရပ်ပိုင်းဆိုင်ရာ အခက်အခဲရှိကြတယ်။ ဆောက်လုပ်ရေးပိုင်းမှာဖြစ်ဖြစ် ဝိုင်ယာရိန်းပိုင်းမှာဖြစ်ဖြစ် ကျွမ်းကျင်လုပ်သားတွေသုံးဖို့ လိုသလို အရည်အသွေးမီတဲ့ အကာအကွယ်ပစ္စည်းတွေ ထုတ်ပေးနိုင်ဖို့လိုတယ်။ ဒီအလုပ်တွေက တစ်ချက်အမှားမခံဘူးလေ"ဟုကိုတင်မောင်လတ်ကပြောသည်။

"အလုပ်ရှင်တွေကလည်း အလုပ်သမားတွေ လုပ်ငန်းခွင်ထဲ ထိခိုက်မှုဖြစ်လာရင် ကုမ္ပဏီနာမည်မပျက်ဖို့ပဲ ဦးစားပေးဖြေရှင်းကြတာ။ အရည်အသွေးညံ့ပြီး တကယ့်ကို အကာအကွယ်မပေးနိုင်တဲ့ ပစ္စည်းတွေဝယ်ပေးထားတာကိုက အဓိပ္ပာယ်မရှိပါဘူး။ အလုပ်ရှင်တွေဘက်က တော်တော်လေးစိတ်ဝင်စားမှုနည်းပါးတယ်။ ကျွန်တော် အကြံပြုချင်တာကတော့ ကျွန်တော်တို့အပြင် အစိုးရကိုယ်စားလှယ်တာဝန်ရှိသူတွေက စည်းကမ်းချက်တွေ တင်းတင်းကျပ်ကျပ်ထုတ်ပြန်ပြီး သတိပေးဖို့လိုနေပါပြီ"ဟု ဦးအောင်ကိုက အကြံပြုသည်။

လုပ်ငန်းခွင်မတော်တဆမှုဖြစ်ပြီး လူသေဆုံး/ဒဏ်ရာရမှုများအနက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လူသေမှုအများဆုံးဖြစ်နေကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

"ဆိုက်မှာတော့ safety First တွေ ဘာတွေ လာပြောမနေနဲ့။ ဘာမှကို ပြင်ဆင်မှုမရှိတာ။ နေပူ၊ မိုးရွာရွာ တစ်ချိန်လုံး အင်အားအကုန်သုံးပြီး လုပ်ရတာ။ ဒီကြားထဲ အလုပ်သမားခေါင်းက နေ့စားခကို ဖြတ်ယူတာ ခံရသေးတာ။ ဒီနားမှာတော့ အလုပ်သမား ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေ အားလုံးနီးပါးမသိကြပါဘူး။ ကိုယ်ဖြစ်ကိုယ်ခံပဲ"ဟု ဆင်မလိုက် သင်္ဘောကျင်းတွင် အလုပ်လုပ်နေသည့် ကိုဖိုးဝကပြောသည်။

လုပ်ငန်းခွင်အတွင်း မတော်တဆမှုများကြောင့်ထိခိုက်သေဆုံးမှုလျော့ကျရေးအတွက် လုပ်ငန်းခွင်သုံးပစ္စည်းများသုံး စွဲလုပ်ကိုင်စဉ် ထိခိုက်သေဆုံးမှုဖြစ်ပါက သက်ဆိုင်ရာကုမ္ပဏီနှင့် စစ်ဆေးကြီးကြပ်သူတို့ကို တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ပြောကြားခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ၌ လုပ်ငန်းခွင်အတွင်း အသုံးပြုနေသည့် လုံခြုံရေးပစ္စည်းများမှာ အလုပ်သမားများအတွက် လုံခြုံရေးအာမခံမရှိဘဲ အသုံးပြုနေသဖြင့် မကြာမီထွက်ရှိမည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ နည်းဥပဒေတွင် လုံခြုံရေးပစ္စည်းများ စစ်ဆေးသည့်အဖွဲ့ဖွဲ့၍ အရေးယူနိုင်ရေး ဥပဒေရေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သတင်းရရှိသည်။

အလုပ်သမားများ၏လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုအတွက် အကာအကွယ်ပေးသော ဥပဒေများထုတ်ပြန်ပေးမည်ကို မျှော်လင့်သော်လည်း အမှန်တကယ် အန္တရာယ်ကင်းရှင်းရေးမှာ လိုအပ်ချက်များစွာရှိနေကြောင်းအလုပ်သမားအရေးဆောင်ရွက်သူ ရွှေ့နေဦးနေဝင်းက ထောက်ပြပြောဆိုသည်။

"အလုပ်ရှင်တွေကိုယ်တိုင် အလုပ်သမားတွေရဲ့ လုံခြုံရေးအတွက် အာရုံစိုက်မှုအားနည်းတယ်။ အကျိုးအမြတ်ကိုပဲ ဦးစားပေးတာမျိုးဖြစ်နေတယ်။ အလုပ်သမားဆိုတာလည်း စီးပွားဖက်ချင်းပဲလေ။ အလုပ်သမားတစ်ယောက်ထိခိုက်သွားရင်နောက်က သူတို့ မိသားစုပါ ဒုက္ခရောက်တာ။ ဝန်ကြီးဌာနအနေနဲ့ အရေးယူမှုအပိုင်းမှာ လက်တွေ့ပါဖို့တော့ လိုတယ်"ဟု ပြောသည်။

"လုပ်ငန်းရှင်တွေ၊ အလုပ်သမားတွေနဲ့ သက်ဆိုင်ရာ ဌာနတာဝန်ရှိသူတွေ လက်တွဲညီညီနဲ့ ဝိုင်းဝန်းဖြေရှင်းရင်တော့ ရဲတပ်ဖွဲ့ရဲ့ မှုခင်းစာရင်းမှာလည်း မတော်တဆမှုကြောင့် အပြစ်မဲ့သူတွေ သေတဲ့နှုန်းလျော့သွားမယ်လို့ မျှော်လင့်ပါတယ်"ဟု အငြိမ်းစား ရဲမှူးကြီးညွန့်လှိုင်ကပြောပါသည်။


An **EXCITING career** awaits for you here at IGT.

**igt**

Irrawaddy Green Towers (IGT), the leading telecom infrastructure provider in Myanmar, offers exciting career for young, dynamic and Myanmar citizen.
We invite qualified candidates for the following posts:

***Structural engineer***

- BSc or higher degree in Civil Engineering
- Structural design stability experience for steel towers and RCC foundations
- Registered engineer by YCDC or MCDC or NCDC
- Able to use autocad and staad or etab
- Able to communicate with authorities for design approvals
- Fluent English speaker

***Assistant HR Manager***

- Knowledgeable of Myanmar Labor Laws
- With at least 5 years experience as Assistant HR Manager in a reputable company with a population of 150 staff
- Background in Telecom is a MUST
- Graduate of BS in Psychology or Behavioral Science (4 years course)
- Proficient in MS Applications
- Fluency in English is a highly required

***Executive Assistant***

- Graduate of any 4 years business course
- Proficient in MS Applications
- Fluency in English is a MUST
- Candidate preferred must be at least 160cm in height, personable and articulate

***Translators***

- Sound knowledge of Myanmar Law
- Knowledge of translating Legal docs from English to Burmese and Burmese to English
- Sufficient network with Mynmar government entities/offices

***Accountants/Finance Staff***

- 4 year Diploma in Accounting
- Proficient in MS Applications
- Fluency in English is a MUST
- Previous experience in the field of telecoms an advantage

***Technical Site Survey Engineer***

- BSc degree in Civil/Electrical engineering
- Able to travel all around Myanmar and flexible on working hours
- Able to take decisions and detail oriented
- Any previous TSS experience with telecom vendors is an advantage
- Basic computer skills and autocad experience
- Fluent English speaker

***HR/Admin Assistant/Receptionist***

- Graduate of any 4 years business course
- Proficient in MS Applications
- Fluency in English is a MUST
- Candidate preferred must be at least 160cm in height, personable and articulate
- Hotel experience is an advantage

***Procurement Assistants/coordinators***

- Graduate of any 4 years business course
- Proficient in MS Applications
- Fluency in English is a MUST
- Previous work experience dealing with vendors/ suppliers an advantage

***MIS Coordinators***

- Graduate of any 4 years business course
- Proficient in MS Applications
- Fluency in English is a MUST
- Previous experience in documentation required

***Site Engineers (Electrical/Civil/Mechanical)***

- Graduate of Electrical/Mechanical/Civil Engineering (4 years Diploma)
- Proficient in MS Applications
- Fluency in English is a MUST
- Previous experience in the field of telecoms

If you feel you are qualified and you meet our criteria, please drop in your most recent CV with photographs beginning **May 21 until May 23**. We entertain applicants starting **5:00 PM until 6:30 PM daily** at our office.

Our office : **Email: recruitment@irrawaddytowers.com**
IRRAWADDY GREEN TOWERS is located at University Avenue Road, No. 111B, Kamaryut Township, Yangon

Education

7 DAY NEWS JOURNAL

Vol.13, No.11 • MAY 21 , 2014

# ဇွန်လ ပထမပတ်တွင် တက္ကသိုလ်ဝင်တန်း အောင်စာရင်းထွက်ဖွယ်ရှိ

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ မေ-၁၇**

၂၀၁၃-၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းမှာ ဇွန်လ ပထမပတ်အတွင်း ထွက်ရှိမည်ဖြစ်ကြောင်း အမှတ် (၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်က ပြောသည်။

“၁၀ တန်းအောင်စာရင်းက ဇွန်လ ၇ ရက်လောက် ထွက်ဖြစ်ဖို့ရှိတယ်။ အခုလောလောဆယ်တော့မကြေညာရသေးဘူး။Con-firm မဖြစ်သေးလို့ပါ။ အဲဒီရက်ပိုင်းလောက်ဖြစ်ပါမယ်”ဟုဦးမင်းဇော်က ပြောသည်။



*၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်း ကြည့်ရှုနေကြသည့် ကျောင်းသူလေးများ*

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

၂၀၁၃-၁၄ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ၂၀၁၄ ခုနှစ် မတ်လ ၁၂ ရက်မှ ၂၂ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကာ ဖြေဆိုရန် စာရင်းပေးသူ ငါးသိန်းရှစ်သောင်းကျော်ရှိခဲ့သော်လည်း ငါးသိန်းလေးသောင်းကျော်သာ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

“ဖြေလာတာတော့ အကုန်လုံးဖြေနိုင်တယ်။ဂုဏ်ထူးတစ်ဘာသာလောက် ထွက်မယ် မှန်းထားတယ်။ အောင်စာရင်းထွက်မယ်ကြားတော့ ရင်ခုန်တယ်။ အောင်မယ်လို့ထင်ပါတယ်” ဟု တက္ကသိုလ်ဝင်တန်းဖြေဆိုထားသည့်မှော်ဘီမြို့နယ်မှ မောင်မျိုးမင်းထွဋ်က ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုထားသည့်ကျောင်းသားအများစုမှာ လွယ်ကူစွာ ဖြေဆိုနိုင်ခဲ့ပြီး အောင်မြင်မည်ဟု ယုံကြည်ထားကြကြောင်း သိရသည်။

“စာမေးပွဲမှာ အားလုံးနီးပါး ဖြေနိုင်တယ်။အောင်မယ်လို့လည်း ထင်တယ်။ အောင်ရင် တက္ကသိုလ်ဆက်တက်ပြီး ရွာမှာ ဆရာမပြန်လုပ်မယ်” ဟု မြိတ်မြို့နယ် မရမ်းချောင်းကျေးရွာမှ မဇင်နုနုထွန်းက ပြောသည်။

၂၀၁၂-၁၃ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ငါးသိန်းနီးပါးဝင်ရောက်ဖြေဆိုခဲ့ပြီးအောင်ချက်ရာခိုင်နှုန်းမှာ ၃၄ ဒသ မ ၃၃ ရာခိုင်နှုန်းကျော်ရှိခဲ့ကြောင်း သိရသည်။

# အလယ်တန်းအဆင့် အခမဲ့ပညာရေး ယခုပညာသင်နှစ် စမည်

**ဇော်မျိုးလှိုင်**

**ရန်ကုန်၊ မေ-၁၇**

အခြေခံပညာကျောင်းများတွင် အလယ်တန်းအဆင့်အခမဲ့ပညာရေးစနစ်ကို ယခုနှစ်ပညာသင်ခွင့် (၂၀၁၄-၁၅)တွင် စတင်အကောင်ထည်ဖော်သွားမည်ဖြစ်ကြောင်း အမှတ် (၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ကပြောသည်။

“၂၀၁၄-၁၅ ပညာသင်နှစ်ကစပြီး အလယ်တန်းအဆင့်အခမဲ့ပညာရေးစနစ်ကို စတင်ဆောင်ရွက်ဖို့ရှိပါတယ်။ သေချာပါတယ်။ စာမထွက်သေးလို့ပါ။ ပြဋ္ဌာန်းစာအုပ်၊ ကျောင်းလခ တစ်ထောင်ပေးဖို့တို့က မေလ ၁၉ ရက် အစည်းအဝေးပြီးရင် သေချာတဲ့ အဖြေထွက်မှာပါ”ဟု ဦးမင်းဇော်က ပြောသည်။

အခြေခံပညာကျောင်းများ၌ ကျောင်းအပ်လက်ခံရာတွင် ၂၀၁၂-၁၃ ပညာသင်နှစ်တွင် စတင်အကောင်ထည်ဖော်ခဲ့သည့် မသင်မနေရမူလတန်းပညာရေးစနစ်အရ မူလတန်းအဆင့်အခမဲ့ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်နှင့် ငွေကျပ်တစ်ထောင်စီပေးခဲ့ကာ ယခုနှစ် ၂၀၁၄-၁၅ ပညာသင်နှစ်တွင်စတင်၍ အလယ်တန်းအဆင့်အားအခမဲ့စနစ်စတင်ဆောင်ရွက်သွားမည်ဖြစ် အထက်တန်းအဆင့်ကိုသာ ပြဋ္ဌာန်းစာအုပ်၊ ကျောင်းလခ၊ အားကစား၊ စာရေးကိရိယာ၊ စာကြည့်တိုက်ကြေးနှင့် မိဘဆရာအသင်းကြေးတို့ကောက်ခံသွားမည်ဖြစ်ကြောင်းသိရသည်။

“ဒီနှစ်ကစပြီး အလယ်တန်းတွေကိုပါ အခမဲ့ဆိုတော့ ကောင်းတာပေါ့။ မနှစ်က သားအငယ်ကို သူငယ်တန်းမှာ သွားအပ်တော့ တစ်ထောင်ပြန်ရတယ်။ ရတာကို ပြန်လှူခဲ့တယ်။ ဒီနှစ်သားအကြီးကလည်း ငါးတန်းတက်မှာဆိုတော့ သူ့အတွက်ကျောင်းလခ မပေးရတော့ကောင်းပါတယ်”ဟုအလုံမြို့နယ်အ.ထ.က (၄)တွင် သားနှစ်ဦးကိုကျောင်းအပ်နှံမည့်ကျောင်းသားမိဘတစ်ဦးကပြောသည်။

အလယ်တန်းအဆင့်ပညာရေးတွင် တက်ရောက်နေမည့် ကျောင်းသား၊ ကျောင်းသူများမှာ ၂ဒသမ ၇ သန်းခန့်အထိရှိပြီး ပညာရေးဝန်ကြီးဌာနမှ ၂၀၁၄ -၁၅ ပညာသင်နှစ်အခြေခံပညာ အလယ်တန်းအဆင့် အခမဲ့ပညာရေးအတွက် ငွေကျပ် ၇ ဘီလီယံလျာထားကြောင်းသိရသည်။

“အလယ်တန်းအဆင့် အခမဲ့ပညာရေးစနစ်ကကောင်းပါတယ်။ အစိုးရကျောင်းတွေမှာတက်နေတဲ့ကလေးတွေအတွက် ဝမ်းသာစရာပါ။ ဒီလိုစနစ်လုပ်ပေးတာမှာ မှန်ကန်တိကျဖို့လိုပါတယ်။ ကျောင်းသားတွေအတွက် မှန်မှန်ကန်ကန်လုပ်ပေးနိုင်မယ်ဆိုရင်ဝမ်းသာကြိုဆိုရမယ့်စနစ်ပါ”ဟု မြောက်ဥက္ကလာပမြို့နယ်ရှိ ACA ပညာ့ရိပ်မြိုက်ကိုယ်ပိုင်ကျောင်းမှပညာရေးအကြံပေး ဦးစန်းဝင်းကပြောသည်။

ပညာရေးဝန်ကြီးဌာနသည် ၂၀၁၄-၁၅ ပညာသင်နှစ်အတွက် အခြေခံပညာရေးကျောင်းများ၌ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေလ ၂၅ ရက်မှ ၃၁ ရက်အထိသတ်မှတ်သည်။



7 DAY NEWS JOURNAL
Vol.13, No.11 · MAY 21 , 2014

# မြန်မာလူငယ်မျိုးဆက်များသည် မိဘများထက် ပညာရေးနိမ့်ကျနေဟု ဗြိတိန်အမတ်များသုံးသပ်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၆**

မြန်မာနိုင်ငံ၏ထူးခြားသော ပြဿနာတစ်ခုမှာ လူငယ်မျိုးဆက်များသည် ၎င်းတို့မိဘများထက် ပညာရေးနိမ့်ကျနေကြောင်း ဗြိတိန်အမတ်များ၏မြန်မာနိုင်ငံဆိုင်ရာလေ့လာသုံးသပ်ရေးအစီရင်ခံစာ၌ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးအတွက် သိသိသာသာ ထောက်ပံ့မှုတိုးမြှင့်ရန်နှင့် ဆရာအတတ်သင်တန်းများ ဦးစားပေးရန် ဗြိတိန်လွှတ်တော်အမတ်များ၏ တိုက်တွန်းမှုကို ဗြိတိန်အစိုးရက သဘောတူညီခဲ့သည်။

လက်ရှိချိန်အတွင်း ဗြိတိန်အစိုးရသည် မြန်မာနိုင်ငံရှိ ပညာရေးတက္ကသိုလ်၊ ကောလိပ်များတွင် အင်္ဂလိပ်ဘာသာသင်တန်းနည်းပြများထားရှိ၍ သင်ကြားပို့ချစေမည့် စီမံကိန်းအတွက် အမေရိကန်ဒေါ်လာခုနစ်သန်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးနှင့် ရပ်ရွာအခြေပြု ပညာရေးအစီအစဉ်များအတွက် ဩစတြေးလျနိုင်ငံနှင့် ပူးပေါင်းကာ အမေရိကန်ဒေါ်လာ ၂၂ သန်း ထောက်ပံ့ရန် သဘောတူထားပြီးဖြစ်သည်။

“စက်တင်ဘာလထဲလာမှာပါ။ ပညာရေးကောလိပ်တွေမှာ ထားမယ်။ သူတို့ကလည်း ကောလိပ်တွေမှာပဲ နေချင်တယ်ပြောတယ်။အင်္ဂလိပ်စာရေး၊သင်ကြားနည်းစနစ်တွေ သင်ကြားပို့ချပေးမှာပါ”ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူက သင်ကြားပို့ချမည့် အစီအစဉ်ကို ပြောသည်။

ဗြိတိန်လွှတ်တော်အမတ်များသည် မြန်မာနိုင်ငံသို့ ကိုးရက်ကြာလာရောက်၍ ဗြိတိန်နိုင်ငံ၏ ကူညီထောက်ပံ့မှုအခြေအနေများကို လေ့လာသုံးသပ်ပြီး အစီရင်ခံစာထုတ်ပြန်ရာတွင် မြန်မာလူငယ်များ၏ပညာရေးကို ဝေဖန်သုံးသပ်ထားခြင်းဖြစ်သည်။

# ပြည်ပတက္ကသိုလ်များတွင် ပညာရေးဘာသာရပ် သွားရောက်သင်ယူသူ မြင့်တက်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၆**

၂၀၁၄–၁၅ ပညာသင်နှစ်၊ ပြည်ပတက္ကသိုလ်များ၌ သွားရောက်ပညာသင်ယူသူများတွင်ပညာရေးဘာသာရပ် ရွေးချယ်သူများ ထိပ်ဆုံးက ဦးဆောင်နေကြောင်း သပြေပညာရေး ဖောင်ဒေးရှင်း၏ ပညာသင်ဆုနှင့် ကျောင်းသားများကူညီပံ့ပိုးမှု ဌာန (SSSD) မှ သတင်းရရှိသည်။

ပြည်ပတက္ကသိုလ်များတွင် ပညာသင်ဆုရရှိသူ ၁၈၉ ဦးထဲမှ ပညာရေးဘာသာရပ် သင်ယူမည့်သူ ၅၄ ဦး၊ ကျန်းမာရေးဘာသာရပ် သင်ယူမည့်သူ ၄၆ ဦး၊ ဖွံ့ဖြိုးတိုးတက်ရေး ဘာသာရပ် သင်ယူမည့်သူ ၃၁ ဦး၊ လူမှုရေးသိပ္ပံဘာသာရပ် သင်ယူမည့်သူ ၂၄ ဦး၊ နိုင်ငံရေးဘာသာရပ် သင်ယူမည့်သူ ၂၄ ဦးနှင့် လူမှုဆက်ဆံရေး ဘာသာရပ် သင်ယူမည့်သူ ၁၀ ဦး ရှိကြောင်း သိရသည်။

ပညာသင်ဆု ရရှိသူများတွင် ဗမာက ၄၉ ဦးဖြင့် အများဆုံး ပါဝင်ပြီး ကရင် ၄၁ ဦး၊ ကချင် ၂၅ ဦး၊ ရှမ်း ၂၁ ဦး၊ ကယား ၁၀ ဦး၊ ချင်း ကိုးဦး၊ ရခိုင် ခြောက် ဦး၊ မွန် ငါးဦးနှင့် အခြား တိုင်းရင်းသား ၂၄ ဦး ပါဝင်နေသည်။

ပြည်ပတက္ကသိုလ်များသို့ ပညာသင်ဆုဖြင့် သွားရောက်ရာတွင် ထိုင်းနိုင်ငံရှိ တက္ကသိုလ်များသို့ ၁၄၅ ဦးဖြင့် အများဆုံးသွားရောက်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံရှိတက္ကသိုလ်များသို့ ၂၁ဦး၊ ဟောင်ကောင်တက္ကသိုလ်များသို့ ၁၂ဦးနှင့်အခြားသူများက ဒေသတွင်း တက္ကသိုလ်များတွင် တက်ရောက်ကြမည်ဖြစ်သည်။

သပြေဖောင်ဒေးရှင်းသည် ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များတွင် ပညာသင်ဆု လျှောက်ထားလိုသော မြန်မာလူငယ်များကို အကြံပေးဝန်ဆောင်မှု ဆောင်ရွက်နေခြင်းဖြစ်ပြီး အထက်ပါ စစ်တမ်းသည် သပြေဖောင်ဒေးရှင်းမှတစ်ဆင့် ပညာသင်ဆု ရရှိသွားခဲ့သူများအပေါ် အခြေခံထုတ်ပြန်ထားခြင်းဖြစ်သည်။

# ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် နော်ဝေးနည်းပညာတက္ကသိုလ်တို့ စီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းအတွက် ပူးပေါင်းရန် လက်မှတ်ထိုး

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၇**

ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် နော်ဝေးသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့သည် စီမံခန့်ခွဲမှု မဟာဘွဲ့ သင်တန်းအတွက် ပူးပေါင်းဆောင်ရွက်ရန်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးလိုက်ကြောင်းသတင်းရရှိသည်။

ရန်ကုန်မြို့တွင် စီမံခန့်ခွဲမှု မဟာဘွဲ့ကို မဟာဗျူဟာစီမံကိန်းချ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပြီး ဆက်စပ်ဘာသာရပ်များဖြစ်သော အိုင်စီတီနှင့် စွမ်းအင်ဆိုင်ရာ ဘာသာရပ်များကို ခေတ်မီနည်းပညာရပ်များဖြင့် ပေါင်းစပ်ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း သိရသည်။

“အခုကတော့ ကနဦးလက်မှတ်ရေးထိုးတဲ့ အဆင့်ပါပဲ။ အရည်အချင်းပြည့်မီတဲ့ စီမံခန့်ခွဲမှု ပညာရှင်တွေ ပေါ်ထွက်လာအောင်ပါ။ လက်ရှိကတော့ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာMBA သင်တန်းဖွင့်ထားတာရှိပါတယ်။ဒါကတော့ နောက်ထပ်အသစ်ဖြစ်လာနိုင်တာပေါ့” ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်မှတာဝန်ရှိသူက ပြောသည်။

ရန်ကုန်စီးပွားရေး တက္ကသိုလ်သည် ယခုနှစ်ပိုင်းတွင် နိုင်ငံတကာ ပညာရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လျက်ရှိပြီး ဖေဖော်ဝါရီလက ဂျပန်နိုင်ငံရှိ အာရှပစိဖိတ် တက္ကသိုလ်နှင့်ပညာရေးပူးပေါင်းမှုဆိုင်ရာနားလည်မှုစာချွန်လွှာလက်မှတ်ထိုးထားသည်။

လက်ရှိအချိန်တွင် ဂျပန်၊ အမေရိကန်၊ နော်ဝေး၊ ထိုင်းစသည့် နိုင်ငံများမှ တက္ကသိုလ်များနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားပြီး အခြားတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များရှိကြောင်း သိရသည်။



7DAY NEWS JOURNAL

Vol.13, No.11 • MAY 21 , 2014

# “ကျွန်တော့်အမြင်က ၄၃၆ ရော ၅၉(စ)ရောပြင်ဖို့က ၂၀၁၅ အမီ မဖြစ်နိုင်ဘူးလို့ မြင်တယ်”

အိဖြူလွင်

အစိုးရသစ်တက်ပြီးချိန်မှစ၍ မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို အစဉ်တစိုက်လေ့လာသုံးသပ်ခဲ့သူ။ နိုင်ငံရေးဆောင်းပါးများနှင့်နိုင်ငံရေးအတွေးအမြင်များဖြင့် လက်ရှိ အာဏာရအစိုးရအဖွဲ့နှင့်အတိုက်အခံ အင်အားကြီးနိုင်ငံရေးပါတီများပါမကျန်ဝေဖန်သုံးသပ်နေသူနိုင်ငံရေးဆောင်းပါးရှင် ဒေါက်တာရန်မျိုးသိမ်းနှင့်လက်ရှိဖြစ်ပေါ်နေသည့် အခြေခံဥပဒေပြင်ဆင်ရေးနှင့် နိုင်ငံရေးအရွေ့များ၊ ၂၀၁၅ ရွေးကောက်ပွဲအကြိုမြန်မာ့နိုင်ငံရေးအခင်းအကျင်းကို 7Day News က တွေ့ဆုံမေးမြန်းထားပါသည်။



ဓာတ်ပုံ – နစ်ကီ

**လွှတ်တော်နဲ့အစိုးရသက်တမ်းသုံးနှစ်ကျော်ရှိလာတဲ့အချိန်မှာ မြန်မာပြည်ရဲ့ အကူးအပြောင်းကာလကို ဘယ်လိုများ သုံးသပ်ပါသလဲ။ သိသာထင်ရှားစွာပြောင်းလဲတယ်လို့ နိုင်ငံရေးလေ့လာသူတစ်ယောက်အနေနဲ့ မြင်ရတာတွေကဘာတွေဖြစ်မလဲ။**

အောက်ခြေပြည်သူလူထုရဲ့ တိုးတက်မှုအပိုင်းကိုကြည့်ရင် တော်တော်လေးကိုအားနည်းတာတွေ့ရတယ်။ ပြည်သူလူထုက စီးပွားရေးအရပိုပြီး ကျပ်တည်းလာတယ်။ အောက်ခြေပြည်သူလူထုက အသုံးစရိတ်တွေ မြင့်လာတယ်။ အဲဒါကြောင့် တချို့မှာဝင်ငွေအတန်အသင့်တိုးသော်လည်းပဲ အသုံးစရိတ်တွေမြင့်လာတာကြောင့် အောက်ခြေပြည်သူလူထုရဲ့ စားဝတ်နေရေးအခက်အခဲဟာ လွန်ခဲ့တဲ့ သုံးနှစ်ကထက်ပိုပြီးမြင့်မားလာတယ်လို့ မြင်တယ်။ အစိုးရတစ်ခုဆိုတာက ပြည်သူလူထုကို ကိုယ်စားပြုရမယ်။ ပြည်သူလူထုကိုဗဟိုပြုရမယ်လို့ သမ္မတကြီးကိုယ်တိုင်ကပြောထားတာဆိုတော့ ပြည်သူလူထုဆိုတာအများစုက အောက်ခြေပြည်သူလူထု။ အောက်ခြေပြည်သူလူထုအများစုရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုရေးပြဿနာတွေကိုမဖြေရှင်းပေးနိုင်ဘူးဆိုရင် အဲဒီအစိုးရဟာ ပြည်သူကိုကိုယ်စားပြုတဲ့၊ ပြည်သူကို ဗဟိုပြုတဲ့ အစိုးရလို့ပြောဖို့ခက်တယ်။ အဲဒီအစိုးရမျိုးကို အပြောင်းအလဲကာလမှာ တိုးတက်မှုတွေဖော်ဆောင်နေတယ်လို့ပြောဖို့ခက်တယ်။

**အစိုးရသစ်သာ ပြောင်းသွားတယ် ပြည်သူလူထုအတွက် ဘာမှမထူးဘူးလို့ပြောချင်တာလား။**

အဲဒီလိုပြောနိုင်ပါတယ်။

**အခုလတ်တလောမှာအခြေခံဥပဒေပြင်ဆင်ရေးအတွက် NLDနဲ့ ၈၈ က လှုပ်ရှားနေသလို ပြည်ခိုင်ဖြိုးဘက်ကလည်း လှုပ်ရှားနေတယ်။ အခြေအနေတွေကို ဘယ်လိုသုံးသပ်မိလဲ။**

လက်ရှိအခြေအနေမှာတော့ NLDနဲ့ ၈၈မျိုးဆက်က တစ်ဖက်။ နောက်ပြည်ခိုင်ဖြိုးပါတီက တစ်ဖက်ပေါ့။ အားပြိုင်မှုတွေပြင်းထန်နေတာ တွေ့ရပါတယ်။ ကျွန်တော့်အမြင်အားဖြင့်တော့ ဒီအားပြိုင်မှုက ပြည်သူလူထုလမ်းပေါ်ရောက်နိုင်တဲ့အနေအထားအထိဖြစ်မယ်လို့တော့မယုံကြည်ဘူး။ မထင်ရတဲ့ အကြောင်းရင်းက နံပါတ်(၁) က ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က လွှတ်တော်ထဲကနေ ပြင်ဆင်ရေးကိုလုပ်မယ်လို့ ပြောတယ်။ နောက်တစ်ခုက မြန်မာပြည်သူလူထုကို ရင့်ကျက်တဲ့ နိုင်ငံရေးလုပ်ဖို့ သူတိုက်တွန်းတယ်။ သူ့ရဲ့ မိန့်ခွန်းထဲမှာ၊ စကားတွေထဲမှာ တပ်မတော်နဲ့ပတ်သက်ပြီး ထိလွယ်ရှလွယ်တဲ့အချက်တွေ ပါပေမယ့်လည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ဒီလိုတိုက်တွန်းထားတဲ့အတွက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ အကျပ်အတည်းကနေပြီး လူတွေလမ်းပေါ်ထွက်ပြီး ဆန္ဒပြတဲ့အထိဖြစ်လာဖို့ ခဲယဉ်းတယ်လို့ မြင်တယ်။

**၄၃၆ပြင်ဖို့၊ ၅၉(စ)ပြင်ဖို့ဆိုပြီးလုပ်နေပေမယ့် နောက်ဆုံးက လွှတ်တော်ရဲ့ အဆုံးအဖြတ်ပါပဲလို့ ဒေါ်အောင်ဆန်းစုကြည်ရော ၈၈ကပါ ပြောထားတယ်ဆိုတော့ ခုလူထုဆန္ဒခံယူပွဲ ရလဒ်က ဘယ်လိုဖြစ်လာမယ်ထင်ပါသလဲ။**

ကျွန်တော့်ရဲ့ ပုဂ္ဂလိကအမြင်ကတော့ ၂၀၁၅ရွေးကောက်ပွဲမတိုင်ခင်မှာ ပုဒ်မ ၄၃၆ရော ပုဒ်မ ၅၉(စ)ရော ပြင်ဆင်ဖို့ကမဖြစ်နိုင်ဘူးလို့ထင်တယ်။ ဘာလို့မဖြစ်နိုင်လဲဆိုရင် ဒေါ်အောင်ဆန်းစုကြည်ကလည်းပြောတယ်။ လွှတ်တော်ထဲကနေ ပြင်မယ်လို့ပြောတယ်။ လွှတ်တော်ထဲကနေ ပြင်ဖို့က ပူးပေါင်းကော်မတီကနေ ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်၊ ပြင်ဆင်တာတွေလုပ်နေတယ်။ ပြီးရင် ကော်မတီက ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တင်ရမယ်။ တင်ရမယ့် နောက်ဆုံးရက်က ရွေးကောက်ပွဲမတိုင်ခင် ခြောက်လ။ အဲဒီအတွက် ဥပဒေမူကြမ်းက ၂၀၁၅ ပထမ ခြောက်လမှာထွက်လာမယ်။ မူကြမ်းထွက်လာပြီးတဲ့အခါမှာ အဲဒီမူကြမ်းကို လွှတ်တော်မှာ လက်ခံဆွေးနွေးဖို့အတွက် ကိုယ်စားလှယ်၂၀ရာခိုင်နှုန်းကထောက်ခံရမယ်။ တကယ်တမ်းက NLDပါတီရော တိုင်းရင်းသားပါတီတွေက ထပ်နိုင်ရင်တောင် ၁၀ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အဲဒီအခါကျတော့ ၂၀၁၄မှာပါတီတွေကထပ်နိုင်ရင်တောင် ၂၀ရာခိုင်နှုန်းရဖို့မလွယ်ဘူး။ ဒီ ၂၀ ရာခိုင်နှုန်းထောက်ခံပြီးမှ လွှတ်တော်ထဲမှာဆွေးနွေးတာတွေ၊ ပြင်ဆင်တာတွေလုပ်လို့ရမယ်။ အဲဒီတော့ အခြေခံဥပဒေပြင်ဆင်ရေးအားလုံးအဆင်သင့်ဖြစ်မယ့်အချိန်က ရွေးကောက်ပွဲလုပ်ဖို့ သုံး၊ လေးလပဲလိုတဲ့အချိန်ဖြစ်သွားမယ်။ ဒီနှစ်ထဲမှာ ပါတီတွေအားလုံးက ရွေးကောက်ပွဲဝင်ဖို့ကိစ္စတွေနဲ့ အလုပ်ရှုပ်နေမယ်။ ဒီလိုအချိန်မျိုးမှာ တကယ်လို့ဥပဒေမူကြမ်းထဲမှာ ၄၃၆ရော၊ ၅၉(စ)ရော ပြင်ဆင်ရေးတွေပါတယ်။ ဒါပေမဲ့ လွှတ်တော်ထဲမှာတကယ်ဆုံးဖြတ်တဲ့အချိန်ကျတော့ ၄၃၆ရော၊ ၅၉ရော ကျန်ခဲ့ပြီဆိုရင် အချိန်ကအရမ်းကိုကပ်နေပြီ။ အဲဒီလိုအနေအထားမျိုးရှိတယ်။ ဒါကြောင့် ကျွန်တော့်အမြင်က ၄၃၆ရော ၅၉ရော ပြင်ဖို့က မဖြစ်နိုင်ဘူးလို့မြင်တယ်။

**ဒါဆိုရင် လက်ရှိဒီချုပ်နဲ့ ၈၈ရဲ့ လုပ်ဆောင်ချက်တွေက လှုပ်ရှားမှုတစ်ခုအနေနဲ့ပဲပြီးသွားမှာလား။**

ကျွန်တော်စဉ်းစားမိတဲ့ သူတို့ရဲ့ဦးတည်ချက်က ဘာလဲဆိုရင် Signature Compagn လုပ်မယ်၊ ဟောပြောပွဲတွေလုပ်မယ်ဆိုတဲ့သဘောက လူထုဆန္ဒကို ထုတ်ဖော်တဲ့သဘောပဲလို့မြင်တယ်။ လူထုဆန္ဒကိုထုတ်ဖော်မယ်။ ပြည်ခိုင်ဖြိုးကလွှတ်တော်ကိုယ်စားလှယ်တွေရော တပ်မတော်က လွှတ်တော်ကိုယ်စားလှယ်တွေရော သူတို့ရဲ့ထောက်ခံမှုတွေရလာအောင်လုပ်တဲ့ လူထုလှုပ်ရှားမှုပုံစံပဲကျွန်တော်ကမြင်တယ်။ လှုပ်ရှားမှုတစ်ခုအနေနဲ့ပဲ ပြီးသွားနိုင်တယ်လို့ ကျွန်တော်မြင်တယ်။

**၂၀၁၂ကြားဖြတ်ရွေးကောက်ပွဲကနေစပြီး ဒီချုပ်လွှတ်တော်ထဲ ဝင်ရောက်လာပြီးနောက်ပိုင်းမှာ ဒီချုပ်ရဲ့ အခန်းကဏ္ဍ၊ လုပ်နိုင်စွမ်းအားကိုကော ဘယ်လို မြင်ပါသလဲ။**

၂၀၁၂ကနေ အခု ၂၀၁၄ထိ ကာလအတွင်းမှာ NLD လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ စွမ်းဆောင်နိုင်မှုအပိုင်းကို ကျွန်တော့်အမြင်ကတော့အားမရဘူး။ တော်တော်များများက အားမရကြတာ။ နောက် NLD ပါတီရဲ့ပါတီတည်ဆောက်ရေးလုပ်ငန်းတွေ၊ ပါတီစည်းရုံးရေးလုပ်ငန်းတွေ၊ ဒီအပေါ်မှာလည်း တော်တော်များများက အားမရကြဘူး။ ဒါပေမဲ့ အောက်ခြေပြည်သူလူထုအများစုက ဒေါ်အောင်ဆန်းစုကြည်ကို ယုံကြည်တယ်။ အားကိုးတယ်။ အဲဒီအတွက်ကြောင့် ၂၀၁၅မှာNLD က နိုင်ကိုနိုင်ဦးမှာ။

**ရွေးကောက်ပွဲမှာ ဒေါ်စုကြောင့် NLD နိုင်မယ်လို့ပြောတော့ အခုရွေးကောက်ပွဲ ကော်မရှင်က မဲဆွယ်ရေးအတွက် ဒေါ်စုကို ဦးတည်ကန့်သတ်တဲ့ ညွှန်ကြားချက်ကသာ အတည်ဖြစ်ခဲ့ရင် ရွေးကောက်ပွဲမှာ NLD ရဲ့ အလားအလာက ပြောင်းနိုင်မယ်လို့ ထင်ပါသလား။**

ကော်မရှင်က တင်းကျပ်တဲ့ ဥပဒေတွေထုတ်လေလေ အောက်ခြေပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည်ကို ပိုပြီးထောက်ခံလေလေ။ ဒါက အစိုးရလုပ်တဲ့ပုံစံလမ်းဟောင်းပဲ။ ကော်မရှင်ရဲ့ညွှန်ကြားချက်အတည်ဖြစ်ခဲ့ရင် ဒေါ်စုအပေါ်မှာ လူထုထောက်ခံမှုက လျော့ဖို့မရှိဘူး။ ပိုပြီးများဖို့ပဲရှိတယ်။

**၂၀၁၅ရွေးကောက်ပွဲမှာ ၆၀ရာခိုင်နှုန်းကျော်နိုင်လို့ အစိုးဖွဲ့ခွင့်ရရင်ကော အစိုးရ ဖွဲ့နိုင်လောက်တဲ့ ပြင်ဆင်မှုမျိုးရှိတယ်လို့ ယုံကြည်လား။**

တကယ်တမ်းကတော့ ပါတီဗဟိုကော်မတီတွေထဲမှာ အရည်အချင်းပြည့်တဲ့ သူတွေအများကြီးပဲ။ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တွေမှာ အရည်အချင်းရှိတဲ့သူတွေအများကြီးပဲ။ ဒါပေမယ့် အရည်အချင်းရှိတဲ့ သူတွေကို သူတို့နဲ့ ထိုက်တန်တဲ့ နေရာ၊ ကိုက်ညီမယ့် နေရာတွေမှာ တာဝန်မပေးနိုင်ဘဲနဲ့ နေရာနဲ့ တာဝန်ပေးမှုအပိုင်းမှာ လက်ရှိအချိန်ကလွဲချော်နေတယ်လို့ မြင်တယ်။ လူတွေက အငြင်းပွားတယ်။ NLD သာ အပြတ်အသတ်နိုင်ခဲ့ရင် သူတို့မှာ အစိုးရဖွဲ့နိုင်လောက်တဲ့ အင်အားရှိပါမလားလို့။ ကျွန်တော့် လေ့လာမိသလောက်တော့ ရှိပါတယ်။ ဒါပေမဲ့ NLD ပါတီက လူမှန်၊ နေရာမှန်ရွေးနိုင်ဖို့တော့ လိုတယ်။ တာဝန်ပေးနိုင်ဖို့ လိုတယ်။

**တစ်ဆက်တည်း ဒီချုပ်ကို အာဏာရှင်ပါတီပုံစံအားမလိုအားမရ တချို့ဝေဖန်တာတွေ ရှိနေတယ်။ အဲဒီအပေါ်မှာကော ဘယ်လို သုံးသပ်ချင်ပါသလဲ။**

NLD မှာ ဗဟိုဦးစီးစနစ်လိုသည်ထက်ပိုနေတယ်။ ဘယ်လိုနိုင်ငံရေး စနစ်မှာပဲဖြစ်ဖြစ် အပြောင်းအလဲကာလမှာ ဗဟိုကနေဦးစီးရတဲ့ အပိုင်းကဏ္ဍတွေ ရှိတယ်။ ဗဟိုဦးစီးစနစ်ကို လျှော့ချတာလုံးဝဖြေလျှော့ထားလို့ရတဲ့ နေရာတွေရှိတယ်။ သူမှာ ဗဟိုဦးစီးစနစ်က တော်တော်လေးမြင့်မားတာတွေ့ရတယ်။ နောက်ပါတီရဲ့ အဖွဲ့အစည်းအဆင့်ဆင့်မှာ တာဝန်ပေးမှု၊ လုပ်ပိုင်ခွင့်ပေးမှုအပိုင်းက တော်တော်လေးအားနည်းတာတွေ့ရတယ်။

**နိုင်ငံရေး လေ့လာသုံးသပ်သူတစ်ယောက်အနေနဲ့ သမ္မတဦးသိန်းစိန်အပေါ် ဘယ်အခြေအနေမျိုးတွေမှာအားရပြီး အားမရတာကရော ဘယ်လို အခြေအနေမျိုးဖြစ်မလဲ။**

သမ္မတ ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဆုံတယ်။ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတယ်။ နောက်တိုင်းရင်းသား ပါတီခေါင်းဆောင်တွေနဲ့လည်း တွေ့တယ်။ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်တွေနဲ့လည်းတွေ့တယ်။ ဒီလိုအတိုက်အခံဖြစ်တဲ့ အဖွဲ့တွေက ခေါင်းဆောင်တွေနဲ့တွေ့ဆုံတယ်ဆိုတာကို အားရတယ်။ ဒါပေမဲ့ အဲဒီလို တွေ့ဆုံမှုတွေက ထိရောက်ကောင်းမွန်တဲ့ ရလဒ်တွေ ထွက်လာဖို့တော့လိုတယ်။ ဒီတွေ့ဆုံမှုတွေက လတ်တလောပြဿနာတွေကို ဖြေရှင်းဖို့အကျပ်အတည်းတွေကို သက်သာအောင်လုပ်ဖို့ဆိုတဲ့ပုံစံမျိုးမဟုတ်ဘဲနဲ့ တိုင်းပြည်နဲ့ပြည်သူလူထုအတွက် ထိရောက်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ထိရောက်တဲ့ တွေ့ဆုံမှုမျိုးတော့ ဖြစ်ဖို့လိုတယ်လို့ မြင်တယ်။ ဒီအချက်ကိုတော့ အားရတယ်။ အားမရတဲ့ အချက်ကတော့ သမ္မတကြီးက မိန့်ခွန်းတွေမှာ အမြဲတမ်း ပြောနေတာတွေ၊ သူကပြောတဲ့ အတိုင်း အကောင်အထည်မဖော်နိုင်တာ၊ မလုပ်နိုင်တာ၊ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကိစ္စကို အခုအချိန်ထိ သေသေချာချာ ဘာမှ မလုပ်နိုင်တာကိုပဲ။

**လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ်ကိုကော ပြောပါဦး။**

ဒေါ်အောင်ဆန်းစုကြည်ကို လက်ရှိအချိန်မှာ ၈၈ နဲ့စတွဲပြီး အလုပ်လုပ်တယ်ဆိုတဲ့ပုံစံကိုအားရတယ်။ ဒီပုံစံလေးမှာ ဒေါ်အောင်ဆန်းစုကြည်က သူ့ရဲ့ ဥခွံလေးထဲကနေ ရုန်းထွက်လာတယ်။ အပြင်ကို သူက လှမ်းထွက်ပြီးတော့ ၈၈မျိုးဆက်နဲ့ စတွဲလုပ်တယ်။ ဒေါ်အောင်ဆန်းစုကြည်အတွက် ပိုပြီး အရေးကြီးတာက တိုင်းရင်းသားနိုင်ငံရေးပါတီတွေ၊ အခြားဒီမိုကရေစီအင်အားစုတွေနဲ့ တကယ်အားကောင်းတဲ့ နိုင်ငံရေးကွန်ရက်တစ်ခုဖြစ်ဖို့လိုတယ်။ အခုချိန်မှာ ဒီအတွက်ကို ပထမဆုံးခြေလှမ်းလို့ကျွန်တော်က ယူဆတယ်။ ဒါကြောင့် ဒီအချက်ကို အားရတယ်။ သူနဲ့ ပတ်သက်လို့ အားမရတဲ့ ကိစ္စက ပြောရင်တော့ ၂၀၁၂ ရွေးကောက်ပွဲဝင်တဲ့ ကိစ္စပဲ။ အခုချိန်မှာတော်တော်အားမရဘူး။နားလည် နားမလည်ဘူး။ ၂၀၁၂ ရွေးကောက်ပွဲကို သူကမဝင်သင့်ဘူး။ NLDပါတီကတခြားသူတွေဝင်ချင်ဝင်၊ သူမဝင်သင့် ဘူး။ သူက အဲဒီ ၂၀၁၂ တည်းကစပြီး ပါတီတည်ဆောက်ရေး စည်းရုံးရေးကို လုပ်သင့်တယ်လို့မြင်တယ်။ အဲဒီအချိန်တုန်းကသူကရွေးကောက်ပွဲဝင်ပြီး လွှတ်တော်ထဲကိုရောက်သွားတဲ့အတွက် အခု အချိန်မှာ သူဟာ ပိုပြီး ဝေဖန်ခံလာရတယ်။ ပိုပြီး ပြောဆိုခံလာရတယ်။ ပါတီစည်းရုံးရေးကလည်း အားနည်းလာတယ်။ ။

**ကျေးဇူးတင်ပါတယ်။**

7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# Commodity Watch

စာမျက်နှာ (၁၉)မှ

## အသက်မဝင် အသက်ငင်နေသည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေ

တို့တွင် ထိန်းချုပ်ရန် ဝန်ကြီးဌာနများမှာ တာဝန်ရှိသည့်အတွက် ထိုဌာနများမှ တာဝန်ရှိရှိနှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးမသုံးစွဲဖြစ်အောင်၊ ဆေးလိပ်ပြတ်အောင်၊ ကွမ်းပြတ်အောင်၊ ဆေးလိပ်၊ ကွမ်းဖြတ်သည့်အစီအစဉ်များဆောင်ရွက်ပေးမှသာလျှင် ဥပဒေမှာ အသက်ဝင်လာပြီး အောင်မြင်နိုင်မည်ဖြစ်သည်။

အမျိုးသားများတွင် ဆေးလိပ်သောက်သူ ၄၅ရာခိုင်နှုန်းရှိပြီး ကွမ်းစားသူ ၅၁ရာခိုင်နှုန်းရှိကြောင်း၊ ဆေးလိပ်နှင့်ကွမ်းတွဲ၍ စားသုံးသူများလည်းရှိနေကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ၏ ၅၀ရာခိုင်နှုန်းသည် အိမ်၌သော်လည်းကောင်း ပတ်ဝန်းကျင်၌သော်လည်းကောင်းဆေးလိပ်ငွေ့ ရှူရှိုက်နေရသည်ဟုကျန်းမာရေးဝန်ကြီးဌာန၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ဆေးလိပ်ကုမ္ပဏီများမှ လူငယ်လေးများအားပစ်မှတ်ထားပြီး ထုတ်လုပ်နေသည်။ ကြော်ငြာနည်းအမျိုးမျိုးသုံးပြီး ဆေးလိပ်သောက်အောင် ဆွဲဆောင်နေသဖြင့် လူငယ်များအနေဖြင့် စတိုင်ဖြစ်ချင်၍သော်လည်းကောင်း၊ စိတ်ခံစားမှုအရသော်လည်းကောင်းဆေးလိပ်သောက်သုံးလာကြပြီး ဆေးလိပ်သောက်ရန်ရှိနေခြင်း၊ ဆေးလိပ်အလွယ်တကူရရှိနေခြင်းတို့ကြောင့်လည်း ယနေ့ခေတ်၌ အမျိုးသားများသာမက အမျိုးသမီးငယ်များပါဆေးလိပ်သောက်သုံးလာကြသည်။

ဆေးလိပ်သောက်သုံးခြင်းကြောင့် နှလုံးရောဂါ၊ သွေးတိုး၊ ကင်ဆာ၊ အဆုတ်နှင့်စွမ်းဆောင်ရည်ကျဆင်းသည့်ရောဂါ၊ အစွန်အဖျားသွေးကြောများတွင်ဖြစ်ပွားသည့်ရောဂါ၊ အဆုတ်ရောင်ရောဂါ၊ ခံတွင်းကင်ဆာ၊ အဆုတ်ကင်ဆာစသည်တို့ဖြစ်နိုင်သည့်အပြင် ကိုယ်တိုင် မသောက်သုံးသော်လည်း သူတစ်ပါးဆေးလိပ်ငွေ့ရှူရှိုက်မိရုံဖြင့် သောက်သုံးသူကဲ့သို့ ခံစားရနိုင်သည်ဟု ဆေးပညာရှင်များက သုံးသပ်ပြောဆိုသည်။

"ကိုယ်တိုင်ကမသောက်ပေမယ့်လည်း ဆေးလိပ်ငွေ့ကို ရှူမိရင် သောက်တဲ့သူလိုပဲ ရောဂါတွေခံစားရနိုင်ပါတယ်"ဟု ဒေါက်တာနေစိုးမောင်ကပြောသည်။

လူငယ်များ၌ ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲရသည့် အဓိကအကြောင်းရင်းများမှာ သူငယ်ချင်းများဆေးလိပ်သောက်ခြင်းကြောင့် မိမိပါသောက်ခြင်း၊ မိဘများက ဆေးလိပ်မီးညှိခိုင်းခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်သော မိဘများ၏သဘောထားခံယူချက်စသည့်လူမှုရေးလွှမ်းမိုးမှုကြောင့် သောက်ကြသည်။ ထို့အပြင် ဆေးလိပ်သောက်သည့်အရသာခံစားကြည့်လိုခြင်း၊ တားမြစ်ထားသည့်ကိစ္စကို စမ်းကြည့်ချင်ခြင်းစသည်တို့အပြင် ရုပ်ရှင်၊ ဝတ္ထုများထဲမှ ဇာတ်ကောင်များကို အားကျ၍ ဝယ်ယူသုံးစွဲခြင်းများလည်း ရှိကြောင်းသိရသည်။

"ဆေးလိပ်အပါအဝင် အရက်၊ ဘီယာတွေကို လွယ်လွယ်ကူကူဝယ်လို့ရနေတာတွေ၊ ဈေးကွက်ထဲကို နည်းလမ်းအမျိုးမျိုးနဲ့ ဝင်လာတာတွေဟာ လူငယ်တွေကို ပျက်ပြားစေတဲ့နည်းလမ်းတစ်ခုလိုဖြစ်နေတယ်။ ဒါကြောင့် ဆေးလိပ်ဆေးရွက်ကြီးအပါအဝင် မူးယစ်ဆေးတွေကို ထိန်းချုပ်တဲ့နေရာမှာ ပညာပေးတာ၊ ဟောပြောပို့ချတာတွေကို ဆွဲဆောင်မှုရှိရှိနဲ့ စီစဉ်ဆောင်ရွက်ကြရင် ပိုကောင်းပါတယ်"ဟု မရမ်းကုန်းမြို့နယ်၊ အထက(၄)ကျောင်းမှ အထက်တန်းပြဆရာဦးအောင်ကျော်ကအကြံပြုပြောဆိုသည်။

ကမ္ဘာပေါ်တွင် နှစ်စဉ်ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် မေလ ၃၁ရက်ကို သတ်မှတ်ထားပြီး ၎င်းနေ့အထိမ်းအမှတ်အဖြစ် အခမ်းအနားပွဲများ နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

မြန်မာနိုင်ငံတွင်လည်း ၎င်းနေ့အထိမ်းအမှတ်အဖြစ် အခမ်းအနားပွဲများ ကျင်းပနေသော်လည်း အဆိုပါသောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ပြည်သူလူထုတွင်း သိရှိမှုနည်းပါးပြီး ထိရောက်စွာမကျင့်သုံးနိုင်သေးသ၍ အဆုတ်ကင်ဆာဝေဒနာရှင် ဦးကျင်သိန်းကဲ့သို့ ဝေဒနာရှင်များစွာပေါ်ထွက်လာဦးမည်ဖြစ်သည်။

၎င်းအနေဖြင့် သေမိန့်ကိုစောင့်နေရသလိုဖြစ်နေပြီး ရိုးသားကြိုးစားသော တောင်ယာလုပ်ကိုင်သူမို့ သားနှစ်ယောက်ကို ပညာတတ်ကြီးဖြစ်စေချင်ဇောဖြင့် တောင်ယာလုပ်ကိုင်ရင်း ကျောင်းထားပေးခဲ့သည်။ ၎င်းအသီးအပွင့်များကို ခံစားရစပြုလာချိန်တွင်မူ အဆုတ်ကင်ဆာကဲ့သို့ ရောဂါဆိုးကြီးဒဏ်ကို ခံစားနေရသည်။

"ရောဂါဆိုးကြီးဝင်လာလို့ သေမိန့်ကြီးစောင့်နေရသလိုပဲ"

"သားအကြီးက သဘော်လိုက်သွားတာ။ ၁၀လပြည့်လို့ပြန်လာရင် သူ့အဖေကိုမတွေ့ရမှာကြောက်တယ်"ဟု ဦးကျင်သိန်း၏ဇနီးဖြစ်သူက မျက်ရည်ဝဲရင်းဖြင့်ဆိုသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y MIT | 98,000 |
| Galaxy S Advance | 218,000 |
| Galaxy Express | 269,000 |
| Galaxy Grand(GSM) | 258,000 |
| Galaxy S3 | 327,000 |
| Galaxy S4 Mini | 350,000 |
| Galaxy S4 | 477,000 |
| Galaxy Mega 5.8 | 342,000 |
| Galaxy Note II | 407,000 |
| Galaxy Tab3 7" | 290,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများ ဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 382,000 |
| Xperia J | 158,000 |
| Xperia P | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (32 GB) | 780,000 |
| iPhone 5s(32GB) | 772,000 |
| iPhone 5s(16GB) | 672,000 |
| iPhone 5 (32 GB) | 758,000 |
| iPhone 5 (16 GB) | 658,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 98,000 |
| G 510 | 120,000 |
| C 8813D | 148,000 |
| G 520 | 125,000 |
| G 610s | 130,000 |
| G 700 | 218,000 |
| Ascend P6 | 292,000 |
| C 8813 (CDMA) | 133,000 |
| G 610c (CDMA) | 150,000 |
| Y 300c (CDMA) | 99,000 |

မေလ (၁၇) ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (PDP) | 4Series51–4900 | 450,000 |
| Panasonic(LED) | THL32B6T | 240,000 |
| Sony (LED) | 32W45 | 295,000 |
| LG (LED) | 32LN5120 | 230,000 |
| **DVD** | | |
| Samsung | BD–E 5500(Blu-ray 3D) | 130,000 |
| Nakita | EVD | 38,000 |
| G-IPOLO | HDMI | 35,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 330,000 |
| Mitsubishi Electric | MR 17E(1 Door) | 200,000 |
| Hitachi | 190W | 240,000 |
| Panasonic | NR.BT224 | 230,000 |
| **Washing** | | |
| Samsung | WA95W9 | 175,000 |
| Panasonic | 72B2 | 190,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS–E1067) | 240,000 |
| Mitsubishi Electric | 1.0HP(MS–F10VC) | 290,000 |
| Samsung | 1.0HP(AS09 HTFST) | 230,000 |

အထက်ပါဈေးနှုန်းများမှာ မေလ (၁၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital ဆိုင် နှင့် Misubishi Electric Centre တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယားဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကြံ့) | တစ်အိတ် | ၄,၈၈၀ |
| အုတ်(ကုန်းအုတ်–ပထမတန်းစား) | တစ်လုံး | ၁၂၅ |
| အုတ်(ကုန်းအုတ်–ဒုတိယတန်းစား) | တစ်လုံး | ၁၀၅ |
| အုတ်(၈ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၁၁၀ |
| နေပြည်တော်စက်အုတ်(၁၀ပေါက်) | တစ်လုံး | ၇၀–၈၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၁၈,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၁၃,၀၀၀ |
| ကျောက် | တစ်ကျင်း | ၁၁၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4angle (0.3mm)အပါး | တစ်ပေ | ၄၇၀ |
| ကာလာစတီးအမိုးပြား 4angle (0.312mm) | တစ်ပေ | ၆၆၀ |
| ကာလာစတီးအမိုးပြား 4angle (0.36mm) | တစ်ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4angle (0.346mm) | တစ်ပေ | ၈၂၀ |
| Two Stars (အနီရောင်) | တစ်ပေ | ၃၅၀ |
| Posco ကြယ်စိမ်း | တစ်ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ်ဆင်) | တစ်ပေနှုန်း | ၂၈၅ |
| ထုံး(၈ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |
| အိမ်ရိုက်သံ (2"–4") | တစ်ပိဿာ | ၁,၂၈၀ |
| အိမ်ရိုက်သံ (1") | တစ်ပိဿာ | ၁,၅၈၀ |

အထက်ပါဈေးနှုန်းများမှာ မေလ (၁၇) ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှု အနည်းငယ်ရှိနိုင်ပါသည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀–၁,၆၀၀ |
| ဆန် (တောင်ပျံ) | တစ်ပြည် | ၁,၀၀၀–၁,၃၀၀ |
| ဆန် (ဇီယာ) | တစ်ပြည် | ၇၀၀–၈၀၀ |
| ဆီ (ပဲဆီရှယ်) | တစ်ပိဿာ | ၃,၀၀၀ |
| ဆီ (စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၀၀ |
| ဆီ (ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၆၀၀ |
| ဆား (အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀–၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀–၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀–၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀–၈၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၄၀–၁၅၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၈,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀–၈,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | တစ်ပိဿာ | ၉၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | တစ်ပိဿာ | ၆,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | တစ်ပိဿာ | ၂,၃၀၀–၂,၈၀၀ |
| ငါးကြင်း | တစ်ပိဿာ | ၂,၅၀၀–၂,၈၀၀ |
| ငါးသလောက် | တစ်ပိဿာ | ၃,၃၀၀–၃,၆၀၀ |
| ငါးဖယ် | တစ်ပိဿာ | ၂,၃၀၀–၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | တစ်ပိဿာ | ၃,၂၀၀–၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | တစ်ပိဿာ | ၁၂,၀၀၀–၂၆,၀၀၀ |
| တီလားဗီးယား | တစ်ပိဿာ | ၁,၆၀၀–၂,၀၀၀ |

မေလ (၁၇) ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| ဈေးနှုန်း | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| May (21) | 815 | 940 | 920 | 950 |
| May (22) | 815 | 940 | 920 | 950 |
| May (23) | 815 | 940 | 920 | 950 |
| May (24) | 815 | 940 | 920 | 950 |
| May (25) | 815 | 940 | 920 | 950 |
| May (26) | 815 | 940 | 920 | 950 |
| May (27) | 815 | 940 | 920 | 950 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ်ရှိနိုင်သည်။

## NOTE BOOK PRICE

| | |
|---|---|
| **Dell** | |
| Intel Core i3 1.7 GHz, 4 GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.6 GHz, 4 GB DDR3, 500 GB HDD, 14" | 590,000 |
| Intel Core i5 1.8 GHz, 4 GB DDR3, 500 GB HDD, 14" | 687,000 |
| Intel Core i5 1.6 GHz, 6 GB DDR3, 500 GB HDD , 15.6" | 775,000 |
| **Lenovo** | |
| Intel Core i3 1.2 GHz, 4 GB DDR3, 500 GB HDD, 14" | 648,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 1 TB HDD, 14" | 678,000 |
| Intel Core i7 2.6 GHz, 4 GB DDR3, 500 GB HDD, 15.6" | 755,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 500 GB HDD, 14" | 823,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4 GB DDR3, 500 GB HDD, HD, 14" | 503,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 500 GB HDD, 15.6" | 629,000 |
| Intel Core i5 2.5 GHz, 4 GB DDR3, 750 GB HDD, 17.3" | 813,000 |
| Intel Core i7 2.2 GHz, 4 GB DDR3, 750 GB HDD, 14" | 969,000 |

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# သူခိုးကြီး ဝေတက်ပြားကိုပင် လွမ်းရတော့မလို

**သင်းရီ**




တပ်မတော်က သိမ်းထားသည့် လယ်မြေတွေကို ပိုင်ရှင်ဖြစ်သော လယ်သမားတွေထံ ပြန်ပေးနေပြီဆိုသည့်အကြောင်း သည်ရက်ထဲမှာ လှိုင်လှိုင်ကြားလာရသဖြင့် ဝမ်းသာရသည်။ ပြန်ပေးတာတွေလည်း ပေးပြီးကြလို့သည်မိုးဦးမှာ ထွန်ဖို့ယက်ဖို့ ပြင်သူတွေလည်း ထယ်ကိုင်း၊ ထွန်းကိုင်းတွေကို သကြပြီ။ ဥစ္စာရင်းမှန်လို့ ပြန်ရလာသော အဲ့သည်လယ်လေးတွေအပေါ် ပိုင်ရှင်လယ်သမားတွေနှင့် အတူရောပြီး ကိုယ်ချင်းစာစိတ်ဖြင့် ပီတိဖြစ်မိရသည်။ သူတို့ကိုယ်တိုင် ခံစားရသည့် အပျော်ပီတိကိုတော့ လိုက်၍ မီနိုင်လိမ့်မည်မထင်။

သို့သော်လည်း များသောအားဖြင့်နယ်တွေမှာတော့တောင်းရတုန်း၊ ဆိုရတုန်း၊ အော်ကြဟစ်ကြရတုန်းတွေ သတင်းစာတွေထဲမှာ ဖတ်ရသည်။ ကိုယ်လုပ်ခဲ့သည့် ကိုယ့်လယ်ကို မတရားအသိမ်းခံခဲ့ရသဖြင့် ပြန်တောင်းကြသည့် လယ်သမားတွေကို တောင်းရကောင်းလားဟု ဖမ်းဟယ်၊ ဆီးဟယ်၊ ထောင်ထဲထည့်ချုပ်ဟယ်တွေ လုပ်နေကြသည့်အသံတွေကလည်း နားမဆံ့အောင် ကြားနေရဆဲဖြစ်သည်။ အချို့တောင်းဆိုပွဲတွေမှာဆို လက်လွန်ခြေလွန်တွေနှင့် လယ်သမားတွေ၏ မျက်ရည်သာမကသွေးပါ မြေကျကုန်ကြရသည့် အကြောင်း စိတ်မချမ်းသာ စရာတွေကိုလည်း အထူးအဆန်းမဟုတ်တော့သလိုဟိုဒေသ၊ သည်ဒေသတွေဆီမှာ ကြားနေရဆဲရှိသည်။

တကယ်တမ်းမှာတော့ တောင်းခွင့်လေး အနည်းငယ်သာလာသဖြင့် သူတို့လယ် သူတို့ပြန်တောင်းကြ၊ ဆိုမိကြသည့် လယ်သမားတွေအပေါ် အပြစ်တင်စရာလုံးဝမရှိဟုပဲမြင်သည်။

သူတို့တွေမှာ ဆယ်မိုး၊ ဆယ်နွေမက လယ်မဲ့၊ ယာမဲ့၊ အလုပ်အကိုင်မဲ့ဖြစ်ခဲ့ကြရသည်။ ဘဝကိုကြုံရာကျပန်းဖြင့် ချို့ချို့တဲ့တဲ့ဖြတ်သန်းခဲ့ကြရသည်။ ဘိုးဘွားစဉ်ဆက် ဓားမဦးချ လုပ်ကိုင်စားသောက်လာခဲ့ကြသည့် ကိုယ့်မြေကို မဆိုင်သူက ပိုင်စိုးပိုင်နင်း ဝင်ရောက်လုပ်ကိုင်ပြီဆိုသည့်အခါ (သို့မဟုတ်) ကိုယ်ပိုင်သည့် လယ်ကို မတရားသိမ်းပိုက်ထားသူထံ လယ်ထောက်ခပေးပြီးလုပ်ခွင့်ပြန်တောင်းယူရသည်ဆိုသည့် အခါ။ သို့နှယ် အဓမ္မဝင်ရောက် အပိုင်သိမ်းခံလိုက်ရသည်ကိုလည်းအားမတန်လွန်းသဖြင့် အံကြိတ်မာန်လျှော့၍ နေလိုက်ကြရပြီဆိုသည့် အခါ ထိုမြေကို လက်ဆုပ်၍ လုပ်ကိုင်စားသောက်နေကြရသော လယ်သမားတစ်ယောက်အနေဖြင့် ဘယ်လိုခံစားရမည်ဆိုသည်ကို သူ့နေရာကိုယ်တကယ်ရောက်မှ ခံစားသိဖြင့် သိနိုင်သည်။

လယ်လုပ်သူ လယ်ပိုင်ခွင့်မရှိ။ လယ်လုပ်ပိုင်ခွင့်သာရှိသည်ဟု ခေတ်အဆက်ဆက်ဥပဒေက ဆိုခဲ့ငြားလည်း အဲ့သည်လိုလောက်ကလေး၊ လုပ်ပိုင်ခွင့်လေးရရှိနေရသည်ကိုပင် ကျေနပ်နေတတ်သည့် ပီဘိရိုးရိုးသားသားလယ်သမားတွေဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်ဆိုသည့် ဆိုရှယ်လစ်တော့မယောင်ယောင်ခေတ်တုန်းကလည်း တာဝန်ကျေစပါးဒိုင်သွားချပြီး တလင်းထဲစပါးတစ်စေ့မျှ မကျန်ခဲ့လည်း သည်လယ်၊ သည်မြေကိုပဲ ဖက်တွယ်ထားတတ်ကြတာ လယ်သမားတွေပဲဖြစ်သည်။ ထယ်စရာ၊ ထွန်စရာ လယ်လေးမြေလေးမှ မရှိလျှင် ကိုယ့်ကိုယ်ကိုယ် လူမဟုတ်တော့သလို ဝမ်းပန်းတနည်းရှိတတ်တာ လယ်သမားဖြစ်သည်။ မိုးဦးလေဦးကျလို့မှ လယ်ကွင်းထဲ မဆင်းရလျှင် ထွန်သွားအသစ်မတပ်ရတော့သည့် အပေါက်ပောင်းလောင်းထွန်တုံးပေါ် ပွဲ့ပွဲ့ထိုင်ပြီး အဲ့သည်လယ်တွေ၊ မြေတွေကို ကြည့်ရင်း မျက်ရည်ဝိုင်းနေတတ်တာ လယ်သမားဖြစ်သည်။

အဲ့သည်လိုလယ်သမားတွေကိုမှ လယ်မဲ့၊ ယာမဲ့၊ အလုပ်အကိုင်မဲ့ဖြစ်အောင် လယ်တွေကို တပ်မတော်အစိုးရက သိမ်းယူခဲ့ကြသည်တဲ့။

ထိုစဉ်အခါသိမ်းခဲ့ကြတုန်းကတော့လည်း လက်သိပ်ထိုး တိုးတိုးတိတ်တိတ်နှင့် လယ်သမားတွေ၏ ရှိုက်သံသာ ခပ်သဲ့သဲ့၊ မသဲမကွဲကြားခဲ့ရသည်။

သို့သော်ဆယ်နှစ်၊ ဆယ်မိုးခန့် ကြာပြီးသည့် ယခုအခါ အဲ့သည်လယ်တွေထဲက စီမံကိန်းမဟုတ်သော လယ်များကိုပြန်ပေးတော့မည်ဆိုသည်အခါတွင်တော့ အခမ်းနှင့် အနားနှင့်၊ တိုင်းကြား၊ ပြည်ကြား ကမ္ဘာက ကြားအောင် ဟစ်တိုင်တက်ပြီး လော်တွေ ထောင်ကြတာ သတင်းစာတွေ၊ ဂျာနယ်တွေထဲမှာ ဖတ်နေ ကြားလာနေရတော့သည်။ သိမ်းတုန်းက လူမသိ၊ သူမသိဆိုပေမင့် ပြန်ပေးတော့ အသံကျယ်လွန်းလှပေစွဟု တွေးမိလိုက်ရသေး၏။

ထားတော့။ အသံကျယ်လောင် လော်ထောင်သည်ကိုထားတော့။ ပြောစကားလေးတွေကကြားရသူ နားဝင်ချိုအောင်များ ပြောတတ်ခဲ့လျှင် ဘယ့်လောက်များ နတ်လူသာဓုခေါ် လိုက်လေမလဲဟု တွေးမိရပြန်သည်။ ခုတော့ဖြင့် သုံးနှုန်းသည့်စကားလုံးကနားထဲခွေးလှေးယားသီးအတောင့်လိုက်ထိုးကလိသလို ယားကျိကျိနှင့် နာသာခံခက်ရှိလှ၏။

စကားလုံးသုံးလိုက်ပုံက "တပ်မတော်က သိမ်းဆည်းလယ်မြေများကို ပြန်စွန့်"တဲ့။ မတရားသိမ်းထားသည့်လယ်တွေကို ပြန်ပေးခါစက သုံးသည့် လေသံကအဲ့သည်လိုဖြစ်၏။ ဖြစ်မှဖြစ်ရလေဟု တွေးမိသည်။ "စွန့်"ဆိုသည့်သည်စကားလုံးကိုသိမ်းခဲ့သူ အာဏာပိုင်တွေကပဲ တမင်ရွေး၍ သုံးခဲ့သည်လား။ သတင်းစာ၊ ဂျာနယ်တွေကပဲ စကားလုံးမရွေးတမ်းစွတ်ရေးခဲ့သည်လား မသဲကွဲသော်လည်း အဲ့သည်အတိုင်း ဖတ်ခဲ့ရသေးသဖြင့် နားရော၊ အသည်းပါ ယားကျိကျိဖြစ်ခဲ့ရသေးသည်။

"စွန့်"ဆိုသည့်စကားလုံးကအထက်စီးဆန်လွန်းလှသည်။ မတရားလုယူထားသူက ပြန်ပေးရသည့် အပေး။ သို့မဟုတ် ပြန်လည်အပ်နှံရခြင်းကို "စွန့်"သည်။ "စွန့်လွှတ်"သည်ဟု သုံးတော့ အတော်ကြီးကိုနားမချမ်းမသာ၊ မျက်စိမချမ်းမသာဖြစ်ရသည်။ "တိုက်ရာပါ လက်ဝတ်ရတနာများကို တရားခံများက ပိုင်ရှင်ထံ ပြန်စွန့်" ဆိုသည့် အသုံးမျိုးမသုံးခဲ့ကြဖူးတာတော့အလွန်သေချာသည်။ ဒါပေသည့် လယ်မြေတွေပြန်ပေးခါစက အဲ့သည်လို စကားလုံးမျိုးကို သတင်းစာ၊ စာစောင်တွေထဲမှာ သုံးတာ ဖတ်ရသည်။

ယခုတော့ ဘယ်သူက စ၍ ပြင်လိုက်သည်မသိဘဲ ပြင်ပစ်လိုက်ကြပြန်သည်။ "လယ်မြေများကို တောင်သူလယ်သမားများထံ ပြန်လည်ပေးအပ်"တဲ့။ သည်လိုမှန်ကန်သည့် စကားလုံးကို ပြင်ဆင်သုံးစွဲပေးသည့်အတွက် ကျေးဇူးတင်ရကြောင်းပါဟု စိတ်ထဲက အလိုလိုပြောမိသည်။

သို့သော်လည်း ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် တပ်မတော်က သိမ်းဆည်းထားသည့် လယ်မြေဧကသုံးသောင်းကျော်ကို ပိုင်ရှင်လယ်သမားများထံ ပြန်လည်ပေးအပ်သည့်ပွဲတွင် နိုင်ငံတော်ဒုတိယသမ္မတကြီးကိုယ်တိုင်တက်ရောက်ပြီး မြွက်ကြားသည့် မိန့်ခွန်းကနားထဲဝင်ပြီး ကလိပြန်၏။

"ဒီပြင်နိုင်ငံတွေက လေးစားခံ့ညားရတဲ့ နိုင်ငံဖြစ်ဖို့လိုပါတယ်။ အရေးကြုံလာလို့ရှိရင် နားရွက်ကိုတံတွေးလာဆွတ်ရင် တံတွေးလာမဆွတ်ရဲတဲ့ အင်အားရှိဖို့လိုတယ်။ ဒီအတွက်လည်း နိုင်ငံတော်ကိုကာကွယ်ဖို့ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့၊ အချုပ်အခြာအာဏာကိုကာကွယ်ဖို့ နိုင်ငံတကာကနေ လေးစားခံ့ညားဖို့လိုတယ်ဆိုတဲ့အတွက်ကြောင့် တပ်ရင်းတပ်ဖွဲ့တွေကို တိုးချဲ့ဖွဲ့စည်းဖို့လိုတယ်"တဲ့။

ဆိုသည့်အခါ အလွန်မှန်ပေတာပေါ့ ခင်ဗျာ ဟု ကပျာကယာပင် ဒုတိယသမ္မတကြီးကို ထောက်ခံလိုက်မိရသည်။ တပ်မတော်ကြီးအင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုပါက ငြင်းဖွယ်ရှိသည့်စကားမှမဟုတ်ပေသည်ကိုး။

သို့သော် . . ."အဲ့သည်လိုတပ်တွေတိုးချဲ့ဖို့လိုအပ်တာကြောင့် လယ်တွေကို သိမ်းရပါတယ်"ဟု စကားကို ဆက်လိုက်သည့် အခါတွင်တော့ ဟိုက် ရှားလပါး . . .ဘာဆိုင်လို့တုံးဟု ငိုအားထက်ရယ်အားသန်ဆိုသလိုဖြစ်လိုက်ရတော့သည်။

လူရွှင်တော်တွေ ပြက်သည့် "စဥ့်အိုးကြီးကလည်း ပြောင်လို့ အဲဒါနဲ့ နင့်ကို ငါချစ်တယ်"ဆိုသလိုကြီးဖြစ်နေသလားထင်သည်။ တပ်ရင်း တပ်ဖွဲ့တွေ တိုးချဲ့တာနှင့် လယ်တွေ ထင်တိုင်းသိမ်းတာ ဘာဆိုင်သတဲ့တုံး။ မေးခွန်းက ခေါင်းထဲမှာ ရုတ်ခြည်းပေါ်သည်။ သိမ်းပြီးသမျှ လယ်တွေထဲမှာရော တပ်တွေ တကယ်ထူထောင်ကြသလားဆိုတော့လည်း မဟုတ်။ ရှိပြီးသား တပ်တွေက အနီးအနားက လယ်တွေကို အကြောင်းအမျိုးမျိုးပြပြီး တပ်ရန်ပုံတွေဟု အမည်တပ်ကာ စီးပွားရှာဖို့ သက်သက်သိမ်းတာတွေကသာ အများစုဖြစ်နေသည်။

သိမ်းပြီးပြီဆိုသည့် လယ်မြေတွေကို သက်ဆိုင်ရာတပ်နှင့် လက်သင့်ရာ ငွေရှင် ကြေးရှင်တွေကို တန်ဖိုးသတ်မှတ်ချက် တစ်စုံတစ်ရာဖြင့် လက်လွှဲပေးလိုက်ကြတာတွေကပဲ အများစုဖြစ်သည်။

**အချပ်ပို(A8) သို့**

Technology
7Day News Journal
Vol.13, No.11 • MAY 21 , 2014

# ကန်ဒေါ်လာတစ်သိန်းတန်ဖိုးရှိ ထောက်ပံ့မှုအစီအစဉ် အိုင်တီလုပ်ငန်းထူထောင်လိုသူများ လျှောက်ထားနိုင်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၁၈**

ပြည်တွင်း၌ နည်းပညာကုမ္ပဏီငယ်လေးများ စတင်တည်ထောင်လုပ်ကိုင်လိုသူများအနေဖြင့် အူရီးဒူးကုမ္ပဏီမှ အဖွဲ့အစည်းတစ်ခုလျှင် အမေရိကန်ဒေါ်လာ တစ်သိန်း(ကျပ်သိန်းတစ်ထောင်) တန်ဖိုးရှိသည့် ထောက်ပံ့မှုများ ပြုလုပ်သွားမည် IdeaBox အစီအစဉ်အား စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

"ပြည်တွင်းမှာ နည်းပညာလုပ်ငန်းသစ်တွေ ပေါ်လာအောင် ရည်ရွယ်ပြီးတော့ ဒီအစီအစဉ်ကို ပြုလုပ်ရတာ ဖြစ်ပါတယ်။ လုပ်ငန်းစတင်လုပ်ကိုင်လိုတဲ့ Dve-vloper တွေ၊ အဖွဲ့အစည်းတွေအားလုံးကျွန်တော်တို့ ဆီမှာ လာပြီး လျှောက်လို့ရပါတယ်" ဟု IdeaBox အား ပူးတွဲတည်ထောင်သူကိုကောင်းစစ်က ပြောသည်။

IdeaBox အစီအစဉ်တွင် လျှောက်ထားလိုပါက www.ideabox.com.mm/apply တွင် ဝင်ရောက်လျှောက်ထားနိုင်ပြီး လာရောက်လျှောက်ထားသူများထဲမှ အဖွဲ့အစည်း(သို့) ကုမ္ပဏီငါးခုခန့်ကို ရွေးချယ်ပြီး တစ်ဖွဲ့လျှင် ကန်ဒေါ်လာတစ်သိန်း တန်ဖိုးရှိသည့် အထောက်အပံ့များကို လေးလမှ ခြောက်လတွင်းမြေတောင်မြှောက်ပေးသည့်အနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

IdeaBox အစီအစဉ်၏ ရည်ရွယ်ချက်မှာစီးပွားရေးစတင်တော့မည့် ကုမ္ပဏီများကို အမေရိကန်ဒေါ်လာတစ်သိန်း တန်ဖိုးရှိသော အခြေခံဘဏ္ဍာငွေထောက်ပံ့ပေးခြင်း၊ရုံးခန်းနေရာပေးခြင်း၊ အခြားမရှိ မဖြစ်လိုအပ်သော အခြေခံဘဏ္ဍာငွေထောက်ပံ့ခြင်း နှင့် စပ်ဆက်လျက်ရှိသော အခြားအဖွဲ့အစည်းများ၊ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ပညာရှင်များနှင့်မိုဘိုင်းဆက်သွယ်ရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်စေခြင်း တို့ကိုဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ၌ IdeaBox အစီအစဉ် ဆောင်ရွက်ရာတွင် အကျိုးသက်ရောက်မှု ပိုမိုရရှိစေနိုင်ရန်အတွက် အူရီးဒူးသည် စင်ကာပူနိုင်ငံရှိ Silicon Straits နှင့် ပူးပေါင်း၍ အင်တာနက်ပေါ် ရှိ Start-up အစီအစဉ်တစ်ခု ရေးဆွဲခြင်း၊ ဩစတြေးလျနိုင်ငံအခြေစိုက်တွန်းအားပေးသူ Pollenizer နှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

# မိုဘိုင်းဟန်းဆက်များ အခွန်လုံးဝကင်းလွတ်ခွင့်ရရန် သက်ဆိုင်ရာသို့ တင်ပြမည်

**နိုင်လင်းအောင်**

**ရန်ကုန်၊ မေ-၁၈**



*ဈေးကွက်အတွင်းရှိ မိုဘိုင်းဖုန်းဟန်းဆက်များ*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိုဘိုင်းဟန်းဆက်များ တင်သွင်းရာတွင် ကောက်ယူနေသည့် အကောက်ခွန်နှုန်းထားကို အာဆီယံနိုင်ငံများနည်းတူ လုံးဝကင်းလွတ်ခွင့်ရစေရန် အကောက်ခွန်ဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများသို့ တင်ပြသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

ဟန်းဆက်များတင်သွင်းသည့်အပေါ်တွင် ကောက်ယူသည့် အကောက်ခွန်နှုန်းထားကို ယခင်က ၁၀ ရာခိုင်နှုန်းကောက်ခံခဲ့ရမှ ပြီးခဲ့သည့် ဧပြီလအတွင်း၌ ငါးရာခိုင်နှုန်းလျှော့ချပေးခဲ့ပြီး ငါးရာခိုင်နှုန်းကို ဆက်လက်ကောက်ခံလျက်ရှိသည်။အာဆီယံနိုင်ငံများတွင် မိုဘိုင်းဟန်းဆက်များအပေါ်တွင် အကောက်ခွန်ကောက်ယူခြင်းမရှိသည့်အတွက် ယခုကဲ့သို့ တင်ပြခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"လက်ရှိမှာ ဟန်းဆက်တွေအပေါ် ကောက်ခံတဲ့ အကောက်ခွန်နှုန်းထားက ငါးရာခိုင်နှုန်းကျန်နေသေးတယ်။အဲဒါကိုလုံးဝကင်းလွတ်သွားတဲ့အထိတင်ပြပေးသွားဖို့ စီစဉ်ထားပါတယ်။ ဒါတွေကို လျှော့ပေးလိုက်မယ်ဆိုရင် တရားမဝင်တင်သွင်းနေတာတွေက လုံးဝပျောက်မသွားရင် တောင် လျော့သွားမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ အတွင်းရေးမှူး ဦးမျိုးမြင့်က ပြောသည်။

လက်ရှိတွင် တန်ဖိုးနည်းဖုန်းများကို လစဉ်ရောင်းချပေး နေသည့်အတွက် ပြည်တွင်း၌ ဟန်းဆက်လိုအပ်ချက်များပြားလျက်ရှိပြီး တင်သွင်းသော ကုမ္ပဏီများမှ နှစ်စဉ်ဟန်းဆက်အလုံးရေ သိန်းဂဏန်းတင်သွင်းလျက်ရှိသော်လည်း အခွန်ဆောင်၍ တင်သွင်းသော အလုံးရေး သောင်းဂဏန်းမျှသာရှိ သေးပြီး တရားမဝင်တင်သွင်းမှုများပြားနေသေးကြောင်းမိုဘိုင်းဟန်းဆက်အရောင်းဆိုင် အချို့မှ သတင်းရရှိသည်။

"အကောက်ခွန်ကို လုံးဝဖြေ ပေးလိုက်မယ်ဆိုရင် တရားမဝင်တင်သွင်းတဲ့သူတွေ လျော့လာမှာဖြစ်သလို တရားဝင်တင်သွင်းနေတဲ့ သူတွေကလည်း သူတို့နဲ့ ယှဉ်ပြီးတော့ လုပ်ကိုင်လာနိုင်မယ်။ အကောက်ခွန်ကို လျှော့လိုက်ပေမယ့် တရားဝင်တင်သွင်းတဲ့ဟန်းဆက်အလုံးရေကတိုးလာမှာဖြစ်တဲ့အတွက် ကုန်သွယ်လုပ်ငန်းခွန်ကလည်း တိုးပြီးတော့ ရလာမှာဖြစ်ပါတယ်" ဟု လူကြီးမင်း မိုဘိုင်းဟန်းဆက်အရောင်းဆိုင်မှ မန်နေဂျင်းဒါရိုက်တာ ကိုပြည်စိုးထွန်းကပြောသည်။

လက်ရှိတွင် မိုဘိုင်းဟန်းဆက်များကို အခွန်ကောက်ယူရာ၌ အကောက်အခွန် ငါးရာခိုင်နှုန်း၊ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းနှင့် ကြိုတင်အမြတ်ခွန် နှစ်ရာခိုင်နှုန်းတို့ဖြင့် အသီးသီးကောက်ယူလျက်ရှိကြောင်း မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်အသင်းမှ သတင်းရရှိသည်။

# စင်ကာပူနိုင်ငံပိုင် Temasek ကုမ္ပဏီ ဗာဂျင်းမိုဘိုင်းလက်တင်အမေရိက ဖုန်းကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံ

**စင်ကာပူ၊ မေ-၁၆**

စင်ကာပူနိုင်ငံ ဖိုင်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း Temasek Holdings ကုမ္ပဏီက အခြားသောဒေသများနှင့် နယ်ပယ်များသို့ ကမ္ဘာလုံးဆိုင်ရာလက်တံဖြန့်ကြက်မှုအဖြစ် ဗာဂျင်းမိုဘိုင်းလက်တင် အမေရိက (VMLA) ကုမ္ပဏီတွင် စုစုပေါင်း ကန်ဒေါ်လာ ၈၆ သန်းရင်းနှီးမြှုပ်နှံလိုက်ကြောင်းသိရသည်။

သို့သော် ၎င်းတို့ကုမ္ပဏီ၏ ရှယ်ယာပါဝင်မှုနှင့်ပတ်သက်၍ Temasek ကုမ္ပဏီက ရှင်းလင်းဖော်ပြခြင်းမရှိပေ။ ယင်းရင်းနှီးမြှုပ်နှံမှုကြောင့် ဗာဂျင်းမိုဘိုင်းဖုန်းကုမ္ပဏီအမှတ်တံဆိပ်ကိုမက္ကဆီကိုနိုင်ငံတွင် ၂၀၁၄ ခုနှစ်အတွင်း ဘရာဇီးနိုင်ငံတွင် ၂၀၁၅ ခုနှစ် အတွင်း စတင်မိတ်ဆက်ရာတွင် ကူညီနိုင်လိမ့်မည်ဟု Temasek လုပ်ငန်း၏ ဝက်ဘ်ဆိုက်တွင် ကြေညာထားသည်။

Temasek လုပ်ငန်းမှာ ချီလီနှင့်ကိုလံဘီယာနိုင်ငံတို့ရှိ လုပ်ငန်းများ၌လည်း ရင်းနှီးမြှုပ်နှံ ထားသည်။ ဘဏ္ဍာရေးအပေါ်များစွာမှီခိုနေခြင်းကို လျှော့ချနေစဉ် Temasek လုပ်ငန်းသည် အာဖရိကရင်းမြစ်များနှင့် လက်လီရောင်းချမှုတို့ကဲ့သို့ ထွန်းသစ်စကဏ္ဍများတွင် များမကြာမီတိုးမြှင့်ရင်းနှီးမြှုပ်နှံထားသည်။

Temasek ကုမ္ပဏီ၏စင်ကာပူဒေါ်လာ ၂၁၅ ဘီလီယံတန်ဖိုးရှိ ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွင် ဘဏ္ဍာရေးကဏ္ဍရင်းနှီးမြှုပ်နှံမှု ၃၁ ရာခိုင်နှုန်းရှိပြီး ဆက်သွယ်ရေး၊ မီဒီယာနှင့် နည်းပညာကဏ္ဍရင်းနှီးမြှုပ်နှံမှုမှာ ၂၄ ရာခိုင်နှုန်းသာရှိသည်။

၂၀၁၀ ခုနှစ်အတွင်းတည်ထောင်ခဲ့သည့် (VMLA-Virgin Mobile Latin America)ကုမ္ပဏီတွင် ကိုယ်ပိုင်ကြိုးမဲ့ကွန်ရက်စနစ်မရှိဘဲ ကြားခံကွန်ရက်များမှ ငှားရမ်းမှုအပေါ်မှီခိုနေရသည်။

*—Ref: AFP*



# Apple ကုမ္ပဏီကိုယှဉ်ရန် တရုတ်နိုင်ငံမှ စမတ်ဖုန်းကုမ္ပဏီ Xiaomi ပထမဆုံးသင်ပုန်း ကွန်ပျူတာတစ်မျိုးထုတ်ဖော်ပြသ

**ဘေဂျင်း၊ မေ-၁၆**

ပြိုင်ဘက်များဖြစ်လာသည့် Samsung နှင့် Apple ကုမ္ပဏီတို့ကို တိုက်ရိုက်စိန်ခေါ်ရန် တရုတ်နိုင်ငံရှိဈေးသက်သာသောစမတ်ဖုန်း ထုတ်လုပ်သည့် Xiaomi ကုမ္ပဏီကလည်း ၎င်းတို့၏ပထမဆုံးသင်ပုန်းကွန်ပျူတာတစ်မျိုးကို မေလ ၁၅ ရက်က ထုတ်ဖော်ပြသလိုက်သည်။

အရောင်ခြောက်မျိုးဖြင့် ထုတ်လုပ်ထားသောMiPad ဟုခေါ်သည့် သင်ပုန်းကွန်ပျူတာမှာ မျက်နှာပြင်အကျယ် ၇ဒသမ ၉ လက်မရှိပြီး Apple ကုမ္ပဏီ၏ iPad Mini နှင့်အရွယ်တူညီသည်။

အခြားသောသင်ပုန်းကွန်ပျူတာများကဲ့သို့ Mi Pad တွင်ကြိုးမဲ့ အင်တာနက်စနစ်၊ ရှေ့၊ နောက်ကင်မရာများနှင့် အတွင်းပိုင်း မှတ်ဉာဏ် 16 GB (သို့မဟုတ်) 64 GB ပါဝင်သည်။ သို့သော် iPad Mini, Samsung ကုမ္ပဏီ ထုတ် Galaxy Tab မျိုးဆက်များ၏ ဈေးနှုန်းများထက် ဈေးပိုသက်သာသည်။

တရုတ်နိုင်ငံအတွင်း အရောင်းသွက်သည့်စမတ်ဖုန်းများတွင်ပါဝင်သော Xiaomi ကုမ္ပဏီ၏ ထိပ်တန်းစမတ်ဖုန်းများမှာ Apple ကုမ္ပဏီ၏ iPhone များနှင့်ဆင်တူသည်။ မိမိတို့ထုတ်ကုန်၏ hardware ကို Apple ကုမ္ပဏီ၏ iPad နှင့်အနီးစပ်ဆုံးယှဉ်နိုင်ရန် (သို့မဟုတ်) သာလွန်စေလိုသည်ဟု ဘေဂျင်းမြို့တွင် ပြုလုပ်ခဲ့သော အခမ်းအနားတစ်ရပ်၌ Xiaomi ကုမ္ပဏီတည်ထောင်သူလီကွမ်းကပြောသည်။



Mi Pad ကနဦး Version တစ်မျိုးကို ဇွန်လလယ်တွင် အစမ်းသဘောရောင်းချသွားမည်ဟု လီကပြောသည်။ သို့သော် ဈေးကွက်ပစ်မှတ်များ (သို့မဟုတ်) ရောင်းချမည့်ရက်စွဲအတိအကျကို ၎င်းကပြောကြားခြင်းမရှိပေ။ Mi Pad သင်ပုန်းကွန်ပျူတာများကို တရုတ်နိုင်ငံပြင်ပတွင် ရောင်းချမည်လားဆိုသည်ကိုလည်း ရှင်းလင်းစွာမသိရပေ။

၂၀၁၃ ခုနှစ်အတွင်း ထုတ်ကုန်ပစ္စည်းပေါင်း ၁၉၅ ဒသမ ၄ သန်းတင်ပို့ရောင်းချမှုရှိခဲ့သည့် ကမ္ဘာတစ်ဝန်းသင်ပုန်းကွန်ပျူတာဈေးကွက်မှာ ယခုနှစ်တွင် ၄၀ ရာခိုင်နှုန်းပိုများလာမည်ဟု ဈေးကွက်လေ့လာရေး Gartner ကုမ္ပဏီက ခန့်မှန်းထားပြီး အထူးသဖြင့် တရုတ်နိုင်ငံတွင် ယင်းဈေးကွက်သိသိသာသာကြီးထွားလာနိုင်ကြောင်းသိရသည်။

*—Ref: Reuters*








# ဆင်းမ်ကတ်မှောင်ခိုဈေးကွက် တဖြည်းဖြည်းကျလာ

**ဆွေမွန်**

**ရန်ကုန်၊ မေ-၁၇**

တန်ဖိုးနည်းမိုဘိုင်းဖုန်းများဖြစ်သည့် GSMနှင့် WCDMA ဆင်းမ်ကတ်များကို မိုဘိုင်းဖုန်းဆိုင်များတွင် မှောင်ခိုလာရောက်ရောင်းချမှုနည်းလာပြီး ဆိုင်များက ကျပ်တစ်သိန်းကျော်ဖြင့် ပြန်လည်ဝယ်ယူနေကြောင်းသတင်းရရှိသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လစဉ်ရောင်းချပေးနေသည့် ကျပ် ၁၅၀၀တန်ဆင်းမ်ကတ်များကို မိုဘိုင်းဖုန်းများတွင် မှောင်ခိုလာရောက်ရောင်းချသူများရှိရာ CDMA 800MHz ဖုန်းများကို ရောင်းချမှုများပြားပြီး WCDMA မိုဘိုင်းဖုန်းများကို ပင်စင်ဝန်ထမ်းအနည်းစုသာလာရောက်ရောင်းချမှုရှိကြောင်းJohn မိုဘိုင်းဖုန်းဆိုင်မှ ကိုတင်ဝင်းလှိုင်ကပြောသည်။

"အခုနောက်ပိုင်းက ရန်ကုန်မှာ CDMA ကတ်တွေပဲ ရောင်းတာများတယ်။ အခုနောက်ပိုင်းရန်ကုန်မှာကလည်း CDMA တွေပဲချပေးတာများတယ်။WCDMAလည်း ပင်စင်စားတွေအတွက်ပဲ ရောင်းတော့ ပြန်ပြီးရောင်းတဲ့သူကနည်းတယ်။ လာရောင်းရင်လည်း WCDMA တွေက တစ်သိန်းကျော်လောက်အထိ ဈေးပြန်ရတယ်"ဟု ကိုတင်ဝင်းလှိုင်ကပြောသည်။

MECTel အမှတ်တံဆိပ်ပါ CDMA 800MHz မိုဘိုင်းဖုန်းများကို လာရောက်ရောင်းချမှုများရှိပြီး ထိုဖုန်းများကိုလည်း ကျပ်တစ်သိန်းလေးသောင်းဝန်းကျင်ဖြင့် ဝယ်ယူပြီးပြန်လည် ရောင်းချပေးမှုများရှိကြောင်းသိရသည်။

CDMA800MHzမိုဘိုင်းဖုန်းများကို အခြားမြို့နယ်များမှ လာရောက်ဝယ်ယူသူများပြားပြီး GSM နှင့် WCDMA မိုဘိုင်းဖုန်းများကို ရန်ကုန်မြို့တွင်းမှ ဝယ်ယူမှုပိုမိုများပြားကြောင်း မိုဘိုင်းဖုန်းဆိုင်များမှ သိရသည်။

မိုဘိုင်းဖုန်းများကို ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီများကလိုသလောက်ရောင်းချပေးတော့မည်ဟုကြေညာထားမှုများရှိနေခြင်းကြောင့်ရရှိသည့်ဈေးဖြင့် မှောင်ခိုရောင်းချမှုများရှိနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# အဆင့် တစ်ဆင့်

**အောင်အောင်** (IR)

ဒီဆောင်းပါးမှာ အဆင့်တစ်ဆင့်ဆိုတာ မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ညွှန်းပါတယ်။ ဆိုလိုတာ ဒီနိုင်ငံမှာ လူတော်လူကောင်းတွေ များစွာ ပေါ်ပေါက်ခဲ့တယ်။ နိုင်ငံဟာ အဆင့်တစ်ဆင့်ကို ရောက်မလာခဲ့သေးပါ။ သမိုင်းတစ်လျှောက် မြန်မာနိုင်ငံဟာ ပညာရည်မြင့်မားပြီး ဖွံ့ဖြိုးကြွယ်ဝတဲ့ လူ့အဖွဲ့အစည်းဆိုတဲ့ အခြေအနေတစ်ရပ် ဘယ်တုန်းကမှ မရောက်နိုင်ခဲ့သေးဘူး။ လွတ်လပ်ရေးရပြီး ဒီမိုကရေစီဆိုတဲ့ ခေတ်ကာလမှာ ပြည်တော်သာစီမံကိန်းဆိုတာမျိုးတွေ ပေါ်ခဲ့ဖူးတယ်။ မအောင်မြင်ဘူး။ ဆိုရှယ်လစ်ကာလမှာလည်း ဆိုရှယ်လစ်လူ့ဘောင်ဆိုပြီး စီမံကိန်းအမျိုးမျိုးနဲ့ စိတ်ကူးယဉ်ခဲ့ကြဖူးတယ်။ ကျရှုံးတာပဲ။ စစ်အုပ်ချုပ်ရေးကာလမှာလည်း ကိုယ်ထူကိုယ်ထ စနစ်အမျိုးမျိုး၊ စမ်းသပ်ကျင့်သုံးရင်း ဇာတ်မျောကြီး ဖြစ်သွားတာပဲ။ တစ်ဖက်မှာဆို မြန်မာ့သမိုင်းတစ်လျှောက် စိတ်ဓာတ်တက်ကြွဖွယ်ခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေး ဗိသုကာတွေ၊ ထူးချွန်ထက်မြက်တဲ့ ဆရာတော်၊ သံ ဃာတော်တွေ ခေတ်အဆက်ဆက်ဖြစ်ထွန်းပေါ်ပေါက်ခဲ့တယ်။

သို့သော် မြန်မာနိုင်ငံအတွက် သူတို့အားလုံးရဲ့ အားထုတ်ကြိုးပမ်းမှုတွေ၊ ဖြစ်စေချင်တဲ့ စိတ်ဆန္ဒတွေဟာ ဒီနေ့အထိ ရွှေပြည်တော် မျှော်တိုင်းဝေးပါပဲ။ တည်ဆောက်ဆဲ၊ ချီတက်ဆဲပါလို့ပဲ ပြောလို့ရတယ်။ ဒါကြောင့်လည်း ဒီနိုင်ငံမှာ ဘာမှ ရဲရဲ မတွေးရဲဘူး။ ခဏခဏ နောက်ကြောင်း ပြန်လှည့်တတ်လို့ပါ။ မဟုတ်ရင်လည်း တန့်နေ၊ အီလည်လည်နဲ့ အချိန်ဆွဲကစားကြတာပေ့ါဗျာ။ ဒီတော့ လူထုပဲ နာတာပေ့ါ။ အချိန်ဆိုတဲ့ ကာလဟာ သိပ်အရေးကြီးတယ်။ နှစ် ၂၀၊ နှစ် ၃၀ ဆိုတာ နိုင်ငံခြားမှာ၊ အိမ်နီးချင်းနိုင်ငံတွေမှာ လုံးဝပြောင်းလဲသွားတာ။ ဒီမှာတော့ မျက်စိရှေ့ ထင်သာမြင်သာ ပေါ်ထွက်လာတဲ့ အဆောက်အအုံကြီးတွေ၊ ကုန်တိုက်ကြီးတွေ လောက်ပဲ ပြောစရာရှိတယ်။ တကယ့်အခြေခံ အဆောက်အအုံတွေက ထူးထူးခြားခြား မပြောင်းလဲသေးဘူး။ အထူးသဖြင့် လူတွေရဲ့ စိတ်ပိုင်းဆိုင်ရာတွေ မဖွံ့ဖြိုး၊ မပြောင်းလဲသေးဘူး။ စိတ်ပိုင်းဆိုင်ရာ ပြောင်းတယ်ဆိုတာကလည်း ကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု ဆိုတာတွေနဲ့ ဆက်စပ်နေတော့ ပြောရရင် မြန်မာနိုင်ငံဟာ နိုင်ငံတကာ စံချိန်၊ စံညွှန်းတွေနဲ့ ချိန်ထိုးရင် လူ့အဖွဲ့အစည်းမှာ စစ်မှန်တဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အဆင့်တစ်ဆင့် ရောက်ဖို့ အများကြီးလိုသေးတယ်။

မြန်မာ့သမိုင်း ကုန်းဘောင်နှောင်းပိုင်းကာလမှာ ကနောင်မင်းသားတို့၊ ယောမင်းကြီးတို့ဆိုတာတွေ ပေါ်ခဲ့ဖူးတယ်။ ပြုပြင်ပြောင်းလဲရေးသမားတွေလို့ အခိုင်အမာဆိုတယ်။ သို့သော် သူတို့ပတ်ဝန်းကျင်က သူတို့ကို လုပ်ပိုင်ခွင့် မပေးခဲ့ဘူး။ ဒီလိုနဲ့ သီပေါမင်းအလွန် မြန်မာနိုင်ငံလည်း အင်္ဂလိပ်လက်အောက် ရောက်ခဲ့ရတယ်။ အင်္ဂလိပ်လက်အောက်မှာလည်း ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ကိုယ်တော်မှိုင်း၊ ဦးဝိစာရ၊ ဦးဥတ္တမလို ထူးချွန်တဲ့ ဆရာတော်သံဃာတွေ၊ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေ အများအပြားပေါ်ပေါက်ခဲ့တယ်။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ အထာကိုက ဖိနှိပ်တဲ့အချိန်မှာဆို သူရဲကောင်းတွေ မကြာခဏ ပေါ်ပေါက်တတ်တယ်။ လုပ်ရဲကိုင်ရဲ၊ စွန့်ရဲတဲ့သူတွေပေ့ါ။ သို့သော် ဗိုလ်ချုပ်တို့၊ သခင်ကိုယ်တော်မှိုင်းတို့သာ လွန်သွားတယ်။ တိုင်းပြည်က အဆင့်တစ်ဆင့်ကို တက်မလာခဲ့ဘူး။ ဒီလိုနဲ့ ဆိုရှယ်လစ်စနစ်အောက်မှာ နှစ်ပေါင်းများစွာ ကြာခဲ့တယ်။ အဲဒီကာလမှာလည်း ထူးချွန်ထင်ရှားတဲ့ စာရေးဆရာ၊ ဆရာမကြီးတွေ၊ ငြိမ်းချမ်းရေးဆော်ဩသူတွေ ရှိခဲ့ပါတယ်။ အဟောသိကံပဲ။ ဆိုရှယ်လစ်ကာလရဲ့ နောက်ဆုံးအချိန် ၁၉၈၈ ခုနှစ်မှာ ယနေ့ မြန်မာနိုင်ငံရေးအခင်းအကျင်းရဲ့ အဓိကဇာတ်ဆောင်တွေဖြစ်တဲ့ နိုင်ငံရေးသမား အများအပြား မွေးထုတ်ပေးခဲ့တယ်။ အဲဒီကလွန်တော့ စစ်အုပ်ချုပ်ရေး ဖိနှိပ်မှုတစ်ကျော့ပြန်လာတယ်။ ဒီလိုနဲ့ပဲ ဒီမိုကရေစီအရေး ရုန်းကန်ကြရင်း ဒေါ်အောင်ဆန်းစုကြည်တို့၊ ဦးဝင်းတင်တို့၊ ဦးကိုကိုကြီးတို့၊ ဦးမင်းကိုနိုင်တို့လို ကမ္ဘာသိခေါင်းဆောင်တွေ ပေါ်ထွက်လာပြန်တယ်။ ဦးဝင်းတင်ကတော့ ကွယ်လွန်ခဲ့ပါပြီ။ မြန်မာ့နိုင်ငံရေးဟာ မတင်မကျ ရုန်းကန်နေရဆဲပါပဲ။

ဒီဆောင်းပါးမှာ ရေးချင်တာ မြန်မာနိုင်ငံသမိုင်းမှာ ဘာကြောင့် လှုပ်ရှားရုန်းကန်မှုတွေ များရတာလဲ။ အခြားအိမ်နီးချင်းနိုင်ငံတွေလို အဆင့်တစ်ဆင့်ကို မရောက်နိုင်ရတာလဲ။ အခုဆို နိုင်ငံရေးမှာ လှုပ်လှုပ်ရှားရှားတွေ ပြန်ဖြစ်နေပြန်ပြီ။ ဖွဲ့စည်းပုံပြင်ဖို့ ညာသံပေးလာတယ်။ မျိုးစောင့်ဥပဒေ ပြဋ္ဌာန်းဖို့ ကြိုးစားတာတွေကို ဆန့်ကျင်မှုတွေ ခပ်စိပ်စိပ်ရှိလာတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကလည်း မတင်မကျဖြစ်မြဲဖြစ်ဆဲ။ ဒီလိုဆို မဝေးလှတဲ့ကာလမှာ မြန်မာနိုင်ငံရေး ပိုပြီး ရှုပ်ရှုပ်ထွေးထွေး ရှိလာမလား။ တိုက်ပွဲခေါ်သံတွေ ကြားလာရမလား။ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်စုရမလား။ ပွင့်ပွင့်လင်းလင်း ရေးမယ်ဗျာ။ လူတွေပန်းနေပြီ။ လူတွေ စိတ်ပျက်နေကြပြီ။ လူတွေ တွေဝေနေကြပြီ။ စာရေးသူတို့နိုင်ငံရေးမှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတည်ဆောက်နိုင်ခဲတယ်။ တွေ့ဆုံဆွေးနွေး စကားပြောတာထက် စိတ်ကောက်နေကြတာ များတယ်။ တစ်ဖက်က အပြစ်ပြောရင် တစ်ဖက်မှာလည်း ကျိုးကြောင်းပြစရာတွေ သူ့အကြောင်းနဲ့သူ ရှိနေတတ်တယ်။ အခု နိုင်ငံရေးအခင်းအကျင်းက ပြောင်းသွားပြီ။

၈၈ ကလို စိတ်ဓာတ်မျိုးနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ မသင့်တော့ဘူး။ အရင်က လူအများစုက စစ်အုပ်ချုပ်ရေးကို မကြိုက်ကြတော့ ဘက်နှစ်ဖက်ဆို အတိုက်အခံဘက်က ရပ်ခဲ့ကြတယ်။ အခုကျတော့ စစ်အုပ်ချုပ်ရေးက အသွင်ပြောင်းသွားပြီ၊ အရောင်ပြောင်းသွားပြီ။ ဘာတွေ ပြောနေနေ နိုင်ငံတကာဆိုတာတောင် လေသံအများကြီး ပြောင်းသွားပြီ။ အရင်လို အတိုက်အခံဆိုတာအပေါ် ပုံအောမထောက်ခံတော့ဘူး။ ဟိုဘက်၊ ဒီဘက် သင့်မြတ်အောင်နေရင်း နှစ်ဖက်စလုံးနဲ့ မျက်နှာမပျက်ရအောင် ဆက်ဆံတဲ့အဆင့်မှာ ရှိနေပြီ။ ဒေသတွင်း အာဆီယံနိုင်ငံတွေဆိုတာလည်း အနည်းအများ ပြဿနာတွေနဲ့မကင်းဘူး။ နောက်ဆုံး အခု ဘရူနိုင်းနိုင်ငံဆို နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းတွေနဲ့ ဘယ်လိုမှ လက်ခံလို့မရတဲ့ အစ္စလာမ်မစ် ရှရီးယားဥပဒေဆိုတာမျိုး အသက်သွင်းကျင့်သုံးနေပြီ။ ချမ်းသာကြွယ်ဝပြီး အရှေ့တောင်အာရှမှာရှိတဲ့ နိုင်ငံနော်။ ဘယ်သူဘာပြောမလဲ။ ထိုင်းနိုင်ငံ ဒီမိုကရေစီဆိုနောက်ကြောင်း ပြန်လှည့်နေပြီ။ ကမ္ဘောဒီးယား၊ မလေးရှား၊ စင်ကာပူနိုင်ငံတွေဆိုလည်း ပြည်တွင်းအတိုက်အခံ၊ မီဒီယာဆို သတိကြီးကြီးထားတယ်။ လာအို၊ ဗီယက်နမ်ဆိုတာလည်း ဆိုရှယ်လစ်၊ ကွန်မြူနစ်နိုင်ငံတွေ။

အနားက အာဆီယံအသိုက်အဝန်း မဟုတ်တဲ့ နိုင်ငံတွေ ကြည့်မလား။ ဘင်္ဂလားဒေ့ရှ်မှာ အတိုက်အခံကို တစ်ဖက်သတ်ဖိနှိပ်လို့ ဒီမိုကရေစီဆိတ်သုဉ်းနေပြီတဲ့။ အိန္ဒိယမှာလည်း ဟိန္ဒူအမျိုးသားရေးဝါဒီတွေ အောင်ပွဲခံနေတယ်။ ဒီမိုကရေစီ၊ သာတူညီမျှမှု အထပ်ထပ်ကြွေးကြော်ပြီး နှစ်ပေါင်းများစွာ အာဏာရခဲ့တဲ့ ကွန်ဂရက်ပါတီ ဒီတစ်ချီကွဲတာပဲ။ ဒေသတွင်းကနေ အခြားကမ္ဘာ့နိုင်ငံတွေ ကြည့်မလား။ ယူကရိန်း၊ ဗင်နီဇွဲလား၊ နိုင်ဂျီးရီးယား၊ ဘရာဇီး၊ တူရကီ ကမ္ဘာအနှံ့ ဆူဆူညံညံတွေ ဖြစ်နေတယ်ဗျာ။ ဒီမိုကရေစီသမားတွေကို စိတ်ဓာတ်ကျအောင် ရေးနေတာ မဟုတ်ပါဘူးဗျာ။ စာရေးသူလည်း ဒီမိုကရေစီပါပဲ။ သမိုင်းရှင်းခဲ့ပါတယ်။ သို့သော် ဒီလူ့အဖွဲ့အစည်းမှာက ဒီမိုကရေစီလို့သာ အော်နေတာ။ ကိုယ်နဲ့မတူရင် ရန်သူလို့ သဘောထားတတ်ကြတယ်ဗျာ။ တစ်ဖက်က ဖိတ်ရင်တော့ မသွားဘူး။ ကိုယ်ကဖိတ်လို့ မလာရင် တစ်ဖက်ကို အပြစ်တင်တတ်တယ်။ ဒါကြောင့်လည်း ဒီနိုင်ငံမှာ ပြဿနာတစ်ခုဖြစ်ရင် နှစ်ဖက်အဖွဲ့အစည်းတွေက ပိုပိုပြီးသာ ဝေးသွားတတ်တယ်။

ဆိုလိုတာ မြန်မာတွေဟာ စိတ်ပိုင်းဆိုင်ရာ ပြည့်ဝရင့်ကျက်မှု အားနည်းတယ်။ ဒီမိုကရေစီဆိုတဲ့ နိုင်ငံတွေကိုကြည့်လေ။ တစ်ယောက်နဲ့တစ်ယောက် ဝေဖန်အပြစ်တင်၊ သို့သော် အတူတကွ ပူးတွဲအလုပ်လုပ်ကြတယ်။ အလုပ်လုပ်ရင်းနဲ့ ကိုယ့်ခွင်ကို ချဲ့ယူကြတယ်။ အသွင်တူသူအချင်းချင်းလည်း နီးနီးကပ်ကပ် ဆက်သွယ်မှုတွေရှိတယ်။ ဒီမှာက မျိုးစောင့်ဥပဒေလိုကိစ္စမျိုးပဲ ကြည့်လေ။ တစ်ဖက်နဲ့တစ်ဖက် အောက်ခြေမှာ ညှိနှိုင်းဆက်သွယ်မှုမျိုးကရှားတယ်။ စိတ်တူကိုယ်တူ အချင်းချင်းကြားမှာသာ ကိုယ့်ဘက်၊ ကိုယ့်အင်အားကောင်းအောင် လုပ်နေကြတာများတယ်။ ဒီတော့ ဒီမိုကရေစီသာ တွင်တွင်ပြောနေကြတာ။ ဒီမိုကရေစီသာ လိုချင်နေတာ။ သူတို့တွေမှာ ဒီမိုကရေစီကျင့်ကြံမှုမျိုးကျတော့ အားနည်းတယ်။ အောက်ခြေမှာ တစ်ဖက်နဲ့တစ်ဖက် အချင်းချင်းမညှိဘဲ ကျော်ပြီး သမ္မတနဲ့ တွေ့ချင်တယ်ဆိုတာမျိုးကတော့ တစ်မျိုးပဲလို့ ထင်တယ်။ ဒါကြောင့်ဒီနိုင်ငံမှာ ဘာပဲဖြစ်ဖြစ်ပါ။ နိုင်ငံရေးပဲဖြစ်ဖြစ်၊ စီးပွားရေးပဲဖြစ်ဖြစ် အဆင့်တစ်ဆင့်ရောက်ဖို့ဆိုရင် စိတ်ပိုင်းဆိုင်ရာတွေ ပြုပြင်ဖို့ လိုတယ်။ အရာရာကို တရားမျှတမှု ပေတံနဲ့ လိုက်တိုင်းလို့မရဘူး။ ငြိမ်ခံ၊ မှိန်းလိုက်လို့ ပြောနေတာ မဟုတ်ပေမယ့် တိုင်းပြည်နစ်နာ၊ လူတွေပန်းစေမယ့် အခြေအနေတစ်ရပ်ကိုတော့ မဖြစ်ချင်၊ မမြင်ချင်တော့ဘူး။

လက်ရှိအခင်းအကျင်းအရ ဒီနေ့ဒီအချိန်မှာ မြန်မာနိုင်ငံအဆင့်တစ်ဆင့်ရောက်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ဖို့ပဲရှိတယ်။ အဲဒီကမှတစ်ဆင့် ပိုမိုအသိဉာဏ်မြင့်မား၊ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းကို ထူထောင်သွားကြဖို့ ရှိတယ်။ ဒီကြားထဲ မတရားမှုတွေ သိပ်ကြီးလာရင် တစ်မျိုးပေ့ါ။ ဒါကြောင့် ပြင်သင့်တဲ့ ဖွဲ့စည်းပုံကို ပြင်မယ်။ မပြင်သင့်တာ မပြင်ဘူး။ ကိုယ့်တိုင်းရင်းသား၊ အမျိုးဘာသာ သာသနာကို အကာအကွယ်ဖြစ်စေမယ့် ဥပဒေတွေ ပြဋ္ဌာန်းရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမယ်။ အဲဒီဥပဒေတွေဟာ တစ်ဖက်သားကို အလွန်အကျွံ မထိခိုက်အောင် ဝိုင်းဝန်းထိန်းကျောင်းကြမယ်။ ရှိနှင့်ပြီးသားဘောင်ထဲက နိုင်ငံသားအခွင့်အရေးတွေ ပိုရအောင် ဆောင်ရွက်မယ်။ ပြည်သူထုထုကြားမှာ ဒီမိုကရက်တစ် အတွေးအခေါ်တွေ ပြန့်ပွားအောင် ဆောင်ရွက်ကြမယ်။

**စာမျက်နှာ(၃၂) သို့**



7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

(ယခင်အပတ်မှအဆက် . . . )

# မင်းဒင်ရဲ့ သက်ခိုင်(၂)

မင်းဒင်




**အခန်း (၃၅)**

**ထိုင်းဓားပြဇာတ်လမ်းထဲက သက်ခိုင်**

ထိုင်းနိုင်ငံတွင် နေထိုင်စဉ်ကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်ပေါင်းမြောက်မြားစွာထဲတွင် ကျွန်တော်အလွယ်တကူ မေ့ဖျောက်မရနိုင်သည် ဖြစ်ရပ်တစ်ခု ရှိခဲ့၏။ ထိုသို့ မမေ့တဲ့နိုင်ဖြစ်ရခြင်းမှာ အတိတ်ရာဇဝင်ထဲက ရန်ဘက်ယိုးဒယား၊ မြန်မာတည်းဟူသော လူမျိုးစွဲ စိတ်ဓာတ်ကြောင့် ဖြစ်နိုင်သလိုထိုင်းလူမျိုးအချို့၏ နိုင်ငံခြားသား (အထူးသဖြင့် မြန်မာလူမျိုး) များအပေါ် ထားရှိသည့် စိတ်နေစိတ်ထားတစ်ရပ် ကြောင့်လည်း ဖြစ်နိုင်ပေသည်။ မည်သို့ပင် ဆိုစေကာမူ ယင်းပြဿနာတွင် ကိုသက်ခိုင်တစ် ယောက်ကျွန်တော်နှင့် ကျောချင်းကပ်လျက်ရှိနေခဲ့ခြင်းကြောင့် အထိုက်အလျောက်တော့ဖြင့် ဖြေဆည်ရာရခဲ့သည်။ထိုဇာတ်လမ်း အပြည့်အစုံမှာအောက်ပါအတိုင်း ဖြစ်၏။

ကျွန်တော်နှင့် ကိုသက်ခိုင် ဘန်ကောက်မြို့၌ ပြန်လည်ဆုံတွေ့ခဲ့ကြသည်မှ မကြာမတင်ကာလ ၂၀၁၀ ခုနှစ်။ နိုဝင်ဘာလတွင် ဖြစ်၏။ ထိုနေ့သည် နေသာသောနေ့တစ်နေ့ ဖြစ်သည်။ရနောင်းမှ ကုန်အပြည့်တင်ဆောင်လာသည့် ကုန်တင်ကား ရောက်မည့်နေ့ဖြစ်သောကြောင့် နံနက် ၇ နာရီခန့် ကတည်းက ဝထစ်အရပ်ရှိကျွန်တော့်ဈေးဆိုင်ငယ်သို့ကျွန်တော်ရောက်နေခဲ့သည်။ ကုန်ပစ္စည်းများဆိုင်အတွင်း နေရာချထားပြီးချိန်သည် နံနက် ၉ နာရီခန့် ရှိခဲ့ပြီ။

ဖူးခက်သို့ ရောက်နေသော ဇနီးသည်၊ တပည့်ကျော် ကျော်ဝင်းဌေးတို့နှင့်အတူ တိုယိုတာ အေဗင်ဆာကားငယ်ကို မောင်းနှင်လျက် အမ်မခန်အရပ်ရှိ နေအိမ်သို့ ကျွန်တော်ပြန်လာခဲ့ရာ ခြံဝသို့ အရောက် ကျော်ဝင်းဌေးကခြံတံခါးကို ဆင်းဖွင့်ပြီး ကျွန်တော်က ခြံတွင်းသို့ ကားမောင်းဝင်လာခဲ့၏။ ခြံဝင်းထဲသို့ ကားအရောက် မျက်နှာစိမ်းသုံးယောက်သည် ခြံတံခါးပိတ်မည့် ကျော်ဝင်းဌေး၏ ရင်ဘတ်ကို ခပ်ကြမ်းကြမ်း တွန်းဖယ်ရင်း ဝင်ရောက်လာသဖြင့် မလှမ်းမကမ်းရှိကျွန်တော်ကတတ်သမျှ မှတ်သမျှ ထိုင်းစကားဖြင့် လှမ်းအော်လိုက်မိသည်။

"ဟော့၊ ဖိ။ ထမ်းအလိုင်ခပ် ထမ်အလိုင်ခပ်"

"ပူးလိ၊ ပူးလိ။ ပတ်စ်ပို့။ ပတ်စ်ပို့"

အဆိုပါ လူစိမ်းသုံးယောက်၏အဖြေကို ကျွန်တော်ကောင်းစွာသဘောပေါက်သော်ငြား စိတ်ထဲတွင်မူ မသက်သာလှချေ။ မည်သည့်နိုင်ငံမှ ရဲဝန်ထမ်းမဆို သီးခြားပိုင်နက် နယ်မြေတစ်ခုတွင်းသို့ ဝင်ရောက်မည်ဆိုလျှင် သက်ဆိုင်ရာတရားရုံးတစ်ခုခု၏ ခွင့်ပြုမိန့် (ဝရမ်း)ပါမှသာ ဝင်ခွင့်ရှိကြောင်း ကျွန်တော်သိထားသည်။ သို့သော် သူတစ်ပါးနိုင်ငံတွင် စကားနည်းရန်စဲလိုသည့် ကျွန်တော်သည် ထိုလူစိမ်းသုံးယောက်အနက် တစ်ယောက်သော ပုဂ္ဂိုလ်ထုတ်ပြနေသည့် ပလတ်စတစ်ကတ်လောင်းထားသော ရဲဝန်ထမ်းကတ်ကိုပင် မကြည့်တော့ဘဲ ပတ်စ်ပို့သုံးအုပ်ကို အသာတကြည် ထုတ်ပေးလိုက်သည့်အခါ ဖွင့်၍ပင် မကြည့်ဘဲ သူ့အိတ်ကပ်တွင်းသို့ ထိုးထည့်လိုက်၏။ တစ်စုံတစ်ခုတော့ဖြင့် မှားယွင်းနေလေပြီ။ အန္တရာယ်၏ အငွေ့အသက်ကို ကျွန်တော်ရစပြုလာသည်။ ထိုလူစိမ်းသုံးဦးကို တစ်ဦးချင်းစီ အသေးစိတ် ကျွန်တော်အကဲခတ်မိ၏။ အရပ် ပုပျပ်ပျပ်နှင့် အသက်ငါးဆယ်ကျော်ခန့်ရှိ ပုဂ္ဂိုလ်မှာ နောက်လိုက် ဖြစ်ဟန်ရှိသည်။ အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင် အရပ်ငါးပေ ခုနစ်လက်မခန့်ရှိသူမှာ ခေါင်းဆောင်ဖြစ်ဟန်တူသည်။ ကျန်တစ်ဦးကား အရပ်အမောင်းအနေတော်နှင့် ပိန်ပိန်ပါးပါးဖြစ်၏။ သုံးယောက်စလုံးအတွင်းခံစပို့ရှပ် ပေါ်တွင်အနက်ရောင် ဂျာကင် အင်္ကျီကိုယ်စီထပ်၍ ဝတ်ထားကြသည်။

"ခင်ဗျားတို့ အင်္ဂလိပ်လိုပြောတတ်သလား"

ဟူသော ကျွန်တော့်အမေးကို သူတို့အဖြေမပေးချေ။ ကျွန်တော်တို့သုံးယောက်ကို ကားဂိုဒေါင်ကြမ်းပြင်မှာ ထိုင်ခိုင်းလေရာ ကျော်ဝင်းဌေးမှာချက်ချင်းထိုင်ချလိုက်သော်ငြား ကျွန်တော်နှင့်ဇနီးသည်မူကား မာနကိုထိခိုက်သည်ဟုယူဆသဖြင့် မထိုင်သည့်အခါ ခေါင်းဆောင်ဖြစ်ဟန်ရှိသူက ခါးကြားမှ သေနတ်ကို ထုတ်ချိန်ရင်း ကြမ်းပြင်ပေါ်သို့ ဇွတ်ထိုင်ခိုင်းနေပြန်သည်။ အနီးရှိ ပလတ်စတစ်ကုလားထိုင်များ ပေါ်တွင်ကျွန်တော်နှင့်ဇနီးဖြစ်သူအသာထိုင်လိုက်ရ၏။ ခေါင်းဆောင်လုပ်သူသည် ကျေနပ်ပုံမရသည့် မျက်နှာပေးဖြင့်ပင် သူ့တပည့်ကျော်နှစ်ဦးကို ကျွန်တော့် တစ်အိမ်လုံးအားမွှေနှောက်စေတော့၏။နောက်ဆုံးကျွန်တော့် ပခုံးမှာ လွယ်ထားသည့် ပိုက်ဆံအိတ်ဆီသို့ ဦးတည်လာသည်။ ဖွင့်ကြည့်သော်ထိုင်းဘတ်နှစ် ထောင်ကျော်ခန့်နှင့် ဘဏ်ကတ်သာတွေ့သည့်အခါ မကျေမချမ်းလေသံဖြင့် ထိုင်းဘတ်ငါးသိန်းပေးရမည်ဟု သေနတ်ထောက်ကာ အကျပ်ကိုင်တော့၏။ ထိုင်းရဲ အယောင်ဆောင်ထိုင်းဓားပြအဖွဲ့နှင့် ကျွန်တော်ထိပ်တိုက်တိုးလေပြီ။ အမှားမခံသော အခြေအနေဖြစ်၍ အင်အားကိုချိန်ဆကြည့်သော် တုံ့ပြန်နိုင်သည့် အနေအထားမရှိသည့် အဆုံးဘဏ်ကတ်အတွင်းမှငွေ အကုန်ထုတ်ပေးမည်ဟု ခြေဟန်လက်ဟန်ဖြင့် ညှိနှိုင်းလိုက်ရသည်။

ပိန်ပိန်ပါးပါး လူနှင့်အတူ အေတီအမ်စက်ရှိရာသို့ သွားနေချိန်တွင် ကျန်နှစ်ဦးကား ဇနီးနှင့် ကျော်ဝင်းဌေးတို့ကို သေနတ်ဖြင့် ချိန်ရင်းစောင့်ကျန်ရစ်သည်။ ဤသို့လျှင် အိမ်နှင့် မလှမ်းမကမ်းရှိ အေတီအမ်စက်မှ ဘဏ်လက်ကျန်ငွေ ထိုင်းဘတ်ခြောက်သောင်းကို ထုတ်ပေးလိုက်ရတော့၏။ ကျွန်တော်တတ်နိုင်သည်မှာ သူတို့အသုံးပြုခဲ့သော ကားနံပါတ် ကိုအတိအကျမှတ်သားထားလိုက် နိုင်ရုံသာ ဖြစ်သည်။ နာကြည်းခံ ပြင်းမှုနှင့် ရှက်စိတ်ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမျှ အသိမပေးခဲ့ချေ။ ယုတ်စွအဆုံး ကိုသက်ခိုင် ဖူးခက်မှာရှိနေသည်ကို သိလျက်နှင့် ဖုန်းမဆက်ဖြစ်ခဲ့။

ထိုဇာတ်လမ်းသည်ဤတွင် နိဂုံးတံခဲ့ပြီဟုသာကျွန်တော်ထင်မှတ်ခဲ့သော်ငြား နောက်တစ်နေ့ညနေတွင် ကျွန်တော့်အိမ်နှင့် တစ်ကီလိုမကွာဝေးသည့် လမ်းမပေါ်မှာ ထိုကားဟွန်ဒါစီဗစ်ကို အမှတ် မထင်တွေ့လိုက်ရသည့်အခါ ကိုသက်ခိုင်ကို အကျိုးအကြောင်း ဖုန်းဆက်မိသည်။ နာရီဝက်အတွင်း ကိုသက်ခိုင်တစ်ယောက် သူ့မိတ်ဆွေ ထိုင်းရဲဗိုလ်မှူးချင်ချိုင်းနှင့်အတူ ကျွန်တော့်အိမ်သို့ ပေါက်ချလာလေတော့သည်။

ချင်ချိုင်းနှင့်ကိုသက်ခိုင်သည် ကျွန်တော်ခင်းပြသော နောက်ကြောင်းပြန်ဇာတ်လမ်းကို သေချာ နားစိုက်ထောင်ကြရင်း ချက်ချင်းဆိုသလို အဆိုပါ ကားရှိရာသို့ ခေါ်ဆောင်သွားပြီး သေချာကြောင်း အတည်ပြုစေ၏။ကား ခေါင်းခန်း ဒက်ရှ်ဘုတ်ပေါ်မှ ကော်ရုပ်ကလေးသည် မနေ့ကကဲ့သို့ပင် ခေါင်းတညိတ်ညိတ်ဖြင့် နှုတ်ဆက်နေသောကြောင့် ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။ ဆက်တိုက်ဆိုသလို ကျွန်တော်ငွေထုတ်ပေးခဲ့သည့် ဆဲဗင်းအလဲဗင်း အေတီ အမ်ရှိရာသို့ချီတက်ကြပြန်၏။ ဆဲဗင်းအလဲဗင်းငွေရှင်းကောင်တာမှ စီစီတီဗီကိုနောက်ပြန်ရစ်စေပြီး လိုအပ်သော အထောက်အ ထားတို့ကိုအသင့်ပါလာသည့် ကွန်ပျူတာသုံးစတစ် (Stick) ဖြင့် ကူးယူသည်။ မကြာမီထိုင်းဝိုင်ယာလက်ကားတစ်စီး ထိုးဆိုက်လာတာထိုကားကိုရှာဖွေပုံစံဖြင့် သိမ်းဆည်း၏။ အဆိုပါ ကားပိုင်ရှင်မှာ ထိုင်းအမျိုးသမီးဖြစ်ပြီး ထိုကိစ္စနှင့် သူမပတ်သက်ကြောင်း ငြင်းဆို နေသည်ဟု ကျွန်တော်ခန့်မှန်းမိသည်။ ကိုသက်ခိုင်ကားအံ့မခန်းခြေလှမ်းကျဲလှသည်။

ကားဘေးမှာ ရပ်နေသော ကိုသက်ခိုင်သည် ရုတ်တရက် ချင်ချိုင်းအား တစ်စုံတစ်ရာလှမ်းပြောလိုက်သည်။ ထို့နောက်တွင်ကား ကျွန်တော်နေထိုင်ရာ အမ်မခန်ရပ်ကွက်အတွင်း ခြေချုပ်ပုဒ်မခံဝန်ဖြင့် နေရသည့် လူဆိုးစာရင်းဝင်တို့၏ အိမ်များသို့ ဝင်ရောက်မွှေနှောက်တော့သည်။ အချို့လူဆိုးစာရင်းဝင်တို့မှာ အိပ်ရာထဲမှ အကြမ်းပတမ်းဆွဲထုတ်ခြင်းခံရသည်အထိ ဖြစ်၏။ တစ်ယောက်ချင်းကျွန်တော့်ကို ပြသသော်ငြား ကျွန်တော့်အိမ်ကို ဝင်မွှေခဲ့သည့် ကိုယ်တော်တို့ကိုကား မတွေ့ရချေ။

ဤသို့လျှင် ရဲစခန်းမှ အမှုဖွင့်ခြင်း၊ တရားလိုကျွန်တော်၊ သက်သေအဖြစ် ဇနီးသည်နှင့် ကျော်ဝင်းဌေးတို့ကို စစ်ဆေးပြီးသည့် အချိန်တွင်ကား ညဉ့်လယ်တိုင်ခဲ့ပြီ။ ရဲစခန်းမှ အိမ်အပြန်တွင် ကားပေါ်မှာ ကိုသက်ခိုင်က ယတိပြတ်ကောက်ချက်တစ်ခုကိုချရာ ကျွန်တော်အတော် အံ့အားသင့်သွားရသည်။

"ခင်ဗျားအိမ်ကို ဝင်တိုက်တဲ့ ဓားပြတွေကို ခင်ဗျားဆိုင်ဘေးကဘလက်ဆိုတဲ့ နှုတ်ခမ်းမွေးနဲ့ကောင် လက်ထောက်ချတာပဲ ကိုမင်းဒင်"

"သေချာမှ လုပ်ပါဗျာ။ ခင်ဗျားနောက်က ပါနေလို့သာ ကျွန်တော်ရဲစခန်းကို လိုက်လာခဲ့တာ။ ကျွန်တော်ကတော့ ပြီးတာ ပြီးပါစေတော့လို့သာသဘော ထားလိုက်ချင်တော့တယ်။ တော်တော်စိတ်ပျက်ဖို့ ကောင်းတဲ့တိုင်းပြည်ဗျာ"

"သိပ်လည်း စိတ်ဓာတ်မကျပါနဲ့လေ။ ဒီဓားပြမှုကို ထောက်ချင့်ကြည့်ရင် ခင်ဗျားဖူးခက်မှာ သူဌေးစာရင်းဝင်ပြီဗျ။ စူပါချိသူဌေးတောင် သူ့ဆိုင်ကြီးဖွင့်ခါစက ဘဏ်ကိုငွေသွင်းဖို့ အသွားမှာ ရိုက်အလုခံရဖူးသတဲ့။ ဒါထိုင်းလူမျိုးချင်းနော်"

"ဩော် စူပါချိပိုင်ရှင် သူဌေးလည်းဒီအဖြစ်မျိုးကြုံရသကိုး"

**အချပ်ပို** (A3) **သို့**

# ရှက်တတ်ရင် ဆက်မဖတ်နဲ့တော့

**မောင်သာချို**

(တစ်)

ထိုင်းနိုင်ငံ၏တောင်ဘက်အကျဆုံးအစွန်အဖျားမြို့တော်ဖူးခက် (phuket)၊ ပြည်မကြီးနှင့်ဆာယက်ဆင် (sarasim)ဟုသည့်တံတားတစ်စင်းတည်းနှင့်သာဆက်သွယ်ထားပြီး ထိုတံတားမရှိတော့လျှင် လေကြောင်းမှတစ်ပါးမည်သို့မှအဆက်အသွယ်လုပ်လို့မရနိုင်တော့သည့်ဖူးခက် (phuket)၊ ရေပတ်လည်ဝိုင်းထားသောပင်လယ်ထဲကကျွန်းဖြစ်သည့်အတွက် ကမ်းခြေ(Beach)တွေကကျွန်းပတ်ပတ်လည်ကိုဝိုင်းထားပေရာ ပင်လယ်ကမ်းခြေပေါင်းငါးဆယ်ဝန်းကျင်ပိုင်ဆိုင်ထားသည့် ဖူးခက် (phuket)၊ မြန်မာနိုင်ငံသား လေးသိန်းနှင့်အထက်အလုပ်လုပ်နေကြရာ ဖူးခက် (phuket)၊ ကမ္ဘာလှည့်ခရီးသည်တွေ ကြိတ်ကြိတ်တိုး၊ ဖွေးဖွေးလှုပ်လာရောက်အပန်းဖြေကြရာ ဖူးခက်(phuket)၊ လျှပ်စစ်မီးမပြတ်သောဖူးခက် (phuket)၊ အဖု၊ အထစ်၊ အချိုင့်အခွက် မရှိနက်မှောင်တောက်ပြောင်လှစွာသော နိုင်လွန်ကတ္တရာလမ်းတွေရစ်ခွေယှက်သိုင်းထားသည့် ဖူးခက် (phuket)၊ရောမ Super Market ကြီးတွေနှင့်ဖူးခက် (phuket)။

ဖူးခက်နေမိတ်ဆွေများကဖူးခက်ကိုရောက်မှဖြင့်ရှိုးပွဲ(show)ကလေးတော့ကြည့်သွားဦးဟုဖိတ်မန္တကပြုလာပါသည်။ရှိုးပွဲတဲ့။ ဘာရှိုးပွဲများပါလိမ့်။ သူတို့မျက်နှာပေါ်၌ဖြတ်ပြေးသွားသောပြုံးရိပ်ပြုံးယောင်အစအနကလေးများကိုဖျတ်ခနဲဖတ်ရှုလိုက်ရုံနှင့် မည်သို့သောရှိုးပွဲမျိုးဖြစ်လေမလဲဆိုသည်ကို မှန်းဆ၍ရပြီးဖြစ်ပါသည်။ လူတွေအတွက် အသက်ဘယ်လို ရှင်သန်ကြရှာလေသလဲ။ တစ်ဝမ်းတစ်ခါးရပ်တည်နိုင်ရေးအတွက် လူသား၏ဂုဏ်သိက္ခာနှင့် အရှက်တရားကိုမည်မျှအထိအပွန်းအပဲ့ခံကြရှာလေသလဲ။

သည့်အတွက် ရှိုးပွဲကိုလိုက်ဖို့ဆုံးဖြတ်မိခြင်းဖြစ်ပါသည်။

(နှစ်)

သည်လိုပွဲတွေ၊ သည်လိုနေရာမျိုးတွေ၌ရှိတတ်ကြောင်းကိုစာတွေ့ကတော့ မကြာခဏဖတ်ဖူးပါသည်။ ဇော်နတ်ဇော်အမည်ဖြင့် ချစ်မိတ်ဆွေ ဒေါက်တာဇော်မင်းအင်္ဂလိပ်ဘာသာမှတစ်ဆင့် ထိုင်းဝတ္ထုတိုတစ်ပုဒ်ဘာသာပြန်ဖူးပါသည်။ ရောင်းရင်းကြီးကိုမင်းဒင်လည်း သူ့'မင်းဒင်ရဲ့သက်ခိုင်'စာအုပ်တစ်နေရာ၌'နတ်မိမယ်တို့ပျော်စံရာ'ဟူသောခေါင်းစဉ်ခွဲဖြင့် ထည့်သွင်းမှတ်တမ်းတင်ခဲ့ဖူးပါသည်။ ခုတော့ဖြင့်နဖူးတွေ့ဒူးတွေ့။

ရှိုးပွဲကျင်းပရာအဆောက်အအုံက တက္ကသိုလ်ကျောင်းရှိစာသင်ခန်းတစ်မျိုးဖြစ်သော သီရေတာ (Theatre)နှင့်တော်တော်ကိုဆင်ပါသည်။ နောက်ဆုံးတန်းကအမြင့်၊ ရှေ့ဆုံးတန်းကအနိမ့်။ ဇာတ်ခုံ(stage)က ဆယ်ပေပတ်လည်ခန့်ရှိပြီး နှစ်ပေလောက်ပဲမြင့်သဖြင့် ဇာတ်ခုံပေါ်ကကိစ္စဝိစ္စများကို ကွက်ကွက်ကွင်းကွင်းမြင်နေရသည့် အခင်းအကျင်းဖြစ်ပါသည်။ ထိုင်ခုံများက ဇာတ်ခုံကို ဂ-ငယ်ပုံစံဝိုင်းထားပြီး ရှေ့ဆုံးခုံနှင့်ဇာတ်ခုံကြားမှာ သုံးလေးပေသာခြားပါသည်။ ဇာတ်ခုံ၏ရှေ့မျက်နှာစာတွင် ရေချိုးဇလားကြီးက တစ်ခု။

မမြင်သင့်၊ မမြင်အပ်သည့်အရာများကို ပြစားသည့်ပွဲပေမို့ ဇာတ်ခုံပေါ်မှာမည်သည့်အကာအရံမှမရှိ။ အသုံးတော်ခံမည့်သူများထွက်၍ထွက်၍လာကြရာ ဇာတ်ခုံအနောက်ဘက်အခန်းကိုသာ ခန်းဆီးတစ်ခုဖြင့်ကာထားပြီး ထိုခန်းဆီးကိုဆွဲဖယ်ကာ အဝင်အထွက်လုပ်နေကြခြင်းဖြစ်ပါသည်။ ဇာတ်ခုံ၏ဘယ်ညာတစ်ဖက်တစ်ချက်စီ၌ ဇာတ်ခုံမျက်နှာပြင်ပေါ်ကနေ မျက်နှာကြက်ဆီသို့ဖောက်ဝင်သွားသည့် သံမဏိတိုင်နှစ်ချောင်းရှိပါသည်။ မီးတွေကလင်းချည်မှောင်ချည်။ နောက်ခံတေးဂီတက တိုးတစ်ခါကျယ်တစ်လှည့်။

အဝင်အဝအပေါက်ကဝန်ထမ်းကပွဲကြည့်သူတိုင်းကိုနိုင်ငံကူးလက်မှတ်ပြခိုင်းပါသည်။ သဘောက နိုင်ငံခြားသားများသာဝင်ရောက်ခွင့်ရှိသည်ဆိုသည့်သဘော။ ထိုင်းနိုင်ငံသားမှန်လျှင်မဝင်ရဆိုသည့်အဓိပ္ပာယ်။ လက်ကိုင်ဖုံးတွေ အပေါက်ဝမှာထားခဲ့။ ကင်မရာတွေအပေါက်ဝမှာချန်ခဲ့။ လက်မှတ်ပေါ်၌ ဘတ် ၂,၅၀၀ ရေးထားပေရာ လူတစ်ယောက်မြန်မာငွေ ၇၅,၀၀၀ ကျပ်ပေးမှကြည့်ရသည့်ပွဲ။

(သုံး)

ရှက်တတ်လျှင်ကျော်ဖတ်ဖို့မေတ္တာရပ်ခံလိုပါသည်။ မျက်စိတို့နားတို့ခံသာအောင်မည်ကဲ့သို့ရေးပြရမလဲဆိုသည်ကို စဉ်းစားမရနိုင်ပါ။

အမျိုးသမီးငယ်သုံးဦးထွက်လာကြပါ၏။ အလယ်ကအမျိုးသမီးက ကိုယ်လုံးတီး။ ဝဲယာတစ်ယောက်စီက အတွင်းခံဘောင်းဘီမျှသာ။ ကိုယ့်ကိုယ်ကိုယ်ပွတ်သပ်တွန့်လိမ်လျက်၊ သံမဏိတိုင်ကိုဖက်ကာ ကိုယ်ကာယအလှပေါ်လွင်အောင် တစ်ပတ်လည်ပြလျက်၊ အတွင်းခံဘောင်းဘီဝတ်ထားသူနှစ်ဦးက ဆွဲချွတ်ပြလျက်တင်ဆက်သွားသည့်မြင်ကွင်း။

အမျိုးသမီးငယ်နှစ်ယောက်ကိုယ်လုံးတီးထွက်လာကြပြန်ပါ၏။ ကိုယ်ဟန်ပြကြပြီးနောက်သူတို့၏မိန်းမကိုယ်ထဲ၌ထည့်ထားသည့် ဘလိတ်ဓားများမှာ ကြိုးဖြင့်သီပြီးထည့်ထားခြင်းဖြစ်ရာ ထိုဘလိတ်ဓားကြိုးတန်းကြီးကို ကျန်လုံးတီးပျိုနှစ်ယောက်ကဆွဲထုတ်ပြီး ပရိသတ်ထဲသို့ဆင်းလာသည့်မြင်ကွင်း။

အမျိုးသမီးနှစ်ယောက်ကကိုယ်လုံးတီးထွက်လာသည်။ ထို့နောက် မိန်းမကိုယ်ထဲသို့ ပိုက်လုံးခပ်ရှယ်ရှယ်ကိုထိုးထည့်သည်။ ထိုပိုက်လုံးထဲသို့မြားတံကိုတစ်ချောင်းပြီးတစ်ချောင်းထည့်ကာ ကော့၍ကော့၍ ညှစ်ပြီးပစ်သည်။ ကျန်သုံးလေးယောက်က ပူဖောင်းများကိုကိုင်ကာ ဇာတ်ခုံတစ်နေရာ၌ရပ်နေရာ မြားမှန်သည့်ပူဖောင်းတို့ တဖောင်းဖောင်းပေါက်သည့်မြင်ကွင်း။ မှန်သည်လည်းရှိ၊ မမှန်သည်လည်းရှိ။

အမျိုးသမီး နှစ်ယောက်ကိုယ်လုံးတီးထွက်လာကြပြန်ပါသည်။ လက်ထဲတွင် ငှက်ပျောသီးကလေးတွေနှင့်။ ပထမတော့ စားပြပါသည်။ ထို့နောက်တွင်ကား မိန်းမကိုယ်ထဲသို့ တစ်လုံးပြီးတစ်လုံးထည့်ကာ ညှစ်၍ပစ်ပြပြန်ပါသည်။ အဖွဲ့သားများက ပစ်လွှတ်လိုက်သောတိုက်ချင်းပစ်ငှက်ပျောသီးများကို ပလတ်စတစ်ခြင်းကလေးများဖြင့်လိုက်လံခံယူသည့်မြင်ကွင်း။ ရသည်လည်းရှိ၊ ကျသည်လည်းရှိ။

အမျိုးသမီးနှစ်ယောက်ကိုယ်လုံးတီးထွက်လာကြပြန်ပါသည်။ မီးခြစ်ကိုယ်စီ၊ စီးကရက်ကိုယ်စီနှင့်။ ကိုယ်ဟန်အမျိုးမျိုးနှင့် စီးကရက်ကိုမီးညှိသောက်ပြပြီးသည့်နောက် ခြေအစုံကိုကားကာ မိန်းမကိုယ်ထဲသို့ စီးကရက်ထည့်ပြီး မီးခိုးထောင်းထောင်းထအောင်ဖွာပြသည့်မြင်ကွင်း။

မိန်းမလျာ တစ်ဦးကမူ အနည်းငယ် မှောင်ထားသည့်ဇာတ်စင်ကြမ်းပြင်ပေါ်၌ မီးစုန်းဖြင့်လင်းနေသောစားပွဲတင်တင်းနစ်အရွယ်ဘောလုံးကလေးများကိုမစင်ပေါက်ထဲသို့ထည့်ကာ တစ်လုံးချင်းပစ်ပြန်ပါသည်။ ယင်းကိုခြင်းဖြင့်လိုက်ခံသည့်မြင်ကွင်း။

မိန်းမပျိုက ကလေးဆော့သည့်အိုးစည်ကိုကိုင်ထား၊ လုံးတီးယောက်ျားက မတော်သင့်အရာဖြင့် ယင်းအိုးစည်ကိုဗြောင်းဆန်အောင်တီးပြ။ ယောက်ျားတန်ဆာဖြင့် ရှစ်ပေါင်လေးသည့်ကွန်ကရစ်တုံးကိုမ,ပြ။ ကျား၊ မစုံတွဲထွက်လာကြကာ လင်မယားကိစ္စ ကမ်းကုန် အောင်ဖြစ်နေပုံများကိုပြသ။ ရေချိုးဇလားကြီးထဲတွင် လုံးတီးပျိုက ကိုယ်ဟန်အလှဖော်ကာရေချိုးပြ။ အမျိုးသမီးနှင့်မခြားအလှကြွယ်သူက ကိုယ်ဟန်အမျိုးမျိုးပြပြီးကာမှ အတွင်းခံဘောင်းဘီကို ချွတ်ချလိုက်ကာ ယောက်ျားဖြစ်ကြောင်းပြသ။ ဝန်ထမ်းယောက်ျားပျို နှစ်ယောက်ကမူပြကွက်တစ်ခုပြီးသွားလေတိုင်း ဇာတ်ခုံကြမ်းပြင်ကို တလိမ့်တုံးဖြင့်လိုမ့်လိုမ့်ပြီး သန့်ရှင်းရေးလုပ်ပါသည်။

အရေးအကြီးဆုံးတစ်ချက်မှာ ထိုပွဲ၌ကပြအသုံးတော်ခံနေသူတွေအားလုံး ဇာတ်ခုံပေါ်ရှိမီးရောင်အောက်၌မျက်နှာကလေးတွေပြုံးချိုနေသော်လည်း ပြကွက်အပြင်သို့ရောက်သွားသည်နှင့် မျက်နှာထားတွေအားလုံးတင်းမာခက်ထန်သွားကြခြင်းဖြစ်ပါသည်။

ငွေ၊ ငွေ၊ ငွေ။ ထမင်း၊ ထမင်း၊ ထမင်း။ ပျော်လွန်းလို့အသုံးတော်ခံနေတာမဟုတ်။ စားဖို့၊ သောက်ဖို့၊ အသက်ရှင်ဖို့။ လူတွေဟာ သည်လောက်အထိအောက်ကိုဆင်းပြီး ကိုယ့်ကိုယ်ကိုယ်ခင်းကျင်းကာ ထမင်းရှာစားကြရကုန်ပြီလား။ မြက်မြက်ကလေးရလို့ဆိုခဲ့ရင်ကော ဘယ်လောက်အထိ ပမာဏများပြားတဲ့မြက်မြက်ကလေးပါလိမ့်။

(လေး)

ရှိုးပွဲဝန်ထမ်းတို့က ကျားကျား၊ မမ မြန်မာနိုင်ငံကချည်းပဲများပါသည်။ လက်မှတ်ရောင်း၊ လက်မှတ်သိမ်း၊ ပစ္စည်းစစ်၊ နေရာချ။

ဖိုမကိစ္စခင်းကျင်းပြသနေတာလင်မယားလားဟုမေးမိတော့ ဆရာကလည်းလင်မယားပေါ့တဲ့။ လင်မယားမဟုတ်ဘဲ ဘယ်လိုလုပ်ပြလို့ရမလဲတဲ့။ တစ်နေ့တစ်နေ့ သုံးပွဲမျှပြသနေရခြင်းဖြစ်ရာ ဘယ်လိုလုပ်ပြီးအခုလိုဟု မေးခွန်းကို တန်းလန်းကြီးထားလိုက်လေသောအခါ ဆေးပေါ့ဆရာရယ်တဲ့။ စားဆေး၊ ထိုးဆေး၊ လိမ်းဆေးတဲ့။

ရင်ထဲမှာပျော်စရာမကောင်းပါဘူး။ ကြေကွဲစရာကြီးပါ။ ဘယ်သူတွေကဒါကိုအရသာခံလို့ကြည့်ကြလေသလဲ။

"အနောက်ကမ္ဘာလူတွေနဲ့ဥရောပသားတွေကတော့ သိပ်မလာဘူးဆရာရဲ့။လာမိရင်လည်းနည်းနည်းကြည့်ပြီးတာနဲ့ပြန်ထွက်သွားတာများတယ်"

ဒါဆိုဘယ်သူတွေအလာများသလဲဟုမေးမိတော့ ကမ္ဘာ့အင်အားကြီး လက်ဝဲနိုင်ငံနှစ်ခု၏ အမည်နှင့် အရှေ့တိုင်းနိုင်ငံတစ်ခု၊ နှစ်ခု၏ အမည်ကိုပြောပါသည်။ အံ့သြစရာကောင်းလိုက်တာ။

ကျွန်းပတ်ပတ်လည်မှာ ပင်လယ်လှိုင်းတွေနဲ့ဝုန်းဒိုင်းကြနေတဲ့ ဖူးခက်ရေ။ ခရီးတစ်ထောက်နားသူညှော်သည် တချို့ရဲ့ ရင်ထဲမှာလည်း ဝုန်းဒိုင်းတွေကြခဲ့ပါပေါ့။



*ထိုင်းနိုင်ငံ ဖူးခက်မြို့၏ ညမြင်ကွင်းတစ်ခု*

ဓာတ်ပုံ–Thailandtravel

7 ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုး၊ ကျော်သူမောင်၊ ပြည့်ပြည့်ဖြိုး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ အောင်သစ်လွင်၊ ငြိမ်းချမ်း၊ ရဲနောင်၊ ခန့်ထက်၊ ဆွေမွန်၊ ဖွဲ့ညာဏ်၊ ခိုင်ခိုင်စိုး၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ ချစ်ဝိုင်း၊ ဖွဲ့မာန်၊ ဇော်မျိုးလှိုင်၊ နိုင်လင်းအောင်၊ ငူလ်ရှင်းကျင်း |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း၊ နစ်ကီ |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ၊ အေးမွန်ရာပြည့် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | မေတင်ဇာဦး၊ ထွန်းသိန်းမြင့်၊ မူမူမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း၊ အောင်ကောင်းမြတ် |
| သုတေသန | နှင်းနုထွေး |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး၊ ရတနာပြည့်ဖြိုး၊ သင်းယုနွယ် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် (၀၃၈၀၄) ၄၉၇၊ ဂျီ-၁၂၊ပြည်လမ်း၊ ကမာရွတ်။ |
| ပုံနှိပ်သူ | ဒေါ်မိုမိုအိ သုဝဏ္ဏသိဒ္ဓိ (၁၂၁၁) ၂၁၊ ပဒုမ္မာလမ်း၊ စမ်းချောင်း။ |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၁၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre Building (E)
ပထမထပ်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# အသက်ငင်လျက်ရှိသော ပြည်သူ့အိမ်ရာစီမံခန့်ခွဲမှု

**မြင့်မိုရ်ဆွေ**

မြန်မာနိုင်ငံ၏ မြို့ပြအိမ်ရာဖွံ့ဖြိုးမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် အဓိကကျသည့် အခြေခံအချက်နှစ်ရပ်ကို တွေ့မြင်နိုင်၏။ ပထမအချက်မှာ မြန်မာနိုင်ငံ အိမ်ရာဖွံ့ဖြိုးမှုသည် ဒုတိယကမ္ဘာစစ်တည်းဟူသော မီးတောက်မီးလျှံကြီး ဝါးမျိုခံရပြီးနောက် ပြာပုံထဲမှ တိုးထွက်လာသော နှင်းဆီပွင့်နှင့်အလား တူညီ၏။ ဒုတိယအချက်မှာ မြန်မာနိုင်ငံ အိမ်ရာဖွံ့ဖြိုးမှု၏ နိဒါန်းအစ ပထမသည် အငှားအိမ်ရာ (Rental Housing) ပင်ဖြစ်၏။

ဒုတိယကမ္ဘာစစ်ကြောင့် ပြည်သူများစွာတို့၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးခဲ့၏။ မိသားစုဘဝပြိုကွဲခဲ့၏။ ပြည်သူတို့ဒုက္ခိတဘဝရောက်ခဲ့ရ၏။ လူနေအိမ်ခြေများပျောက်လွင့်၍ အိမ်ရာမဲ့ဘဝသို့ရောက်ရှိခဲ့၏။ မပျက်မစီးကျန်ရှိသော အိမ်ရာအများစုမှာ လူမျိုးခြားတရုတ်၊ ကုလား လက်ဝယ်ရှိနေ၏။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် မြန်မာပြည်သူတို့သည် ပြည်ပအကူအညီမပါဘဲ ဖ.ဆ.ပ.လ အစိုးရ၏ ဦးဆောင်မှုဖြင့် ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ခဲ့ကြ၏။ အိမ်ရာဆောက်လုပ်ရေးသည် တော်လှန်ရေးကောင်စီအစိုးရလက်ထက်အထိ ဝန်ကြီးဌာနအဆင့်ရှိခဲ့၏။ ဖွဲ့စည်းပုံအရ ဝန်ကြီးဌာနအဆင့်တွင် ပြည်သူ့လုပ်ငန်းနှင့် အိမ်ရာဆောက်လုပ်ရေးဝန်ကြီးဌာနဟူ၍ ဖွဲ့စည်း၏။ အမျိုးသားအဆင့်ဌာနကြီး (National Level Institution)အဖြစ် နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ကို ဖွဲ့စည်းထူထောင်ခဲ့၏။ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပဲခူးမြို့၊ ပြည်မြို့၊ ပုသိမ်မြို့၊ မကွေးမြို့၊ မြင်းခြံမြို့၊ စစ်ကိုင်းမြို့၊ မင်းတပ်မြို့၊ ဖလမ်းမြို့၊ မြစ်ကြီးနားမြို့၊ တောင်ကြီးမြို့၊ လွိုင်ကော်မြို့၊ ဘားအံမြို့၊ စစ်တွေမြို့၊ ကျောက်ဖြူမြို့၊ မော်လမြိုင်မြို့ စသည့်တိုင်းရင်းသားညီအစ်ကိုမောင်နှမများနေထိုင်ရာမြို့ကြီးများအားလုံးလိုလိုတွင် အိမ်ရာများအလုံးအရင်းနှင့် ဆောက်လုပ်ခဲ့၏။ လွတ်လပ်ရေးရရှိပြီး ဆယ်စုနှစ်တစ်စုမျှကာလအတွင်း နိုင်ငံတစ်ဝန်းတွင် အိမ်ရာနှင်းဆီပန်းခင်းကြီးက ရောင်စုံဖြန့်ကြက်လွှမ်းမိုးခဲ့၏။လာခြင်းကောင်းသောအိမ်ရာဖွံ့ဖြိုးမှုပန်းခင်းကြီးပေတည်း။




ဒုတိယဝိသေသ အခြေခံအကြောင်းတရားမှာ အထက်ပါဒေသအသီးသီး၌ ဆောက်လုပ်ခဲ့သမျှအိမ်ရာအားလုံးသည် ဝင်ငွေအလယ်အလတ်၊ ဝင်ငွေနည်းပြည်သူများနှင့် ဝန်ထမ်းများအတွက် အိမ်လခသက်သာသည့်ငှားရမ်းအိမ်ရာများသာဖြစ်လေ၏။ ရန်ကုန်မြို့တွင် ရန်ကင်း၊ လမ်းသစ်(လမ်းမတော်)၊ (၅၁) လမ်း (ဗိုလ်တထောင်)၊ ပြည်တော်သစ်(ပုဇွန်တောင်)၊ အောင်ဇေယျ(အလုံ)စသဖြင့် ထိုခေတ်ကာလ နိုင်ငံတကာအဆင့်မီအိမ်ရာစခန်းများ (Housing Estate) ထူထောင်ခဲ့၏။ နောင်တွင် စင်ကာပူမှ ပညာရှင်များကပင် လာရောက်လေ့လာခဲ့ရ၏။ ထူးခြားသည်မှာ ကျူးကျော်များအတွက် ရန်ကုန်မြို့လယ်တွင် ဖ.ဆ.ပ.လ တန်းလျား(ကန်တော်ကလေး)၊ မင်းမနိုင်တန်းလျား (ဦးဝိစာရ)၊ ရန်ကင်းတန်းလျား၊ ဆယ်သိန်းတန်းလျား(သဃ်န်းကျွန်း)စသည့် ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊ အခန်း(၁)ခန်း (Multipurpose Room)သာ ပါဝင်သောငါးခန်းတွဲတန်းလျားများကို တစ်လလျှင် အိမ်ငှားခလေးကျပ်ဖြင့် ချထားပေးနိုင်ခဲ့ခြင်းဖြစ်၏။သီးခြားရပ်ကွက်များအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်၏။ သွပ်မိုးတန်းလျားများကို ၁၅ နှစ်ခန့်အထိ ယာယီအငှားအိမ်ရာ (Temporary Housing Unit) များအဖြစ် ချထားပေးပြီးနောက် အချို့ကို အဆိုပါမြေနေရာ၌ အသစ်ပြန်လည်ဆောက်လုပ်သည့် တိုက်ခန်းများသို့လည်းကောင်း၊ အချို့ကို မြို့သစ်များသို့လည်းကောင်း ပြောင်းရွှေ့နေရာချထားပြီးမှ ဖျက်သိမ်းခဲ့သည်မှာ လွန်စွာစနစ်တကျရှိခဲ့သော အိမ်ရာနည်းဗျူဟာ (Housing Strategy)တစ်ရပ်အဖြစ် မှတ်သားသင့်၏။

အထက်ပါအငှားအိမ်ရာများ၏ အဓိကရည်ရွယ်ချက်မှာ "အမြတ်မယူ အရှုံးမရှိ" (No Profit, No-Lost)ဟူသောမူဖြင့် အိမ်ရာလိုအပ်ချက်ဖြည့်ဆည်းရေးကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်၏။ အိမ်တန်ဖိုးကို (၇၅) နှစ်အရင်းကျေစနစ်ဖြင့်တွက်ချက်ပြီး အိမ်ရာစီမံခန့်ခွဲမှုစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ်ထည့်သွင်း၍ ငှားရမ်းခသတ်မှတ်ကောက်ခံခဲ့၏။ အိမ်ရာစခန်းတိုင်းတွင် ပန်းခြံ၊ ကလေးကစားကွင်း၊ ဘောလုံးကွင်း၊ စာသင်ကျောင်း၊ မီးတားကွင်း (Fire Escape)၊ ကွက်လပ် (Open Space)၊ အမှိုက်စွန့်ရန်နေရာ၊ ယာဉ်ရပ်နားရန်နေရာ၊ အိမ်ရှေ့မြေပို (Extra-Land)၊ လူသွားစင်္ကြံစသည်တို့အားလုံး နီးပါးစနစ်တကျပါဝင်၏။ ဂျိုးဖြူရေမရလျှင် သီးခြားအဝီစိတွင်းတူး၍ ရေပေးစနစ်၊ ရေစက်စသည်များပါဝင်၏။ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများလည်းသီးခြားပါဝင်၏။ အချို့အိမ်ရာစခန်းတွင် မူကြိုကျောင်း၊ စာတိုက်၊ ရဲစခန်း၊ ဈေး၊ တင်းနစ်ကစားကွင်း စသည်တို့ပင် ပါဝင်၏။ စင်ကာပူအိမ်ရာဖွံ့ဖြိုးရေးဘုတ်အဖွဲ့ (Housing Development Board)၏ အိမ်ရာစီမံကိန်းများသည် မြန်မာနိုင်ငံထက် အနှစ် (၂၀)ခန့် နောက်ကျခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်၏။

၁၉၆၆ ခုနှစ်တွင် လုပ်အားပေးမြို့တော်ဟူသာ သုဝဏ္ဏမြို့သစ်ကို တည်ဆောက်လိုက်သေး၏။ Multiple Housing ဟုဆိုအပ်သော လုပ်အားပေးစနစ်ဖြင့် ချထားပေးခဲ့သောအငှားအိမ်ရာများသာမက တစ်ထပ်လုံးချင်း၊ နှစ်ထပ်ခန်းနှစ်ခန်းတွဲ၊ တစ်ထပ်နှစ်ခန်းတွဲ စသည့်စုပေါင်းအိမ်ရာများပါရောနှော၍မြို့သစ်အဖြစ်တည်ဆောက်ခဲ့သေး၏။ နောင်သောအခါ ဗိုလ်ချုပ်ရွာပါ ဝင်ရောလိုက်ပြန်၏။

အိမ်ရာစခန်းတိုင်းတွင် စခန်းသာယာရေးကော်မတီဟူ၍ဖွဲ့စည်းပြီး လူမှုရေး၊ သာရေး၊ နာရေး၊ မြေယာရှုခင်းနှင့် မြေလွတ်များထိန်းသိမ်းရေး၊ အိမ်ရာပြင်ဆင်ထိန်းသိမ်းရေးကိစ္စများကို ဆောင်ရွက်စေခဲ့၏။

**စာမျက်နှာ(၃၂) သို့**

# Business

7 DAY NEWS JOURNAL

Vol.13, No.11 • MAY 21 , 2014



ရန်ကုန်မြို့စွန်တစ်နေရာကိုတွေ့ရစဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# အခွန်နှုန်းထားသစ်ကြောင့် မြို့စွန်ပါမစ်မြေများ အရောင်းအဝယ်ဖြစ်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ-၁၈**

အခွန်နှုန်းထားသက်သာမှုကြောင့် တန်ဖိုးကြီးမြေကွက်များထက် ရန်ကုန်မြို့စွန်မြို့နယ်များမှ ပါမစ်မြေကွက်များအရောင်းအဝယ်ပိုဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

"အခွန်နှုန်းထားသစ်က တန်ဖိုးနည်းမြေတွေ၊ အိမ်တွေအတွက် အခွင့်အရေးပေးထားသလိုဖြစ်နေတော့ အရောင်းအဝယ်ရှိနေတာပါ"ဟု မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးသန်းဦးက ပြောသည်။

လက်ရှိအိမ်ခြံမြေဈေးကွက်သည် ဒဂုံတောင်၊ ဒဂုံအရှေ့၊ ဒဂုံဆိပ်ကမ်းမြို့နယ်များမှ ပါမစ်မြေကွက်များသာအရောင်းအဝယ်ရှိနေပြီး တန်ဖိုးမှာလည်း ကျပ်သိန်း ၅၀မှ သိန်းတစ်ထောင်ကြားသာအရောင်းအဝယ်ရှိသည်။

တန်ဖိုးကြီးမြေကွက်များမှာ အခွန်နှုန်းထားပြောင်းလဲသော်လည်း တစ်ကြိမ်သာရောင်းဝယ်ခွင့်ပြုခြင်း၊ တစ်ပေပတ်လည်စံနှုန်းများပြန်ပြောင်းသတ်မှတ်မည်ကို စောင့်နေခြင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများအင်တိုက်အားတိုက်ဝင်ရောက်မှုများမရှိခြင်းတို့ကြောင့်အရောင်းအဝယ်မရှိသလောက်အေးနေကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

"အိမ်ခြံမြေကအရောင်းရော၊ အငှားရောအေးလာပြီ။ အရင်ကလိုဈေးကွက်တစ်ခုလုံးအငှားက ဦးမဆောင်နိုင်တော့ဘူး"ဟုကြယ်စင်လင်းအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးမင်းနိုင်ကပြောသည်။

မြန်မာနိုင်ငံမှ အိမ်ခြံမြေဈေးကွက်သည် ယခုနှစ်တွင်အရောင်းအဝယ်သိသိသာသာ ပြန်လည်အေးလာပြီး တန်ဖိုးကြီးမြေကွက်များမှာ အရောင်းအဝယ်မရှိသလောက်နည်းလာသည်။

အိမ်ခြံမြေရောင်းဝယ်ရာတွင် အခွန်နှုန်းထားမြင့်မားနေမှုကြောင့်အရောင်းအဝယ် အေးပြီး အခွန်ရှောင်မှုများရှိနေသည်ဟု အကျိုးဆောင်လုပ်ငန်းရှင်များက တင်ပြသဖြင့် အိမ်ခြံမြေရောင်းဝယ်အခွန်နှုန်းထားကို ဧပြီ ၁ရက်မှ စတင်ပြင်ဆင်ပေးခဲ့ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှဦးမင်းထွဋ်ကပြောသည်။

အိမ်ခြံမြေရောင်းဝယ်မှုမှာ ၂၀၁၃–၁၄ ဘဏ္ဍာနှစ်အတွက် အခွန်ငွေကျပ်သန်း ၁၀၀ကျော်ရရှိခဲ့ကြောင်း ၎င်းကဆိုသည်။ ပြည်တွင်းအိမ်ခြံမြေဈေးကွက်မှာ အရောင်းအဝယ် ပြန်ကောင်းလာသင့်သည့်အချိန်သို့ ရောက်လာသော်လည်း အိမ်ခြံမြေဈေးမြင့်သဖြင့် အရောင်းအဝယ်ဈေးကစားရန်ခက်ခဲကြောင်း အိမ်ခြံမြေအကျိုးဆောင်များက သုံးသပ်ပြောကြားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၅၉ | ၉၆၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၃ | ၇၇၃ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၁၀ | ၁၃၂၈ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၉. ၇၅ | ၂၉. ၉၀ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၅၂ | ၁၅၄ | ကျပ် |

၂၀၁၄ မေ ၁၇ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀.၅၉၄၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀.၇၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁.၄၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆.၂၃၃၂ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၈.၅၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁.၂၅၀၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၂၃.၄၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃.၂၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၂.၄၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၃၂၀.၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၁၄၀.၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃.၇၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇.၇၅၂၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁.၀၆၇၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁.၁၅၉ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁.၀၈၅၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၄.၇၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃.၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၃.၅၀ |
| ရေနံစိမ်း | စည် | ၁၀၉.၇၂ |
| ငွေ | အောင်စ | ၁၉.၃၁ |
| ကြေးနီ | ပေါင် | ၃.၁၆ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄.၄၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၄ မေ ၁၇ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# ရွှေဈေးအကျဘက်သို့သာ ဦးတည်နေ



ရွှေဆိုင်တစ်ဆိုင်တွင် အရောင်းအဝယ်ပြုလုပ်စဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၉**

ယခုနှစ်တွင် ရွှေဈေးနှုန်းများ မြင့်တက်နိုင်သည်ဟု ဈေးကွက်ကျွမ်းကျင်သူ လုပ်ငန်းရှင်များက ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက ခန့်မှန်းခဲ့ကြသော်လည်း အကျဘက်ကိုသာ ဆက်လက်သွားနေဆဲဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူ လုပ်ငန်းရှင်အချို့ကဆိုသည်။

ရွှေဈေးနှုန်းများသည် ကျပ်ခုနစ်သိန်းအထိ ရောက်ရှိရန်ပင် မဖြစ်နိုင်သေးဘဲ ဈေးဆက်အေးနိုင်သော အနေအထားတွင်ရှိနေကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"အခုဈေးကွက်အတိုင်းဆို ရွှေဈေးက အများကြီးတက်လာနိုင်ချေမရှိသေးဘူး။ ဒီထက်ဆက်မအေးရင်တောင် ဒီဈေးလောက်မှာပဲ ရှိနေဦးမှာ"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင် ၁၃၀၀ ဒေါ်လာဝန်းကျင်ခန့်တွင် ဒေါ်လာ ၂၀ခန့်သာ အတက်အကျဖြစ်နေသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၆၆၅,၀၀၀ ဝန်းကျင်တွင်သာ ဈေးငြိမ်နေခဲ့သည်။

လတ်တလောတွင် ရွှေဝယ်စုထားသူ အများစုမှာ ဈေးဆက်အေးနိုင်သည်ဟူသောခန့်မှန်းချက်များဖြင့် ပြန်ရောင်းခဲ့ကြသဖြင့် ဈေးကွက်၌ပြန်ရောင်းအားများပြီး ဝယ်လိုအားကျဆင်းနေကြောင်း အပိုင်းဈေးကွက်မှ ရွှေကုန်သည်များက ပြောသည်။

"ဆိုင်တွေမှာလည်း ဒီရက်ပိုင်းက အဝယ်ထက် ပြန်ရောင်းတာက များနေတယ်။ ကမ္ဘာ့ဈေးက အကျဘက်ကို သွားနေတော့ ဆက်အေးဦးမယ်။ မှန်းပြီးထုတ်ကြတာလည်း ပါတယ်"ဟု ရွှေဆိုင်လုပ်ငန်းလုပ်ကိုင်နေသူက ဆိုသည်။

မေလ ၁၉ ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁၃၀၀ ဒေါ်လာ ဝန်းကျင်တွင် ရှိနေသဖြင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း တစ်ကျပ်သားလျှင် ကျပ် ၆၆၂,၀၀၀ ခန့်တွင် ရှိနေသည်။

# အမြင့်ကားများ အရောင်းအဝယ်အေး

**မိုးညို**

**ရန်ကုန်၊ မေ-၁၉**

ပြည်တွင်းကားဈေးကွက်အတွင်း အင်ဂျင်ပါဝါနိမ့် ကားငယ်လေးများသာ အရောင်းအဝယ်ဖြစ်နေပြီး စလစ်ဈေးနှုန်းကြီးမြင့်နေမှုများကြောင့် အမြင့်ပိုင်းကားများမှာ အရောင်းအဝယ်အေးစက်နေကြောင်း ရန်ကုန်မြို့ကားဈေးကွက်မှ စုံစမ်းသိရှိရသည်။

တစ်ဖက်တွင်လည်း ဂျပန်နိုင်ငံ၏ကားလေလံဈေးကွက်ပြန်လည်စတင်နေချိန်သို့ ရောက်ရှိနေသော်လည်း မော်တော်ယာဉ်တင်သွင်းသူများအနေဖြင့် ယခင်ကလောက်အရေအတွက်များများ မတင်သွင်းကြတော့သဖြင့် ကားဈေးကွက်အတွင်းရှိပြီးသား ကားများသာ အရောင်းအဝယ်ဖြစ်နေသည်ဟု ကားဝယ်ရောင်း ကိုကျော်စွာစိုးက ပြောသည်။

"1.3 ကားလေးတွေနဲ့ အင်ဂျင်ပါဝါ 2.0 အောက် ကားတွေ အဝယ်ပြန်လိုက်လာပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် ယာဉ်အိုယာဉ်ဟောင်းစနစ်ဖြင့် ၁က အကွာရာ အပ်နှံမှုနည်းပါးနေသဖြင့် ပြင်ပတွင် စလစ်ပေါက်ဈေး ကျပ် ၁၀၉ သိန်းအထိ မြင့်တက်နေကြောင်း မေလ ၁၉ ရက်ညနေက ဈေးကွက်အခြေအနေကို ဟံသာဝတီယာဉ်ရောင်း ဝယ်ရေးစခန်းမှ ကားဝယ်ရောင်းဦးစိုးညွန့်က ပြောသည်။

ကျောက်မြောင်းသတိပဋ္ဌာန်ကားပွဲစားဝင်းတွင် လုပ်ငန်းသုံးနှင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းကားများအဖြစ် အသုံးပြုရန်အတွက် ကိုရီးယားဘွန်ဂိုနှင့် ခွေးဘီလူး ဟိုက်ဂျက်များလည်း နယ်အဝယ်လိုက်လာပြီး အိမ်စီးအနေဖြင့် ဟွန်ဒါဖစ်နှင့် အင်းဆိုဒ်များ အရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။

လက်ရှိတွင် မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်းဝင်းကို ယခုနှစ် မေလအကုန်တွင် ပြောင်းရွှေ့ရမည်ဆိုခြင်းကြောင့် ဈေးကွက်အတွင်းအရောင်းအဝယ်မှာ အေးစက်နေပြီး အပြောင်းရွှေ့သတင်းကိုသာ အများစုက နားစွင့်နေကြသည်။

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း |
|---|---|---|
| Premio | 2002 | 135 သိန်း |
| Probox 1.5 | 2007 | 143 သိန်း |
| Honda Fit GD1 | 2007 | 87 သိန်း |
| Harrier | 2003 | 245 သိန်း |
| Skyline | 2002 | 110 သိန်း |

ယခုအရောင်းအဝယ်ဖြစ်သော ဈေးနှုန်းများမှာ မေလတတိယပတ်က မင်းရဲကျော်စွာ ယာဉ်ရပ်နားစခန်းမှ ကောက်ယူထားသော ဈေးနှုန်းများဖြစ်သည်။






# မယုံကြည်သူများနှင့် ဥရောပသမဂ္ဂအလားအလာ

**ကြည်နေဝင်းမင်း**

ယခုရက်ပိုင်းအတွင်း ဥရောပတွင် နေထိုင်သူ သန်း ၄၀၀ ခန့် မဲပေးကြရတော့မည်ဖြစ်သည်။

ယူရိုငွေ အကျပ်အတည်းနှင့် လေးနှစ်ကြာ ခြိုးခြံချွေတာမှု အစီအစဉ်ကလည်း နောက်ကွယ်မှ အရိပ်ထိုးနေရာ လူထုအကြိုက်လိုက် ဥရောပကို မယုံကြည်သော ပါတီပေါင်းများစွာ အရောင်အသွေးစုံ နိုင်ငံရေးကဏ္ဍမှ ပေါ်ထွက်လာခဲ့သည်။ ယင်းပါတီများသည် ဥရောပနိုင်ငံအားလုံးနီးပါးတွင် အခိုင်အမာထောက်ခံမှုများ ရရှိထားကြပြီး ဥရောပပါလီမန် အမတ် ၇၅၁ နေရာတွင် နေရာအများအပြား အနိုင်ရရှိမည်ဟု မျှော်လင့်နေကြသည်။

ဥရောပကောင်စီ နိုင်ငံခြားဆက်ဆံရေးရုံး (CERF)မှ ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အရ မေလ ၂၂ ရက် ရွေးကောက်ပွဲအပြီး ဥရောပပါလီမန်တွင် အီးယူကို မယုံကြည်သော ပါလီမန်အမတ် ၂၀၀ ခန့်ပါဝင်လာနိုင်သည်ဟု ဆိုသည်။

ယင်းသို့အီးယူကိုမယုံကြည်သူများ ဥရောပပါလီမန်၌ ပါဝင်လာချိန်တွင် ဘာဖြစ်လာမည်နည်းဆိုသော မေးခွန်းပေါ်ထွက်လာသည်။

ဥရောပပေါင်းစည်းမှုကိုမယုံကြည်သူများ ပါဝင်လာခြင်းမှာ အီးယူ၏ ဥပဒေအရ အကျုံးဝင်မှုကို ထပ်မံအားနည်းသွားစေမည်ဟု လူအများအပြားက ယုံကြည်ကြသည်။ လူထုစစ်တမ်းအများအပြားကကြိုတင်ဟောကိန်းထုတ်နေသလို ရွေးကောက်ပွဲများအပြီး ဥရောပပါလီမန်တွင်မယုံကြည်သူများမှာ တတိယအကြီးမားဆုံး အင်အားစုအဖြစ် ပေါ်ထွက်လာခဲ့ပါက အဖွဲ့ဝင်အများအပြားက မိမိအဖွဲ့ မိမိဖျက်သိမ်းမည့် ထူးထူးဆန်းဆန်း ပါလီမန်မြင်ကွင်းမျိုး မြင်တွေ့ရဖွယ်ရှိသည်ဟု CERF အစီရင်ခံစာ၌ ဖော်ပြသည်။

ပြင်သစ်နိုင်ငံမှ အမျိုးသားရေးတပ်ဦးပါတီ ခေါင်းဆောင် မစ္စစ်မာရင်းလီပင်းနှင့် နယ်သာလန်နိုင်ငံမှ လွတ်လပ်ရေးပါတီ ခေါင်းဆောင်နှင့် အစ္စလာမ်ဆန့်ကျင်ရေး မဲဆွယ်စည်းရုံးသူ ဂတ်ဝီလ်ဒါးစ်တို့က ဥရောပပါလီမန်ကို အတွင်းမှနေ၍ ဖျက်ဆီးပစ်ရေး ဥရောပလုံးဆိုင်ရာ ပါလီမန်အဖွဲ့ကို ထူထောင်ရန် သဘောတူထားကြသည်။ အီးယူရုံးစိုက်ရာ ဘရပ်ဆဲလ်မြို့မှ မကောင်းဆိုးဝါးကြီးကို သတ်ဖြတ်ပစ်မည်ဟု ၎င်းတို့က ပြောကြားသည်။

ဗြိတိန်လွတ်လပ်ရေးပါတီ (UKIP)ကလည်း ဥရောပပါလီမန် ဖျက်သိမ်းရေးကို ရည်စူးထားပြီး ဥပဒေပြဋ္ဌာန်းခြင်းကို အနှောင့်အယှက်ပေးရန် အီးယူတစ်ဝန်းမှ စိတ်တူကိုယ်တူပါတီများနှင့် ပူးပေါင်း၍ ဥရောပလွတ်လပ်ရေးနှင့် ဒီမိုကရေစီ (EFD)အဖွဲ့ကို ဖွဲ့စည်းထားသည်။

သို့သော်တစ်ဖက်တွင်လည်း မယုံကြည်သူများ တိုးပွားလာခဲ့ခြင်းအတွက် ဘုံရန်သူကို စုစုစည်းစည်း ဆန့်ကျင်ရေး အီးယူလိုလားသော အုပ်စုများ ပိုမိုအင်အားတောင့်တင်းလာခြင်းဆီသို့ ဦးတည်သွားနိုင်သည်။

အစဉ်အလာအားဖြင့် ဆိုလျှင် ဥရောပပါလီမန်ကို အကြီးမားဆုံး မဲပေးရေး အုပ်စုကြီးနှစ်ခုမှတစ်ဆင့် အမာခံပါတီကြီးနှစ်ခုက လွှမ်းမိုးထားသည်။ ယင်းအမာခံ ပါတီကြီးနှစ်ခုမှာ ဗဟိုနှင့်လက်ယာယိမ်း ဥရောပပြည်သူ့ပါတီ (EPP)နှင့် ဗဟိုနှင့်လက်ဝဲယိမ်း ဆိုရှယ်လစ်နှင့် ဒီမိုကရက်များ၏ တိုးတက်သော မဟာမိတ် (SKD)တို့ဖြစ်သည်။

မေလ ၂၁၊ ၂၂ ရက် ဥရောပရွေးကောက်ပွဲများတွင် ပါလီမန်အမတ်နေရာ ၇၅၁ နေရာအနက် ယင်းပါတီကြီးအုပ်စုက အမတ် ၂၀၀ စီ အနိုင်ရရှိမည်ဟု မျှော်လင့်ထားသည်။ အကယ်၍ လူထုစစ်တမ်းများသာ မှန်ကန်ခဲ့ပါက ယင်းပါတီကြီးနှစ်ခုမှာ ၎င်းတို့နှင့် အရွယ်အစားတူ ဥရောပကို မယုံကြည်သော အုပ်စုနှင့် ထိပ်တိုက်တွေ့မည်ဖြစ်သည်။ သို့ဆိုလျှင် ဥရောပကို မယုံကြည်သူများ (Eurosceptics)က ဥရောပပါလီမန်ဥပဒေပြုခြင်းကို အနှောင့်အယှက်ပေးနိုင်သည်။

အကယ်၍သာအီးယူလိုလားသောအကြီးမားဆုံးအဖွဲ့သုံးဖွဲ့ဖြစ်သော S&D ပါတီ၊ EPP ပါတီနှင့် ALDE ပါတီတို့က တစ်စုတစ်စည်းတည်း ရပ်တည်ခဲ့ပါက ဥရောပပါလီမန်၌ ဆန္ဒမဲ ၅၀၀ နီးပါး ရရှိနိုင်သည်။ သို့ဆိုလျှင် ဥရောပတစ်ခုတည်းသော ဈေးကွက်၊ ကုန်သွယ်ရေးနှင့် ယူရိုဇုန် အုပ်ချုပ်မှုရေးရာကိစ္စများအတွက် ဥပဒေပြုရေးအတည်ဖြစ်ရန် လိုအပ်သော သုံးပုံနှစ်ပုံ မဲအများစု ရရှိနိုင်မည် ဖြစ်သည်။

"ဒီနေရာမှာ မက်လုံးကတော့ အဲဒီအဓိကအုပ်စုတွေကြားအပေးအယူလုပ် ညှိနှိုင်းကြရေး ဖြစ်ပါတယ်။ ဒါမှသာ ၎င်းတို့အနေနဲ့ ဥရောပပါလီမန်မှာ သူတို့ဘာသာ လူများများနေရာရရှိပြီး မယုံကြည်တဲ့အုပ်စုငယ်လေးတွေကိုအားကိုးစရာ မလိုရေး ဖြစ်ပါတယ်"ဟု အီးယူကိုလိုလားသော ဂျက်စ်ဒီလာစ်အင်စတီကျူ့ဒ် တတ်သိပညာရှင်များအဖွဲ့ ညွှန်ကြားရေးမှူး ရက်စ်ဘာတွန်စီနီက ပြောကြားသည်။

ဥရောပပါလီမန်အမတ်များသည် အနောက်ဘက်တံခါးမှ တစ်ဆင့်ဥပဒေပြဋ္ဌာန်းရေးကိုလုပ်ကောင်းလုပ်နိုင်ပါသည်။ ဆိုလိုသည်မှာ ပါလီမန်အစား အစိုးရချင်း သဘောတူစာချုပ်များနှင့် အရေးပေါ်အာဏာပါဝါများကို အသုံးချဥပဒေပြုခြင်းမျိုး ဖြစ်သည်။ သို့သော် ယင်းသို့ အလွန်နီးကပ်စွာ လုံးပန်းကြခြင်းမှာ မဲဆန္ဒရှင်များနှင့် ကင်းကွာနေသော ဥရောပကို အဝေးမှ ထိန်းချုပ်သော ဂိုဏ်းအဖွဲ့ ရှိနေသည်ဆိုသော ပြောကြားမှုများကို ပိုမိုခိုင်မာစေကာ ဥရောပကို မယုံကြည်သူများကိုလည်း ပိုမိုစည်းလုံးသွားစေလိမ့်မည်ဟု ဥရောပနိုင်ငံခြားဆက်ဆံရေးကောင်စီက သတိပေးပြောကြားသည်။

သို့သော်တစ်ဖက်တွင်လည်း အီးယူကို မယုံကြည်သော ပါတီများ အတူတကွ ပူးပေါင်းလုပ်ကိုင်နိုင်မှုအပေါ်လည်း မေးခွန်းထုတ်ကြသည်။ ပြင်သစ်နိုင်ငံမှ လက်ဝဲပါတီနှင့် ဂရိနိုင်ငံမှ ဆီရီဇာကဲ့သို့သော လက်ဝဲယိမ်း ဥရောပမယုံကြည်သူများအုပ်စုမှာ လက်ယာဘက်ယိမ်းသော ဥရောပမယုံကြည်သူများအုပ်စုနှင့် အတူတကွ ပူးပေါင်းလုပ်ကိုင်ဖွယ် မရှိပေ။ ပြင်သစ်နိုင်ငံမှ မစ္စစ်လီပင်းနှင့် နယ်သာလန်မှ ဝီလ်ဒါးစ်တို့မှာ အလွန်ဖက်ဆစ်ဆန်သည်ဟု ၎င်းတို့ရှုမြင်သော ဂရိနိုင်ငံမှ ရွှေရောင်အရုဏ်ဦးပါတီနှင့် ဟန်ဂေရီနိုင်ငံမှ ဂျော့ဘစ်ပါတီတို့နှင့် ပူးပေါင်းလုပ်ကိုင်ရေးကို ပယ်ချထားသည်။

ဗြိတိန်လွတ်လပ်ရေးပါတီ (UKIP)ခေါင်းဆောင် နိုင်ဂျယ်ဖာရေ့ချ်က မစ္စစ်လီပင်း၏ ပြင်သစ်လက်ယာစွန်း အမျိုးသားရေးတပ်ဦးနှင့် ပူးပေါင်းရေးကို ပယ်ချထားသည်။ အီတလီနိုင်ငံမှ မြောက်ပိုင်းအဖွဲ့ချုပ်ပါတီကမူ ဥရောပကို မယုံကြည်သူများ မဲပေးရေးအဖွဲ့သစ်တွင် ပါဝင်မည်ဟု မျှော်လင့်ရသည်။

ယင်းသို့ဆိုလျှင်ဥရောပပါလီမန်မှာ အများအားဖြင့် မူလက လွှမ်းမိုးထားသော နိုင်ငံရေးအုပ်စုများကြား အပေးအယူ၊ ညှိနှိုင်းမှုများဖြင့်သာ ဆက်လက်လည်ပတ်မည်ဟု တတ်သိပညာရှင်များအဖွဲ့မှ ဘာတွန်စီနီကဆိုသည်။

သို့သော် ဥရောပနိုင်ငံခြားဆက်ဆံရေးကောင်စီ အစီရင်ခံစာတွင် ပါဝင်ရေးသားခဲ့သူ ဟိုဆေးအစ်နာစီယိုတောရီဘလန်ကာကမူ ဥရောပကို မယုံကြည်သူများအနေဖြင့်ဥရောပပါလီမန်တွင်၎င်းတို့၏ အစီအစဉ်များ သွတ်သွင်းရေး လူများစုနေရာရရှိရန် မလိုအပ်ဟု ထင်မြင်နေသည်။ ဥရောပကိုမယုံကြည်သူများပါလီမန်တွင် များပြားလာခြင်းကြောင့် အမာခံပါတီကြီးများအား ၎င်းတို့၏ အစီအစဉ်များကို ပြောင်းလဲပစ်ရေးနှင့် ယင်းတို့ယုံကြည်လက်ခံသည့် နယ်မြေဖြစ်လာရေး ဥရောပကို မယုံကြည်သူများက ပုံသွင်းသွားနိုင်သည်ဟု ဟိုဆေးအစ်နာစီယိုက ဆိုပါသည်။

—*Ref: BBC*

7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

## 7DAY BOOK REVIEW







### ရဟန်းသံဃာကို ဝေဖန်ကောင်းပါသလား
### မိုးသု(မန္တလေး)

မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပွားနေသော မျိုးစောင့်ဥပဒေနှင့်ပတ်သက်သည့် ငြင်းခုံမှုများကြား အချိန်ကိုက်ထွက်ပေါ်လာသော စာအုပ်တစ်အုပ်ဖြစ်သည်။ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၏ ဒုတိယပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာပညာသီဟာလင်္ကာရက "ဤပဋ္ဌင်းသူငယ်က လောကအကြိုက်ကိုမရေး? လူအကြိုက်လည်း မလိုက်၊ မှန်ကန်တိကျသော အသိပညာဖြစ်ထွန်းစေသောစာများ ဖြစ်နေသည်ကို သတိပြုမိသည်"ဟု အမှာစာချီးမြှင့်ထားသည့်အတိုင်း စာဖတ်သူများအား ရဲရဲဝံ့ဝံ့ဖြင့် ဗုဒ္ဓ၏ အလိုကျ လမ်းမှန်ကိုညွှန်၏။ အမြင်မတူ သူများ၏ ရန်မူခြင်းကို ခံရသော်လည်းမမှု၊ သာသနာတော် အနာဂတ်၊ နိုင်ငံအနာဂတ်အတွက်သစ္စာကိုမျက်နှာမူ၏။

"ဘုန်းကြီးတွေအနေနဲ့ သံဃာ့အဖွဲ့ အစည်းကို ဦးစွာ ပထမပြုပြင်ပြီးကာမှ လူ့အဖွဲ့ အစည်းကို ပြုပြင်သင့်ပါတယ်။ သံဃာ့အဖွဲ့ အစည်းကို အရင်မပြင်ဘဲ လူ့အဖွဲ့ အစည်းတွေကို သွားပြီး အလျင်လိုစွာပြုပြင်ခြင်းကြောင့် ယခုအခါမှာ အရုပ်ဆိုး အကျည်းတန်စရာတွေ အက်ကြောင်းတွေ များလာတာကို မြင်တွေ့ နေရပါပြီ။ အမြဲတစေ စည်းလုံးညီညွတ်လာကြတဲ့ သံဃာထုအတွင်းမှာတောင်မှ အက်ကြောင်းရာတွေ ပေါ်လာနေပြီ" ဟူသော ရဲဝံ့သော အမြင်များဖြင့် ရေးသားထားသည်။ ဗုဒ္ဓဘာသာဝင်တိုင်း မဖြစ်မနေ ဖတ်ရှုဆောင်ထားရမည့် စာအုပ်ဖြစ်သည်။ ပါရမီစာပေက တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

### နှစ် ၆၀ လွန် မြန်မာ့နိုင်ငံရေးမြင်ကွင်း
### (ကလောင်စုံ)

"နိုင်ငံတစ်နိုင်ငံ၏ မူလဇာစ်မြစ် စတင်ဖြစ်ထွန်းပေါ်ပေါက်ရာသမိုင်းဦးမော်ကွန်းသည်လည်း ကောင်း၊ ရေမြေတောတောင် သဘာဝများနှင့် နိုင်ငံသူ နိုင်ငံသားများ၏ ခြေချလျှောက်လှမ်းရာ သမိုင်းအဆက်ဆက် မော်ကွန်းသည်လည်းကောင်း၊ နောင်ခေတ်တစ်ခေတ် အရင်းခံ အကြောင်းအခြင်းအရာများမှသည် ရှေ့ခရီးအလားအလာသမိုင်း၏ အနာဂတ်မော်ကွန်းသည်လည်းကောင်း စုစည်းထုတ်သိမ်းမှတ်တမ်းမှတ်ရာ အလုပ်တစ်ခုအနေဖြင့် နှစ် ၆၀ လွန် မြန်မာ့နိုင်ငံရေးမြင်ကွင်းကားချပ်ကို လေ့လာတွေ့ရှိပါသည်" ဟူသော စကားဦးဖြင့် ဆန်းစသော်တာအယ်ဒီတာ အဖွဲ့က စုစည်း၍ ထုတ်ဝေသည်။

စာအုပ်တွင် နှစ် ၆၀ လွန် မြန်မာ့နိုင်ငံရေး မြင်ကွင်းကိုလွတ်လပ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တွေ့ဆုံဆွေးနွေးပွဲ၊ လစ်ဘရယ်၊ သမိုင်းနိဂုံးဟူ၍ ကဏ္ဍများခွဲ၍ စနစ်တကျသီကုံးလိုက်သောအခါ အရောင်အသွေးစုံသည့် နဝရတ်ရတနာကုံးသဖွယ် ဖြစ်လာတော့သည်။

ယင်းစာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၊ သမ္မတကြီးစပ်ရွှေသိုက်၊ ဝန်ကြီးချုပ်ဦးနု၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့၏ မိန့်ခွန်းများ၊ စာသဝဏ်များအပါအဝင် စာရေးဆရာများ၏ လက်ရာများကို တစ်စုတစ်စည်းတည်း ဖတ်ရှုရမည် ဖြစ်သည်။ ဆန်းစသော်တာ စာအုပ်ထုတ်ဝေရေးမှ တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## Knowledge ပဟုသုတ

### ဖက်ဆစ်ဝါဒပေါ်ပေါက်လာပုံနဲ့ စကားလုံးအဓိပ္ပာယ်

ဖက်ဆစ်ဝါဒ Fascism ဟူသော စကားလုံးမှာ ၂၀ ရာစုထဲတွင်မှ ပေါ်ပေါက်လာသော ခေတ်သစ်နိုင်ငံရေးဝေါဟာရဖြစ်သည်။ စကားလုံးနှင့်တွဲ၍ ဖက်ဆစ်ဝါဒီ Fascist ဟုလည်း သုံးနှုန်းသည်။ ဖက်ဆစ်ဝါဒ စကားလုံးရင်းမြစ်မှာ မူရင်းတွင် အီတလျံဘာသာဖြင့် လက်ယာစွန်းအမျိုးသား ရေးဝါဒီစစ်အာဏာရှင် မူဆိုလီနီအစိုးရကို ရည်ညွှန်းရာ၌ အသုံးပြုခဲ့သည်။ ဖက်ဆစ်ဝါဒ Fascism ၏ ရင်းမြစ် Fascio ဟူသည့် အီတာလျံ စကားလုံးအနက်မှာ "အသင်းအပင်း၊ အစုအစည်း၊ အဖွဲ့ " ဟူသည့် အနက်ဖြစ်ကာ မူဆိုလီနီ၏ လက်ယာစွန်းရောက် အမျိုးသားရေးဝါဒီများအဖွဲ့ ကို ခေါ်ဆိုရင်းနှင့် ၎င်းတို့ဝါဒအမြင်အဖြစ် ထိုစကားလုံးနှင့်တွဲကာ ဝါဒ ism ပေါင်းထည့်ပြီး ဖက်ဆစ်ဝါဒဖြစ်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။

Etymonline.com/Oxfordictionaries.com






### ARIES — မိဿရာသီဖွား (မတ် ၂၁-ဧပြီ ၂၀)

အနှောင့်အယှက်အတိုက်အခံများနှင့်ထိပ်တိုက်တွေ့ မည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။ မူလရည်မှန်းထားသည်နှင့် လက်တွေ့ ကွာဟမည်။ ပရမ်းပတာလုပ်နေရမည်။ အစီအစဉ်တကျလုပ်၍မရ။ မိမိအောက်ငယ်သူများ၏တော်လှန်ပုန်ကန်မှုခံရမည်။ ကိုယ်ပိုင်အစွမ်းအစအပေါ် ယုံကြည်မှုလွန်ကဲပြီး ဆုံးဖြတ်ချက်များမှားယွင်းတတ်သည်။ပြောင်းလဲနေသောအခြေအနေနှင့်ဆောင်ရွက်မှုများသည်မိမိဆန္ဒနှင့်မလုပ်လိုသောကိစ္စဖြစ်မည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁-မေ ၂၁)

မသေချာမှု၊ မရေရာမှုများလွှမ်းမိုးနေမည်။ အခါတိုင်းပိုင်ပိုင်နိုင်နိုင်တွက်ဆ၍ ဆုံးဖြတ်လုပ်ကိုင်သောကိစ္စများ ပင်လျှင် အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်ရမည်။ သေချာပေါက်ဝင်ရမည့်ငွေများမဝင်ဘဲဖြစ်နေမည်။ ပုံမှန်မဟုတ်သောကုန်ကျစရိတ်များရှိမည်။ ငွေလက်လွန်မည်။ အလွန်အမင်းဖြစ်လိုသော မိမိစိတ်ဆန္ဒကို အသုံးချ၍ ယုံကြည်ကိုးစားအောင်ပြုသူများနှင့်ကြုံမည်။ နိုင်ငံခြားကိစ္စအညာခံရမည်။



### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ပြဿနာဟောင်းများပြန်လည်ဖြေရှင်းရမည်။ နောက်ကြောင်းပြန်ရမည့်ကိစ္စများ တစ်မျိုးပြီးတစ်မျိုးကြုံမည်။ နှောင့်နှေးသောကိစ္စများ၊ လုပ်သမျှကိစ္စအလုံးစုံအား အစမှပြန်လည်လုပ်ဆောင်ရမည်။ မိတ်ကောင်း၊ ဆွေကောင်းအထောက်အကူရမည်။ မတော်တဆထိရှမှုဂရုစိုက်ရမည်။ လမ်းသစ်ပေါ်တွင် ကားသစ်နှင့်သွားလာစဉ် ထိခိုက်ဒဏ်ရာရကိန်းရှိသည်။ စုပေါင်းလုပ်ငန်းလုပ်ကိုင်ရန်ကြုံက လက်ခံပါ။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဘက်ဘက်မှကောင်းမည်။ အလှူအတန်းကိစ္စ၊ ဘာသာရေးကိစ္စများအတွက်ဆောင်ရွက်ရန် အနေအထားရှိမည်။ အပြိုင်အဆိုင်ကြားမှတိုးတက်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ဆိုင်းငံ့ထားသောကိစ္စများ ပြန်လည်ဆောင်ရွက်ရမည်။ မေတ္တာရေးကိစ္စများတွင် အဆင်မပြေမှုများလွှမ်းမိုးမည်။ အပြန်အလှန်စကားများရမည်။ ပဋိပက္ခဖြစ်ပေါ်မည်။ မသွားဖြစ်တော့ဟုထင်မှတ်ထားသောခရီးကိစ္စအဆင်ပြေမည်။



### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃-ဩဂုတ် ၂၃)

အညံ့အဆိုးကင်းစင်၍ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှ အောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ ဆိုင်းငံ့ထားသောကိစ္စများအဆင်ပြေမည်။ ကိုယ်နှင့်မသက်ဆိုင်သောကိစ္စများအား အချိန်ကုန်၊ လူပန်းခံ၍ ဆောင်ရွက်ရမည်။ လူသစ်၊ စိတ်သစ်များနှင့်ဆောင်ရွက်ရမည်။ ရပ်ဝေးမှကောင်းသတင်းများကြားသိရမည်။ မြှုပ်နှံထားသည်များမှ အကျိုးအမြတ်ကောင်းရရှိမည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄-စက်တင်ဘာ ၂၂)

အပြိုင်အဆိုင်အားလုံးကိုကျော်လွှား၍ အောင်မြင်မှုများရမည်။ ငွေအဖတ်မတင်။ အကုန်အကျများမည်။ မိသားစုအကြီးအကဲကျန်းမာရေးချူချာမည်။ သူတစ်ပါးအပေါ်မှီခိုအားထားရန်မသင့်။ တစ်ပါးသူစကားနားယောင်ခြင်းမသင့်။ ကိုယ်ပိုင်မူနှင့်ဆုံးဖြတ်ထားသည့်အတိုင်း ရှေ့တိုးလုပ်ပါ။ ပတ်ဝန်းကျင်နှင့်ကင်းကွာနေတတ်သည်။ အကြံသစ်နှင့်ဆောင်ရွက်ခြင်းမှ ထူးခြားသောတိုးတက်မှုရရှိမည်။



### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃-အောက်တိုဘာ ၂၃)

အခက်အခဲမှန်သမျှကျော်လွှား၍ ဆောင်ရွက်သမျှအောင်မြင်မည်။ ရည်ရွယ်ထားသည်များထွန်းပေါက်မည်။ မိတ်ဆွေကောင်းများထံမှ အထောက်အကူရမည်။ တစ်ပါးသူနှင့်မတူသောရှုထောင့်မှ သုံးသပ်၊ ဆုံးဖြတ်ခြင်းပြုက မှန်ကန်သောလမ်းကြောင်းပေါ်သို့ရောက်မည်။ အလှူမင်္ဂလာကိစ္စများကြုံမည်။ မင်္ဂလာပွဲသို့သွားရင်း စန်းပွင့်မည်။ ဆေးထိုးဆေးသောက်မှားယွင်းတတ်သည်။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄-နိုဝင်ဘာ ၂၂)

အနှောင့်အယှက်များမည်။ စကားကတိမတည်သောသူများနှင့်တွေ့ မည်။ ရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုးပြောတတ်သောသူများအပေါ်ယုံစား၍ ဒုက္ခတွေ့ မည်။ စိတ်မြန်ခြင်း၊ အလောတကြီးဆုံးဖြတ်ခြင်းလျှော့ပါ။ မတော်တဆထိခိုက်မှုအန္တရာယ်ဂရုစိုက်ရမည်။ ပစ္စည်းလျှောင်ခြင်း၊ စျေးကစားခြင်းမပြုရ။ ကြိုတင်တွက်ဆ၍ မရသောအပျက်အစီးများနှင့်ကြုံတတ်သည်။



### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃-ဒီဇင်ဘာ ၂၁)

ဆောင်ရွက်သမျှ ကစဉ့်ကလျား၊ဖရိုဖရဲဖြစ်မည်။ ခရီးကိစ္စအဆင်ပြေမည်။လူမျိုးကွဲအကျိုးပေးမည်။ ရောင်းမှား၊ ဝယ်မှားဖြစ်တတ်သည်။ ဆုံးရှုံးနစ်နာတတ်သည်။ အရင်းအနှီးများသောအလုပ်များမလုပ်သင့်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စရောထွေး၍ စိတ်အနှောင့်အယှက်ဖြစ်မည်။ ကာလအတန်ကြာပူးတွဲလုပ်သောသူများ၏ ဒုက္ခပေးမှုကြုံတတ်သည်။ မျှော်လင့်ချက်ပေး၍ နောက်ဆုံးအချိန်ရောက်မှဒုက္ခပေးသောသူနှင့်ကြုံမည်။



### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂-ဇန်နဝါရီ ၂၀)

မျှောက်တို့ဖျက်ဆီးထားသောငှက်ပျောပင်အလားကြုံမည်။ ကာလအတန်ကြာရည်ရွယ်ချက်မြင့်မြင့်မားမားထား၍လုပ်ထားသောကိစ္စ တစ်ပါးသူထံလက်လွှဲလက်ပြောင်းပြုရာတွင် ပေါ့ပေါ့တန်တန်ဆောင်ရွက်မှု လက်လွှတ်စပယ်လုပ်ခြင်းကြောင့် ကိုယ်လုပ်ထားသည်များပင် အရာမထင်ဖြစ်မည်။ ငွေကြေးအကျိုးအမြတ်ရလိုမှုတစ်ခုတည်းကိုသာကြည့်တတ်သောသူများနှင့်ပေါင်းဖက်၍ စိတ်အနှောင့်အယှက်ဖြစ်မည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁-ဖေဖော်ဝါရီ ၁၈)

အခွင့်ကောင်းများရရှိမည်။ ဦးတည်လိုက်တိုင်း၊ နေရာတိုင်း၌ အတိုက်အခံပြုသူများနှင့်ထိပ်တိုက်တွေ့ မည်။ အရေးကြီးသောဆုံးဖြတ်ချက်များချမှတ်ရမည်။မူလလမ်းကြောင်းမှခွဲထွက်၍ပြောင်းလဲသောဦးတည်ချက်ရှိမည်။ ငွေကြေးအကုန်အကျများလင့်ကစား အကျိုးရှိသောမြှုပ်နှံမှုဖြစ်မည်။ ထိပ်တိုက်ရင်ဆိုင်ပြောဆိုရမည်။ စကားအောင်မည်။ အရေးကြီးသောကိစ္စများရှေ့တိုးဆောင်ရွက်ရာမှကောင်းသောအကျိုးဆက်ရမည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉-မတ် ၂၀)

အကြံအစည်အောင်မြင်မည်။ အပြောင်းအလဲနှင့်တိုးတက်မှုများကြုံမည်။ အခက်အခဲများကျော်လွှားနိုင်မည်။ ဦးတည်ချက်သစ်နှင့် ဆောင်ရွက်သောကိစ္စမှ ထင်ရှားသောတက်လမ်းများရမည်။ ဝန်းကျင်သစ်နှင့်ဆက်စပ်၍ တိုးတက်မှုဖြစ်မည်။ အချစ်ရေး၊ မေတ္တာရေးကံကောင်းမည်။ အရေးကြီးသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ အကြံအစည်ကောင်းများပေါ်မည်။

# 7DAY PUZZLE


**ပဟေဠိ အမှတ်စဉ်(၂၈၄)**

## အလျားလိုက်

၂။ နာမည်ကျော် အင်္ဂလိပ်ကဗျာဆရာတစ်ဦး
၇။ ရုပ်ရှင်ရိုက်ရင်း လယ်သမားလုပ်သူ
၉။ ဆရာ၊ ဆရာမ အနည်းဆုံး ငါးဦး ထပ်ခန့်မည့်ကျောင်းများ
၁၀။ ကွင်းလယ်ဒိုင်လူကြီးနှင့်တူသည့်အဖွဲ့
၁၁။ ကုလသမဂ္ဂသို့ ဖိတ်ကြားခံရသူ
၁၂။ နိုင်ဂျီးရီးယားမှ သောင်းကျန်းသူ စစ်သွေးကြွအဖွဲ့

## ဒေါင်လိုက်


၁။ တရုတ်နိုင်ငံထုတ် တန်ဖိုးနည်းဖုန်း
၃။ ကမ္ဘာတွင် တစ်နှစ်ဂါလန် ၃၅ ဘီလီယံကျော် ရောင်းချရသောသောက်စရာ
၄။ မြန်မာပြည်တွင် အရောင်းရဆုံး ကိုရီးယားကားအမျိုးအစားတစ်ခု
၅။ မြို့တော်ဝန်ရုံးတွင် အမျိုးသား စာကြည့်တိုက်ဖွင့်ရာမြို့
၆။ ရန်ကုန်ကားသမားများ သီးခံနေရသောကိစ္စ
၈။ လွန်ခဲ့သော နှစ် ၅၀က စင်ကာပူနှင့်တူသောမြို့



**Smart Dictionary ကံထူးသူ**
၁။ ဒေါ်ရီရီမော်၊ ၁၂/ကတတ(နိုင်)၀၁၀၈၇၅
၁၆/ခ၊ ဗိုလ်ချုပ်လမ်း၊ ရွှေပြည်သာ။

**ကျန်အဖြေမှန်သူများ**
၂။ ဒေါ်တင်နွဲ့၊ ၁၁/ကဖန(နိုင်)၀၀၂၂၈၇
၃။ ဆုမြတ်ရွှေရည်၊ ၁၂/ဗတထ(နိုင်)၁၇၆၀၈၈
၄။ ထက်နိုင်အောင်၊ ၁၂/ရပသ(နိုင်)၀၈၄၂၀၅
၅။ မိုးသုခ၊ ၁၂/ကမတ(နိုင်)၀၇၀၈၇၅
၆။ ဒွေးပပမိုး၊ ၈/ခမန(နိုင်)၁၀၆၅၆၁

**ပဟေဠိ အမှတ်စဉ်(၂၈၃)အဖြေမှန်**




အမည် .......................................... မှတ်ပုံတင်အမှတ် ..........................................
နေရပ်လိပ်စာ ..........................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၃-၅-၂၀၁၄ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါ ပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။

# Free Classified

**အခမဲ့ကြော်ငြာကဏ္ဍ**

**Study and Guide အိမ်လိုက်သင်သည်**

တက္ကသိုလ်ဝင်တန်း တစ်ဘာသာချင်း သီးသန့်၊ ဘာသာစုံ Study and Guide အိမ်လိုက်သင်သည်။ အိမ်ဝိုင်းများ သီးသန့် မေးခွန်းဟောင်းနှင့်တကွ လိုက်သင်ပေးသည်။ ဖုန်း–၀၉–၄၂၂၂၀၅၇၉၈

**တိုက်ခန်းငှားမည်**

အမှတ်(၁၂၂၅)၊ နေမျိုးသူရလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ (မဟာသန္တိသုခကျောင်းတိုက်အနီး) နတ်ချောင်း၊ တာမွေမြို့နယ်၊ တိုက်ခန်းအသစ်၊ ပထမထပ်၊ ခေါင်းရင်းခန်း၊ ပေ(၁၅×၅၀)၊ ရေ၊ မီးအစုံ၊ အခန်းပြင်ပြီး၊ ညှိနှိုင်းဈေး။

ဖုန်း–၀၉–၂၅၀၅၁၃၉၇၅

**VICTOR**

အင်္ဂလိပ်စကားပြောအခြေခံအားနည်းသူများအတွက်သာ (2:30–4:30)PM(Sat – Sun)(20000/)/(6:00–8:00)PM (Mon.Tue,Wed) အိမ်ဝိုင်းသင်သည်။

ဖုန်း–၀၉ ၅၀၉၆၇၉၄

**သင်ကြားပေးသည်**

အင်္ဂလိပ်စာ (Grammar+Text) ၈၊ ၉၊ ၁၀ တန်း အိမ်အရောက်သင်သည်။
ဒေါ်ခင်နှင်းယု B.A (English)

ဖုန်း–၀၉ ၄၅၀၀၄၀၃၂၈

**သင်ကြားပေးသည်**

၅ တန်းမှ ၈ တန်းအထိ ဘာသာစုံ အိမ်အရောက်ဝါရင့်ဆရာမကိုယ်တိုင် သင်ကြားပေးသည်။

ဖုန်း–၀၉ ၂၅၄၃၈၃၃၇၈

**သင်ကြားပေးသည်**

Building M&E Projects များကို Auto CAD (or) Revit MEP Software ဖြင့် Singapore Projects များဖြင့် သင်ကြားပေးသည်။ ဖုန်း–၀၉ ၅၁၆၇၀၉၂

**UNIQUE**

နွေရာသီ ဂီတသင်တန်းများ။ နွေရာသီအားလပ်ရက်မှာ စာတွေ့၊ လက်တွေ့ လေ့လာသင်ယူနိုင်အောင် ကျွန်ုပ်တို့က စနစ်တကျပြင်ဆင်ထားပါတယ်။ အထူးပြုသင်ယူနိုင်သော ဘာသာများ (အဆို) (ဂစ်တာ)။ ဖုန်း–၀၉ ၄၃၀၉၃၃၆၁

**သင်ကြားပေးသည်**

LCCI Level 1,2 & 3 အားတစ်ဦးချင်း (သို့) ဝိုင်းအိမ်တိုင်ရာရောက်သင်ကြားပေးသည်။ ဖုန်း–၀၉ ၄၃၁၁၀၄၆၃

**ဝယ်လိုသည်**

သဃ်န်းကျွန်း၊ ရန်ကင်းမြို့နယ်များရှိ လုံးချင်းအိမ်နှင့် မြေကွက်များ အမြန်ဝယ်လိုသည်။ ဖုန်း–၀၉ ၄၃၁၁၈၇၈၇

**ဝယ်လိုသည်**

မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန် စက်မှုဇုန်တို့တွင် မြေ နှစ်ဧကနှင့် အထက်အမြန်ဝယ်လိုသည်။ ဖုန်း–၀၉ ၄၂၁၁၀၀၉၉၁

**ရောင်းမည်**

သိမ်ဖြူလမ်းနှင့် အနီးလမ်းမပေါ် (၂၅×၅၀)၊ ခြောက်လွှာ၊ တိုက်ခန်း၊ ပါကေးကြွေပြားပါ အခန်းဖွဲ့ပြီး၊ သိန်း (၉၈၀) ညှိနှိုင်း။ ဖုန်း–၀၉ ၅၁၈၁၄၅၆

**ရောင်းမည်**

မရမ်းကုန်းမြို့နယ်၊ မြေပိုင်မြေ ပေ (၂၀×၁၁၀)၊ နဝဒေးလမ်း၊ စွယ်တော်ဘုရားအနီး၊ သိန်း (၁၈၀၀) ညှိနှိုင်း။

ကမာရွတ်၊ ပေ(၁၀၀×၇၀)၊ 1RC၊ ထောင့်ကွက်၊ နှစ် (၆၀) ဂရန်၊ အမည်ပေါက်၊ သိန်း (၃၀၀၀၀) ညှိနှိုင်း။

ဖုန်း–၀၉ ၄၂၀၁၄၂၁၅၆

**ROYAL TUN SERVICE**

အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို အိမ်တိုင်ရာရောက် ဆေးကြော၊ ပြုပြင်၊ တပ်ဆင်ပေးပါသည်။

ဖုန်း–၀၉ ၃၁၀၆၈၇၄၉

**ဖြေရှင်းပေးပါသည်**

Computer & Mobile Error အမျိုးမျိုးကို ရုံး၊ အိမ်အရောက်အကောင်းဆုံးဖြေရှင်းပေးပါသည်။

ဖုန်း–၀၉ ၄၂၀၀၃၃၆၉၅

**Living Real Estate Services**

အိမ်၊ ခြံ၊မြေနှင့် ပတ်သက်၍ ဝယ်မယ်/ရောင်းမယ်/ငှားမယ်ဆိုတဲ့ စိတ်ကူးလေးများရှိခဲ့လျှင် ရှင်သန်ခြင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင်နှင့် ဆက်သွယ်စေချင်ပါတယ်။

ဖုန်း– ၀၉ ၃၃၂၇၀၂၇၇

**သင်ကြားပေးသည်**

သူငယ်တန်းမှ လေးတန်းအထိ all subjects အိမ်အရောက်အထူးသင်ကြားပေးသည်။ ဂိုက်လုပ်ပေးသည်။

ဖုန်း–၀၉ ၄၂၀၀၄၂၃၀၅

**သင်ကြားပေးသည်**

Grade X & XI, Study Guide အိမ်တိုင်ရာရောက် သင်ပေးသည်။

ဖုန်း–၀၉ ၄၂၀၁၀၆၉၉၃

**သင်ကြားပေးသည်**

Grammer အားနည်းသူများအတွက် Writing, Reading သီးသန့်သင်သည်။ Strater, Mover, Flyer များကို အနည်းဆုံး Shield 3 ခုရအောင် အာမခံဖြင့် သင်ကြားပေးသည်။

ဖုန်း–၀၉ ၇၃၂၂၀၃၄၄

**လမ်းညွှန်မှုပေးမည်**

ဓာတ်ပုံရိုက်ပြီး ပုံကောင်းမရသူများအတွက် ဓာတ်ပုံလမ်းညွှန်မှုပေးပါသည်။

ဖုန်း–၀၉ ၃၁၀၅၅၇၉၃

**ရွှေပညာဒါနသင်တန်း**

ကိုယ်ပိုင်ရွှေဆိုင်၊ ကိုယ်ပိုင်အပေါင်ဆိုင်ဖွင့်လှစ်လိုသူများအတွက် ရွှေအကြောင်းကို အခြေခံမှစ၍ စာတွေ့၊ လက်တွေ့အသေးစိတ်သင်ကြားပေးပါသည်။

ဖုန်း–၀၉ ၄၂၀၂၅၂၇၇၀

**သင်ပေးသည်**

Piano/organ အိမ်လိုက်သင်သည်။ International notes ဖြင့် ဖတ်တတ်၊တီးတတ်အောင် အခြေခံကစသင်ပေးသည်။

ဖုန်း–၀၉ ၇၃၁၁၀၃၃၉

**ရောင်းမည်**

ကမ္ဘာကျော်တူရိယာများနှင့် ဆက်စပ်အပိုပစ္စည်းများကို ရောင်းချပေးခြင်း၊ အရည်အသွေးမြင့် တစ်ပတ်ရစ်တူရိယာပစ္စည်းများကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးသည်။

ဖုန်း–၀၉ ၄၃၀၉၃၃၆၁

**ဝယ်/ရောင်း**

Laptops များ၊ Mobile ဖုန်းများ၊ Note, Tablet PCများစသည့် ပစ္စည်းများကို (အထူးဈေးကောင်းပေး)ဝယ်လိုသည်။ ဗိုလ်ဆွန်ပက်(အပေါ်)လမ်း၊ ပထမထပ်။

ဖုန်း၀၉ ၄၃၀၂၇၅၅၃

**ရောင်းမည်**

ဆပ်ပြာ၊ အိမ်သုတ်ဆေး၊ အလှကုန် Soft drink, Concrete Superplastisizer အထက်ပါ project profile package များ MYTECH INDUSTRY CONSUL–TANCY. PH:09 254115163

**ရောင်းမည်**

(၄၀×၈၀)၊ ဆေးဝါးစက်ရုံလမ်း၊ အနောက်ကြို့ကုန်း၊ အင်းစိန်။ ဈေးနှုန်း ညှိနှိုင်း။

ဖုန်း–၀၉ ၃၁၃၄၃၂၉၃

**ရောင်း/ငှား**

သုမင်္ဂလာ၊ ဒုတိယထပ်၊ 1 MB–2Br ပါကောင်း။ ဖုန်း–၀၉ ၅၁၉၂၁၈၁

**ရောင်းမည်**

Junction Mawtin အနီး၊ မြေညီ HK ညှိနှိုင်း၊ ဖုန်းပါ။

ဖုန်း–၀၁ ၂၁၉၅၉၊ ၀၉ ၅၁၉၂၁၈၁

**ရောင်း/ဝယ်/ငှား**

(FMI, ကျန်စစ်သားအိမ်ရာ၊ နဝဒေးအိမ်ရာ၊ ကမ်းသာယာအိမ်ရာ) များမှာရှိသော လုံးချင်းအိမ်များ ရောင်း၊ ဝယ်၊ ငှားခြင်းများနှင့် ပတ်သက်ပြီး စိတ်တိုင်းကျဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ဖုန်း–၀၉ ၂၅၀၅၇၃၇၂၉

**ကူညီပေးသည်**

ဥပဒေဆိုင်ရာ အိမ်ခြံမြေနှင့် ကားများ မဝယ်မီ ဆွေးနွေးအကြံဉာဏ်ယူလိုပါလျှင် အကောင်းဆုံးကူညီပေးပါသည်။

ဖုန်း–၀၉ ၅၀၁၀၈၃၀

**Web Site ရေးဆွဲသည်**

MWP | Web Development Services မှ ကုမ္ပဏီလုပ်ငန်း၊ သင်တန်းကျောင်း၊ ခရီးသွားလုပ်ငန်း အစရှိသော လုပ်ငန်းများအတွက် Website များကို အစအဆုံး တာဝန်ယူရေးဆွဲပေးလျက်ရှိပါသည်။

ဖုန်း– 09 7321 8021

**ဘာသာပြန်ဝန်ဆောင်မှု**

အင်္ဂလိပ်၊တရုတ်၊ ကိုရီးယားမှ မြန်မာသို့ ရုပ်ရှင်ကားများကို ဘာသာပြန်၊ စာတန်းထိုးပေးသည်။ ဖုန်း–၀၉ ၄၂၀၀၉၈၉၇၂

**အဆီကျဖျော်ရည်**

ကိုယ်ခန္ဓာဝဖြိုးနေသူများ အဆီပိုများ ကျဆင်းစေရန် လမ်းညွှန်ချက်နှင့်အတူ အဆီကျဖျော်ရည်သောက်သုံးနိုင်ပါသည်။

ဖုန်း–၀၉ ၄၃၀၄၃၂၀၃

**စက်ချုပ်သင်တန်း**

လက်မနည်း၊ စင်တီမီတာနည်းဖြင့် ဝါရင့်ဆရာမ(ကိုယ်တိုင်) အိမ်၌ သင်ကြားပေးသည်။ အိမ်အရောက်သင်သည်။

ဖုန်း–၀၉ ၄၀၂၇၈၀၄၀၉

**ငှားမည်**

မြေနီကုန်း၊ ပေ (၇၀×၄၀)၊ မြေညီဆိုင်ခန်းငှားမည်။ ပြင်ဆင်ပြီး၊ ကြိုးဖုန်း (၁)၊ မီတာ (၂)၊ ညှိနှိုင်းလစာ– ၄၅ သိန်း။

ဖုန်း–၀၉ ၄၃၀၈၃၇၈၁

**လဲမည်**

Suzuki R–1000 cc ၅ခ/ . . . . . .အဖြူ ရောင်းမည်။ Supercustom နှင့် အလိုက်ပေးလဲမည်။

ဖုန်း–၀၉ ၄၄၈၅၃၉၈၉၅

**ငှားမည်**

alphard, Mart X လချုပ်၊ နယ်၊ မြို့ တွင်း ငှားလိုပါသည်။

ဖုန်း–၀၉ ၄၉၆၀၃၀၉၁

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

**စာမျက်နှာ(၂၆) မှ**

# အသက်ဝင်လျက်ရှိသော ပြည်သူ့အိမ်ရာစီမံခန့်ခွဲမှု

ပြည်သူတို့ ပူးပေါင်းပါဝင်သော အစီအစဉ် (Community Participatory Programmeအဖြစ် မြန်မာနိုင်ငံက အာဆီယံနိုင်ငံများ အတွင်း အစောဆုံးစံပြအကောင် အထည် ဖော်နိုင်ခဲ့ပေသည်။ သမိုင်းတွင်ခဲ့သော မြန်မာဖြစ်၏။

သို့ရာတွင်အစကောင်းသော်လည်း အနှောင်းမသေချာသည်မှာ မြန်မာလူမျိုး၏ အကျင့်စရိုက်ဟုဆိုရလေမည်လားမသိ။ အထက်ပါအတိုင်းလာခြင်းကောင်းခဲ့သော အငှားအိမ်ရာများ၏ မျက်မှောက်ကာလအခြေအနေကို သုံးသပ်ကြည့်လျှင် ပရမ်းပတာယိုယွင်းမှုအဖြာဖြာကို ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရပေသည်။ မြေညီထပ်အငှားအိမ်ရာ တိုက်ခန်းများ ရှေ့မြေကွက်လပ်တွင် အဆောက်အအုံဆောက်၍ ဘီယာဆိုင်၊ စားသောက်ဆိုင်၊ အလှပြင်ဆိုင်၊ စတိုးဆိုင်ဖွင့်ကြ၏။ မပိုင်မှန်းသိလျက်နှင့် ပြောင်ပြောင်တင်းတင်း ကျူးကျော်ကြ၏။ ထောင့်ခန်းများက ဘေးမြေကွက်လပ်၌ တစ်ထပ်မှ နှစ်ထပ်တိုက်အထိကပ်ပြီး ဆောက်ကြသည်။ အချို့က အဖီချပြီး ကားဂိုဒေါင်ဆောက်သည်။ သုဝဏ္ဏတွင် နှစ်ထပ်စလုံးဖြိုချပြီး နှစ်ထပ်တိုက်ဆောက်သူအများအပြားရှိ၏။ ရန်ကင်း၌လည်းရှိ၏။ ရှေ့နောက်ချဲ့ချင်တိုင်းချဲ့၊ ကာချင်တိုင်းကာ၊ ပိတ်ချင်တိုင်းပိတ်ကြ၏။ မြေကွက်လပ်မှန်သမျှ ဈေးဆိုင်တွေကျူးကုန်ကြ၏။ ရန်ကင်းအိမ်ရာစခန်းတွင် အဆိုးရွားဆုံးဖြစ်၏။ ဦးဝိစာရလည်း ထူးမခြား၊ သုဝဏ္ဏကလည်း No Man Land အဖြစ် ဝမ်းနည်းဖွယ်ရာ အသွင်ပြောင်းကုန်ကြလေပြီ။

စခန်းသာယာရေးကော်မတီ ဘယ်ရောက်ကုန်ပြီလဲမသိ။ ရေစီးရေလာကလည်း မကောင်း၊ မိုးရွာလျှင် ရန်ကင်း ၁၂ လုံးတန်းမှာ လမ်းပေါ်ရေလျှံနေ၏။ လျှံသည့်ရေက ရေပုပ်တွေ ဖြစ်၏။ ပလက်ဖောင်းတွေကလည်း ဆိုင်တွေချဲ့၍မရှိတော့။ မြောင်းတွေကလည်း အကျဉ်း အကျယ် အတိမ်အနက် ပြောင်းချင်သလို ပြောင်း၍ စီးချင်သလို စီးကုန်ကြပြီ။ အိမ်ရာစီမံခန့်ခွဲရေးဩဇာကလည်းမရှိတော့။ အိမ်ရာစည်းကမ်း ဖောက်ဖျက်မှုက ကမ်းကုန် နေလေပြီ။ ဘယ်လိုပြန်၍ ထိန်းမည်နည်း။ စဉ်းစားဖို့ကောင်းလှ၏။

အထူးသဖြင့် အငှားအိမ်ရာများတွင် လူကြီးများ၊ လူကြီးသားသမီးများ၊ ကိုယ်ရေးအရာရှိများက စည်းကမ်းဖောက်မှုကို စံပြကျူးလွန်ခဲ့ကြသည်မှာ မဆလခေတ်၊ နဝတခေတ်၊ နအဖ ခေတ် သုံးခေတ်စလုံးဖြစ်၏။ အိမ်ခန်းများ ရောင်းစားခြင်းကိုလည်း သူတို့က နမူနာပြခဲ့ကြ၏။ ထိုကဲ့သို့ အတုအယောင်လိုအပ်သူများ (Artificial Demand) က အိမ်ခန်းရယူပြီးနောက် ရှေ့တန်းမှ ဦးဆောင်ခဲ့သော ဘက်စုံစည်းကမ်းဖောက်ဖျက်ရေးစစ်ဆင်မှု အောက်တွင် အိမ်ရာစီမံခန့်ခွဲသူ ဝန်ထမ်းများမှာ ပြားပြားမှောက် နေခဲ့ရရှာလေ၏။

ထို့အပြင် အိမ်ငှားစာချုပ် စည်းကမ်းအရအိမ်ခန်းများကိုတစ်ဆင့်ငှားရမ်းခွင့်မရှိ၊ ရောင်းချပိုင်ခွင့်မရှိ၊ သို့သော်စည်းကမ်းဖောက်၍ ငှားသည်။ တစ်ဆင့်ပြီး တစ်ဆင့် လက်ဆင့်ကမ်း၍ အလံကိုင်ပြေးပွဲပမာ ရောင်းချနေကြသည်။ ဘာမျှလုပ်၍မရ။ အရေးယူမည့် ဥပဒေကရှိသည်။ အစိုးရ အိမ်ဥပစာနှင်ထုတ်ခြင်း အက်ဥပဒေဟုခေါ်၏။ သို့သော် ဂန္ထဝင်အိမ်ရာဥပဒေပြတိုက်ထဲမှ စာအုပ်ကြီးအဖြစ်သာ မြင်နိုင်လေ့လာနိုင်၏။ ဖုတ်လေသည့် ငါးပိရှိသည်ဟု မထင်ကြတော့။ အမှန်အားဖြင့် အရောင်းအဝယ်ပြုသူများကို အိမ်မှ နှင်ချသည့် စနစ်မှာလည်း လုံးဝခေတ်နှင့် မလျော်ညီတော့ပေ။

ထို့ပြင် တစ်ဝ မြို့သစ်များ တည်ဆောက်မှု စီမံကိန်းများ၊ တဲပေါ်မှတိုက်ပေါ်တင်စီမံကိန်းနှင့် အဆင့်နိမ့်ရပ်ကွက် အဆင့်မြင့်သည့် စီမံကိန်းများ ပေါ်ပြူလာဖြစ်ခဲ့သော နဝတခေတ်တွင် အငှားအိမ်ရာများ စီမံခန့်ခွဲမှုလုပ်ငန်းမှာ လုံးဝနီးပါးလျစ်လျူရှုထားခြင်း ခံခဲ့ရပြန်၏။ ဤသည်ကိုအခွင့်ကောင်းယူ၍ စည်းကမ်းဖောက်ဖျက်မှုများက မဆလခေတ်ထက် ပို၍ပို၍ အရှိန်အဟုန် မြင့်မားလာခဲ့ကြောင်းတွေ့မြင်နိုင်၏။ တိုက်သစ်များအတွက် ၇၅ နှစ် အရင်းကျေစနစ်ဖြင့် သတ်မှတ်သော အိမ်လခနှုန်းထားမှာ ဆောက်လုပ်မှုစရိတ်မြင့်မားမှုကြောင့် တစ်လလျှင် ထောင်နှင့် ချီ၍ ကျသင့်သည်ကို နဝတ ခေတ်က မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်လာ၏။ အောက်ခြေကို ငဲ့ သလိုလိုနှင့် လူကြီးများကို ထောက်၍ အိမ်လခကို အမြင့်ဆုံးဝန်ထမ်းရာထူးဖြစ်သော ဦးဆောင်ညွှန်ကြားရေးမှူး လခ ၁၅၀၀ ကျပ်၏ ၁၀ ရာခိုင်နှုန်းဖြစ်သည့် ၁၅၀ ကျပ်ထက် မပိုစေရဟု ၁၉၇၀ ပြည့်နှစ်ခန့်ကပင် သတ်မှတ်ထားခဲ့သည်ကိုလည်း ခေတ်အဆက်ဆက် မထိရဲ မတို့ရဲဘဲ ပြင်ဆင်ရန် လျစ်လျူရှုခဲ့၏။ ပြည်သူ့ငွေကို အရှုံးခံပြီး အငှားအိမ်ရာ၏ အိမ်လခသတ်မှတ်ကောက်ခံနေသဖြင့် မွန်မြတ်လှသည့် No Profit No Lost ဟူသော အခြေခံ မူကလုံးဝပျက်ယွင်းသွားခဲ့လေတော့၏။ အရှုံးခံအိမ်လခဖြင့် နေခွင့်ရသူ အများစုမှာလည်း အမှန်တကယ်အိမ်ရာလိုအပ်သူများ မဟုတ်ခြင်းကြောင့် အိမ်ရာဖွံ့ဖြိုးမှုအစား "အိမ်ရာဖွတ်တိုးမှု"ဟု ဆိုဖွယ်ရာ ဖြစ်လာ၏။ အကယ်၍ ထိုစဉ်က သင့်လျော်သလို ပြင်ဆင်တိုးမြှင့်ခဲ့ပါမူ ယခုနှုန်းသစ်များ ကဲ့သို့ ခုန်ပျံကျော်လွှားသော နှုန်းများ လုံးဝမဖြစ်နိုင်ပေ။

မည်သို့ဆိုစေ ပထမဒီမိုကရေစီခေတ်က ကောင်းမြတ်သော လာခြင်းဖြင့် သမိုင်းတွင်ခဲ့သည့် အငှားအိမ်ရာနှင်းဆီပန်းခင်းကို စီမံခန့်ခွဲမှု စနစ်ကောင်းဖြင့် ထိထိရောက်ရောက်ပြန်လည် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ လိုအပ်လာ၏။ ဝန်ထမ်းအတွက် သီးသန့်မဟုတ်ဘဲ ပြည်သူအများကို ချထားပေးသည့် အငှားအိမ်ရာများ၊ တစ်နည်းအားဖြင့် "ပြည်သူ့အိမ်ရာ" များ စီမံခန့်ခွဲရာတွင် အောက်ပါအချက်များကို အမြန်ဆုံးသုံးသပ် ဖော်ဆောင်သင့်ကြောင်း ဆောင်းပါးရှင်က အကြံပြုအပ်ပါသည်။

(က) အိမ်ငှားခနှုန်းကို တိုးမြှင့်သကဲ့သို့ အိမ်ရာပြင်ဆင်ထိန်းသိမ်းမှုကို ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်ပေးရန်။ ကြမ်းခင်း၊ နံရံစသည်များ ပျက်စီးယိုယွင်းနေသော အိမ်ခန်းများကို အကြီးစားပြင်ဆင်မှု ပြုလုပ်ပေးရန်။

(ခ) အိမ်ခန်းလွှဲပြောင်းရောင်းချမှုကို တရားဝင်ခွင့်ပြုပေးရန်၊ ရောင်းသည့်အခါတိုင်း လွှဲပြောင်းမှုမှတ်ပုံတင်ကြေး (Transfer Fees) ကောက်ခံရန်။ (လက်ရှိထိုင်းနိုင်ငံတွင် ကျင့်သုံးပါသည်)

(ဂ) အိမ်ရာစီမံကိန်းနယ်မြေအတွင်း မြေလွတ်များ၊ အများသုံးရန် သတ်မှတ်သည့် မြေများ စီမံခန့်ခွဲရေး၊ မြေယာရှုခင်းထိန်းသိမ်းရေးနှင့် အိမ်ခန်းတိုးချဲ့ခြင်းနှင့်ပတ်သက်၍ အိမ်ရာစခန်း မြေနှင့် အဆောက်အအုံထိန်းသိမ်းရေး ဥပဒေတစ်ရပ်ရေးဆွဲပြဋ္ဌာန်းရန် (လက်ရှိစင်ကာပူတွင် ကျင့်သုံးပါသည်။)

(ဃ) လက်ရှိတိုးချဲ့ဆောက်လုပ်ထားသည့် အဆောက်အအုံများကို လစဉ်ဒဏ်ကြေးသတ်မှတ် ကောက်ခံရန်၊ ကောက်ခံရငွေကို အိမ်ရာစခန်းပြင်ဆင်ထိန်းသိမ်းရေးကော်မတီ ရန်ပုံငွေသို့ ပေးသွင်းရန်၊ အသစ်ဆောက်လုပ်မှုများ လုံးဝခွင့်မပြုရန်။

(င) အိမ်ရာစခန်းသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဖွဲ့စည်းပြီး ပြင်ဆင်ထိန်းသိမ်းရေး ဘက်ဂျက်ရန်ပုံငွေများကို စနစ်တကျသုံးစွဲရေးအတွက် ပါဝင်ဆောင်ရွက်ရန်၊ အခြား အိမ်ငှားစည်းကမ်းဖောက်ဖျက်မှုများကိုပါ တားမြစ်အရေးယူရန်။

(စ) ကျူးကျော်များအတွက် ပထမဒီမိုကရေစီခေတ်ကနည်းအတိုင်း တန်ဖိုးနည်းအငှားအိမ်ရာ (ယာယီ)များ ဆောက်လုပ်ငှားရမ်းရန်(ရေနှင့် အိမ်သာအများသုံးစနစ်)

(ဆ) သက်တမ်းကြာမြင့်ပြီဖြစ်သော အိမ်ရာစခန်းများကိုအပိုင်းလိုက်ဖျက်သိမ်းပြီး ပြန်လည်ဖွံ့ဖြိုးရေးစီမံကိန်းများ (Redevelopment Scheme) ကို အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ ထိုကဲ့သို့ အကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမည့် (Developer) များအား လက်သင့်ရာရွေးချယ်မှု မပြုဘဲ ပြည်ပကုမ္ပဏီများကိုပါ တင်ဒါခေါ်ယူရန်။

"သမိုင်းဝင်ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများကို ထိန်းသိမ်းသကဲ့သို့ ဇီဝိန်ကြွေလုလု သမိုင်းဝင်ပြည်သူ့အိမ်ရာများကို အားလုံးပူးပေါင်း၍ ကယ်တင်ကြပါစို့"

**စာမျက်နှာ(၂၃) မှ**

# အဆင့်တစ်ဆင့်

နိုင်ငံတကာအဖွဲ့အစည်းတွေကိုလည်း ရဲတပ်ဖွဲ့တို့၊ တပ်မတော်တို့ကို လူ့အခွင့်အရေးဆိုင်ရာ ကိစ္စမျိုးတွေမှာ ပိုမိုအသိအမြင်ပွင့်လာအောင် ဝိုင်းဝန်းပံ့ပိုးထောက်ခံပြောဆိုမယ်။ ဒီလိုနဲ့ တစ်နေ့ပြည်သူနဲ့တပ်မတော် ပိုနီးစပ်လာပါလိမ့်မယ်။

ကျွန်တော်တို့ဆီမှာလည်း ခေတ်အဆက်ဆက် နိုင်ငံရေးသမားတွေမှာ အိပ်မက်တွေ ရှိကြမှာပါ။ ဆိုရှယ်လစ်အိပ်မက်၊ ကွန်မြူနစ်အိပ်မက်၊ ဒီမိုကရေစီ အိပ်မက်၊ အမျိုးသားရေး အိပ်မက် အမျိုးမျိုး ရှိနိုင်ပါတယ်။

အဲဒီအိပ်မက်အားလုံးရဲ့ ရည်ရွယ်ချက်က မြန်မာနိုင်ငံကို သာယာကောင်းမွန်တဲ့ လူ့ဘောင်တစ်ရပ်အဖြစ် ဆောင်ကြဉ်းနိုင်မယ့် အဆင့်တစ်ဆင့်ကို ရောက်စေဖို့ပဲဖြစ်မှာပေါ့။ အားလုံးကောင်းစေချင်လို့ လုပ်ကြတာပဲ။ ကျွန်တော်ကတော့ဗျာ။ နိုင်ငံသားတစ်ယောက်အနေနဲ့ ဒီနိုင်ငံမှာ ဘယ်နိုင်ငံသားမှ ပူပူလောင်လောင်လှုပ်ရှားရုန်းကန်နေရတာ မတွေ့ချင်ဘူး။ အားလုံးညီညီညွတ်ညွတ် ပျော်ပျော်ရွှင်ရွှင် အလုပ်လုပ်ကြတာပဲမြင်ချင်တယ်။ တစ်ဖက်နိုင်ပြီး တစ်ဖက်ရှုံးတယ်ဆိုတာမျိုး မဖြစ်စေချင်ဘူး။ နှစ်ဦးနှစ်ဖက် ရန်ဖြစ်ရင် ထပ်ပင်ပန်းကြဖို့သာ ရှိတယ်။ ဒီတော့ ဒီနိုင်ငံနဲ့ ဒီနိုင်ငံရေးမှာ သက်ဆိုင်သူအားလုံးဟာ အခြေအနေအရပ်ရပ်ကို ပြန်သုံးသပ်ကြပြီး ဝိုင်းဝန်းညှိနှိုင်းအဖြေရှာဖို့သာ တိုက်တွန်းလိုတယ်ဗျာ။

## JOKE

### မာမီ

စူပါမားကက်တစ်ခုတွင် ကလေးငယ်တစ်ဦးကိုချီထားသော အမျိုးသမီးဈေးဝယ်နေစဉ် ၎င်း၏နောက်တွင် ကလေးငယ်လေးဦးလည်း လိုက်ပါလာသည်။ ၎င်းဈေးဝယ်နေစဉ် နောက်မှလိုက်ပါလာသော ယောကျ်ားလေးများက "မာမီ၊ မာမီ"နှင့် တစ်ချိန်လုံးခေါ်နေရာ အမျိုးသမီးက စိတ်မရှည်တော့ဘဲ "အနည်းဆုံးနောက်ထပ် ၁၀ မိနစ်လောက် မာမီဆိုတဲ့စကားလုံးကို မကြားချင်ဘူး" ဟု လှည့်အော်လိုက်သည်။

ကလေးငယ်များ ခဏတာငြိမ်သက်သွားကြသည်။ စက္ကန့်အနည်းငယ်အကြာမှာပင် ကလေးငယ်တစ်ဦးက အမျိုးသမီး၏ စကတ်ကိုသွားဆွဲ၍ "မမ.. တဆိတ်လောက်"ဟု ပြောပါတော့သည်။

### သတိပေးချက်

အမေရိကန်အထက်တန်းကျောင်း နောက်ဆုံးရက်ကျောင်းကပွဲတွင် ယခုကဲ့သို့ သတိပေးစာတန်းကပ်ထားသည်။

"သတိပေးချက်။ ။အရက်သေစာသောက်သုံးခြင်းသည် ကမ္ဘာပေါ်တွင် မိန်းကလေးများကိုယ်ဝန်ရရှိခြင်း အဓိက အကြောင်းရင်းဖြစ်သည်။ သတိဖြင့်ရှေ့ဆက်သွားပါ"

**KBZ Industries Ltd.,**

**ဝန်ထမ်းများလျှောက်ထားနိုင်ကြောင်း ကြေညာခြင်း**

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသရှိ တစ်နေ့တန်(၁၀၀၀)ကျ ကမ္ဘာ့ဇ ဘိလပ်မြေစက်ရုံတွင် အောက်ပါအရည်အချင်းရှိသူများအား HR မန်နေဂျာ/စက်ရုံမန်နေဂျာနှင့် လစ်လပ်ရာထူးများ၌ စိစစ်ရွေးချယ်ခန့်ထားရန်ရှိပါသည်-

(က)B.A, M.A, M.B.A, M.P.A, B.SC, M.Sc, Bc.Sc, Mc.Sc, M.Com, B.Com, CPA, AGTI, B.Tech, B.E (Mech, Elect, IT, Chem)နှင့်အဆင့်တူသော ပညာအရည်အချင်းရှိ သူများ။

(ခ) KBZ ဘိလပ်မြေစက်ရုံတွင် (၃)နှစ်အထက် တာဝန်ထမ်းဆောင်နိုင်သူများ။

(ဂ) အသက် (၄၀)အောက်ရှိသူများ။

(ဘိလပ်မြေစက်ရုံအတွေ့အကြုံရှိသူများအား ဦးစားပေးရွေးချယ်ပါမည်။)

၂။ ဘိလပ်မြေစက်ရုံလုပ်ငန်းအတွေ့အကြုံရှိမှု၊ ကွန်ပျူတာ၊ English ဘာသာစကားကျွမ်းကျင်မှု၊ ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်မှု၊ စီမံခန့်ခွဲမှုအတွေ့အကြုံရှိမှုအရ ရာထူးလစာများအား သတ်မှတ်ရွေးချယ်ခန့်ထားမည်ဖြစ်၍ မှတ်ပုံတင်မိတ္တူ၊ ပုံစံ(၁၀) မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထား၊ ကိုယ်ရေးအကျဉ်း၊ (၆)လအတွင်း Passport ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ (၃၁. ၅. ၂၀၁၄)ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်သည်။

**KBZ Industries Ltd.,**(ရန်ကုန်ရုံး)
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့် **Strand Condo**(၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

**KBZ Industries Ltd.,**(ဘိလပ်မြေစက်ရုံ)
**KBZ Cement Project Office**
**Taunggyi Township, Pangpet,Myanmar.**
ဖုန်း-၀၉-၈၃၅၁၂၈၃၊ ၀၉-၈၃၅၁၂၈၄၊ ၀၉-၈၃၅၁၂၈၆

**ဝန်ထမ်းအလိုရှိသည်**

**Accountant** မ(၂)ဦး

**B.Com** (သို့) **LCCI II , III** ရရှိထားသူဖြစ်ရမည်။ အသက် ၂၀ မှ ၃၀ နှစ်အတွင်းဖြစ်ရမည်။ **Microsoft Word, Excel** ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။ **Accounting software** အသုံးပြုနိုင်သူဦးစားပေးမည်။

**Sales Staff (For Money Changer)** မ(၁)ဦး

ဘွဲ့ရပြီးသူဖြစ်ရမည်။ အသက်၂၀ မှ ၂၅ နှစ်အတွင်းဖြစ်ရမည်။ **Microsoft Word, Excel** အသုံးပြုနိုင်ရမည်။

**Sales & Marketing Assistant** ကျား (၂)ဦး

တက္ကသိုလ်မှ ဘွဲ့တစ်ခုရရှိထားသူဖြစ်ရမည်။ အသက် ၂၀ မှ ၃၀ နှစ်အတွင်းဖြစ် ရမည်။ ရုပ်ရည်သန့်ပြန့်၍ပြောဆိုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ရိုးသားကြိုးစား၍ အလုပ်လုပ်ချင်စိတ် အမှန်တကယ်ရှိသူဖြစ်ရမည်။ **Sales & Marketing** အတွေ့အကြုံရှိသူဦးစားပေးမည်။

**Driver** ကျား(၂)ဦး

အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် ရှိသူဖြစ်ရမည်။
အသက် ၂၅ မှ ၄၅ နှစ်အတွင်းဖြစ်ရမည်။
ယာဉ်မောင်းလိုင်စင်ရှိ၍ယာဉ်မောင်းအတွေ့အကြုံအနည်းဆုံး(၁) နှစ်ရှိရမည်။
မည်သည့်ယာဉ်အမျိုးအစားကိုမဆိုကျွမ်းကျင်စွာမောင်းနိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ လိုင်စင်ဓါတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ တို့နှင့်အတူ ၃၀.၀၅.၂၀၁၄ နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထား နိုင်ပါသည်။

**Myanma Power Spectrum Co., Ltd.**
အမှတ် (A-7)၊ အခန်း(၀၀၁/၂)၊ရွှေကမ္ဘာအိမ်ယာ၊ မင်းဓမ္မလမ်း ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel: 01-655261, 655262, 655263

Environment

7 DAY NEWS JOURNAL

Vol.13, No.11 • MAY 21 , 2014

# သစ်တောထွက်ပစ္စည်း တရားမဝင်ရောင်းဝယ်ဖောက်ကားမှု လျှော့ချရေး အီးယူက ဒေါ်လာနှစ်သန်း ထောက်ပံ့မည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၇**

သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှု လျှော့ချရာတွင် ပြည်သူပူးပေါင်းပါဝင်လာစေရန် အီးယူ (ဥရောပသမဂ္ဂ)က အမေရိကန်ဒေါ်လာ နှစ်သန်း ထောက်ပံ့ကူညီမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သစ်တောနှင့် သစ်တောထွက်ပစ္စည်းများ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုများ လျှော့ချရာတွင် ပြည်သူလူထု ပူးပေါင်းပါဝင်မှ အောင်မြင်မည်ဖြစ်၍ ပြည်သူများ အ သိကြွယ်ဝစေသော ပညာပေးလုပ်ငန်းများ၊ ပြည်သူလူထုအချင်းချင်း ထိန်းကျောင်းပေးသော အစဉ်အလာ တစ်ခုဖြစ်ပေါ်လာစေရေး အီးယူက အရပ်ဘက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးအဖွဲ့များအား ထောက်ပံ့ကူညီခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

"ဒီလုပ်ငန်းစဉ်လုပ်ကိုင်ဖို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနနဲ့ နားလည်မှုစာချွန်လွှာ ရေးထိုးဖို့ ပြင်ဆင်နေပါတယ်။ တရားဝင်ရောင်းဝယ်ဖောက်ကားမှုကို အားပေးတဲ့ အနေနဲ့ ဒီလုပ်ငန်းအစီအစဉ်ကို စတင်ခြင်းဖြစ်ပါတယ်" ဟု အရပ်ဘက်အဖွဲ့အစည်းများတွင် ပါဝင်သည့် စိမ်းလန်းအမိမြေအဖွဲ့မှ ဦးဝင်းမျိုးသူက ပြောသည်။



*တရုတ်နိုင်ငံသို့ ရောင်းချရန်တူးဖော်ထားသည့် ကချင်ပြည်နယ်အတွင်းမှ သစ်ပင်အမြစ်များ* ဓာတ်ပုံ – မရန်

အဆိုပါ လုပ်ငန်းစဉ်များကို သစ်တောပြုန်းတီးမှု မြန်ဆန်နေသော တနင်္သာရီ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် သုံးနှစ်စီမံကိန်း ချ၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် လုပ်ငန်းအစီအစဉ်၏ ရှေ့ပြေးလုပ်ငန်းစဉ်ဖြစ်ပြီး အောင်မြင်ပါက ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော်ရန် လျာထားသည်ဟု သတင်းရရှိသည်။

တရားမဝင် သစ်ခိုးထုတ်ယူမှုများသည် မြန်မာနိုင်ငံအနှံ့အပြားဖြစ်ပေါ်လျက်ရှိပြီး အင်္ဂလန်အခြေစိုက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှု စောင့်ကြည့်ရေးအဖွဲ့ (EIA) ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံသည် တရားမဝင် သစ်ခိုးထုတ်မှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ၄၁၃ သန်း ဝန်းကျင် ဆုံးရှုံးနေသည်။

EIA ၏ စောင့်ကြည့်လေ့လာချက်များအရ (၂၀၀၁–၂၀၁၃) တစ်ဆယ့်သုံးနှစ်တာကာလအတွင်း တရားမဝင်သစ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇ ဘီလီယံ ဆုံးရှုံးခဲ့ပြီး ထိုပမာဏသည် ယခုဘဏ္ဍာရေးနှစ်တွင် အစိုးရသုံးစွဲနေသည့် ကျန်းမာရေးနှင့် ပညာရေးရန်ပုံငွေ စုစုပေါင်း၏ လေးဆနှင့်ညီမျှသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လက်လှမ်းမှီသည့် နေရာများတွင် ဖမ်းဆီးရမိသည့် သစ်တန်ချိန်မှာလည်း နှစ်စဉ်တန်ချိန် တစ်သောင်းကျော် တိုးလျက်ရှိသည်။ သစ်အလုံးလိုက် နှစ်စဉ်ဖမ်းဆီးရမှုမှာ တန်ချိန် တစ်သောင်းကိုးထောင်ကျော်ရှိသည်။

## သမ္မတလမ်းညွှန်ချက်ကြောင့် ဒီရေတောဌာနဖွင့်မည်ဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၇**

ဒီရေတောပြန်လည်ထူထောင်ရေး လုပ်ငန်းများ သီးသန့်စီမံခန့်ခွဲရန် အတွက် သစ်တောဦးစီးဌာနလက်အောက်တွင် ဒီရေတောဌာနတစ်ခု ဖွင့်လှစ်ရေး ညှိနှိုင်းနေကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။

"သမ္မတကြီးရဲ့ လမ်းညွှန်မှုကြောင့် ဒီရေတောဌာနတစ်ခုဖွင့်ဖို့ စီစဉ်နေပါတယ်။ ဌာနဖွဲ့စည်းပုံ ရေးဆွဲပြီးသွားရင် ဥပဒေတို့ မူဝါဒတို့ ရေးဆွဲဖို့ပြင်ဆင်နေပါတယ်" ဟုသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးဗိုလ်နီကပြောသည်။

ယခင်က ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းကို သစ်တောဦးစီးဌာန အတွင်းရှိ ရေဝေရေလဲဌာနက ဦးစီးလုပ်ကိုင်နေခြင်းဖြစ်ပြီး ၂၀၁၄ တွင် ဌာနတစ်ခုသီးသန့်ဖွင့်လှစ်ရန် စီစဉ်နေခြင်းဖြစ်သည်။

သမ္မတဦးသိန်းစိန် အစိုးရသက်တမ်းအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ယခင်သစ်တောရေးရာဝန်ကြီးဌာနကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ သစ်တောဦးစီးဌာနမှ ကြီးကြပ်လုပ်ကိုင်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအဖြစ်လည်းကောင်း သီးသန့်ဖွဲ့စည်းလုပ်ကိုင်စေခဲ့သည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သော ဒီရေတောများကို ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်၊ ရခိုင်ပြည်နယ်တို့တွင် တွေ့ရှိရမည်ဖြစ်သည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးငါးခုအနက် ပြုန်းတီးမှုမြန်ဆန်နေသော ဧရာဝတီတိုင်းဒေသကြီးတွင် အစိုးရက တစ်နှစ်လျှင် ဧက ၃၀၀မှ ၁၀၀၀အကြားနှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး ကျန်ပြည်နယ်နှင့်တိုင်းများတွင် အနည်းငယ်သာ စိုက်ပျိုးနိုင်သည်ဟုသိရသည်။

ဧရာဝတီတိုင်းဒေသကြီးကို တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် လူဦးရေတစ်သိန်းသုံးသောင်းကျော်သေဆုံးခဲ့သည်။ လူ အသေအပျောက်များခဲ့သောကြောင့် မုန်တိုင်းဒဏ်ခံဒီရေတောပင်များကိုအရပ်ဘက်အဖွဲ့အစည်းများနှင့် အစိုးရက အင်တိုက်အားတိုက်စိုက်ပျိုးခဲ့သည်။

၁၉၈၀ ခုနှစ် ကမ္ဘာ့ဒီရေတောအဖွဲ့၏ စာရင်းကောက်ယူမှုအရ မြန်မာနိုင်ငံတွင် ဒီရေတောဧက တစ်သန်းခြောက်သိန်းကျော်ရှိပြီး ကမ္ဘာ့ဒီရေတောအများဆုံးနိုင်ငံများစာရင်းတွင် အဆင့်လေးချိတ်သည်။

ယခုနောက်ဆုံးကောက်ယူခဲ့သော ဒီရေတောအဖွဲ့၏ စာရင်းအရ ဒီရေတော လေးသိန်းကျော်ပျက်စီးပြုန်းတီးခဲ့ကြောင်းသတင်းရရှိသည်။

# သဘာဝဘေးအန္တရာယ်နှင့်ဆိုင်သော သမ္မတ၏ အကြံပြုချက်များ ဆက်လက်ဆွေးနွေးမည်

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၁၇**

အာဆီယံထိပ်သီးအစည်းအဝေးတွင် သဘာဝဘေး အန္တရာယ်နှင့် ပတ်သက်ပြီး သမ္မတဦးသိန်းစိန်၏ အကြံပြုချက်သုံးခုကို မေလ တတိယပတ်တွင်း ကျင်းပမည့် အာဆီယံသဘာဝဘေးအန္တရာယ်များစီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေး၌ ထည့်သွင်းဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဘရူနိုင်းမှာ ကျင်းပမယ့် ကော်မတီအစည်းအဝေးမှာ သမ္မတအကြံပြုချက်တွေကိုလည်း ဆွေးနွေးဖို့ရှိပါတယ်။ ရန်ပုံငွေထောင်တဲ့ကိစ္စတို့၊ သုတေသနကိစ္စတို့ လုပ်သင့်သလား၊ မလုပ်သင့်ဘူးလားဆိုတာကတော့ ဒေသတွင်း ၁၀ နိုင်ငံက ဆုံးဖြတ်လိမ့်မယ်" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သူ သမ္မတဦးသိန်းစိန်က ရာသီဥတုပြောင်းလဲခြင်းကြောင့် ခံစားနေရသည့် သဘာဝဘေးအန္တရာယ်များကို ဖြေရှင်းရန်အတွက် အရေးပေါ်ကူညီနိုင်သည့် ရန်ပုံငွေတစ်ရပ်ထူထောင်ရန်၊ စားနပ်ရိက္ခာဖူလုံမှုကို ထိခိုက်နိုင်သောကြောင့် ရာသီဥတုနှင့် လိုက်လျောညီထွေသော သီးနှံမျိုးစိတ်များ သုတေသနပြုလုပ်ရန်၊ ဖန်လုံအိမ်အာနိသင် အကျိုးသက်ရောက်မှု လျှော့ချရေးအတွက် ကမ်းရိုးတန်းဒေသများတွင် ဒီရေတောစိုက်ပျိုးရန် တိုက်တွန်းခဲ့သည်။ အဆိုပါဆွေးနွေးပွဲကိုမေလ ၂၁ မှ ၂၄ရက်အထိ ဘရူနိုင်းနိုင်ငံတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများလည်း တက်ရောက်ကြမည်ဟု သတင်းရရှိသည်။

အဆိုပါဆွေးနွေးပွဲကို တစ်နှစ်တစ်ကြိမ် ကျင်းပခြင်းဖြစ်ပြီး ဒေသတွင်း ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ရန် ဆွေးနွေးကြခြင်းဖြစ်သည်။ အဆိုပါအဖွဲ့က ဒေသတွင်းနိုင်ငံများတွင် ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်ကိစ္စများကိုလည်း လအလိုက် သတင်းဖလှယ်ကြသည်။




# ပြည်ပသို့ခရီးသွားလာခွင့်ဥပဒေ ယခုနှစ် ခရီးသွားရာသီမတိုင်မီ ထွက်ရှိမည်ဟုဆို

**ခန့်ထက်**

**ရန်ကုန်၊ မေ-၁၈**

ပြည်ပသို့ ခရီးသွားလာခွင့်ဥပဒေ ထွက်ရှိရန်အတွက် နောက်ဆုံးအဆင့်အဖြစ် ကုမ္ပဏီများအာမခံငွေကြေးကိစ္စကို အဓိကထားဆွေးနွေးနေပြီး ယခုနှစ်ခရီးသွားရာသီမတိုင်မီ ထွက်ရှိနိုင်မည်ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းမှ သတင်းရရှိသည်။

ပြည်ပသို့ ခရီးသွားလာခွင့် ဥပဒေ ထွက်ရှိလာရေးအတွက် လုပ်ထုံးလုပ်နည်းများကို မူကြမ်းရေးဆွဲထားပြီး ယင်းမူကြမ်းတွင် ကုမ္ပဏီတစ်ခုလျှင် လုပ်ငန်းအာမခံငွေထားရှိရေးအပေါ်တွင်အဓိကထားပြီး ခရီးသွားလုပ်ငန်း ကုမ္ပဏီများနှင့် အသင်းတို့ပူးပေါင်းဆွေးနွေးနေသည်ဟု အထွေထွေအတွင်းရေးမှူး ဦးနောင်းနောင်းဟန်က ပြောသည်။

“ခုက အာမခံငွေတင်ရမှုအပေါ် ဆွေးနွေးညှိနှိုင်းနေကြတယ်။ ဒီကိစ္စပြီးရင်တော့ အများစုကတော့ပြီးသလောက်ဖြစ်သွားပါပြီ”ဟု ၎င်းက ပြောသည်။

ဝန်ကြီးဌာနမှ ရေးဆွဲသော မူကြမ်းတွင် ပြည်ပခရီးသွားလုပ်ငန်းလုပ်ကိုင်မည့် ကုမ္ပဏီတစ်ခုလျှင် ဘဏ်၌ လုပ်ငန်းအာမခံကြေးငွေ ကျပ်သိန်းငါးရာ ထားရှိရမည်ဟု သတ်မှတ်ပေးထားသည်။

“အချို့က သိန်းတစ်ရာလောက်ဆိုရင် ပိုသင့်လျော်မယ်ပေါ့။ သိန်းငါးရာလောက်ဘဏ်ထဲမှာ လုပ်ငန်းမလုပ်ရဘဲ မြှုပ်နေတော့ အဆင်မပြေဘူးပေါ့။ တချို့ကတော့ လက်ခံတယ်ပေါ့”ဟု ဦးနောင်းနောင်းဟန်က ပြောကြားသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့နားလည်မှုဖြင့် သွားရောက်လည်ပတ်သူမြင့်တက်လာပြီး၎င်းတို့အတွက် အကာအကွယ်ဖြစ်နိုင်မည့် ဥပဒေတစ်ခု ပေါ်ပေါက်ရေးအတွက် ၂၀၁၃ ခုနှစ်ကစတင်ကာ ပြည်ပခရီးသွား ဥပဒေကို ရေးဆွဲနေခဲ့သည်။

“ဒီကိစ္စပေါ်ပေါက်လာရေးကိုကြိုဆိုပါတယ်။ တကယ်လည်းလိုအပ်နေပါတယ်။ ဒါပေမဲ့ အာမခံကြေးငွေသိန်းငါးရာထားရမယ်ဆိုတဲ့အချက်တွေ၊ ပြီးတော့ပြည်ဝင်ခရီးစဉ် ၂ နှစ်သက်တမ်းရှိရမယ်ဆိုတာကိုတော့ ပြင်စေချင်တယ်” ဟု Nature Dream ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူ ဒေါ်စံပယ်အောင်က ပြောကြားသည်။

မူကြမ်းတွင် ဖော်ပြထားသည့် ပြည်ပခရီးသွား လုပ်ငန်းလုပ်ကိုင်လိုသော ကုမ္ပဏီသည် ပြည်ဝင်ခရီးစဉ်လုပ်ငန်း ၂ နှစ်အတွေ့အကြုံရှိရမည်ဟူသော အချက်သည် ပြည်ပလုပ်ကိုင်ခွင့်အတွက် ယခုမှ ကုမ္ပဏီထောင်ပြီး စတင်ဆောင်ရွက်မည်သူများအတွက် အခက်တွေ့စေနိုင်သည်ဟု ၎င်းကသုံးသပ်သည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ခရီးသွားရာသီကုန်သော်လည်း ပြည်တွင်းဘုရားဖူးလုပ်ငန်းများ ရက်တိုခရီးစဉ် ပုံမှန်ပြေးဆွဲ

**ခန့်ထက်**

**ရန်ကုန်၊ မေ-၁၇**

မိုးရာသီဝင်လာ၍ပြည်တွင်းဘုရားဖူးလုပ်ငန်းများ ခရီးသည်ရရှိမှုနည်းလာသော်လည်း ရက်တိုခရီးစဉ် ပြေးဆွဲမှုများက ပုံမှန်ရှိနေသေးကြောင်း ဘုရားဖူးလုပ်ငန်းအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

“လက်ရှိကတော့ ချောင်းသာ၊ ကျိုက်ထီးရိုးစတဲ့ ရက်တိုခရီးစဉ်တွေကတော့ ပိုသွားကြတယ်။ ပိတ်ရက်ရှည်ရှိရင်တော့ ရက်ရှည်ခရီးသွားကြပါတယ်”ဟု Golden Star ဘုရားဖူးနှင့် ပြည်တွင်းခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူ ဒေါ်ယဉ်ယဉ်အောင်က ပြောကြားသည်။

ခရီးသွားရာသီကုန်ချိန်ဖြစ်၍ ခရီးသည်နည်းသွားသော်လည်း ပုဂံ၊ မန္တလေး၊ ပြင်ဦးလွင်စသော အထက်ပိုင်းသို့ သုံးညအိပ်လေးရက် ရက်တို ခရီးစဉ်များ စီစဉ်ပေးထားသောကြောင့် သွားရောက်သူများရှိနေသေးကြောင်း ဒေါ်ယဉ်ယဉ်အောင်ကပြောကြားသည်။

ပြည်တွင်း ခရီးသွားလာမှုလျော့သွားသော်လည်း ပုံမှန်ခရီးစဉ်များကို ပြေးဆွဲပေးသည့်ဘုရားဖူးပို့ဆောင်ရေးလုပ်ကိုင်သူများလည်းရှိသည်။

“ပုံမှန် သွားနေကျဖြစ်တဲ့ ကျိုက်ထီးရိုး၊ ချောင်းသာ၊ ပုဂံ၊ မန္တလေး ခရီးစဉ်တွေကိုတော့ အပတ်စဉ်ပုံမှန်ထွက်ပေးနေပါတယ်။ ခရီးစဉ်ပိတ်တာ မရှိသေးပါဘူး” ဟု စိန်ဝင်းနှင့် ရောင်းရင်းများအဖွဲ့မှတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

အချို့သော ပြည်တွင်းခရီးစဉ်ပို့ဆောင်ရေးလုပ်ကိုင်သူများသည် မိုးရာသီ ရောက်သောကြောင့်ပုံမှန်ခရီးစဉ်များကိုပြေးဆွဲခြင်းမရှိတော့ဘဲ အဖွဲ့လိုက်လာရောက်ငှားရမ်းမှုများရှိမှသာပြေးဆွဲသည်ဟုသိရသည်။

“ပုံမှန်သွားနေကျ ခရီးစဉ်တွေကိုတော့ ရပ်နားထားတယ်။ ဒါပေမဲ့ သီးသန့်သွားချင်လို့ လာငှားမယ်ဆိုရင်တော့ ဆောင်ရွက်ပေးပါတယ်။ ခုလက်ရှိတော့ ဘယ်ခရီးစဉ်မှ မထွက်တော့ပါဘူး”ဟု New Motion ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယခုနှစ် ပြည်တွင်းခရီးသွားသူများ ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက သိသိသာသာမြင့်တက်လာကြောင်း ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

“မနှစ်ကတော့ နိုင်ငံရေးမငြိမ်မသက်မှုတွေကြောင့် အနည်းငယ် ကျသွားပေမယ့် ဒီနှစ်တော့ အေးအေးဆေးဆေးအခြေအနေကြောင့် ခရီးသည်သိသိသာသာတက်လာတယ်”ဟု ဒေါ်ယဉ်ယဉ်အောင်ကဆိုသည်။

ပြည်တွင်းခရီးသွားသူများ တိုးတက်လာသော ယခုနှစ်တွင် ဘုရားဖူးတစ်ဖွဲ့နှင့် တစ်ဖွဲ့ လက်လွှဲယူမှုများကြောင့် အဆင်မပြေဖြစ်၍ တိုင်ကြားမှုများရှိခဲ့ရာ ခရီးသည်များကို မိမိတို့သွားမည့် ခရီးစဉ်များကို သေချာစိစစ်ပြီး သွားရောက်ရန် ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှု အသင်းမှ တိုက်တွန်းခဲ့ရသည်။

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014












7Day News Journal
Vol.13, No.11 • MAY 21 , 2014



# ကုလသမဂ္ဂတပ်ဖွဲ့၏ ပထမဆုံးသော အမျိုးသမီးစစ်ဦးစီးချုပ် ခရစ္စတင်းလန်းနှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**

ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာပဲ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သမိုင်းတွင်မယ့် လုပ်ရပ်တစ်ခုကို လုပ်ခဲ့ပါတယ်။ အဲဒါကတော့ နော်ဝေး အမျိုးသမီး စစ်ဗိုလ်ချုပ်တစ်ဦးဖြစ်တဲ့ ခရစ္စတင်းလန်းကို ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ရဲ့ ဆိုက်ပရပ်စ်တပ်ဖွဲ့ အကြီးအကဲအဖြစ် ခန့်အပ်လိုက်ခြင်းပါပဲ။

ဒါကြောင့် ကုလသမဂ္ဂရဲ့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစစ်တပ်ဖြစ်တဲ့ အပြာရောင်စစ်တပ်မှာ ဗိုလ်ချုပ်လန်းဟာ ပထမဆုံးသော အမျိုးသမီးအကြီးအကဲတစ်ဦး ဖြစ်လာတာကို သတင်းတွေမှာလည်း ထူးထူးခြားခြား မှတ်တမ်းတင်ဖော်ပြခဲ့ကြပါတယ်။ မစ္စစ်လန်းဟာ အမျိုးသမီးစစ်သည်တစ်ဦးအနေနဲ့ အတွေ့အကြုံရင့် စစ်သမီးအကြီးအကဲတစ်ဦးဖြစ်ပြီး ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ လုပ်ငန်းစဉ်တွေမှာ လက်ဘနွန်၊ ပထမပင်လယ်ကွေ့စစ်ပွဲ၊ ဘော့စနီးယားနဲ့ အာဖဂန်နစ္စတန်တို့မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူလည်းဖြစ်ပါတယ်။ အခုတော့ ၎င်းဟာ ဂရိနဲ့ တူရကီနိုင်ငံတို့ကြားတည်ရှိပြီး နှစ်ခြမ်းကွဲနေတဲ့ ဆိုက်ပရပ်စ် ကျွန်းနိုင်ငံကို ငြိမ်းချမ်းရေးထိန်းသိမ်းဖို့ တာဝန်ယူထားတဲ့ ကုလတပ်ဖွဲ့အကြီးအကဲ တရုတ်ဗိုလ်ချုပ်ကျောက်လျူထံမှ တာဝန်များကို လာမယ့်ဩဂုတ်လကစပြီး လွှဲပြောင်းရယူတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် နယူးယောက်မှာရှိနေစဉ် ၎င်းကို စီအင်န်အင်န် သတင်းမှ ခရစ်ကျန်းအမမ်ပူရ်က တွေ့ဆုံမေးမြန်းထားမှုတွေကို ပြန်လည်တင်ပြလိုက်ပါတယ်။

**မင်္ဂလာပါ ဗိုလ်ချုပ်ရှင့်။ ကျွန်မတို့နဲ့ အင်တာဗျူးလက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဗိုလ်ချုပ်ကို အခုလို သမိုင်းဝင်ရာထူးတစ်ရပ် ခန့်အပ်လိုက်တာက ဘယ်လိုထူးခြားမှုတွေ ဖြစ်စေတယ်လို့ ထင်ပါသလဲ။ ကျွန်မ သိချင်ပါတယ်ရှင့်။**

အရင်ဆုံးအနေနဲ့ ကျေးဇူးအများကြီးတင်တယ်လို့ ဖြေပါရစေ။ ကုလသမဂ္ဂမှာ ဒီလိုနေရာမျိုးကို မိန်းမတွေရောက်ရှိဖို့ ဖြစ်နိုင်တယ်ဆိုတာကို အခြားအမျိုးသမီးတွေကလည်း မြင်နိုင်မှာ ဒါ ပထမဆုံးဖြစ်မှာမို့ ကောင်းတယ်ထင်ပါတယ်။

**အမျိုးသမီးတပ်မှူးတစ်ဦးအနေနဲ့ စစ်မြေပြင်မှာ ဖြစ်နေတာတွေကို သိမြင်နားလည်နိုင်ဖို့ကိုယ့်မှာငြိမ်းချမ်းရေးရအောင် လုပ်နိုင်တဲ့ ကွဲပြားခြားနားတဲ့ စွမ်းရည်မျိုးတွေ ရှိတယ်လို့ထင်မိပါသလားရှင့်။ ဒီလိုဖြစ်အောင် ဒါမှမဟုတ် မဖြစ်စေအောင် တိတိကျကျ ကွဲပြားစေတဲ့ ကွာခြားမှုကရော ဘာလို့ထင်ပါသလဲ။**

အမျိုးသမီးဖြစ်ခြင်းကြောင့် ကွာခြားတာဖြစ်စေတယ် ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မအတွေ့အကြုံအရ ဥပမာပြရရင် အာဖဂန်နစ္စတန်က ရခဲ့တဲ့ အတွေ့အကြုံအရဆိုရင် ကျွန်မ ယူနီဖောင်းနဲ့ဆို လုပ်နိုင်ပါတယ်။ လူဦးရေ ၁၀၀ ရာခိုင်နှုန်းဆီကို ကျွန်မရောက်နိုင်ပါတယ်။ ပြီးတော့ ဒီနေ့ကာလမှာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်တယ်ဆိုတာဟာလည်း တစ်ခုလုံးအဆင်ပြေတဲ့ နည်းလမ်းတစ်ခု ကိုယ့်မှာရှိဖို့ လိုအပ်ပါတယ်။ ဒီတော့ ဒီနေရာကပဲ ကျွန်မအနေနဲ့ ထူးခြားမှုရှိအောင် လုပ်နိုင်တဲ့နေရာပဲပေါ့။



**လာမယ့်ဩဂုတ်မှာ ဗိုလ်ချုပ်အနေနဲ့ တာဝန်ယူရမယ့် ကုလသမဂ္ဂမစ်ရှင်အကြောင်း ပြောကြပါစို့။ အဲဒီက အခြေအနေက အလွန်တင်းမာနေတယ် မဟုတ်လား။ ဆိုက်ပရပ်စ်မှာ ဒီလိုမျိုးဖြစ်နေတာကလည်း နှစ်ပေါင်းများစွာ ကြာခဲ့ပြီမဟုတ်လား။ အဲဒီမှာ ဘာတွေရှာတွေ့နိုင်မယ်လို့ ဗိုလ်ချုပ်ထင်မြင်ထားပါသလဲ။**

ဟုတ်ကဲ့။ ကျွန်မ ကိုယ့်တာဝန်ကို ထမ်းဆောင်ရတဲ့အချိန်မှာ ဒီနွေရာသီမှာ တာဝန်သစ်တစ်ခု၊ တာဝန်ပေးအပ်ခံရမှုအသစ်တစ်ခု ရှိမယ်ဆိုတာ သိပါတယ်။ တကယ်ကောင်းတဲ့ စစ်ခေါင်းဆောင်တစ်ဦးအနေနဲ့ဆိုရင် တရားဝင် တာဝန်ပေးခံရမှုတစ်ခုရအောင် လုပ်ရမယ်။ ကြုံနေရတဲ့ ကိစ္စတွေကို တိုးတက်နိုင်အောင်၊ ထောက်ပံ့ပေးနိုင်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို ဆန်းစစ်ရပါမယ်။

**အရပ်သားတွေကို ကာကွယ်ပေးဖို့ စေလွှတ်ခံရတဲ့ ကုလတပ်ဖွဲ့တွေထဲမှာ ခြစားမှုနဲ့ အခြားကိစ္စတွေတော့ ထားပါတော့။ လိင်ပိုင်းဆိုင်ရာ မတရားကျူးလွန်မှုတွေလည်း ရှိနေကြတယ်ဆိုတာ သတင်းတွေမှာ ထွက်နေခဲ့တာ ဗိုလ်ချုပ်သိတဲ့အတိုင်းပဲ။ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဒီတပ်ဖွဲ့ဝင်တွေဟာ တာဝန်ကျရာ နိုင်ငံတွေမှာလည်း တရားစွဲဆိုခံရမယ့်ဘေးက ကင်းဝေးနေကြတာကိုလည်း အငြင်းအခုံတွေနဲ့ ဆွေးနွေးနေကြတာလည်း ရှိပါတယ်။ ဒီကိစ္စအပေါ် ဗိုလ်ချုပ် ဘယ်လိုမြင်ပါသလဲ။ သူတို့ကို တရားစွဲဆိုမှု ကင်းလွတ်ခွင့်ပေးသင့်သလား။ ဒါမှမဟုတ် သူတို့အနေနဲ့ အပြစ်ဒဏ်ခံယူသင့်ပါသလား။**

ကျွန်မအမြင်ကတော့ ကိုယ်က ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့လုပ်ငန်း လုပ်နေပြီဆိုရင် ဒါက အရေးကြီးပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ့်ကို ထင်ထင်ရှားရှား မြင်နေကြမှာမို့ပါ။ ဒီတော့ ကျွန်မအတွက်ကတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ပြောနိုင်ပါတယ်။ အရင်က ကျွန်မ စစ်ဆင်ရေးတွေမှာ ပါဝင်တုန်းကလည်း ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာနိုင်ဖို့ဟာ အရေးကြီးပါတယ်။ ကိုယ်အမှားတစ်ခုလုပ်မိရင်တော့ နောက်ဆက်တွဲတွေ ကြုံရမှာပေါ့။

**ဒီတော့ ဗိုလ်ချုပ်အုပ်ချုပ်မှုအောက်မှာ အဲဒါတွေဖြစ်ခဲ့မယ်ဆိုရင် အမှုကျူးလွန်တဲ့သူတွေကို အပြစ်ပေးမယ်ပေါ့။**

ကျွန်မက ကုလသမဂ္ဂစည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပြီး အဲဒီအတိုင်း လုပ်ဆောင်သွားမှာပါ။ ပြီးတော့ သိတဲ့အတိုင်းပဲ ဒီရာထူးနေရာကို ကျွန်မ တစ်နေ့က မှ ရတာပါ။ ဒီတော့ အဲဒီကိစ္စမှာ ဘာလုပ်ရမယ်ဆိုတာ စည်းမျဉ်းတွေအားလုံးကို လေ့လာနားလည်ဖို့ လိုတဲ့အချိန်တွေ အများကြီးရှိမှာပါ။ ဆိုလိုတာက အခုထိတော့ အဲဒီလို ကျူးလွန်တဲ့သူတွေ အပြစ်ပေးမခံရသေးဘူး။ ဒီတော့ ကုလသမဂ္ဂက ဘာလုပ်ပါလို့ ပြောတဲ့အတိုင်း ကျွန်မ လိုက်နာသွားပါမယ်။

**ဗိုလ်ချုပ် တာဝန်ထမ်းဆောင်ရမယ့် မစ်ရှင်ကို ဒီလိုကိစ္စမျိုးတွေက ဂယက်ရိုက်နိုင်မလား။ ဗိုလ်ချုပ်တို့က ငြိမ်းချမ်းရေးတပ်ဖွဲ့အနေနဲ့ တပ်မှူးတစ်ဦးအနေနဲ့ ကာကွယ်ပေးရမယ့် အရပ်သားပြည်သူတွေက သူတို့ကို ဒီလိုကာကွယ်မှုတွေ ပေးလာမယ်ဆိုရင် သူတို့ယုံကြည်မှုလည်း တိုးလာမယ် ထင်ပါသလားရှင့်။**

ကျွန်မရဲ့တာဝန်တွေထဲက တစ်ခုက ယုံကြည်မှုတည်ဆောက်ဖို့ပါ။ ကျွန်မတို့လုပ်နိုင်တဲ့ အရေးအပါဆုံး အလုပ်ကလည်း ဆက်ဆံရေးတွေ တည်ဆောက်တာပါ။ ဒီလိုလုပ်ရင်းနဲ့ ကျွန်မ လက်အောက်မှာရှိနေတဲ့ တပ်မှူးတွေကြားမှာ ဒီကိစ္စတွေကို ဆွေးနွေးလာနိုင်လိမ့်မယ် ထင်ပါတယ်။ သင့်လျော်တာကို လိုက်နာနိုင်ဖို့ သူတို့ကို ကျွန်မ တွန်းအားပေးဖို့ကြိုးပမ်းသွားမှာပါ။

*—Ref: Christian Amampour: Interview with Maj.Gen. Kristin Lund, CNN. 14th May.*

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014



# ရုရှားဒုံးကျည်တစ်စင်း ဂြိုဟ်တုနှင့်အတူ ကမ္ဘာမြေသို့ ပြန်ကျလာခဲ့

**မော်စကို၊ မေ-၁၇**

တစ်ချိန်က ဂုဏ်ယူစရာဖြစ်ခဲ့သော ရုရှားအာကာသလုပ်ငန်းအပေါ် နောက်ဆုံးထိုးနှက်ချက်အဖြစ် ရုရှားနိုင်ငံ၏ အဆင့်အမြင့်ဆုံး ဆက်သွယ်ရေးဂြိုဟ်တုကို သယ်ဆောင်သွားသော ဒုံးကျည်သည် မြေပြင်မှတက်သွားပြီး မိနစ်ပိုင်းအတွင်း ကမ္ဘာမြေသို့ ပြန်ကျလာခဲ့သည်။

သောကြာနေ့က ကာဇက်စတန်နိုင်ငံတွင် ရုရှားက ငှားရမ်းထားသော ဘိုင်ကိုနောအာကာသယာဉ် လွှတ်တင်ရေးစခန်းမှ ညပိုင်းတွင် ပျံတက်သွားပြီး ၅၄၅ စက္ကန့်တွင် ပရိုတွန်ဒုံးကျည်ထိန်းချုပ်ရေးအင်ဂျင် ရပ်တန့်သွားခဲ့သည်ဟု အာကာသရေးရာအရာရှိများက ပြောကြားသည်။




ဒုံးကျည်နှင့်အတူ ကန်ဒေါ်လာ ၂၉ သန်း တန်သည်ဟုဆိုသော Express–AMUP ဂြိုဟ်တုတရုတ်နိုင်ငံအပေါ်ပိုင်း အပြင်ဘက်ကျသော လေထုအလွှာတွင် မီးလောင်ကျွမ်းသွားသည်ကို ရုရှားနိုင်ငံတော်ရုပ်သံက ပြသခဲ့သည်။

"ကျွန်တော်တို့ အရေးပေါ်အခြေအနေဖြစ်နေပြီ"ဟု ဒုံးကျည်လွှတ်တင်ခြင်းအကြောင်း သုံးသပ်ရေးမှူးတစ်ဦးက ပြောကြားသည်ကို ချန်နယ်–၁ ရုပ်သံက ပြသခဲ့သည်။

ဒုံးကျည်ခရီးစဉ် ပြီးဆုံးသွားပြီဟုလည်း၎င်းကဆက်လက်ပြောသည်။

အရေးပေါ်အခြေအနေ၏ အကြောင်းရင်းများကို ရှာဖွေဖော်ထုတ် လေ့လာဆန်းစစ်သွားရန် ကော်မရှင်တစ်ရပ် ဖွဲ့စည်းသွားမည်ဟု ရုရှားနိုင်ငံ၏ ဖက်ဒရယ်အာကာသအေဂျင်စီ Roscosmos က ပြောကြားသည်။

—Ref: AFP

## Leader's Profile

# ပနားမားရွေးကောက်ခံသမ္မတ ဟွမ်ကားလို့စ်ဗာရီလာ

**ရဲမင်း**



ဟွမ်ကားလို့စ် ဗာရီလာရိုဒရီကွက်ဇ်သည် ပနားမားနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး ၂၀၀၉ မှစ၍ ပနားမားနိုင်ငံ၏ ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗာရီလာသည် ၂၀၀၉ မေလ ၃ ရက်တွင် သမ္မတ မာတီနယ်လီနှင့်အတူ ရွေးချယ်ခံခဲ့ရပြီး ၂၀၀၉ ဇူလိုင် ၁ ရက်တွင် ဒုသမ္မတတာဝန်များ စတင်ထမ်းဆောင်ခဲ့သည်။

ဗာရီလာသည် ပနားမားနိုင်ငံတွင် ဒုတိယအကြီးဆုံး ပါနာမီနစ်စတာပါတီ၏ ဥက္ကဋ္ဌအဖြစ် ၂၀၀၆ ခုနှစ်ကပင် စတင်တာဝန်ယူခဲ့သည်။ ၂၀၁၄ မေလ ၄ ရက်တွင် ပနားမားနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး နိုင်ငံကို ငါးနှစ်တာ ဦးဆောင်ခွင့်ရမည်ဖြစ်သည်။ ၂၀၁၄ ဇူလိုင်တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ဗာရီလာကို ၁၉၆၃ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က ပနားမားစီးတီး၌ မွေးဖွားခဲ့သည်။ ဇာဗီယာကောလိပ်မှ ဘွဲ့ရပြီးချိန်တွင် အမေရိကန်နိုင်ငံ ဂျော်ဂျီယာတက္ကသိုလ်သို့ တက်ရောက်ခဲ့ပြီး စက်မှုလုပ်ငန်းအင်ဂျင်နီယာဘာသာရပ်အထူးပြုဖြင့် သိပ္ပံဘွဲ့ရရှိခဲ့သည်။

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဗာရီလာသည် ဗာရီလာဟာမာနော့စ်ဟုခေါ်သော မိသားစုကုမ္ပဏီ၏ ဘုတ်အဖွဲ့တွင် ၁၉၈၅ ခုနှစ်ကပင် ပါဝင်ခဲ့ပြီး ၂၀၀၈ ခုနှစ်၌ ယင်းကုမ္ပဏီ၏အမှုဆောင်ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

နိုင်ငံရေးနယ်ပယ်တွင်မူ ဗာရီလာသည် ၁၉၉၀ ပြည့်နှစ်များအတွင်း ပါတီမဲဆွယ်ပွဲများ၌ ပါဝင်လာခဲ့ပြီး ၁၉၉၄ ရွေးကောက်ပွဲတွင် ပါနာမီနစ်စတာပါတီ၏ မဲဆွယ်စည်းရုံးမှုကို ဦးဆောင်သူဖြစ်လာခဲ့သည်။ ၂၀၀၉ ရွေးကောက်ပွဲ၌ ပါနာမီနစ်စတာပါတီ ကိုယ်စားပြု သမ္မတနေရာ ယှဉ်ပြိုင်သူဖြစ်လာခဲ့သည်။ သို့သော် ပြိုင်ဘက်ဖြစ်သူ သမ္မတရီကာဒိုမာတီနယ်လီနှင့် ပေါင်းစည်းခဲ့ပြီး ဒုတိယသမ္မတနေရာအတွက် ဝင်ပြိုင်ခဲ့သည်။

ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရင်း သမ္မတမာတီနယ်လီက ရွေးကောက်ပွဲထပ်မံယှဉ်ပြိုင်ခွင့်ရရေးပနားမားအခြေခံဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းချိန်တွင် ဗာရီလာနှင့် မာတီနယ်လီတို့ကြား မဟာမိတ်ဖွဲ့မှု အဆုံးသတ်ခဲ့သည်။

၂၀၁၄ မေလ ၄ ရက် သမ္မတရွေးကောက်ပွဲတွင် ဗာရီလာသည် ယခင်လက်တွဲဖော် သမ္မတမာတီနယ်လီ၏ပါတီက ထောက်ခံမှုပေးသောပြိုင်ဘက်ဟိုဆေးဒိုမင်ဂိုအေရီးယက်စ်အပေါ် အနိုင်ရရှိပြီး ပနားမားနိုင်ငံ၏ ရွေးကောက်ခံသမ္မတ ဖြစ်လာခဲ့သည်။

ဇူလိုင်လတွင် ပနားမားသမ္မတအဖြစ် စတင်တာဝန်ယူချိန်၌ အခြေခံစားသောက်ကုန် ၂၂ မျိုးအပေါ် အရေးပေါ် ဈေးနှုန်းထိန်းချုပ်မှုများ ချမှတ်သွားမည်ဟု ဆိုထားသော ဟွမ်ကားလို့စ်ဗာရီလာသည် ဂျာနယ်လစ် ဇနီးသည် လိုရီနာကတ်စတီလိုနှင့် သားသမီးသုံးဦး ထွန်းကားထားသည်။

—Ref: Wikipedia

# ယူကရိန်းအရှေ့ပိုင်းနှင့် ခရိုင်းမီးယားတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ ကုလသမဂ္ဂစောင့်ကြည့်သူများ သတိပေး

**ကုလသမဂ္ဂ၊ မေ-၁၇**

ယူကရိန်းနိုင်ငံအရှေ့ပိုင်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့်လာပြီး ခရိုင်းမီးယားဒေသတွင် ကြီးမားသော ပြဿနာများဖြစ်ပေါ်နေကြောင်း ကုလသမဂ္ဂစောင့်ကြည့်သူများ၏ မေလ ၁၅ ရက် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာအာဏာပိုင်များသည် လက်နက်ကိုင်အဖွဲ့များ၏ မြို့များကို သိမ်းပိုက်မှုနှင့် တရားမဝင်လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေသဖြင့် တရားဥပဒေစိုးမိုးရေးကို အားပျော့စေသည်ဟု ကုလသမဂ္ဂစောင့်ကြည့်ရေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယူကရိန်းနိုင်ငံသို့ မတ်လအတွင်း သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း သိသာသော လူ့အခွင့်အရေး ပြင်းပြင်းထန်ထန် ချိုးဖောက်မှုများရှိကြောင်းအတည်ပြုထားသည့် ကျွမ်းကျင်သူများပါဝင်သော ဥရောပတွင် လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OSCE)၏ မေလ ၁၂ ရက်က အစီရင်ခံစာကဲ့သို့ပင် ကုလသမဂ္ဂအစီရင်ခံစာ၌ ဖော်ပြထားသည်။



YANNIS BEHRAKIS /REUTERS

***မေလ ၁၆ ရက်က ယူကရိန်းနိုင်ငံအရှေ့ပိုင်း Semenivka ကျေးရွာအနီး သူပုန်စခန်းတစ်ခုတွင် စောင့်ကြပ်နေသော ရုရှားလိုလားသော သူပုန်တစ်ဦးကို တွေ့ရစဉ်***

ယူကရိန်းနိုင်ငံတွင် မေလ ၂၅ ရက်၌ သမ္မတရွေးကောက်ပွဲကျင်းပရန် ပြင်ဆင်ထားပြီးလက်ရှိဖြစ်ပေါ်နေသော အခြေအနေကို တည်ငြိမ်အေးချမ်းစေရန် ရွေးကောက်ပွဲမှာ မျှတပြီး ဒီမိုကရေစီနည်းလမ်းကျစွာ ကျင်းပနိုင်ရန် အရေးကြီးသည်ဟု ကုလသမဂ္ဂစောင့်ကြည့်သူများက ပြောသည်။

သို့သော် ရွေးကောက်ပွဲဝင်ပြိုင်မည့်သမ္မတလောင်းများစွာမှာ တိုက်ခိုက်ခံရမည်ကို စိုးရိမ်ထိတ်လန့်နေကြကြောင်း သတင်းများထွက်ပေါ်နေသဖြင့် ၎င်းတို့၏ လုံခြုံရေးနှင့် ပတ်သက်၍ စိုးရိမ်မိသည်ဟု ကုလသမဂ္ဂစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

သတင်းထောက်များ၊ တက်ကြွလှုပ်ရှားသူများ၊ နိုင်ငံရေးသမားများ၊ နိုင်ငံတကာအဖွဲ့အစည်းအဖွဲ့ဝင်များ၊ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များကို တရားဥပဒေနှင့်မညီဘဲ ဖမ်းဆီးမှုများ၊ ဖမ်းဆီးခေါ်ဆောင်မှုများ ရှိသည်ဟုလည်း ကုလသမဂ္ဂအစီရင်ခံစာက ဖော်ပြသည်။

—Ref: Reuters

# ချို့ယွင်းသည့်ကား ပြန်သိမ်းရန်နှောင့်နှေးနေ၍ ဂျီအမ်ကုမ္ပဏီ ကန်ဒေါ်လာ ၃၅ သန်း ဒဏ်ရိုက်ခံရ

**ဝါရှင်တန်၊ မေ-၁၇**

အမေရိကန်ကားထုတ်လုပ်ရေးကုမ္ပဏီ General Motors (GM) သည် စက်နိုးသည့်ခလုတ်များ မကောင်းသော ကားများကို ပြန်လည်သိမ်းယူရာတွင် နှောင့်နှေးမှုဖြင့် ကန်ဒေါ်လာ ၃၅ သန်း ဒဏ်ကြေးပေးဆောင်ရမည်ဟု ကန်သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက မေလ ၁၆ ရက်တွင် အမိန့်ချလိုက်သည်။

GM ကုမ္ပဏီသည် ဖက်ဒရယ် ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကိုချိုးဖောက်ခဲ့သည်ဟုကန်အစိုးရက ပြောကြားခဲ့ပြီးစံချိန်တင်ငွေဒဏ်ကို ချမှတ်ခဲ့သည်။

ငွေအများအပြား ဒဏ်ရိုက်ခံရခြင်းသည် လူသေမှု ၁၃ မှုနှင့် ဆက်နွှယ်သော Chevrolet Cobatt နှင့် အခြားသော GM ကားများကို စုံစမ်းစစ်ဆေးရာမှ စတင်ခဲ့သည်။

GM ကားကုမ္ပဏီသည် စက်နှိုးသည့် ခလုတ်မကောင်းသောကား ၂ ဒသမ ၆ သန်းကို ပြန်လည်သိမ်းဆည်းပြီးဖြစ်သည်ဟု GM ကုမ္ပဏီက ပြောကြားသည်။

"ဘေးအန္တရာယ်ကင်းရှင်းမှုဟာ ကျွန်တော်တို့အတွက် နံပါတ် (၁) ဦးစားပေးပါပဲ။ ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ ဆက်စပ်နေတဲ့ ကားတွင်းပြဿနာတွေကို အမြန်အကြောင်းမကြားဘူးဆိုရင် GM ကုမ္ပဏီလိုပဲ တာဝန်ယူရလိမ့်မယ်ဆိုတာကို ဒီကနေ့ ကြေညာချက်ကနေ ကားကုမ္ပဏီအားလုံးကို သတိပေးလိုက်တာပါ"ဟုသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး အန်သိုနီဖောက်စ်က ပြောကြားသည်။

အစိုးရသည် GM ကုမ္ပဏီ၏ ပြဿနာဖြေရှင်းမှုကို ဆက်လက်စောင့်ကြည့်နေဦးမည်ဟုလည်း ဝန်ကြီးအန်သိုနီဖောက်စ်က ပြောကြားသည်။

ဖက်ဒရယ်ဘေးအန္တရာယ်ကင်းရှင်းရေးဥပဒေကို ချိုးဖောက်သည့် လုပ်ငန်းများအား ဒဏ်ငွေပမာဏ ဒေါ်လာ သန်း ၃၀၀ အထိ ပြစ်ဒဏ်တိုးမြှင့်ချမှတ်ရန်လည်း ဝန်ကြီးဖောက်စ်က ကွန်ဂရက်သို့ တင်ပြခဲ့သည်။

GM ကုမ္ပဏီသည် ၎င်း၏ Chevrolet Cobatt နှင့် အခြားသော ကားမော်ဒယ်များတွင် စက်နှိုးသည့် ခလုတ်များ၌ ပြဿနာရှိနေကြောင်းကို အကြောင်းမကြားခဲ့သောကြောင့်ကားလေအိတ်များ အလုပ်မလုပ်သည့် အခြေအနေရင်ဆိုင်ခဲ့ရပြီး အမေရိကန်နိုင်ငံတွင် လူ ၁၃ ဦး သေဆုံးမှုနှင့် ဆက်နွှယ်မှုရှိခဲ့သည်။

—Ref: BBC

7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# လူမျိုးရေးခွဲခြားမှုများကို နှိမ်နင်းရန် ဗီယက်နမ်ကို တရုတ်အစိုးရတိုက်တွန်း

**ဘေဂျင်း၊ မေ-၁၇**
တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန အကြီးအကဲက ဗီယက်နမ်နိုင်ငံတွင် တရုတ်ဆန့်ကျင်ရေး လှုပ်ရှားမှုကို ထိရောက်ပြင်းထန်သည့် အရေးယူမှုများ လုပ်ဆောင်ပေးရန်၊ လူသေဆုံးမှုဖြစ်အောင် တိုက်ခိုက်ခဲ့သူများကိုလည်း အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်သွားရန် စနေနေ့တွင် တိုက်တွန်းလိုက်သည်။

ပြီးခဲ့သည့် အင်္ဂါနေ့တွင် စတင်ဖြစ်ပေါ်ခဲ့သော ထိုအကြမ်းဖက် အဓိကရုဏ်းများ၌ အင်္ဂါနှင့် ဗုဒ္ဓဟူးနေ့များတွင် လူတစ်ဦးစီသေဆုံးခဲ့ကြောင်း ဗီယက်နမ်အစိုးရက ကြေညာခဲ့သော်လည်း ပဋိပက္ခဖြစ်သည့် နေရာတစ်ခုအနီးမှ ဆရာဝန်တစ်ဦးကမူ ဆေးရုံတွင် သေဆုံးသူ ၂၁ ဦး မြင်ခဲ့ရပြီး အနည်းဆုံး ၁၀၀ ကျော်မှာ ဒဏ်ရာရခဲ့ကြောင်း ဆိုသည်။

တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီး ကွာရှန်းကန်က ဗီယက်နမ်ပြည်သူ့လုံခြုံရေးဝန်ကြီးထံသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့ရာတွင်လည်း ဗီယက်နမ်အစိုးရအနေဖြင့် တရုတ်ကုမ္ပဏီများနှင့် ဝန်ထမ်းများကိုတိုက်ခိုက်ခြင်းများအတွက် တာဝန်ခံသင့်ကြောင်း ပြောကြားခဲ့သည်ဟု ဆိုသည်။

ထို့အပြင် ၎င်းက သေဆုံးသူများမှာ ဗီယက်နမ်ဘက်က ဖော်ပြသည်ထက် ပိုများနိုင်ပြီး အစိုးရဘက်မှ ဖြစ်စဉ်များကို သေချာစွာကိုင်တွယ်နိုင်ရန် ပျက်ကွက်ခဲ့ကြောင်းလည်း ဆိုသည်။



DADO RUVIC/REUTERS

*ဗီယက်နမ်နိုင်ငံတောင်ပိုင်း Binh Duong ပြည်နယ် တရုတ်ဆန့်ကျင်ရေးဆန္ဒပြမှု၌ စက်ရုံတစ်ခုအတွင်း ဝင်ရောက်စဉ် ဗီယက်နမ်အလံများကိုင်ဆောင်သွားသော ကန့်ကွက်ဆန္ဒပြသူများ*

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် စနေနေ့ ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ ဗီယက်နမ်တွင် တရုတ်နိုင်ငံသားနှစ်ဦး သေဆုံးကြောင်း အတည်ပြုခဲ့ပြီး နိုင်ငံသားများကိုလည်း ဗီယက်နမ်နိုင်ငံသို့သွားရောက်လည်ပတ်ခြင်းများ ရှောင်ရှားကြရန် တိုက်တွန်းပြောကြားသည်။

တရုတ်စစ်သင်္ဘောများက ဗီယက်နမ်နှင့် အငြင်းပွားနေသည့် တောင်တရုတ်ပင်လယ်အတွင်း ရေပိုင်နက်တွင် မကြာမီက ရေနံတူးစင်တစ်ခု တည်ဆောက်ရန် လုပ်ဆောင်လာခဲ့ပြီးနောက် ဗီယက်နမ်တွင် တရုတ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားကာ အဓိကရုဏ်းများအသွင် ပြောင်းလဲသွားရခြင်းဖြစ်သည်။

—*Ref: Reuters*




## တိုင်ပေတွင် လူချမ်းသာများအား အထူးအခွန်ကောက်ခံမည့် ဥပဒေသစ်ပြဋ္ဌာန်း

**တိုင်ပေ၊ မေ-၁၇**
တိုင်ပေပါလီမန်သည် "လူချမ်းသာအခွန်" ဟု အလွယ်သတ်မှတ်ခေါ်ဝေါ်ကြသည့် နိုင်ငံ၏ အချမ်းသာဆုံး လူတစ်သောင်းနီးပါးအား ကောက်ခံမည့် အထူးအခွန်ဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းလိုက်သည်။

အဆိုပါအခွန်စနစ်သစ်မှာ လာမည့်နှစ်တွင် စတင်မည်ဖြစ်ပြီး နိုင်ငံတွင်း ဝင်ငွေကွာဟမှုများနေခြင်းများ လျှော့ချနိုင်ရန် ညှိနှိုင်းပေးနိုင်မည်ဖြစ်သည်။

သောကြာနေ့တွင် ပြဋ္ဌာန်းခဲ့သည့် ယင်းဝင်ငွေခွန်ဥပဒေ၌ ဘဏ်များကို လုပ်ငန်းအခွန်ကောက်ခြင်း၊ ဝင်ငွေနည်းမိသားစုများ၊ လခစားများနှင့် မသန်စွမ်းပုဂ္ဂိုလ်များအတွက် အခွန်လျှော့ချပေးခြင်းများ ပါဝင်သည်။

ဥပဒေသစ်ကြောင့် အစိုးရအနေဖြင့် တိုင်ပေဒေါ်လာ ၆၅ ဘီလီယံခန့် နှစ်စဉ်အခွန်ဝင်ငွေရရန် မျှော်မှန်းထားသည်။

ယင်းတွင် အချမ်းသာဆုံး နိုင်ငံသားများထံမှ အခွန် ၉ ဒသမ ၉ ဘီလီယံနှင့် ဘဏ်နှင့် အာမခံလုပ်ငန်းများမှ တိုင်ပေဒေါ်လာ ၂၀ ဘီလီယံရရန် မျှော်မှန်းထားသည်။

တိုင်ပေတွင် ချမ်းသာသူများနှင့် ဆင်းရဲသူများကြား ဝင်ငွေကွာဟမှုမှာ ၂၀၁၁ တွင် အမြင့်ဆုံးရောက်ခဲ့ပြီး အချမ်းသာဆုံး မိသားစုများမှာ အဆင်းရဲဆုံး မိသားစုများ၏ ဝင်ငွေထက် ၉၆ ဆ ပိုများခဲ့ကြောင်း အစိုးရ၏ တရားဝင်ထုတ်ပြန်သည့် ကိန်းဂဏန်းများတွင် ဖော်ပြသည်။

လေ့လာသူများက ထိုသို့ ဆင်းရဲချမ်းသာဝင်ငွေကွာဟမှုများမှာ နိုင်ငံတွင် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်လာစေသည့် နောက်ကွယ်မှ အကြောင်းတစ်ခု ဖြစ်ကြောင်း ဆိုသည်။

—*Ref: AFP*

7DAY NEWS JOURNAL

# Entertainment

Vol.13, No.11 • MAY 21 , 2014




## ပရိသတ်ဝင်နှုန်းစံချိန်ချိုးသွားတဲ့ ''စေတန်ရဲ့ ကချေသည်'' ရုံတင်ရက်ထပ်တိုးမည်

**ဇွဲညဏ်**

**ရန်ကုန်၊ မေ-၁၇**

"စေတန်ရဲ့ ကချေသည်"ရုပ်ရှင် ပရိသတ်ကြည့်ရှုနှုန်းသည် ရုပ်ရှင်အစည်းအရုံးပြသ၊ ညှိနှိုင်းအဖွဲ့မှ သတ်မှတ်ထားသည့် ရာခိုင်နှုန်းကို ကျော်လွန်ခဲ့သောကြောင့် ရုံတင်ရက် တစ်ပတ်တိုးကာပြသသွားမည်ဖြစ်ကြောင်း သမ္မတရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများ၌ ရုပ်ရှင်ဇာတ်ကားသစ်များကို တစ်ကားလျှင် သုံးပတ်ပြသရန် သတ်မှတ်ထားပြီး လာရောက်ကြည့်ရှုသည့် ပရိသတ် ၇၀ ရာခိုင်နှုန်းကျော်ပါက ရုံတင်ရက် တစ်ပတ်တိုးပြသရန် ရုပ်ရှင်အစည်းအရုံးပြသနှင့် ညှိနှိုင်းအဖွဲ့က သတ်မှတ်ထားခြင်းဖြစ်သည်။

"ရုံချိတ်က သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းကျော်သွားတဲ့အတွက် လေးပတ်ပြသခွင့်ပြုတာပါ။ သမ္မတမှာတော့ လေးပတ်ပြဖို့ သေချာပါတယ်။ ကျန်တဲ့ရုံတွေကတော့ ပရိသတ်ကြည့်ရှုနှုန်းအားပေးမှုအပေါ် မူတည်ပြီး ပြသွားမှာပါ" ဟု အထက်ပါတာဝန်ရှိသူကပြောသည်။

ယင်းရုပ်ရှင်ကို ရန်ကုန်နှင့် မန္တလေးမြို့များရှိရုပ်ရှင်ရုံများတွင် ရုံတင်ရက်တစ်ပတ်တိုး၍ ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်ပြီး ရုံတင်ပြသသည့် ရုပ်ရှင်ရုံအရေအတွက် အတိုးအလျှော့ရှိနိုင်ကြောင်း ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးစိုးသန်း(ထားဝယ်) ကပြောသည်။

ယင်းရုပ်ရှင်ကားကိုမေလ၁၈ ရက်တွင်စင်ကာပူနိုင်ငံ၌ပြသမည်ဖြစ်ပြီး အဓိကသရုပ်ဆောင်များဖြစ်သည့် နေတိုး၊ သက်မွန်မြင့်နှင့် ဒါရိုက်တာဝိုင်းတို့က ပရိသတ်များနှင့် သွားရောက်တွေ့ဆုံခဲ့သည်။

အဆိုပါရုပ်ရှင်ရုံတင်သည့်ရက်တွင် ပြင်ဦးလွင်မြို့၌ ဇာတ်ကားများ ရိုက်ကူးနေသော နေတိုးက ၎င်း၏ ဖေ့စ်ဘွတ်ခ်တွင် "စေတန်နဲ့ ပတ်သက်ပြီး ပရိသတ်တွေရဲ့ အားပေးတဲ့ လက်ခုပ်သံတွေက ကျွန်တော့်အတွက်တော့ သိမ်မွေ့နူးညံ့ပြီး ကဗျာဆန်တဲ့ အားဆေးတစ်ခွက်ကို သောက်လိုက်ရသလိုပါပဲ။ ဆက်လျှောက်ရမယ့် ခြေလှမ်းတွေကို အင်အားတွေဖြစ်စေတာအမှန်ပါ။ ကျေးဇူးပါ ပရိသတ်ကြီး၊ ပရိသတ်အတွက် ထာဝရ နေတိုး"ဟု ရေးသားထားသည်။

## ''ရုပ်ရှင်လောကက တောင်ပံတွေရှည်ပြီး နှုတ်သီးတွေကောက်နေတဲ့ သိမ်းငှက်တစ်ကောင်လိုဖြစ်နေတယ်''

■ မောင်မျိုးမင်း(ရင်တွင်းဖြစ်)နှင့်တွေ့ဆုံခြင်း


ဓာတ်ပုံ-နစ်ကီ

**ဇွဲညဏ်**

ရုပ်ရှင်လောကတွင် ဒါရိုက်တာတစ်ဦးအဖြစ် အောင်မြင်ရုံသာမက ပရိသတ်အကြိုက်ပြက်လုံးများကိုဖန်တီးနိုင်သူမှာ ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ဖြစ်သည်။ ၂၀၁၄ခုနှစ်တွင် ရုပ်ရှင်ဇာတ်ကားများဆက်တိုက်ရိုက်ကူးနေသလို အငြိမ့်ဖျော်ဖြေရေးအစီအစဉ်များကို ပြည်တွင်း၌သာမက ပြည်ပဖျော်ဖြေပွဲများကိုလည်း အောင်မြင်စွာ တင်ဆက်နိုင်ခဲ့သည့် ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)ကို ၎င်း၏အနုပညာလှုပ်ရှားမှုများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**သင်္ကြန်ဇာတ်ကားအနေနဲ့ ဗီဒီယိုတွေတောင်ရိုက်ကူးမှုမရှိသလောက်နည်းနေတဲ့အချိန်မှာ သင်္ကြန်ပြတိုက်ရုပ်ရှင်ဇာတ်ကားကြီးကိုဘယ်လိုစိတ်ကူးနဲ့ ရိုက်ဖြစ်တာလဲ။**

သိကြားမင်းဒေါ့ကွန်းဆိုတဲ့ သင်္ကြန်ဇာတ်ကားကို ဒီဗီဒီအနေနဲ့ ရိုက်ဖူးတယ်။ အဲဒီကားလေးကို ပရိသတ်လည်း ကြိုက်ကြတယ်။ အောင်လည်းအောင်မြင်ခဲ့တယ်။ ခုနှစ်တော်တော်ကြာတဲ့အချိန်မှာ သင်္ကြန်ကားလေးတစ်ကားရိုက်ချင်တယ်။ သင်္ကြန်ကားမှာလည်း သင်္ကြန်မိုးဆိုရင် တကယ့်Classic လေ။ ဂန္ထဝင်ဒရာမာကြီး။ အဲဒီလိုမျိုးလည်းမဟုတ်ဘူး။ အဲဒါမျိုးလည်း ဦးမျိုးမရိုက်နိုင်ဘူးဆိုတော့ ပေါ့ပေါ့ပါးပါးနဲ့ ဒီခေတ်လူငယ်တွေရဲ့ သရုပ်၊ လူငယ်တွေရဲ့ သင်္ကြန်ပေါ်လွင်မယ့် ပျော်စရာကောင်းတဲ့ ကားလေးတစ်ကား ရိုက်ကြရအောင်ဆိုပြီး တိုင်ပင်ရင်း ရိုက်ဖြစ်သွားတာ။

**စာမျက်နှာ ၄၁ »**



## This is Family ဇာတ်လမ်းတွဲမှာ ပါဝင်ဖို့ ကမ်းလှမ်းခံထားရတဲ့ ကင်ဟွန်းဂျူ

**ဆိုးလ်၊ မေ-၁၇**

တောင်ကိုရီးယားသရုပ်ဆောင် ကင်ဟွန်းဂျူသည် KBS ရုပ်သံလိုင်း၏ This is Family ဒရာမာဇာတ်လမ်းတွဲသစ်တွင် ပါဝင်ရန် ကမ်းလှမ်းခံထားရပြီး စဉ်းစားလျက်ရှိသည်ဟု ကင်ဟွန်းဂျူ၏ အေဂျင်စီက ပြောကြားသည်။



ကင်ဟွန်းဂျူ၏ အေဂျင်စီက This is Family ဒရာမာဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ပေးဖို့ မင်းသမီးကင်ဟွန်းဂျူကို ရုပ်သံတာဝန်ရှိသူက လာပြီး ကမ်းလှမ်းထားပါတယ်။ ကင်ဟွန်းဂျူကတော့ သရုပ်ဆောင်မယ်၊ သရုပ်မဆောင်ဘူးဆိုတာကို အခုထိ အတည်မပြုရသေးဘူး။ ဒါပေမဲ့ အဲဒီဇာတ်လမ်းတွဲကိုတော့ ဂရုတစိုက်လေ့လာဖတ်ရှုနေပါတယ်” ဟု ပြောကြားသည်။

ကေဒရာမာစတားကင်ဟွန်းဂျူသည် JTBC ရုပ်သံလိုင်း၏ Cruel Palace–War of Flowers ဒရာမာဇာတ်လမ်းတွဲပြီး နောက်တွင် Musical Journey to Yes–terday တေးဂီတအစီအစဉ်၌ အစီအစဉ်မှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ကင်ဟွန်းဂျူသည် This is Family ဒရာမာဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ဖြစ်လျှင် နာကျင်ဖွယ် အတိတ်ဇာတ်လမ်းကြောင့် ယောက်ျားများနှင့် ချစ်ရေးချစ်ရာကိစ္စများမှ ဝေးဝေးနေသော ချာဂန်စင်းအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ သရုပ်ဆောင်အဆိုတော် ဆန်းဒမ်ဘီသည် ယင်းဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ဟု များမကြာသေးမီက အတည်ပြုခဲ့သည်။

This is Family ဒရာမာဇာတ်လမ်းတွဲကို Wonderful Days ဒရာမာဇာတ်လမ်းတွဲပြီးနောက် ဩဂုတ်လတွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။ *Ref: Soompi*





## Go Down Together ဇာတ်ကားမှာ ဘဏ်ဓားပြစုံတွဲအဖြစ် တွေ့မြင်ရမယ့် အမ်မလီယာကလာ့ခ်နဲ့ နီကိုးလပ်စ်ဟော့ထ်

**လော့စ်အန်ဂျလိစ်၊ မေ-၁၇**

ဗြိတိန်သရုပ်ဆောင်များဖြစ်ကြသော အမ်မလီယာကလာ့ခ်နှင့် နီကိုးလပ်စ်ဟော့ထ်တို့သည် ဒါရိုက်တာ မိုက်ကယ်ဆက်စီရိုက်ကူးမည့် Go Down Together ဇာတ်ကားသစ်တွင် အမေရိကန်ဘဏ်ဓားပြစုံတွဲအဖြစ် ပူးတွဲသရုပ်ဆောင်မည်ဖြစ်သည်။

ယင်းဇာတ်ကားသည် စာရေးဆရာ ဂျက်ဖ်ဂူအင်း၏ Go Down Together : The True , Untold Story of Bonnie and Clyde ဖြစ်ရပ်မှန်ဇာတ်လမ်းကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

Go Down Together ဇာတ်ကားတွင်အမ်မလီယာကလာ့ခ်နှင့် နီကိုးလပ်စ်ဟော့ထ်တို့သည် အမေရိကန်စီးပွားရေး ပျက်ကပ်အတွင်း ဘဏ်များကို ဓားပြတိုက်၍ လူသတ်သော ချစ်သူစုံတွဲအဖြစ် သရုပ်ဆောင်မည်ဖြစ်သည်။ ဇာတ်ကားဇာတ်ညွှန်းကို ရှယ်ဒန်တန်နာဒေးဗစ်အက်ဘန်းတို့က ရေးသားပေးမည်ဖြစ်သည်။

Game of Thrones မင်းသမီးအဖြစ် ကျော်ကြားသော အမ်မလီယာကလာ့ခ်သည် လက်ရှိတွင် Terminator ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်လျက်ရှိသည်။ နီကိုးလပ်စ်ဟော့ထ် ပါဝင်သရုပ်ဆောင်ထားသော X–Men: Days of Future Past ဇာတ်ကားသစ်ကို မေလ ၂၃ ရက်တွင် အမေရိကန်နိုင်ငံ၌ ရုံတင်ပြသမည်ဖြစ်သည်။ *—Ref: UPI*






စာ(၃၉)မှ

## မောင်မျိုးမင်း(ရင်တွင်းဖြစ်)နှင့်တွေ့ဆုံခြင်း

**ပရိသတ်တွေအနေနဲ့ စိတ်ကြိုက် သင်္ကြန်ကားတွေ မကြည့်ရတာ ကြာပြီဆိုတော့ ဒီရုပ်ရှင်ကကော ပရိသတ်တွေကိုဘယ်လောက် အတိုင်းအတာအထိ စိတ်ကျေနပ်မှု ပေးနိုင်မယ်လို့ ယုံကြည်ထားလဲ။ ဒီရုပ်ရှင်မှာ သင်္ကြန်ရဲ့အငွေ့အသက် ဘယ်လောက်ပါမလဲ။**

ပရိသတ်တွေဒီကားကိုကြည့်ရင် သင်္ကြန်တစ်ခုကို တကယ်ရောက်သလို ခံစားရမယ်။အဲဒီလို ခံစားရအောင်လည်း ဒီရုပ်ရှင်ကို သင်္ကြန်အစစ်မှာရိုက်ထားတယ်။ လူငယ်တွေရဲ့သဘာဝ အချစ်ဆိုတာတွေပါမယ်။ ပျော်စရာလေးတွေပါမယ်။ သင်္ကြန်ရဲ့ အငွေ့အသက်တွေအားလုံးပါမယ်။

**သင်္ကြန်တွင်းမှာလည်း ရိုက်ခဲ့တယ်။ မင်းသမီးတွေကလည်း သရုပ်ဆောင်အနေနဲ့ဆိုရင် အသစ်တွေလို့ပြောလို့ရတဲ့ သူတွေဆိုတော့ ရိုက်ကူးရေးပိုင်းမှာ ဘယ်လိုအခက်အခဲတွေရှိခဲ့ပါသလဲ။**

အသစ်တွေဖြစ်တဲ့အတွက် နည်းနည်းတော့ ပိုသင်ရတယ်။ ဒါပေမဲ့ ပြဿနာတော့မရှိပါဘူး။ အဓိကကတော့ ဒီရုပ်ရှင်သည် သင်္ကြန်ကားဖြစ်တယ်။ အဲဒီအတွက် သင်္ကြန်ကားအနေနဲ့ လာကြည့်ကြမယ်။ ကြည့်တဲ့အချိန်မှာ ပရိသတ်တွေစိတ်ကျေနပ်မှုရအောင်ကြိုက်တဲ့ကားတစ်ကားဖြစ်ရင် ဦးမျိုးတာဝန်ကျေပြီ။

**နှင်းဆီအဖွဲ့ရဲ့ပြည်ပဖျော်ဖြေရေးခရီးစဉ်ကအောင်မြင်ခဲ့တယ်။ မန္တလေးမှာတုန်းကလည်း ပရိသတ်အားပေးမှုရခဲ့တာဆိုတော့ ရှေ့ဆက်ပြီး နှင်းဆီအဖွဲ့လှုပ်ရှားမှုအနေနဲ့ ဘာတွေပြင်ဆင်ထားလဲ။ ရန်ကုန်မှာလည်း နှစ်စဉ်ဖျော်ဖြေပွဲပြုလုပ်နေကျဆိုတော့ ဒီနှစ်ထဲမှာကောဖျော်ဖြေပွဲလုပ်ဖို့အစီအစဉ်ရှိလား။**

နှင်းဆီအဖွဲ့အနေနဲ့ လောလောဆယ်လုပ်ဖို့တော့ အစီအစဉ်မရှိဘူး။ ဖျော်ဖြေရေးခရီးသွားထားတဲ့အတွက် အလုပ်ကြွေးတွေဆပ်နေရတယ်။အားလုံးကို အလုပ်ကြွေးတွေတင်သွားတယ်ဆိုတော့ အဲဒီဘက်ကို အာရုံကိုမစိုက်နိုင်သေးဘူး။ ရန်ကုန်မှာကဖို့လည်းအလုပ်တွေ နိုင်နိုင်နင်းနင်းလုပ်နိုင်မှ။ ရုပ်ရှင်က ဦးမျိုးတို့အတွက် ပထမဦးစားပေးလေ။ အငြိမ့်က ဒုတိယဦးစားပေးပဲ။

**ခုနှစ်ထဲမှာ ရိုက်ခဲ့တဲ့ မှော်ဝင်သမန်းကျားရုပ်ရှင်ကလည်း ထူးခြားမှုတွေပါတယ်ဆိုတော့ အဲဒီရုပ်ရှင်အကြောင်းကော ပြောပြပေးပါလား။**

အဲဒီရုပ်ရှင်ရိုက်ကူးရေးကပြီးသွားပြီလို့ပြောလို့ရပြီ။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ မရှိသေးတဲ့ဇာတ်ကားမျိုးဖြစ်အောင် ဖန်တီးထားတယ်။ နောက်ပြီး မြန်မာတွေရဲ့ ဒေသခံဓလေ့တွေ၊ အငွေ့အသက်တွေပါအောင် ရိုက်ထားတယ်။ မြိတ်မြို့ရဲ့ ကျားပွဲဆိုရင် ဒီကျားပွဲဖြစ်ပေါ်လာပုံကအစရိုက်ပြထားတယ်။ ကျားတွေကို သရီးဒီနဲ့လုပ်မှာဆိုတော့ စိတ်တိုင်းကျဖြစ်အောင် ပညာရှင်တွေနဲ့ ပြန်လုပ်ရဦးမယ်။ ကျားအစစ်တွေလည်း ထည့်ရိုက်ဖို့ အစီအစဉ်ရှိတယ်။ ဘန်ကောက်မှာလိမ္မာတဲ့ကျားတွေရှိတော့ လူတွေနဲ့ တွဲရိုက်သွားဖို့အစီအစဉ်ရှိတယ်။

**မှော်ဝင်သမန်းကျားရုပ်ရှင်ရိုက်ကူးတဲ့အချိန်က သက်သတ်လွတ်စားပြီး ရိုက်ကူးခဲ့တာကကော ဒီရုပ်ရှင်အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိတယ်လို့ ယုံကြည်ထားပါသလဲ။**

ဘယ်လိုမှတော့မဟုတ်ပါဘူး။ တောထဲမှာသွားရိုက်တာဆိုတော့ အဓိဋ္ဌာန်တစ်ခုထားသလိုမျိုး၊ ကိုယ့်တစ်နေ့တာအတွက် ဇာတ်ကားရိုက်တဲ့အချိန် သူများအသက်မပါစေချင်ဘူး။

**ဒီနှစ်ထဲမှာ 'တိုက်ဆိုင်မှုရှိလျှင်'ရုပ်ရှင်ကားလည်း ရုံတင်မှာဆိုတော့ အဲဒီ ဇာတ်ကားအကြောင်းကိုလည်း ပရိသတ်ကိုမိတ်ဆက်ပေးပါဦး။ နောက်ပြီးဒီကားနဲ့ပတ်သက်ပြီးဦးမျိုးအနေနဲ့ဘာတွေမျှော်လင့်ထားလဲ။**

ဒီရုပ်ရှင်က မိသားစုပညာပေးဇာတ်လမ်းလေးပါ။ ဒီရုပ်ရှင်ရဲ့ ကြော်ငြာပိုစတာမှာ 'အိမ်ထောင်ဖက် အမျိုးသားက ဒီဇာတ်ကားကို ရုပ်ရှင်တစ်ပွဲစာအချိန်ပေးပြီး ကြည့်နိုင်ရင် ရှင့်ရင်ခွင်မှာတစ်ဘဝလုံးမြှုပ်နှံရကျိုးနပ်ပြီ'လို့ ညွှန်းဆိုထားတယ်။

**အခုနောက်ပိုင်းမှာပြည်ပကဇာတ်ကားတွေကို ပြန်ပြီးကော်ပီရိုက်တဲ့အပေါ် ပရိသတ်တွေဘက်က ဝေဖန်မှုတွေရှိလာတာဆိုတော့ အဲဒါနဲ့ ပတ်သက်ပြီး ဦးမျိုးရဲ့အမြင်ကဘယ်လိုရှိပါသလဲ။**

ဘယ်လိုပဲဝေဖန်ပါစေ။ ဝေဖန်ရေးဆိုတာ ခေတ်အဆက်ဆက်မှာရှိတာဆိုတော့ကောင်းပါတယ်။

**ရုပ်ရှင်အစည်းအရုံးမှာ ရွေးကောက်ပွဲတွေ လုပ်တော့မှာဆိုတော့ ရုပ်ရှင်လောကအတွက်ဘာတွေ အကြံပြုဖို့ရှိလဲ။ ကိုယ်တိုင်ဝင်အရွေးခံဖို့ကော အစီအစဉ်ရှိလား။**

ကိုယ်တိုင်ဝင်အရွေးခံဖို့အစီအစဉ်မရှိပါဘူး။ ဒါပေမဲ့ ရွေးကောက်ပွဲ တရားမျှတအောင်တော့ ဝိုင်းလုပ်ပေးဖို့ အစီအစဉ်ရှိပါတယ်။

**ဦးမျိုးအနေနဲ့ မြန်မာ့ရုပ်ရှင်လောက ပြန်လည်မြင့်တက်ဖို့ဆိုရင်ဘာတွေကို အဓိကပြောင်းလဲဖို့လိုအပ်မယ်လို့ ထင်ပါသလဲ။**

သိန်းငှက်တစ်ကောင်ရဲ့ သက်တမ်းက နှစ်(၇၀)ရှိတယ်တဲ့။ အဲဒါကို ရုပ်ရှင်လောကကြီးလို့ သဘောထားလိုက်မယ်။ အဲဒီသိန်းငှက်က အနှစ်လေးဆယ်လောက်ရောက်တဲ့အချိန်တောင်ပံတွေကလည်းရှည်လာပြီ။ လက်သည်းတွေ၊ နှုတ်သီးတွေဆိုရင်လည်း ရှည်လွန်းပြီး ပြန်ကုပ်ကုန်ပြီဆိုတော့ ပျံရတာလည်းလေးလာတယ်။ အစာစားတဲ့အချိန်မှာလည်း အစာမကောက်နိုင်တော့ဘူး။ အဲဒီအချိန်မျိုးမှာ ဂူလိုနေရာမှာတစ်နှစ်လောက်အချိန်ပေးပြီး အရင်ဆုံးသူ့ရဲ့ နှုတ်သီးတွေကိုချိုးပစ်ရတယ်။ အဲဒီနောက် နှုတ်သီးအသစ်ပြန်ပေါက်လာအောင်စောင့်ရတယ်။ နှုတ်သီးအသစ်ပြန်ပေါက်လာမှ ခန္ဓာကိုယ်မှာရှိတဲ့ အမွေးအမှင်တွေကို ပြန်ဆွဲနုတ်ရတယ်။ နောက်ပြီး လက်သည်းတွေကိုလည်း ချိုးပစ်ရပြီး အသစ်ပြန်ပေါက်လာအောင်စောင့်ရတယ်။ အဲဒါမှ သူ့ရဲ့ကျန်တဲ့သက်တမ်းမှာ ပေါ့ပေါ့ပါးပါးနဲ့ပျံသန်းနိုင်မယ်။ အစာလည်းရှာနိုင်မယ်။ အဲဒီလိုပဲ ရုပ်ရှင်လောကမှာလည်း ရှိပြီးသားအဟောင်းတွေအကုန်လုံးကို ရိုက်ချိုးသင့်တယ်ထင်တာပဲ။ ရိုက်ချိုးပြီး အကုန်လုံးကိုပြန်စောင့်လုပ်ရမယ်လို့ထင်တယ်။

**အနုပညာမျိုးဆက်သစ်တွေမွေးထုတ်ဖို့ သရုပ်ဆောင်သင်တန်းဖွင့်ပြီး သင်ကြားပေးဖို့ရှိတယ်ဆိုတော့ အဲဒီအစီအစဉ်နဲ့ပတ်သက်ပြီး ပြောပြပေးပါလား။**

ဒီမှာက အဆင်ပြေတာလေးနဲ့ သရုပ်ဆောင်နိုင်ရင် ရတယ်ဆိုတော့ အရည်အသွေးတွေတဖြည်းဖြည်းညံ့လာတယ်။ဦးမျိုးကလည်း ကားရိုက်နေတာဆိုတော့ အသစ်တင်ချိန်မရဘူး။ ရိုက်ကွင်းပေါ်မှာ သင်ကြားပေးရတာလည်းမပြည့်စုံနိုင်ဘူးဆိုတော့ သရုပ်ဆောင်နဲ့ပတ်သက်ပြီး သင်ပြတဲ့သင်တန်းတစ်ခု ဖွင့်မယ်။ လူဦးရေကိုလည်း နှစ်ဆယ်လောက်လက်ခံမယ်။ အဲဒီလူတွေကိုပဲ သေသေချာချာအချိန်ပေးပြီး ဂရုစိုက်သင်ကြားပေးမယ်။ ၂၀၁၄ ဇွန်လောက်မှာစမယ်။ နောက်အကျဆုံးဆိုရင်တောင် ဇူလိုင်လဆန်းပဲ။ သင်တန်းကာလကို အကြမ်းဖျင်း သုံးလတော့သတ်မှတ်ထားတယ်။

**ဦးမျိုးရဲ့ ပရိသတ်တွေအတွက် အမှတ်တရစကားလေး ပြောပေးပါဦး။**

လွန်ခဲ့တဲ့လေးနှစ်လောက်က ဦးမျိုးနေမကောင်းဖြစ်သွားတဲ့အချိန် ငါပြန်ကောင်းလာပါတော့မလားလို့ သံသယဖြစ်သွားတဲ့အချိန်ဝမ်းနည်းစိတ်တစ်ခုဖြစ်တယ်။ အဲဒီအချိန်မှာများ မတော်တဆသေသွားခဲ့ရင် ဦးမျိုးသားသမီးတွေအတွက် စိတ်မပူဘူး။ ပစ္စည်းဥစ္စာအတွက်လည်းစိတ်မပူဘူး။ ကျော်ကြားမှုအတွက်လည်းစိတ်မပူဘူး။ ဦးမျိုးစိတ်ပူတာတစ်ခုပဲရှိတယ်။ ပရိသတ်အတွက် ရှာထားတဲ့ဇာတ်တွေကို မရိုက်ဘဲနဲ့သေသွားရမှာကို ဝမ်းအနည်းဆုံးပဲ။ အဲဒါကြောင့် အခုဒုတိယအသက်နဲ့ပြန်လည်ရှင်သန်လာတဲ့အချိန်မှာ ဖန်တီးနိုင်သမျှ အကောင်းဆုံးလုပ်သွားမယ်။ **ကျေးဇူးတင်ပါတယ်။**

### ရွှေမိုးကောင်းကွန်ဒိုစီမံကိန်းသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက်မြေပေါ်တွင် မြို့တော်အင်္ဂါရပ်နှင့်အညီတရားဝင်အကျိုးတူဆောင်ရွက်နေခြင်းဖြစ်ကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ အမှတ်(၁၃၃)တွင် ဖွင့်လှစ်ထားသော GREAT MASTER CONSTRUCTION CO.,LTD ၏ ဥက္ကဋ္ဌဖြစ်သူ ဦးတုံချန်တာ(ခ)ဦးချမ်းသာ၏ ညွှန်ကြားချက်အရအများသိစေရန် အောက်ပါအတိုင်းအသိပေးကြေညာအပ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၂)မြေဧရိယာ (၂.၄၄၅)ဧကခန့်အကျယ်မြေကွက်ပေါ်တွင် **"ရွှေမိုးကောင်းကွန်ဒိုစီမံကိန်း"** ဆောက်လုပ်ရန်အတွက် ကျွန်ုပ်တို့၏အမှုသည်များ၏ GREAT MASTER CONSTRUCTION CO.,LTD နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ တာဝန်ရှိပုဂ္ဂိုလ်များတို့သည် ၂၆.၉.၂၀၁၃ရက်နေ့တွင် "ရွှေမိုးကောင်း ကွန်ဒိုစီမံကိန်းဆောက်လုပ်ရန် သဘောတူစာချုပ်"တစ်ရပ်ကို အသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးချုပ်ဆိုထားခဲ့ကြခြင်းဖြစ်ပါသည်။သမဝါယမအသင်းပိုင်မြေမဟုတ်ပါကြောင်း ကျွန်ုပ်တို့အမှုသည်များ၏ တင်ပြချက်နှင့်အထောက်အထား စာချုပ်စာတန်းများအရ အများသိစေရန် ဦးစွာအသိပေးကြေညာအပ်ပါသည်။

ယခုဆောက်လုပ်လျက်ရှိသည့် "ရွှေမိုးကောင်းကွန်ဒိုစီမံကိန်းဆောက်လုပ်ရေးလုပ်ငန်း"ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေပေါ်တွင် ဆောက်လုပ်ခြင်းသာဖြစ်ပြီး သမဝါယမအသင်းပိုင်မြေပေါ်တွင်မဟုတ်ပါ။ အဆိုပါစီမံကိန်း ဆောက်လုပ်ရေးလုပ်ငန်း ဆောက်လုပ်ခွင့်ရရှိသည့်အချိန်မှစ၍ ကျွန်ုပ်တို့အမှုသည် GREAT MASTER CONSTRUCTION CO.,LTD အနေဖြင့်ရန်ကုန်တိုင်းဒေသကြီးအစိုးရရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊သမဝါယမဝန်ကြီးဌာနတို့ထံအဆင့်ဆင့်ခွင့်ပြုချက်၊သဘောတူညီချက်များရယူပြီးမှ မူဘောင်အတွင်းမှဆောက်လုပ်ခဲ့ခြင်းသာဖြစ်ပါကြောင်းကျွန်ုပ်တို့အမှုသည်၏ညွှန်ကြားချက်အရအများသိစေရန် ကြေညာအပ်ပါသည်။

ယခင်ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက်တွင် ခရိုင်လက္ကားသမဝါယမအသင်းမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေနေရာတွင် လိပ်ပြာတောင်ဆိုင်ခန်းတည်ဆောက်ခွင့်ရယူခဲ့ပြီး ၁၉၇၆ခုနှစ်တွင် ခရိုင်လက္ကားသမဝါယမအသင်းမှ ရန်ကင်းမြို့နယ်၊ သမဝါယမအသင်းသို့ လုပ်ငန်းလွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ (၂၆.၇.၁၉၉၈)ခုနှစ်တွင် မြို့နယ်သမဝါယမအသင်းမှ အားမာန်သမဝါယမအသင်းသို့ လုပ်ငန်းထပ်မံလွှဲပြောင်းပေးခဲ့ပါသည်။ယင်းသို့ လုပ်ငန်းလွှဲပြောင်းပေးအပ်ရာမှာ လုပ်ငန်းသာဖြစ်ပြီး မြေနေရာမပါပါ။ သမဝါယမအသင်းသို့လည်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကျွန်ုပ်တို့အမှုသည်၏ တင်ပြသောစာရွက်စာတမ်းအထောက်အထားများအရ အများသိစေရန် ကြေညာအပ်ပါသည်။

(၇.၅.၂၀၁၄)ရက်နေ့ထုတ် DAILY ELEVEN သတင်းစာတွင် ရန်ကင်းမြို့နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှ ဖော်ပြခဲ့သော ကုမ္ပဏီမှ တာဝန်ရှိသူအား တွေ့ဆုံမေးမြန်းခဲ့သည်ဆိုသော စကားရပ်များလုံးဝ(လုံးဝ)မဟုတ်ပါ။ကျွန်ုပ်တို့အမှုသည်နှင့်အကျိုးတူဆောင်ရွက်နေသောရန်ကုန်မြို့တော်စည်ပင်သာယာမြေပေါ်ရှိ"အားမာန်သမအသင်း"ဆိုင်တည်ရှိမှုဖြစ်စဉ်နှင့်ပတ်သက်၍ရန်ကင်းမြို့နယ်၊အမျိုးသားလွှတ်တော်ကိုယ်စားလှယ်မှသော်လည်းကောင်း၊ အခြားသောမည်သည့်ပုဂ္ဂိုလ်မှသော်လည်းကောင်း လာရောက်တွေ့ဆုံမေးမြန်းခြင်းမရှိခဲ့ပါကြောင်း ကျွန်ုပ်တို့အမှုသည်ကုမ္ပဏီ၏ အဆိုရှိသည်ကို ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေပေါ်တွင် ယခင်ကဆောက်လုပ်ထားသည့် အားမာန်သမဝါယမအသင်း၏ အဆောက်အဦးနှင့်အသင်းမှ ထပ်ဆင့်ငှားရမ်းထားသော ဆိုင်ခန်းများကိုလည်းမြို့နယ်သမအသင်းမှစ၍ ဗဟိုသမ ဦးစီးဌာနအဆင့်ဆင့်ထိ ညှိနှိုင်းဆောင်ရွက်ပြီးမှသာလျှင် အားမာန်သမအသင်းဆိုင်အတွက် မင်္ဂလာလမ်းဘက်ရှိမြေနေရာ(ပေ ၅၀ × ပေ ၁၀၀)ပေါ်တွင် (၂)ထပ်အဆောက်အဦးဆောက်လုပ်ခဲ့ပြီး နေရာအစားဖွင့်လှစ်ရောင်းချစေခဲ့သည့်အပြင်ဆိုင်ခန်းပိုင်ရှင်များကိုလည်း လျော်ကြေးငွေများပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်တော်တို့အမှုသည် GREAT MASTER CONSTRUCTION CO.,LTD အနေဖြင့်အေးချမ်းစွာဖြင့်အနှောင့်အယှက်မရှိကင်းရှင်းစွာဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများကို အောင်မြင်စွာဖြင့် (၁)နှစ် နီးပါးလုပ်ကိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှေ့တွင်လည်း အနှောင့်အယှက်မရှိကင်းရှင်းအေးချမ်းစွာဖြင့်လုပ်ကိုင်ဆောင်ရွက်တည်ဆောက်သွားမည်ဖြစ်ပါသည်။မိတ်ဟောင်းမိတ်သစ်များယုံကြည်စိတ်ချစွာဖြင့်ဝယ်ယူအားပေးနိုင်ပါကြောင်းကျွန်တော်များကုမ္ပဏီမှအာမခံတာဝန်ယူပါကြောင်းအများသိစေရန်ကျွန်ုပ်တို့အမှုသည်၏ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**GREAT MASTER CONSTRUCTION CO.,LTD ဥက္ကဋ္ဌ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးမျိုးသန့် (B.A(Law),LL.B) | ဦးလှိုမွှေ(LL.B) | ဒေါ်ရီ (LL.B) |
|---|---|---|
| (စဉ်-၁၅၇၆) | (စဉ်-၄၃၀၄) | (စဉ်-၃၈၈၀) |

**တရားလွှတ်တော်ရှေ့နေများ**

အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း- ၀၉-၅၀၆၄၅၄၅၊ ၀၉- ၈၆၃၀၇၀၄၊ ၀၉- ၅၀၈၃၅၀၅

Sports

7DAY NEWS JOURNAL

Vol.13, No.11 • MAY 21 , 2014



၂၀၁၄တက္ကသိုလ်ချန်ပီယံလိဂ်ဖွင့်ပွဲတွင် ကိုနေရွှေသွေးအောင်နှင့်ဦးမျိုးလှိုင်ဝင်းတို့ကို ဆုဖလားနှင့်အတူ တွေ့ရစဉ်

# တက္ကသိုလ်များ ချန်ပီယံလိဂ် ဘယ်လိုခရီးဆက်နိုင်မလဲ

**ချစ်ဝိုင်း**

အငြိမ်းစားဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ မြေးဖြစ်သူ ကိုနေရွှေသွေးအောင်(ဖိုးလပြည့်) ဦးဆောင်၍ တက္ကသိုလ်များ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲကို ကျင်းပလာသည်မှာ ၂ နှစ်ရှိပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့သည့် တက္ကသိုလ်များချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲကို လူအများစုက စိတ်ပါဝင်စားစွာ စောင့်ကြည့်ခဲ့ကြသည်။ တက္ကသိုလ်ဘောလုံးပြိုင်ပွဲများ ပြန်လည်ကျင်းပလာချိန်တွင် မြန်မာနိုင်ငံ၏ ဘောလုံးအဆင့်အတန်း တစ်ခေတ်ပြန်လည်ဆန်းသစ်လာစေရန် မျှော်မှန်းခဲ့ကြသည်။

"ဒီပြိုင်ပွဲကို မနှစ်ကစလုပ်တုန်းက ဖိုးလပြည့်ကဦးဆောင်ပြီး လုပ်တာ။ ပညာရေးဘက်က တစ်သင်းမှ မပါဘူး။ ဒီနှစ်မှ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လုပ်တာ။ တကယ်လို့ ဒီပြိုင်ပွဲမလုပ်ဖြစ်ခဲ့ရင်လည်း တက္ကသိုလ်ပေါင်းစုံ ဖလားပြိုင်ပွဲက တော့လုပ်မှာပဲ။ တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲပေါ်ပေါက်လာတာကောင်းပါတယ်။ တက္ကသိုလ်ကစားသမားတွေအနေနဲ့ ဆုကြေးပိုရတာပေါ့"ဟု ဒဂုံတက္ကသိုလ်အားကစားမှူး ဦးညွန့်ဝင်းက ကိုနေရွှေသွေးအောင်ဝါသနာပါ၍ ထိုပြိုင်ပွဲကျင်းပပေးခြင်းလားဟု အမေးကိုဖြေသည်။

တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲ ကျင်းပရခြင်းမှာ တက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ကျောင်းသားများ ချစ်ကြည်ရင်းနှီးမှုရရှိလာစေရန်နှင့် တက္ကသိုလ်ဘောလုံးအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ပထမအကြိမ်ပြိုင်ပွဲသို့ နည်းပညာတက္ကသိုလ်၊ ဆေးတက္ကသိုလ် နှင့် ကွန်ပျူတာတက္ကသိုလ်များမှ အသင်း ၁၆ သင်းဝင်ရောက်ယှဉ်ပြိုင်ပြီး ဆေး-၂ အသင်း ဗိုလ်စွဲခဲ့သည်။

သို့သော်လည်း ယင်းပြိုင်ပွဲမှ ကစားသမားများကို ရွေးချယ်ခြင်းမရှိဘဲ ပညာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၁၃ တက္ကသိုလ်ပေါင်းစုံဖလားပြိုင်ပွဲမှ ခြေစွမ်းပြကစားသမားများကို စုပေါင်းကာ တက္ကသိုလ်အသင်း ပရော်ဖက်ရှင်နယ်ကလပ်အဖြစ် ၂၀၁၄ တွင် စတင်တည်ထောင်ခဲ့သည်။ အဆိုပါအသင်းမှာ မြန်မာနေရှင်လိဂ်-၂ တွင် တက္ကသိုလ်အသင်းအဖြစ် ဝင်ရောက်ကစားလျက်ရှိပြီး ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးထားသည်။

ကစားသမားများအား ပညာရေးဝန်ကြီးဌာနက လစာပေးချေမှုမရှိသော်လည်း နေစရိတ်၊ စားစရိတ်အပြင် အခြားထောက်ပံ့မှုများပြုလုပ်ပေးထားသည်။ ကစားသမားတစ်ဦးအတွက်ထောက်ပံ့ကြေးတစ်လလျှင် ကျပ်တစ်သိန်းခွဲခန့်ရှိကြောင်း တက္ကသိုလ်အသင်းမန်နေဂျာ ဒေါက်တာတင်မောင်ဝင်းကပြောသည်။

သို့သော် တက္ကသိုလ်အသင်းမှာ မြန်မာနေရှင်နယ်လိဂ် ၂တွင်ပင် အစွမ်းမပြနိုင်ဘဲ ရှုန်းကန်နေရသည်။

၂၀၁၄ တွင် ထပ်မံကျင်းပသည့် ပြိုင်ပွဲ၌မူ ဦးနေရွှေသွေးအောင်က အတွင်းရေးမှူးရာထူးကို လွှဲပြောင်းရယူပြီး ဒေါက်တာလှတင့်(အဝေးသင်ပါမောက္ခချုပ်အောက် မြန်မာပြည်)က ဥက္ကဋ္ဌရာထူးဖြင့် ပြိုင်ပွဲကို ဒုတိယအကြိမ်ကျင်းပသည်။ ပထမအကြိမ် ဦးနေရွှေသွေးအောင်ဥက္ကဋ္ဌရာထူးဖြင့် ပြိုင်ပွဲကို ကျင်းပချိန်တွင် Miss Universe Myanmar ဆုရှင် မိုးစက်ဝိုင်က ဆုဖလားသယ်ဆောင်ကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့မှုကြောင့် ဝေဖန်ခြင်းခံခဲ့ရ၍ ဥက္ကဋ္ဌရာထူးကို ဒေါက်တာလှတင့်က တာဝန်ယူခဲ့ခြင်းဖြစ်ကြောင်း ဒဂုံတက္ကသိုလ်အားကစားမှူး ဦးညွန့်ဝင်းက ပြောသည်။

"ဒီနှစ် မြန်မာလိဂ်-၂ ဝင်တက္ကသိုလ်လက်ရွေးစင်အသင်းမှာ တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲက ကစားသမားတစ်ဦးမှ မပါဘူး။ ပညာရေးဝန်ကြီးဌာနကကျင်းပတဲ့အောက်မြန်မာပြည်မှာရှိတဲ့ တက္ကသိုလ် ၂၁ ခု ဘောလုံးပြိုင်ပွဲကျင်းပပြီး လက်ရွေးစင်ကစားသမားတွေ စုပေါင်းပြီး ပညာရေးကလည်း တစ်သင်းဝင်ပြိုင်မယ်ဆိုပြီး ဝင်ပြိုင်ဖြစ်တာပါ။ ဒီနှစ်မှာတော့ ပညာရေးဘက်က အသင်းတွေလည်း ပါဝင်လာပြီဆိုတော့ အဲဒီကစားသမားတွေကို ခေါ်ယူသွားဖို့ရှိပါတယ်"ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံ၏ ဘောလုံးလောကတွင် ၁၉၉၀ ပြည့်နှစ်အစောပိုင်းက တက္ကသိုလ်လက်ရွေးစင် အသင်းများမှ ဘောလုံးသမားကောင်း အမြောက်အမြား ထွက်ပေါ်ခဲ့ဖူးသည်။ သို့သော်နောက်ပိုင်းနှစ်များတွင် တက္ကသိုလ်ပေါင်းစုံဘောလုံးပွဲများ ကျင်းပနိုင်ခြင်းမရှိခဲ့သည့်အတွက် တက္ကသိုလ်လက်ရွေးစင်များ ထွက်ပေါ်လာမှုအားနည်းခဲ့သည်။

"ဘောလုံးပွဲလုပ်တယ်ဆိုတာ ကောင်းတဲ့ လုပ်ရပ်တစ်ခုပါ။ အဲဒီမှာ လူတစ်ဦးတစ်ယောက်တည်းကပဲ လုပ်နေပြီး ကျန်တဲ့သူတွေက အဖြစ်သဘောမျိုးလုပ်နေရင် ဘာမှတိုးတက်လာမှာမဟုတ်ဘူး။ ဘောလုံးအဖွဲ့ချုပ်ကလည်း ထောက်ပံ့ပေးရမယ်။ ပညာရေးနဲ့ တက္ကသိုလ်လက်ရွေးစင်ဟောင်းတွေပေါင်းပြီးလုပ်မယ်ဆိုရင် အရင်တုန်းက အောင်မြင်ခဲ့တဲ့တက္ကသိုလ်ဘောလုံးအသင်းကို ပြန်တည်ဆောက်နိုင်မယ်။ တစ်ဦးတစ်ယောက်ထဲကပဲ လုပ်နေတာဆိုရင်တော့ ဘာမှဖြစ်လာမှမဟုတ်ဘူး"ဟု အားကစားကလောင်ရှင်ကိုနေကိုကပြောသည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်လက်ရွေးစင်များ ထွက်ပေါ်လာခဲ့သည့်အချိန်က ဘောလုံးလောက၏ အဆင့်အတန်းမှာ အတိုင်းအတာတစ်ခုအထိရောက်ရှိခဲ့ပြီး အောင်မြင်မှုများစွာရရှိခဲ့သည်ဟု တက္ကသိုလ်လက်ရွေးစင်ကစားသမားဟောင်း ဦးဇော်မြင့်က ပြောသည်။

ယခုပြိုင်ပွဲမှ ကစားသမားများကို အာဆီယံတက္ကသိုလ်ဘောလုံးပြိုင်ပွဲတွင် အဆင့်အတန်းတစ်ခုအထိ ရောက်ရှိအောင် အချိန်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာဘောလုံးလောကအဆင့်အတန်းမြင့်မားလာစေရန်အတွက် တက္ကသိုလ်လက်ရွေးစင်များလိုအပ်ကြောင်း ၎င်းက သုံးသပ်သည်။

တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲကို ပညာရေးဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်တွင် ပြန်လည်ကျင်းပလာခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းအချို့က ကစားသမားအချို့ခေါ်ယူခဲ့သည်။ သို့သော် ယခုကျင်းပလျက်ရှိသည့် တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲကစားသမားများကိုမူ မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများက ခေါ်ယူရန်စိတ်ဝင်စားမှုမရှိပေ။ ထို့အပြင် ပြိုင်ပွဲများသို့ လာရောက်ကြည့်ရှုခြင်းလည်းမရှိကြောင်း ဒဂုံတက္ကသိုလ်အားကစားမှူး ဦးညွန့်ဝင်းကပြောသည်။

"ကလပ်အသင်းတွေ လာကြည့်တာ အရမ်းကိုနည်းတယ်။ သူတို့တွေက တက္ကသိုလ်က ကစားသမားတွေကို ခေါ်ယူဖို့ စိတ်ဝင်စားမှုမရှိကြဘူး"ဟု ၎င်းက ပြောသည်။

တက္ကသိုလ်ကျောင်းသားအများစုမှာ ဘောလုံးကစားရန်အတွက် စိတ်အားထက်သန်ကြသော်လည်း နည်းစနစ်ပိုင်း ကျွမ်းကျင်မှုမရှိကြောင်း၊ ကလပ်အသင်း များတွင် ဝင်ရောက်ကစားနိုင်သည့် ခြေစွမ်းမျိုးမရှိ၍ ကလပ်အသင်းများ လာရောက်ကြည့်ရှုခြင်းမရှိကြောင်း ဦးညွန့်ဝင်းက ဆက်ပြောသည်။


"တက္ကသိုလ်ဘောလုံးအဆင့်အတန်းမြင့်မားလာဖို့အတွက် အခြေခံကျောင်းတွေက ပြန်ပြီးစတင်ရမယ်။ မိဘတွေက ရှစ်တန်းအောင်ပြီးသွားရင် ကလေးတွေကို ဘာအားကစားမှ ပေးမဆော့တော့ဘူး။ ဘောလုံးမှမဟုတ်ဘူး။ တခြားအားကစားနည်းတွေလည်း ဒီအတိုင်းပဲ" ဟု ၎င်းကဆိုသည်။

"ပြိုင်ပွဲလုပ်တာက ကောင်းပါတယ်။ ကလပ်အသင်းတွေက မခေါ်ဘူးဆိုတာက အရင်တုန်းက တက္ကသိုလ်ဘောလုံးသမားတွေနဲ့ အခုဘောလုံးသမားတွေက မတူတော့ဘူး။ အခုတက္ကသိုလ်ဘောလုံးသမားတွေကို ကြည့်ရတာ အရမ်းပျော့တယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မီဒီယာတာဝန်ခံ ဦးစိုးမိုးကလည်း သူ၏အမြင်ကိုပြောသည်။

ပထမဆုံးအကြိမ် ပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၆ သင်းဖြင့် အုပ်စုလေးစုခွဲကာ ယှဉ်ပြိုင်စေခဲ့ပြီး တစ်ပွဲချင်းစီအလိုက် ဆုကြေးငွေများသတ်မှတ်ချီးမြှင့်ခဲ့သည်။ အုပ်စုအဆင့်တွင် တစ်ပွဲနိုင်လျှင် ငွေကျပ်ငါးသောင်းနှင့် သရေကျလျှင် သရေကျသော အသင်း နှစ်သင်းကို ငွေကျပ် နှစ်သောင်းစီထပ်မံချီးမြှင့်ခဲ့ပြီး ဂိုးကွာခြားချက် တစ်ဂိုးလျှင် ကျပ်ငါးထောင်နှုန်း ချီးမြှင့်ခဲ့သည်။

ထို့အပြင် ကွာတားဖိုင်နယ်ပွဲစဉ်များတွင် အနိုင်ရရှိသော အသင်းတိုင်းကို ငွေကျပ် တစ်သိန်းစီနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် အနိုင်ရရှိသော အသင်းတိုင်းကို ငွေကျပ်သုံးသိန်းထပ်မံချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲဝင်အသင်းများမှာ အုပ်စုပွဲစဉ်မှ စတင်ကာ ဗိုလ်လုပွဲရောက်သည်အထိ တစ်ပွဲမှ ရှုံးနိမ့်ခဲ့ခြင်းမရှိပါက ဆုကြေးငွေ ကျပ် ၅၇ သိန်းကျော်ထိ ရနိုင်သည်။ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆု

စာမျက်နှာ A7 ››


At It's Very Best.
The new E-Class, direct from Germany.
Mercedes is now officially in Myanmar. At the Authorized Distributorship and Service Center, you can now buy a Mercedes direct from Germany with no worries.
More importantly you can now take full advantage of the experienced and well-trained staff at the Authorized Service Center in getting first class German service.
Starting From
120,888US$
S MB 2120
2 Years warranty - unlimited mileage
Complimentary 3 years free servicing
(Engine Oil, Oil Filter, Brake Fluid, Air Filter, Dust Filter)
Complimentary paint protection plan
www.mercedes-benz.com.mm
Mercedes-Benz
Distributed by Automobile Alliance Co., Ltd. and Serviced by Cycle & Carriage Automobile Myanmar Co., Ltd.
Showroom: 51 Pyay Road, Mayangone Township, Yangon. Opening hours : 9:00am - 9:00pm. Hotline: 09 5057045

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# မက်ဒရစ်မြို့ခံနှစ်သင်း ပထမဆုံးအကြိမ်တွေ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲ

**ကိုအေးမြတ်**


JUAN MEDINA/ REUTERS

ဒီနှစ်ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ရီးရဲလ်နဲ့ အက်သလက်တီကိုဆိုတဲ့ မက်ဒရစ်မြို့ခံနှစ်သင်း တက်ရောက်နိုင်ခဲ့တာဟာ သမိုင်းမှတ်တမ်းသစ်တစ်ရပ် ဖြစ်လာသလို ၂၀၀၁ က မက်ဒရစ်နဲ့ ဗလင်စီယာတို့ တွေ့ဆုံခဲ့တဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲပြီးနောက် စပိန်အသင်းအချင်းချင်း တွေ့ဆုံတဲ့ပွဲလည်း ဖြစ်လာခဲ့ပါတယ်။

**၂၅၊ မေ တနင်္ဂနွေ။**
**နံနက် ၁း၁၅ နာရီ**

**ရီးရဲလ်- အက်သလက်တီကို နောက်ဆုံးတွေ့ဆုံမှုငါးကြိမ်**

**၂၊ ၃၊ ၁၄ (လာလီဂါ**
အက်သလက်တီကို ၂–၂ ရီးရဲလ်
**၁၂၊ ၂၊ ၁၄ (ကိုပါဒယ်ရေး)**
အက်သလက်တီကို ၀–၂ ရီးရဲလ်
**၆၊ ၂၊ ၁၄ (ကိုပါဒယ်ရေး)**
ရီးရဲလ် ၃–၀ အက်သလက်တီကို
**၂၉၊ ၉၊ ၁၃ (လာလီဂါ)**
ရီးရဲလ် ၀–၁ အက်သလက်တီကို
**၁၈၊ ၅၊ ၁၃ (ကိုပါဒယ်ရေး)**
ရီးရဲလ် ၀–၂ အက်သလက်တီကို

ရီးရဲလ်တို့ ဒီရာသီ လာလီဂါမှာ အက်သလက်တီကိုနဲ့ ရင်ဆိုင်ခဲ့တဲ့ ကစားဟန်ကို ပြန်ဖော်နိုင်ဖို့ လိုပါတယ်။ အထူးသဖြင့် နောက်ဆုံးကစားခဲ့တဲ့ မက်ဒရစ်ဒါဘီမှာ ရီးရဲလ်ဟာ ဒုတိယပိုင်းတစ်ခုလုံး ဖိကစားနိုင်တဲ့တိုက်စစ်ကစားဟန် ပြန်ရဖို့ လိုပါတယ်။ ကွင်းလယ်အင်အားချင်း နှိုင်းယှဉ်ရင် မိုဒရစ်အကောင်းဆုံးဖြစ်နေပြီး ဒီမာရီယာ၊ အစ္စကိုတို့လည်း တိုက်စစ်ပိုင်းလိုက်ပါနေပြီး ဘေးလ်၊ ဘန်ဇီးမား၊ ရော်နယ်ဒိုတို့ အမြန်ကစားတဲ့ တွဲလုံးတွေမိသွားရင် ကြောက်စရာကောင်းပါတယ်။ အက်သလက်တီကိုမှာ ဂါစီယာ၊ အာဒါတူရန်၊ မာရီယိုဆွာရက်ဇ်တို့ တွဲလုံးကောင်းသလို၊ ဂါစီယာ ဒီရာသီမှာ ၁၃ ဂိုး သွင်းထားနိုင်တာ ကိုလည်း တွေ့ရတယ်။ တိုက်စစ်မှာလည်း ဒီယေဂိုကော်စတာ၊ ဗီလာတို့ တိုးကစားနိုင်တာကို တွေ့ရမှာ ဖြစ်ပါတယ်။

ရီးရဲလ်က ရော်နယ်ဒိုလေ့ကျင့်ရေးမှာ ဒဏ်ရာအနည်းငယ်ရထားလို့ အက်စပန်ညိုနဲ့ပွဲမှာ မပါခဲ့ပေမယ့် ဒီဗိုလ်လုပွဲမှာ ပြန်ပါမယ်လို့ နည်းပြ အန်ဆယ်လော့တီက အာမခံထားပါတယ်။ ကွင်းလယ်ပိုင်းမှာ ရီးရဲလ်တို့ သာပေမယ့် အက်သလက်တီကိုခံစစ်သိပ်သည်းတာကြောင့် နှစ်သင်းစလုံး သွင်းဂိုးနည်းဖို့ ရှိတဲ့ပွဲပါ။ နှစ်သင်းစလုံး နိုင်ခြေရှိနေပြီး လာလီဂါ ဖလားမရခဲ့တဲ့ ရီးရဲလ်ကို အားပေးသင့်ပါတယ်။ အပြန်အလှန်ဂိုးတွေသွင်းခဲ့ရင်တောင် ရီးရဲလ် တစ်ဂိုးအသာနဲ့ နိုင်သွားဖို့ ရာခိုင်နှုန်းများပါတယ်။

# ကမ္ဘာ့ဖလားဖွင့်ပွဲကျင်းပမည့် ဘောလုံးကွင်း အမိုးအကာ အချိန်မီမပြီးနိုင်တော့ဟု ဆို

**ဆော်ပေါ်လို၊ မေ-၁၈**



လာမည့်သီတင်း နှစ်ပတ်ကျော်အချိန်အတွင်း ကျင်းပတော့မည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်မည့်ကွင်းမှ ခေါင်မိုးအစိတ်အပိုင်းများမှအချို့မှာ ဖွင့်ပွဲစတင်မည့် ဇွန် ၁၂ ရက်အမီ အပြည့်အဝပြီးစီးရန်မရှိကြောင်း တာဝန်ခံထားသည့် ဆောက်လုပ်ရေးကုမ္ပဏီက ပြောကြားသည်။

ဆော်ပေါ်လိုမြို့တော်အီတာကွာရာမှ ထိုကွင်းခေါင်မိုးအစိတ်အပိုင်းတစ်ခုမှာ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးစီးသွားသည့် ဇူလိုင်လရောက်မှသာ အပြည့်အစုံ တပ်ဆင်ပြီးစီးနိုင်မည်ဖြစ်ကြောင်း ဆောက်လုပ်ရေးကုမ္ပဏီ Odebrecht က အတည်ပြုပြောကြားသည်ကို အေပီသတင်းက ဖော်ပြသည်။ ကုမ္ပဏီက ကစားကွင်း မိုးပေါ်တွင် ထပ်မံဖုံးအုပ်မည့် မှန်သားအလွှာမှာ ပြိုင်ပွဲကျင်းပမည့် အချိန်မတိုင်မီ ပြီးစီးနိုင်တော့မည်မဟုတ်၍ ဒေသခံပြိုင်ပွဲကျင်းပရေး တာဝန်ခံများနှင့်တိုင်ပင်ကာ မှန်သားအလွှာ တပ်ဆင်ခြင်း လုပ်ငန်းကို ပြိုင်ပွဲပြီးမှလုပ်ရန်အချိန်ရွှေ့ဆိုင်းခဲ့ခြင်း ဖြစ်ကြောင်းဆိုသည်။သို့သော်ကုမ္ပဏီက မှန်သားအလွှာများ အမိုးဖုံးတွင် မရှိခြင်းကြောင့် ကွင်းအတွင်း ပွဲကြည့်ပရိသတ်များကို ထိခိုက်နိုင်စရာမရှိကြောင်း ဆိုသည်။

ကမ္ဘာ့ဖလားအဖွင့်ပွဲအဖြစ် ဘရာဇီးနှင့် ခရိုအေးရှားတို့ ကစားမည့်ထိုကွင်းမှာ ဆီမီးဖိုင်နယ်တစ်ပွဲအပါအဝင် ပွဲစဉ်ငါးပွဲကို လက်ခံကစားမည်ဖြစ်သည်။ ဆော်ပေါ်လိုမှ ထိုအီတာကွာရာကွင်းသည် ဘရာဇီးတွင် လာမည့်ကမ္ဘာ့ဖလားအမီ အချိန်မီပြီးစီးခြင်းမရှိသည့် ဘောလုံးကွင်းသုံးခု၌ တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

—Ref: AP



# ဘော့စနီးယားနှင့် ဆာဗီးယားတွင် ရေကြီးရေလျှံပြီး လူလေးဦးသေဆုံး

**ဆာရာဂျေဗို၊ မေ-၁၇**

ဘော်လကန်ဒေသတွင် နှစ်ပေါင်း ၁၀၀ ကျော်ကာလအတွင်း အသည်းထန်ဆုံးမိုးရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ကာ ဘော့စနီးယားနိုင်ငံတွင် လူလေးဦး သေဆုံးခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

ယင်းရေလွှမ်းမိုးမှုကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ သဘာဝကပ်ဆိုးဟု ဘော့စနီးယားဝန်ကြီးချုပ်က ခေါ်ဝေါ်လိုက်သည်။

ဘော်လကန်ဒေသတွင် လွန်ခဲ့သည့် သုံးရက်က စတင်ရွာသွန်းခဲ့သော မိုးသည်းထန်မှုကြောင့် ဘော့စနီးယားနှင့် ဆာဗီးယားနိုင်ငံတွင် လူခုနစ်ဦးအသက်ဆုံးရှုံးခဲ့ရပြီဖြစ်သည်။

ဘော့စနီးယားနိုင်ငံ အရှေ့မြောက်ပိုင်း ဘီဂျယ်ဂျီနာနှင့် ဇလာစီနီယာမြို့နယ်များတွင် ဖြစ်ပေါ်သော မြေပြိုမှုများကြောင့် လူနှစ်ဦး သေဆုံးခဲ့သည်။

ယင်းဒေသများတွင် မြစ်ရေလျှံ၍ ရေကြီးနေကြောင်း ရဲတပ်ဖွဲ့က ပြောသည်။



DADO RUVIC/REUTERS

*ဘော့စနီးယားနိုင်ငံအလယ်ပိုင်း ဇက်စီမြို့ Topcic Polje ဒေသတွင် ရေကြီးနေသော နေအိမ်များမှဒေသခံများကို စက်ယန္တရားကြီးဖြင့် ကယ်ဆယ်လာသည်ကို မေလ ၁၆ ရက်က တွေ့ရစဉ်*

နိုင်ငံမြောက်ပိုင်း မက်လက်ချ်မြို့တွင် ကယ်ဆယ်ရေးလုပ်သားများက ကယ်ဆယ်ရန် ကြိုးပမ်းနေစဉ် အမျိုးသားတစ်ဦး အသက်ဆုံးရှုံးခဲ့သည်။

ၚင်းမြို့သို့ လှေများ၊ ရဟတ်ယာဉ်များဖြင့်သာ သွားရောက်နိုင်သည်။

"ကျွန်မတို့ ကယ်ဆယ်ရေးသမားတွေကို စောင့်ဆိုင်းနေတာ နာရီပေါင်းများစွာကြာပြီ။ လူတွေအများကြီး အန္တရာယ်ရှိတယ်"ဟု နိုင်ငံမြောက်ပိုင်း ဘန်ဂျာလူကာမြို့မှ အသက်(၆၂)နှစ်အရွယ် ပင်စင်စားကြီးတစ်ဦးက အေအက်ဖ်ပီသတင်းဌာနအား ဖုန်းဖြင့် ပြောကြားသည်။

—*Ref: AFP*

# အီရန်နျူဆွေးနွေးပွဲ တိုးတက်မှုနှေးကွေး

**ဗီယင်နာ၊ မေ-၁၇**

အီရန်နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံကြား အငြင်းပွားမှုအဆုံးသတ်ရေး ဆွေးနွေးပွဲများမှာ ယခုသီတင်းပတ်တွင် တိုးတက်မှုအနည်းငယ်သာ ရှိခဲ့သည်ဟု အမေရိကန်နှင့် အီရန်အရာရှိများက ပြောသည်။

တိုးတက်မှုအနည်းငယ်သာ ရှိသည်ဆိုခြင်းကြောင့် ဇူလိုင် ၂၀ ရက်တွင်အပြီးသတ်သဘောတူညီနိုင်မည်ဆိုသည့် သဘောထားအပေါ် သံသယပိုများလာခဲ့သည်။

ညှိနှိုင်းဆွေးနွေးခြင်းထက် မျှော်လင့်ချက်များအပေါ် အခြေခံသည့် သုံးလကြာ ဆွေးနွေးမှုများအပြီး ဆယ်နှစ်ကျော်ကြာ အမှန်တရားနှင့် မယုံကြည်မှုများ အဆုံးသတ်ရန် ရည်ရွယ်ကာ သဘောတူညီမှုမူကြမ်း စတင်ရေးဆွဲရန် နှစ်ဖက်လုံးက ရည်ရွယ်ခဲ့သည်။

ဆွေးနွေးပွဲမှာ အချိန်အကန့်အသတ်မရှိခြင်း မဟုတ်ဟု ကန်အရာရှိကြီးတစ်ဦးက ပြောသည်။

ဗီယင်နာမြို့ ဆွေးနွေးပွဲများကို ဇွန်လအတွင်းရက်စွဲတစ်ခုတွင် စတင်ကျင်းပသွားမည်ဖြစ်ကာ အီရန်နိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုများကို ဖြည်းဖြည်းချင်း ပယ်ဖျက်ပေးရန် အီရန်နျူကလီးယား အစီအစဉ်များ၏ထိလွယ်ရှလွယ်သော အစိတ်အပိုင်းများကို တားဆီးမည့် အပြီးသတ် သဘောတူညီမှုကို ဇူလိုင် ၂၀ ရက် နောက်ဆုံးထား၍ အားလုံးက ရယူလိုကြသည်ဟု ကန်အရာရှိတစ်ဦးက ပြောသည်။

ယခုဆွေးနွေးပွဲမှာအလွန်ပင် တိုးတက်မှုနှေးကွေးကာ အလွန်ခက်ခဲကြောင်း အချိန်အနည်းငယ်သာ ကျန်ရှိတော့သဖြင့် မိမိတို့စိုးရိမ်မိကြောင်း ကန်အရာရှိက ပြောသည်။

ဇူလိုင် ၂၀ ရက်တွင် သဘောတူညီမှုတစ်ရပ် ရယူနိုင်ရန် ဖြစ်နိုင်ကြောင်း၊ အခြားသော အနောက်နိုင်ငံသံတမန်တစ်ဦးက ပြောကြားပြီး ကမ္ဘာ့အင်အားကြီးခြောက်နိုင်ငံက အီရန်နိုင်ငံထံမှ သဘောထားပျော့ပျောင်းမှု ပို၍မျှော်လင့်ထားသည်ဟု ထပ်လောင်းပြောကြားသည်။

—*Ref: Reuters*




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# စင်ကာပူတွင် 4G အသံဆက်သွယ်ရေးဝန်ဆောင်မှု SingTel မိတ်ဆက်

**စင်ကာပူ၊ မေ-၁၉**

ကမ္ဘာ့ပထမဆုံးဟုဆိုသော 4G ကွန်ရက်အသံဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆမ်ဆောင်းကုမ္ပဏီ၊ အဲရစ်ဆင်ကုမ္ပဏီတို့နှင့် တွဲလုပ်နေသည့် SingTel ကုမ္ပဏီက စင်ကာပူနိုင်ငံတွင် စတင်မိတ်ဆက်လိုက်သည်။

VOLTE စနစ်ဟု ခေါ်သော 4G ကွန်ရက် အသံဆက်သွယ်ရေးဝန်ဆောင်မှုအတွက် SingTel ကုမ္ပဏီက ၎င်းတို့၏ 4G ကွန်ရက်အတွင်း တယ်လီဖုန်းခေါ်ဆိုရာတွင် ပထမဖုန်းပြောနေစဉ် ဝင်လာသော ဖုန်းကို ထပ်၍ဖြေကြားနိုင်ခြင်း (Call Waiting) နှင့် ဒုတိယနံပါတ်တစ်ခု ထပ်မံခေါ်ဆိုနိုင်မည့် စနစ်များ ကမ်းလှမ်းထားသည်။

အခြားသော ဆက်သွယ်ရေးကုမ္ပဏီများက VOLTE စနစ်ကို မိတ်ဆက်ကောင်း မိတ်ဆက်ထားဖွယ်ရှိသော်လည်း ယခု SingTel ကုမ္ပဏီ မိတ်ဆက်လိုက်သော စနစ်ကဲ့သို့ ပြီးပြည့်စုံမှုမရှိဟု SingTel ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

4G ကွန်ရက်သုံး အသံဖြင့်ခေါ်ဆိုနိုင်သော Clear Voice ဟုခေါ်သည့် ဝန်ဆောင်မှုကို ဆမ်ဆောင်းကုမ္ပဏီထုတ် Galaxy Notes အသုံးပြုသူများ နောက်ဆုံးပေါ်ဆော့ဖ်ဝဲ ထည့်သွင်းတပ်ဆင်လိုက်ခြင်းဖြင့် အသုံးပြုနိုင်မည်ဖြစ်ကာ အခြားတိုးချဲ့မှုများကို မေလ ၃၁ ရက်နှင့် ဇွန်လ ၁ ရက်ကြား လုပ်ဆောင်သွားမည်ဟု SingTel ကုမ္ပဏီက ပြောသည်။ မေလ ၃၁ ရက်နှင့် နောက်ပိုင်း Galaxy Note 3 ဝယ်ယူသူများအနေဖြင့် ယင်းဝန်ဆောင်မှုကို ကြိုတင် တပ်ဆင်ပြီးစနစ်ဖြင့် အသုံးပြုနိုင်မည်ဟု SingTel က ပြောသည်။ VOLTE ဝန်ဆောင်မှု အသုံးပြုသူများသည် ၎င်းတို့၏ ဆက်သွယ်မှုများကို နှစ်စက္ကန့်မပြည့်မီအချိန်အတွင်း မြန်ဆန်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။

ယင်း ဝန်ဆောင်မှုများကို အခြားလူကြိုက်များသော ဟန်းဆက်များအတွက် လာမည့်လများအတွင်း ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်သွားမည်ဟု SingTel ကုမ္ပဏီက ပြောကြားသော်လည်း အချိန်အတိအကျကိုမူ ထည့်သွင်းပြောကြားခြင်း မရှိပေ။ *—Ref: CNA*

# ဗင်နီဇွဲလားက အမေရိကန်ကို ကုလသမဂ္ဂတွင် တိုင်တန်းမည်

**ကာရာကတ်စ်၊ မေ-၁၉**

ဗင်နီဇွဲလားနိုင်ငံရေး အကျပ်အတည်းတွင် အမေရိကန်နိုင်ငံက ဝင်ရောက်စွက်ဖက်နေသည်ဆိုခြင်းကို ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများ၌ တိုင်တန်းပြောကြားသွားမည်ဟု ဗင်နီဇွဲလားနိုင်ငံက ကြုံးဝါးလိုက်သည်။

ပြစ်မှုဖြစ်ပွားမှုနှုန်းမြင့်မားခြင်းကို မထိန်းချုပ်နိုင်ခဲ့ခြင်းအတွက် အစိုးရကို ဒေါသတကြီးကန့်ကွက်မှုများမှာ နောက်ပိုင်းတွင် အခြေခံစားသောက်ကုန်များ ရှားပါးခြင်းကိစ္စပါ ဆန့်ကျင်ကန့်ကွက်မှုအကြောင်းများတွင် ပါဝင်လာသည်။

ကန့်ကွက် ဆန္ဒပြမှုများအတွက် ဆိုရှယ်လစ်အစိုးရက ဗင်နီဇွဲလားရေပါစီများကို အပြစ်တင်ပြီး အမေရိကန်နိုင်ငံကလည်း ကွယ်လွန်သွားသော သမ္မတဟူဂိုချားဗက်စ်နေရာဆက်ခံခဲ့သော သမ္မတမာဒူရိုကို ပြုတ်ကျစေရန် ကြိုးစားနေသည်ဟု စွပ်စွဲသည်။

“အမေရိကန်နိုင်ငံက ကုလသမဂ္ဂပဋိညာဏ်ကို ချိုးဖောက်တာဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ကုလသမဂ္ဂမှာ တရားဝင်တိုက်တန်းမှုလုပ်ဆောင်သွားပါမယ်”ဟု ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီး အီလီးယက်စ်ဂျာအာက ပြောသည်။ ထို့အပြင် အမေရိကန်နိုင်ငံများအဖွဲ့ (OAS)၊ လက်တင်အမေရိကနှင့် ကာရေဘီယံနိုင်ငံများအဖွဲ့ (CELAC)နှင့် တောင်အမေရိကအဖွဲ့ (UNASUR) စသော ဒေသဆိုင်ရာအဖွဲ့အစည်းများသို့လည်း အမေရိကန်နိုင်ငံအကြောင်း တိုင်တန်းသွားမည်ဟု ဗင်နီဇွဲလားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

*—Ref: AFP*

# နယူးယောက်တွင် ဆေးလိပ်ဝယ်ယူနိုင်သည့် အသက်ကန့်သတ်ချက် ၂၁ နှစ်ထိတိုးမြှင့်

**နယူးယောက်၊ မေ-၁၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့သည် ဆေးလိပ်ဝယ်ယူနိုင်သည့် အနိမ့်ဆုံးအသက်ကန့်သတ်ချက်ကို အသက်(၂၁)နှစ်သို့ မေလ ၁၈ ရက်တွင် တိုးမြှင့်လိုက်သည်။ အသက်ကန့်သတ်ချက်တိုးမြှင့်လိုက်သည့် ဥပဒေသည် ဥပဒေအဖြစ် အာဏာမတည်မီစောင့်ဆိုင်းကာလ ခြောက်လကြာမြင့်ခဲ့သည်။

"Under 21, No Tobacco" ဟု Nolita ရပ်ကွက်ရှိ စျေးဆိုင်တစ်ဆိုင်ဝင်ပေါက်၌ သတိပေးအမှတ်အသား ထားရှိသည်။ အသက်ကို အတည်ပြုပေးသော တရားဝင်သက်သေခံအိုင်ဒီကတ်ပြားမပါရှိလျှင်လည်း နယူးယောက်မြို့တွင် ဆေးလိပ်ဝယ်ယူခွင့်မရှိပေ။ စျေးရောင်းသူသည် ဆေးလိပ်ဝယ်သူ၏ အိုင်ဒီကတ်ပြားကို စစ်ဆေးပြီးမှ ဆေးလိပ်ရောင်းမည်ဖြစ်သည်။

အမေရိကန် မြို့ကြီးများအနက် မကြုံစဖူးဖြစ်သော နယူးယောက်မြို့၏ ဆေးလိပ်ဝယ်ယူခွင့် အသက်ကန့်သတ်ချက်သည် ဆေးရွက်ကြီးမှ ထုတ်လုပ်သည့် ပစ္စည်းများ၊ အီလက်ထရွန်နစ်စီးကရက်များနှင့်လည်း သက်ဆိုင်သည်။ နယူးယောက်မြို့သည် စားသောက်ဆိုင်များ၊ အဖျော်ယမကာဘားများ၊ ပန်းခြံများ၊ ကမ်းခြေများနှင့် အချို့သော လူနေအဆောက်အအုံများတွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်ထားသည်။

နယူးယောက်မြို့၏ စီးကရက်အခွန်အခများသည် အမေရိကန်နိုင်ငံတွင် အမြင့်ဆုံးဖြစ်ပြီး စီးကရက်တစ်ဘူး၏ အနိမ့်ဆုံးစျေးနှုန်းကို အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၀ သတ်မှတ်ထားသည်။

*—Ref: AFP*

# ဆီးရီးယားမြောက်ပိုင်းမြို့ကို သူပုန်များသိမ်းပိုက် လေတပ်အကြီးအကဲကျဆုံး

**ဘေရွတ်၊ မေ-၁၉**

ဒမတ်စကတ်စ်မြို့ အရှေ့ဘက်ရှိ သူပုန်များကို သမ္မတဘာရှားအယ်လ်အာဆတ်၏တပ်ဖွဲ့များ၏ ထိုးစစ်ဆင်မှုတစ်ခုအတွင်း ဆီးရီးယားလေတပ်ကာကွယ်ရေးအကြီးအကဲကျဆုံးသွားသည်ဟု အစ္စလာမ်မစ်သူပုန်များနှင့် စောင့်ကြည့်ရေးအဖွဲ့တစ်ဖွဲ့က ပြောသည်။

ဇွန်လ ၃ ရက်ရွေးကောက်ပွဲမတိုင်မီ မြို့တော် ဒမတ်စကတ်စ်တစ်ဝိုက် အစိုးရထိန်းချုပ်ထားရာနေရာများကို ချဲ့ထွင်ရန်ရည်ရွယ်ပုံရသည့် စစ်ဆင်ရေးအတွင်း အမ်လီဟာမြို့ကို သမ္မတအာဆတ်၏တပ်ဖွဲ့များထိုးစစ်ဆင်တိုက်ခိုက်စဉ် မေလ ၁၇ ရက်ကရရှိခဲ့သော ဒဏ်ရာများကြောင့် ဗိုလ်ချုပ်ကြီး ဟူစိန်အစ်ရှဟတ်သေဆုံးခဲ့သည်ဟု ၎င်းတို့က ပြောသည်။

အမ်လီဟာမြို့တွင် အခြေစိုက်စခန်းကြီးတစ်ခုရှိပြီး လေကြောင်းတိုက်ခိုက်မှုများကို ကာကွယ်ရန် တာဝန်ယူထားသည့် လေတပ်ကာကွယ်ရေးတပ်များမှာ လေတပ်အင်အားပိုင်ဆိုင်ထားခြင်းမရှိသည့် သူပုန်များနှင့် တိုက်ခိုက်နေသည့် စစ်ပွဲအတွင်း သေးငယ်သော အခန်းကဏ္ဍမှသာ ပါဝင်ခဲ့သည်။

သို့သော် မစ္စတာအစ်ရှဟက်မှာ သုံးနှစ်ကြာပြည်တွင်းစစ်အတွင်း သေဆုံးခဲ့သော ရာထူးအဆင့်အမြင့်ဆုံးစစ်ဘက်ဆိုင်ရာ အရာရှိများအနက် တစ်ဦးသာဖြစ်သည်။ သမ္မတ အာဆတ်၏ ညီဝမ်းကွဲ၊ အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ ပြည်သူ့စစ်တပ်ဖွဲ့ ခေါင်းဆောင်ဟီလိုင်းအယ်လ်အာဆတ်မှာ ပြီးခဲ့သည့်နှစ်လက လက်တာကီယားပြည်နယ်တွင်ဖြစ်ပွားသည့်တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။

မစ္စတာအစ်ရှဟက်သေဆုံးမှုကို နိုင်ငံပိုင်သတင်းဌာနက ကြေညာခြင်းမရှိသော်လည်း အာဆတ်လိုလားသော ဝက်ဘ်ဆိုက်များက အမ်လီဟာမြို့တွင် ၎င်းကျဆုံးခဲ့သည်ဟု ဖော်ပြသည်။

ဒမတ်စကတ်စ်မြို့ မြောက်ပိုင်းဟာမာပြည်နယ်ရှိတယ်လ်မာလာမြို့အနီး စက်ဘက်စခန်းတစ်ခုကို သူပုန်များက မေလ ၁၈ ရက်တွင် တိုက်ခိုက်စဉ်အာဆတ်လိုလားသော တိုက်ခိုက်ရေးသမား ၃၄ ဦးသေဆုံးခဲ့သည်ဟု ဗြိတိန်အခြေစိုက်လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

ယင်းဒေသမှာ ဆီးရီးယားပြည်တွင်းစစ်အတွင်း လက်ပြောင်းလက်လွှဲအကြိမ်များစွာဖြစ်ပွားခဲ့ပြီး ယင်းဒေသကို မိမိတို့တတိယအကြိမ်ထိန်းချုပ်ထားနိုင်ခဲ့သည်ဟု သူပုန်များက ပြောသည်။ တယ်လ်မာလာမြို့ကို ထိန်းချုပ်ထားသော သူပုန်များတွင် နူဆရာတပ်ဦးအဖွဲ့နှင့် ဆီးရီးယားအယ်လ်ကိုင်ဒါအဖွဲ့ခွဲ အစ္စလာမ်မစ်တပ်ဦးအဖွဲ့မှ တိုက်ခိုက်ရေးသမားများပါဝင်ကြောင်း သိရသည်။

*—Ref: Reuters*







ကိုယ်ရောစိတ်ပါကျန်းမာရွှင်လန်းစေဖို့ ဒေလီဗိုက်တာဂျင် ကိုသောက်ကြစို့...
DAILY VITAGIN
Soft Cap
DAILY VITAGIN
DAILY VITAGIN
နေ့စဉ်မှန်မှန်သောက်သုံးခြင်းဖြင့်
စာမေးပွဲဖြေဆို အောင်မြင်မှု
ရလဒ်ကောင်းများ ရရှိစေဖို့
Daily Vitagin တွင် ပါဝင်သော ဂျင်ဆင်း၊ အာဂိုကယ်စီဗရောလ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊
ဇင့်၊ ဗီတာမင်ဘီကွန်ပေါင်းများ၏ ပေါင်းစပ်စွမ်းအင်သည် မှတ်ဉာဏ်စွမ်းရည်ကို တိုးမြှင့်ပေးပါသည်။
ထို့ကြောင့်...
☑ စိတ်ဓာတ်ခွန်အားအစဉ် လန်းဆန်းတက်ကြွစေခြင်း
☑ လေ့လာမှတ်သားသင်ယူနိုင်မှု စွမ်းအားများ ပိုမိုရရှိစေခြင်း
☑ ဖြတ်ထိုးဉာဏ်နှင့်စဉ်းစားတွေးခေါ်မှုဉာဏ်ကို ကောင်းမွန်စေခြင်း
☑ ဦးနှောက်၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေပါသည်။
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.


CP
"စီပီကြက်အူချောင်းများက ပျော်ရွှင်ခြင်းများ
သင့်ဆီယူဆောင်လာမှာပါ"
SAUSAGE & HAM

7 DAY NEWS JOURNAL

# International

Vol.13, No.11 • MAY 21 , 2014

## အကြမ်းဖက်၍ပျက်စီးမှုများ ဗီယက်နမ်အစိုးရထံမှ တိုင်ပေကုမ္ပဏီ နစ်နာကြေးတောင်းမည်

**တိုင်ပေ၊ မေ-၁၉**

တိုင်ပေ ဖော်မိုဆာပလတ်စတစ်ကုမ္ပဏီက ဗီယက်နမ်နိုင်ငံတွင် ဖြစ်ပွားခဲ့သော တရုတ်ဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် ၎င်း၏ အဆောက်အအုံများနှင့် ပစ္စည်းများ ပျက်စီးခဲ့ရသည့်အတွက် ဗီယက်နမ်အစိုးရထံမှ နစ်နာကြေးတောင်းမည်ဟု မေလ ၁၉ ရက်တွင် ပြောကြားသည်။ ထိခိုက်ပျက်စီးမှုများအတွက် ကုန်ကျစရိတ်ငွေပမာဏများကိုမူ ဖော်မိုဆာပလတ်စတစ်ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ဗီယက်နမ်နိုင်ငံသား ဆန္ဒပြသူများသည် ဖော်မိုဆာကုမ္ပဏီပိုင် သံမဏိလုပ်ငန်းစက်ရုံတစ်ခုကို မီးရှို့ခဲ့ကြပြီး တရုတ်အလုပ်သမားအချို့ကို တိုက်ခိုက်ခဲ့ကြသည်ဟု ကုမ္ပဏီက ပြောကြားသည်။ ယင်းဖြစ်စဉ်တွင် တရုတ်အလုပ် သမားတစ်ဦး သေဆုံးခဲ့ပြီး အနည်းဆုံး ၁၄၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအရာရှိတစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် ရေပိုင်နက် အငြင်းပွားနေသည့် နေရာ၌ ရေနံတူးစင်တည်ဆောက်ခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံရှိ အဓိကမြို့ကြီးများတွင် တရုတ်ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီး ဆူပူသောင်းကျန်းသူများသည် ပြည်ပစက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။



*မေလ ၁၄ ရက်က ရိုက်ကူးထားသောဓာတ်ပုံတွင် Binh Duong ဒေသ၌ တိုင်ပေပရိဘောဂစက်ရုံမှ မီးခိုးလုံးများတက်လာသည်ကို တွေ့ရစဉ်* AFP

ဗီယက်နမ်နိုင်ငံတွင်း ဆူပူအကြမ်းဖက်မှုများကြောင့် တရုတ်နိုင်ငံသား ထောင်ပေါင်းများစွာသည် ဘေးလွတ်ရာသို့ ထွက်ပြေးကြရသည်။

တရုတ်နိုင်ငံသား ၃၀၀၀ ခန့်ကို ၎င်းတို့၏ နိုင်ငံသို့ ပြန်လည်ခေါ်ဆောင်သွားပြီဖြစ်ပြီး နောက်ထပ် ၄၀၀၀ ခန့်သည် ဗီယက်နမ်မှ ထွက်ခွာရန် စောင့်စားလျက်ရှိသည်။ တရုတ်နိုင်ငံသားအချို့သည် ဗီယက်နမ်နှင့် အိမ်နီးချင်းဖြစ်သော ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ပြေးခဲ့သည်။

*—Ref: Reuters*

## ဘော့စနီးယားစစ်ပွဲ ပြစ်မှုကျူးလွန်မှုများနှင့်ပတ်သက်၍ ဆားဘီးယားဗိုလ်ချုပ်ကြီးမလာဒစ် တရားရေးခုံမှုစတင်

**သည်ဟော့ဂ်၊ မေ-၁၉**

လူသားမျိုးနွယ်အပေါ် ပြစ်မှုကျူးလွန်မှုနှင့် လူမျိုးတုံး သတ်ဖြတ်မှုများဖြင့် တရားစွဲဆိုခံထားရသော ဘော့စနီးယားနိုင်ငံမှ ဆာဗ်လူမျိုးစစ်တပ်အကြီးအကဲဟောင်း ရက်ကိုမလာဒစ်၏ တရားရေးခုံလျှောက်လဲမှု စတင်တော့မည်ဖြစ်သည်။


အသက် (၇၂) အရွယ် ရက်ကိုမလာဒစ်မှာ ယူဂိုစလားဗီးယားနိုင်ငံဟောင်းဆိုင်ရာ နိုင်ငံတကာရာဇဝတ်မှုတရားရုံးရှေ့မှောက်ရောက်လာသည့် အကျော်ကြားဆုံး အမှုသည်တစ်ဦးဖြစ်သည်။

၁၉၉၂–၁၉၉၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ဘော့စနီးယားစစ်ပွဲနှင့် ဆက်စပ်သည့် စွဲချက် ၁၁ ခုကို မလာဒစ်က ငြင်းဆိုထားသည်။ ရက်ကိုမလာဒစ်သည် ဆာဘရီနီကာဒေသတွင် ဘော့စနီးယားအမျိုးသားနှင့် လူငယ်ပေါင်း ၇၀၀၀ ကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့မှုတွင် ပါဝင်ခဲ့သော အခန်းကဏ္ဍအတွက် စွပ်စွဲခံထားရသည်။

ယင်းအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုမှာ ဒုတိယကမ္ဘာစစ်ပြီးနောက်ပိုင်း ဥရောပတွင် ဖြစ်ပေါ်သော အဆိုးရွားဆုံး လူမဆန်သည့် လုပ်ရပ်ဖြစ်သည်။

မလာဒစ်က ကုလသမဂ္ဂ တရားရုံးကို မကောင်းဆိုးဝါးဟု ရှုတ်ချထားပြီး ၎င်းဘက်မှ ခုခံကာကွယ်သော ရှေ့နေများက မလာဒစ်မှာ အမိန့်အတိုင်းလုပ်ရသော စစ်သားတစ်ဦးသာ ဖြစ်ကြောင်း ကာကွယ်ပြောကြားသည်။

*—Ref: BBC*





# THE G•E•M•S

Garden Condominiums





**မိသားစု နှောင်ရေး စိတ်အေးရဖို့ ခိုင်မာတဲ့ မြေအမျိုးအစားပေါ်မှာ တည်ဆောက်ထားတဲ့ THE GEMS GARDEN CONDOMINIUMS က ယုံကြည်စိတ်ချရတဲ့ အိမ်ယာ ပိုင်ဆိုင်မှု ကို သင့်အား ပေးအပ်နေပါပြီ....**

ရှိုးရှင်းလှပသောဒီဇိုင်း၊ ခေတ်မီသေသပ်သော ဒီဇိုင်းဖြင့် နိုင်ငံတကာ အဆင့်မီ လူနေမှုစနစ်၏ ဝန်ဆောင်မှုများ ပါဝင်မည်သော အခန်းပေါင်း ၅၈၄ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် The Gems Garden Condominiums သည် သင့်အား ဆိတ်ငြိမ်အေးချမ်းသည့် လူနေမှု အဆင့်အတန်း တစ်ခုကို ပိုင်ဆိုင်စေပါလိမ့်မည်။

ရန်ကုန်မြို့တော်၏ နှလုံးသည်းမှတ်နေရာတွင် တည်ရှိလာမည့် The Gems Garden Condominiums သည် (၂၁)ထပ်အမြင့်ရှိသောကြောင့် ရန်ကုန်မြို့၏ လှပစိမ်းလန်းသောရှုမြင်ကွင်းများအား ကောင်းကင်မှ ကြည့်ရှုစား နေရသကဲ့သို့ အတွေ့အကြုံအသစ်များအား သင့်အားပေးစွမ်းနိုင်ပါလိမ့်မည်။

The Gems Garden Condominiums တွင်
-ခေတ်မီလှပသော မြင်ကွင်းကျယ်ရေကူးကန် နှင့်တကွ
-ကလေးရေကူးကန်
-ခေတ်မီစုံလင်သောအားကစားခန်းမ
-ပွဲလမ်းသဘင်ကျင်းပသောခန်းမ
-အားကစားကွင်း
-Barbecue ပြုလုပ်ရန်နေရာ
-အပြေးလေ့ကျင့်ရန်လမ်း
-စိမ်းလန်းစိုပြေသော ဥယျာဉ်တို့ပါရှိမည်ဖြစ်ပါသည်။






Visit our GALLERY
113 Innsein Road, Hlaing Township
For Information Please Call
01 526146, 01 526148, 01 526170

Mandalay OFFICE
No.24, 26(B)Road, between 86st x 87st
Aung Myay Thar San Township.
02 32590, 02 61536, 02 61538

CAPITAL DEVELOPMENT LIMITED

Quality Developer......Reliable Developer.....Responsible Developer

7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# တစ်ပတ်အတွင်း သတင်းကောက်နုတ်ချက်

## ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးက ခေတ်နှင့်လျော်ညီသော အချက်များပြင်ဆင်

၁၉ နှစ်ကျော်ကြာ ကျင်းပနိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ်တွင်မှ ပြန်လည်ကျင်းပခဲ့သည့် ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက သံဃာ့အဖွဲ့အခြေခံစည်းမျဉ်းကို ခေတ်အခါနှင့် လိုက်လျောညီထွေရှိစေရန် အချက်ပေါင်း ၁၈ ချက် ပြင်ဆင်နိုင်ခဲ့ပြီး သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာ အဆိုကိုးခုကို အတည်ပြုဆုံးဖြတ်မှုပြုခဲ့သည်။ ပြင်ဆင်လိုက်သည့် သံဃာ့အခြေခံ စည်းမျဉ်းအရ ယခင်က တိကျစွာပြဌာန်းထားခြင်းမရှိသော ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးကို ခြောက်နှစ်တစ်ကြိမ်ကျင်းပရန်နှင့် ကျင်းပမည့်နေ့ရက်ကို ပုံမှန်အားဖြင့် တပေါင်းလပြည့်အတွင်း ကျင်းပရမည်ဟု ပြင်ဆင်ခဲ့ပြီး သံဃမဟာနာယကအဖွဲ့အဆင့်ဆင့်၏သက်တမ်းကိုလည်း ခြောက်နှစ်သက်တမ်းအဖြစ် သတ်မှတ်နိုင်ခဲ့သည်။

## သစ်တန်ချိန် ခြောက်သိန်းခွဲဖြင့် စံချိန်တင် လျှော့ချထုတ်လုပ်

မြန်မာနိုင်ငံ၏ သစ်ထုတ်လုပ်မှုကို တန်ချိန်ခြောက်သိန်းခွဲကျော်သာ ထုတ်လုပ်ပြီး စံချိန်တင်လျှော့ချမည်ဖြစ်သည်။ သစ်ထုတ်လုပ်မှုကိုယခင်ကကျွန်းနှင့်သစ်မာစုစုပေါင်းတန်ချိန် သိန်းနှစ်ဆယ်နီးပါးထုတ်ရာမှ ၂၀၁၂ ဘဏ္ဍာနှစ်မှစတင်ပြီး လျှော့ချခဲ့ရာ ယခုနှစ်တွင်သုံးနှစ်တာအတွင်းထုတ်လုပ်မည့်ပမာဏ စံချိန်တင်လျှော့ချနိုင်ခဲ့သည်။ ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကျွန်းသစ်နှင့် သစ်မာတန်ချိန် ၁၅ သိန်း၊ ၂၀၁၃ ဘဏ္ဍာရေးနှစ်စက တန်ချိန်ကိုးသိန်းထုတ်လုပ်ခဲ့သည်။

## သံဃာများ မဲပေးခွင့်ရရေး တောင်းဆိုမည့် ဆုံးဖြတ်ချက် မချခဲ့ဟု မဘသငြင်းဆို

သံဃာများ မဲပေးခွင့်ရရှိရေးအတွက် အစိုးရထံတောင်းဆိုမည်ဖြစ်ကြောင်း ထွက်ပေါ်နေသည့် သတင်းများအပေါ် အမျိုးဘာသာသာသနာစောင့်ရှောက်ရေးအဖွဲ့ (မဘသ–ဗဟို) က မေလ ၁၇ ရက်တွင် ငြင်းဆိုလိုက်ပြီး ၎င်းတို့အနေဖြင့် ယင်းဆုံးဖြတ်ချက်မျိုး လုံးဝချမှတ်ခဲ့ခြင်းမရှိဟု ပြောကြားခဲ့သည်။ ထို့အပြင် မဘသမှ ဆောင်ရွက်နေသည့် မျိုးစောင့်ဥပဒေပေါ်ထွက်လာရေး လှုပ်ရှားမှုများကို ကန့်ကွက်နေသူများ၏ လုပ်ရပ်သည်လည်း ရိုးသားမှုမရှိကြောင်း မဘသက ပြောသည်။ မျိုးစောင့်ဥပဒေများသည် ရေးဆွဲနေဆဲ အဆင့်တွင်ပင် ရှိနေဆဲဖြစ်ပြီး အတည်ပြုရန် အဆင့်ဆင့်လိုအပ်နေဆဲဖြစ်ကြောင်း၊ ယင်းဥပဒေများ ထွက်ပေါ်မလာမီ ဝေဖန်နေသည်မှာ သဘာဝမကျသည့် လုပ်ရပ်ဖြစ်ကြောင်း မဘသက ဝေဖန်လိုက်သည်။

## ရာဇာမင်းခရီးသည်တင်ယာဉ် နေပြည်တော်ခရီးစဉ် ပြေးဆွဲခွင့် ပိတ်သိမ်းခံရ

ရန်ကုန်–မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည့်အတွက် ရာဇာမင်းခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်း ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်ပြေးဆွဲခွင့်ကို မေလ ၁၅ ရက်မှစတင်၍ ပိတ်သိမ်းလိုက်ကြောင်း နေပြည်တော်ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့က ထုတ်ပြန်လိုက်သည်။ မေလ ၁၂ ရက်က ဖြစ်ပွားခဲ့သည့် ရာဇာမင်း ယာဉ်တိမ်းမှောက်မှုတွင် ယာဉ်ပေါ်ပါခရီးသည် ၄၃ ဦးအနက် ၁၄ ဦး သေဆုံးပြီး ၃၀ ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

## မဲဆွယ်စည်းရုံးရေး ညွှန်ကြားချက်မူကြမ်းဆွေးနွေးမှု သဘောတူညီချက်မရ

မဲဆွယ်စည်းရုံးရာတွင် ကန့်သတ်မှုများရှိနေကြောင်း ဝေဖန်ထားခြင်းခံနေရသည့် ညွှန်ကြားချက်မူကြမ်းနှင့် ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ သီးသန့်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောတူညီမှု မရရှိခဲ့ပေ။ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်မူကြမ်းကို ဥပဒေအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခွင့်မရှိကြောင်း တင်ပြခဲ့သော်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေရေးရာ လေ့လာချက်အရ ထုတ်ပြန်ခွင့်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြန်လည်ဆွေးနွေးခဲ့သည်။ မေလ ၁၆ ရက် ညနေက ရန်ကုန်မြို့ ဆန်းမစ်ပါ့ခ်ဗျူးဟိုတယ်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဉာဏ်ဝင်း၊ ဦးထွန်းထွန်းဟိန်တို့ နာရီဝက်ကြာ ဆွေးနွေးခဲ့ကြသည်။

## မေလ ၁၈ ရက်ညနေတွင် မိုးသည်းထန်၍ ရန်ကုန်မြို့၌ ရေကြီးရေလျှံ



ဓာတ်ပုံ– ကျော်ဇေယျာမြင့်

ရန်ကုန်တွင် မေလ ၁၈ ရက် ညနေက သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင့် ရန်ကုန်မြို့၏ အဓိကလမ်းဆုံလမ်းခွများနှင့် လူနေထူထပ်သည့် မြို့နယ်အများစုတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းစဉ် ဗိုလ်တထောင်မြို့နယ်ရှိ သက်တမ်းရင့် ပိတောက်ပင်ကြီး အမြစ်မှ ကျွတ်လဲရာ လမ်းပေါ်တွင် မောင်းနှင်နေသည့် Townace ကားပေါ်သို့ ပိမိသဖြင့် ကားပေါ်တွင် လိုက်ပါလာသူ ငါးဦးဒဏ်ရာရရှိခဲ့ပြီး ၁၇ ဦးကို ကယ်ဆယ်ရေးများခက်ခဲစွာပြုလုပ်ခဲ့ရသည်။ အစိုးရက ယခုနှစ် မိုးရာသီတွင် ရန်ကုန်၌ ရေကြီးရေလျှံနစ်မြုပ်မှုများ မဖြစ်ပေါ်စေရန် ငွေကျပ်သန်း ဘီလီယံ ၂၀ အသုံးပြု၍ အစိုးရအဖွဲ့အတွင်းမှ ဒုဝန်ကြီးသုံးဦး ဆောင်ရွက်နေသော်လည်း မေလ ၁၈ ရက် မိုးရွာသွန်းမှုကို ခုခံကာကွယ်နိုင်စွမ်း မရှိခဲ့ပေ။

## အာရှအိုးအိမ်မဲ့ ဒုက္ခသည်အများဆုံးစာရင်း မြန်မာဒုတိယချိတ်

အာရှတိုက်၏အိုးအိမ်မဲ့ပြည်တွင်းဒုက္ခသည်အများဆုံး နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံက ဒုတိယနေရာ၌ ရပ်တည်နေကြောင်း အိုးအိမ်မဲ့ပြည်တွင်းဒုက္ခသည်များစောင့်ကြည့်ရေးဌာန (IDMC) က ထုတ်ပြန်သည်။ အာရှဒေသအတွင်း အိုးအိမ်မဲ့ဒုက္ခသည်အများဆုံးရှိနေသော နိုင်ငံများမှာ ပါကစ္စတန်၊ မြန်မာ၊ အာဖဂန်နစ္စတန်၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် သီရိလင်္ကာနိုင်ငံတို့ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ နီပေါ၊ လာအိုနှင့် အရှေ့တီမောနိုင်ငံတို့တွင်လည်း ဒုက္ခသည်များ ရှိနေသည်။ မြန်မာနိုင်ငံတွင် အိုးအိမ်မဲ့ပြည်တွင်းဒုက္ခသည် ၆၄၀,၉၀၀ ရှိပြီး ကမ္ဘာ့ဒုက္ခသည်အများဆုံး ၁၀ နိုင်ငံစာရင်းတွင်လည်း အဆင့် ၆ နေရာ၌ ရပ်တည်နေသည်။

## မောင်တောနယ်စပ်လုံခြုံရေး ရဲကင်းကို RSO ဝင်တိုက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာသွေးစည်းညီညွတ်ရေး လက်နက်ကိုင်အဖွဲ့ (RSO) က မောင်တောမြို့နယ်စပ်ရှိ လုံခြုံရေးရဲကင်းကို မေလ ၁၇ ရက်က အင်အား ၆၀ ခန့်ဖြင့် ဝင်ရောက်တိုက်ခိုက်၍ အမှတ် (၁) နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်သားလေးဦး သေဆုံးကာ ရဲအရာရှိတစ်ဦး သေနတ်ဒဏ်ရာ ရခဲ့သည်။ မေလ ၁၃ ရက်က ပထမအကြိမ် ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်ပြီး ၎င်းတို့ဘက်မှ RSO တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ခြင်းကြောင့် နောက်တစ်ကြိမ် လာရောက်တိုက်ခိုက်ခြင်းဖြစ်ကြောင်း နယ်ခြားစောင့်လုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောသည်။ ယခုအခါ မောင်တောမြို့နယ်တွင် ဒေသတွင်းလုံခြုံရေး တိုးမြှင့်ထားသည်။

## ဝူခုန်း မြန်မာနိုင်ငံသို့ ခြောက်ရက်ကြာချစ်ကြည်ရေး လာရောက်မည်

အနောက်သို့ ခရီးသွားခြင်း (Journey to the West) နာမည်ကျော်တရုတ်ဇာတ်လမ်းတွဲဖြင့် ဝူခုန်းမင်းသားဟု လူသိများသည့် မစ္စတာ လျူချီယိုလင်တန်သည် မေလ ၂၁ ရက်တွင် မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိမည်ဖြစ်ပြီး ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။ စွန်းဝူခုန်းမျောက်မင်းအဖြစ် မြန်မာပရိသတ်များ အကြိုက်တွေ့ခဲ့သည့် မင်းသားမှာ မေလ ၂၁ မှ ၂၆ ရက်အထိ ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ချစ်ကြည်ရေးခရီး သွားလာလည်ပတ်မည်ဖြစ်သည်။

## ခုနစ်လအတွင်း အစိုးရနှင့်ကေအိုင်အေ တိုက်ပွဲ ၁၂၀ ကျော်

၂၀၁၃ ခုနှစ် အောက်တိုဘာ ဆွေးနွေးပွဲအပြီးမှ ၂၀၁၄ ခုနှစ် မေလအထိ အစိုးရတပ်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲနှင့်ထိတွေ့မှု အကြိမ်ပေါင်း ၁၂၀ ကျော် ပြန်လည်ဖြစ်ပွားခဲ့သည်။ သတ်မှတ်ထားသည့် ထိန်းချုပ်နယ်မြေများ ကျယ်ကျယ်ပြန့်ပြန့်မရှိသည့်အတွက် နှစ်ဖက်တပ်များ လှုပ်ရှားမှုပြုတိုင်း ထိတွေ့မှုဖြစ်ရကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ပြောကြားရာ ကေအိုင်အို ခေါင်းဆောင်များက ငြိမ်းချမ်းရေး သဘောတူညီချက်များကို နှစ်ဖက်ထိန်းသိမ်းလိုက်နာမှု အားနည်းသဖြင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ကြောင်း ပြောကြားသည်။

## အမေရိကန်က မြန်မာအပေါ် စီးပွားရေးပိတ်ဆို့မှု သက်တမ်းတစ်နှစ် ထပ်တိုး

မြန်မာနိုင်ငံအပေါ် အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့ထားဆဲဖြစ်သော စီးပွားရေးပိတ်ဆို့မှုအချို့ကို သမ္မတအိုဘားမားက မေလ ၂၅ ရက်တွင် သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်လိုက်သည်။ မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် တိုးတက်မှုအချို့ရှိသော်လည်း လိုအပ်သော အဆင့်များရှိနေသေးသည်ဟု သမ္မတအိုဘားမားက အမေရိကန်လွှတ်တော်သို့ ပေးပို့သောစာတွင် ဖော်ပြထားသည်။ အမေရိကန်စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းရှင်များကို ၁၉၉၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော ဒီမိုကရေစီရေး လှုပ်ရှားမှုများ ဖိနှိပ်ရာတွင် ပါဝင်ခဲ့သူများနှင့် စီးပွားရေးအတူတွဲလုပ်ခြင်းမပြုအောင် တားမြစ်ထားသော အမျိုးသားအရေးပေါ်ဥပဒေကို နောက်ထပ်တစ်နှစ် သက်တမ်းတိုးလိုက်ခြင်းဖြစ်သည်။

စာမျက်နှာ(၂၄) မှ

# မင်းဒင်ရဲ့ သက်ခိုင်(၂)

“ဟုတ်တယ်ကိုမင်းဒင်။ တကယ်တော့ ဖူးခက်မြို့ကြီးမှာ ဖူးခက်ဒေသခံလူဦးရေဟာ ဆယ့်ငါးရာခိုင်နှုန်းထက် မပိုဘူးတဲ့ဗျာ။ ဖူးခက်မှာ စီးပွားရှာရတာ အဆင်ပြေတယ်ဆိုပြီး တောကမြို့ကိုဝိုင်းတဲ့သဘောပေါ့။ အနီးနားမြို့တွေဖြစ်တဲ့ ဖန်ငါ၊ ကဘိ၊ စူရတ်ဌာနီ၊ နခွန်စီထမရတ်စတဲ့မြို့တွေက လူတန်းစားပေါင်းစုံ ဖူးခက်ကိုစုပြုံရောက်လာကြပြီး စရိုက်မျိုးစုံနဲ့ ဒုစရိုက်မြို့တော်ကြီး ဖြစ်နေတော့တာပေါ့။ခင်ဗျားတစ်ခုသတိထားရမှာက ဖူးခက်မှာ ငွေရှင်မယ်ထင်ရတဲ့ နိုင်ငံခြားသားတွေကို စနစ်တကျဂိုဏ်းဖွဲ့ပြီး လိမ်နေတဲ့ အုပ်စုတွေရှိတယ်။ စင်ကာပူက ကျွန်တော့်မိတ်ဆွေသဘော်သူဌေးတစ်ယောက်ဆို သဘော်တစ်စီးအရောင်းအဝယ် လုပ်ရမှာ ထိုင်းနိုင်ငံသား အမည်ခံမှ ဖြစ်မယ်ဆိုပြီး လူလည်ထိုင်းတစ်ကောင်ပညာပြလိုက်တာ ထိုင်းဘယ်သန်းသုံးဆယ်လောက် ဆုံးခဲ့ပါရောလား”

“မလွယ်ကြောပါလား ကိုသက်ခိုင်။ ဒါနဲ့ခင်ဗျားစောစောက ပြောတဲ့ ဓားပြအဖွဲ့ကို လက်ထောက်ချတာဟာ ဘလက်ဆိုတဲ့ နှုတ်ခမ်းမွေးနဲ့ မောင်ဆိုတာ ဘယ်လိုကြောင့် မှတ်ချက်ချနိုင်တာ တုံ့ဗျာ”

“သေချာဆက်စပ်ပြီးတွေးနိုင်ရင် ရှင်းနေတာပဲ ကိုမင်းဒင်ရာ။ ခင်ဗျားခြံတံခါးအဖွင့်မှာ ဒီကောင်တွေဝင်လာနိုင်တယ်ဆိုတာ ခင်ဗျားဆိုင်ကနေ ထွက်ကတည်းက စောင့်ကြည့်တဲ့သူရှိနေလို့ပေါ့။ ခင်ဗျားဆိုင်ဘေးမှာ ဖိဝမ်ဆိုတဲ့ ထိုင်းအမျိုးသမီးရဲ့ ကွေ့တီယိုဆိုင်ရှိတယ်။ ဖိဝမ်ဟာ လက်ရှိအချိန်မှာ ဘလက်ဆိုတဲ့မောင်နဲ့တွဲနေတယ်။ နောက်တစ်ချက်က ခင်ဗျားတပည့်ကျော်ဝင်းဌေးကို ကျွန်တော်သေချာ မေးကြည့်တော့ ဘလက်ဟာ စောစောက ဓားပြမှုနဲ့ သိမ်းသွားတဲ့ကားပိုင်ရှင်ရဲ့အိမ်ကို အဝင်အထွက်ရှိသတဲ့ဗျ။ အဲဒီအိမ်မှာ ဘလက်ကို သုံး၊ လေးကြိမ် သူမြင်ခဲ့ရဖူးသတဲ့။ နောက်ဆုံးအခိုင်မာဆုံး သက်သေကတော့ဒီကောင်နဲ့ကျွန်တော်နောက်ခံဇာတ်လမ်းဟောင်းရှိတာမို့ ခင်ဗျားအိမ်ကို ဓားပြတိုက်တာဟာ ကျွန်တော်နဲ့ ခင်ဗျားပတ်သက်နေလို့ဖြစ်နိုင်လေရဲ့”

“ဩော်.. ခင်ဗျားနဲ့ ဘလက်ဟာ ဇာတ်လမ်းဟောင်းရှိခဲ့သေးသကိုး။ ရှင်းစမ်းပါဦးဗျ။ စိတ်ဝင်စားစရာပဲ”

ကိုသက်ခိုင်စကားကြောင့်ဘေးမှာငိုက်လျက်ပါလာသောကျွန်တော့်ဇနီးသည်ပင်လျှင် မျက်လုံးပွင့်လာသည်။ ကိုသက်ခိုင်သည် ကားကိုခပ်ဖြည်းဖြည်းမောင်းရင်း သူနှင့် ဘလက်တို့၏ ဇာတ်လမ်းကိုနောက်ကြောင်းပြန်သည်။

“ဒီမောင်ဖူးခက်ကိုရောက်လာတာ ၂ နှစ်ထက်မပိုသေးဘူး။ ကျွန်တော်သိသလောက် ဘလက်ဟာ လိမ်လည်မှု၊ ဓားပြမှုတွေနဲ့ ဖူးခက်ထောင်က ထွက်လာတဲ့ ထောင်ထွက်တစ်ယောက်ပဲ။ ထောင်ကထွက်လာပြီး ဖူးခက်မှာရှိတဲ့သူညီပန်းရန်ခေါင်းဆောင်အိမ်မှာကပ်နေရင်း ခင်ဗျားဆိုင်ဘေးက ထိုင်းမဖိဝမ်နဲ့ငြိတာပေါ့ဗျာ။ အစပိုင်းဖိဝမ်ကိုလာပြီး ပိုးပန်းချိန်မှာတော့ တကယ့်ဟိတ်ကြီးဟန်ကြီးရှိုးစမိုးနဲ့ပေါ့ဗျာ။ မကြာပါဘူး။ သူစီးနေတဲ့ တိုယိုတာအက်တလစ်(Atlist)ကားကို လစဉ်ပုံမှန်ငွေဆက်မသွင်းနိုင်လို့ ဖိဝမ်အိမ်ရှေ့မှာတင် ကရိန်းနဲ့လာဆွဲသွားပါရောလားဗျာ”

“ဖိဝမ်က သဘောကောင်းပါတယ်ဗျ။ ကျွန်တော်နဲ့လည်း အတော်ရင်းနှီးပါတယ်”

ဖိဝမ်၏ကွေ့တီယိုနှင့် ကော်ဖီတွဲလျက်ရောင်းချသောဆိုင်ငယ်သည် ကျွန်တော့်ဆိုင်နှင့် နှစ်ခန်းကျော်ဖြစ်၏။ ဖိဝမ်သည် အသားဖြူဖြူနှင့်လုံးကြီးပေါက်လှ၊ အသက်(၄၀)အရွယ်ထိုင်းအမျိုးသမီးဖြစ်သည်။ နံနက်တိုင်းလိုလို သူ့ဆိုင်ရှေ့မှ.. “အောင်မာလေး၊ အောင်မာလေး” (လာကြနော်။ ဝယ်ကြနော်)ဟူသည့် ဘလက်၏အသံစာစာကို ကြားရလေ့ရှိသည်။

“ဟုတ်ပ့ါ ကိုမင်းဒင်ရာ။ ဖိဝမ်ဟာ သဘောကောင်းတာအမှန်ပဲ။ သူ့မှာပြောစရာရှိနေတာက ယောကျ်ားမရှိရင် မနေတတ်တဲ့ပြဿနာပဲဗျာ”

“ဟုတ်ရဲ့လားဗျ။ ကျွန်တော်မြင်မိသလောက်တော့ ဘလက်နဲ့တွဲနေတာ ခပ်အေးအေးပါပဲ”

“ဖိဝမ်ဟာ ဖူးခက်နဲ့ မိုင်လေးရာကျော်လောက်ဝေးတဲ့လပ်ဘူရီမြို့ ဇာတိဗျ။ ဖိဝမ်က အငယ်ဆုံးသမီးမို့ မိဘတွေက အလိုလိုက်ထားတော့စာတောင်ဖြောင့်ဖြောင့်မဖတ်တတ်ရှာဘူး။ သူ့ရဲ့ ပထမဆုံးယောကျ်ားက သူ့အသက်(၃၀)ဝန်းကျင်လောက်မှာ ဆုံးတယ်။ သားတစ်ယောက်ကျန်ခဲ့လေရဲ့။ သူ့ယောကျ်ားဆုံးပါးသွားပြီးတဲ့ နောက်ပိုင်း ဖိဝမ်တွဲခဲ့တဲ့ယောကျ်ားတွေ မနည်းလှဘူးဗျ။ ကျွန်တော်သိသလောက်တောင် လေးငါးယောက်ရှိမယ်။ ကုန်ကုန်ပြောရရင်ဗျာ ဖိဝမ်ဟာ ဝထစ်ဘုန်းကြီးကျောင်းက ကိုယ်တော်တစ်ပါးနဲ့တောင် မကင်းဘူးလို့ အသံထွက်လာဖူးတယ်။ ဖိဝမ်ဟာ ကျွန်တော့်ကိုတောင် ရေလာမြောင်းပေးလုပ်ခဲ့သေးသဗျ။ ကျွန်တော်ရှောင်နိုင်ခဲ့ပေမယ့် ကျွန်တော့်တပည့်ကျော် ဖေကြည်ကတော့ မရှောင်နိုင်ရှာခဲ့ဘူးဆိုပါတော့။ နောက်ပိုင်းမှာ မော်လမြိုင်သား ဖေကြည်ဟာ ဖိဝမ်နဲ့ ဇာတ်လမ်းဖြစ်ရောပေါ့ဗျာ။ ခက်တာက ဖေကြည်နဲ့ ဖိဝမ်ငြိကြတဲ့အချိန်မှာ ဖိဝမ်ဟာ ဆူရတ်ဌာနီက သဘော်ဆလင်ထိုင်းတစ်ကောင်နဲ့ တစ်ပွင့်နှစ်ခိုင်ဇာတ်လမ်းကလည်းရှိနေသေးသဗျ။ အဲဒီထိုင်းက ဖူးခက်ကိုတစ်ပတ်တစ်ကြိမ်လောက်သာလာတာမို့ အစပိုင်းမှာ မရိပ်မိပေမယ့် ဖေကြည်ရဲ့ အနေအထိုင်မတတ်မှုကြောင့် ပြဿနာတက်ကြလေသတည်းပေါ့။ သေနတ်သမားငှားပြီး ဖေကြည့်ကို အပြတ်ရှင်းမယ့်အထိ ဇာတ်လမ်းတွေဖြစ်ခဲ့ပေမယ့် ကျွန်တော့်အရှိန်အဝါကြောင့် ဘာမှတော့ ဆိုးဆိုးရွားရွားဆက်မဖြစ်ခဲ့ပါဘူး။ ဖေကြည့်ဇာတ်လမ်းပြီးတဲ့နောက် ပေါ်လာတဲ့မင်းသားသစ်ကတော့ ဘလက်ပေါ့ဗျာ။ ဘလက်အလုပ်လက်မဲ့ဖြစ်နေချိန်တုန်းက ဖိဝမ်ကိုယ်တိုင်ကျွန်တော့်ကို လာပြီးအကူအညီတောင်းလို့ ကျွန်တော့်ဒရိုင်ဘာအဖြစ် နှစ်လလောက်ခန့်ဖူးသေးဗျာ။ နောက်ပိုင်း ဒီမောင် ကျွန်တော့်ကားပေါ်ကို ဘိန်းစားရွက်တွေတင်ပြီး လျှောက်ရောင်းနေလို့အလုပ်ကထုတ်ပစ်လိုက်တာ။ ဒီမှာတင် ကျွန်တော့်ကို ရန်ငြိုးဖွဲ့ခဲ့ထင်ပါရဲ့။ ဒါပေမဲ့ ဒီမောင် ကျွန်တော့်ကိုတော့မလုပ်ရဲခဲ့ဘူး။ ကျွန်တော်နဲ့အလားတူအလုပ်မျိုးလုပ်တဲ့ ခင်ဗျားဟာ ကျွန်တော့်လိုအထိုက်အလျောက်ချောင်လည်တဲ့သူဖြစ်မယ်ဆိုပြီး ဒီဇာတ်လမ်းကို ဖန်တီးခဲ့တာဖြစ်နိုင်လောက်တယ်”

“ဩော်.. တကယ့်ဇာတ်ရှုပ်ကြီးပါလားဗျာ။ ခင်ဗျားပြောတော့လည်းအချိတ်အဆက်ကမိနေသားပဲ။ ဘာပဲဖြစ်ဖြစ် အမှုဖွင့်ပြီးနောက်ဆက်တွဲကိစ္စတွေ ကျွန်တော်ရင်မဆိုင်ချင်ဘူးကိုသက်ခိုင်”

“အန္တရာယ်များတာတော့ အမှန်ပဲ ကိုမင်းဒင်။ ဒီဇာတ်ကိုဒီမှာရပ်လို့တော့ မဖြစ်ချေသေးဘူး။ ရပ်ရမယ့်အချိန်ကို ကျွန်တော်ပြောပါ့မယ်။ အဆိပ်ပြင်းတဲ့အကြောင်းနှာမှုတ်သံလောက်တော့ပေးမှဖြစ်မယ်။ ကျွန်တော်တစ်ယောက်လုံးရှိပါသေးတယ်။ သိပ်လည်းမပူပါလေနဲ့ဗျာ”

နောက်ပိုင်းတွင် ဖူးခက်စံမကောင်းရဲစခန်းမှ ကျွန်တော့်အား သုံး၊ လေးကြိမ်ခန့်ခေါ်ယူစစ်ဆေးခဲ့ပြီး ကျွန်တော်ရဲစခန်းသို့ရောက်လေတိုင်း ဓားပြမှုတွင် သက်သေခံအဖြစ် သိမ်းဆည်းထားသည့်ကားကို ကျွန်တော်တွေ့မြင်နေရသည်။ လေးလကျော်ခန့် မိုးရေထဲတွင်ရှိနေသဖြင့် ကားဘီးခွေတို့မှာ သံချေးပင်တက်စပြုနေချေပြီ။ ထူးခြားသည်ကား ဘလက်တစ်ယောက် သိသိသာသာမျက်နှာပျက်နေခြင်းဖြစ်၏။ ဖိဝမ်သည်လည်း သတင်းအတိအကျအပြည့်အစုံမဟုတ်သည့်တိုင် ဘလက်၏ခြေရာလက်ရာကို အနည်းငယ်ရိပ်မိဟန်တူ၏။ မျက်နှာမကောင်းလှချေ။

ကိုသက်ခိုင်ကား ကျွန်တော့်အမှု၏နောက်ကွယ်တွင် ထိုင်းဓားပြတို့နှင့် သူတစ်ပြန်ကိုယ်တစ်ပြန် အားစမ်းနေကြဟန်ရှိ၏။ အဆိုပါအမှုဖြစ်ပွားပြီး လေးလခွဲခန့်အကြာတွင် ဓားပြအုပ်စုသည် သက်သေခံကားကို အာမခံဖြင့် ထုတ်သွားနိုင်ခဲ့သည်။ ကိုသက်ခိုင်နားသို့ ထိုသတင်းရောက်သွားသည့်အခါ မည်သို့အကွက်ရွှေ့လိုက်ပြန်သည်မသိ။ အာမခံဖြင့် ထုတ်သွားပြီးသောကားမှာ နှစ်ရက်အကြာတွင် စံမကောင်းရဲစခန်းသို့ ပြန်ရောက်နေပြန်သည်။ မကြာမီ တရားလိုကျွန်တော့်အား ရဲစခန်းမှဆင့်ခေါ်ပြန်ကာ တရားခံများ၏ အနီးစပ်ဆုံးပုံတူကို ရနိုင်ရေးအတွက် ထိုင်းပန်းချီဆရာတစ်ယောက်နှင့်အလုပ်ရှုပ်ရပြန်သည်။ အကြောင်းစုံအား ကိုသက်ခိုင်ကိုပြောပြသည့်အခါ သူက ခပ်အေးအေးလေသံဖြင့် ကျွန်တော့်ကို တရားချသည်။

“ထိုင်းပန်းချီဆရာခေါ်ပြီး ခင်ဗျားရဲ့ထွက်ချက်အရ တရားခံရဲ့ပုံတူကိုဆွဲတယ်ဆိုတာ ရဲကိစ္စကုန်အောင်လုပ်တဲ့သဘောပဲကိုမင်းဒင်။ အမှန်ဆို စီစီတီဗီကရတဲ့အထောက်အထားနဲ့တင်ပြီးရမယ့်ကိစ္စဗျ။ ဓားပြတွေကို ဖမ်းမိစရာအကြောင်းမရှိတော့ဘူး။ နောက်ဆုံးမှာတော့ သူတို့ကားကိုဖြစ်တဲ့နည်းနဲ့ ပြန်ထုတ်သွားကြလိမ့်မယ်။ ထိုင်းတရားခံက ထိုင်းရဲကိုလာဘ်ထိုးတဲ့နည်းနဲ့ပေါ့။ ဘယ်ထိုင်းရဲမှ ဗမာအိမ်ဝင်တိုက်တဲ့ ထိုင်းဓားပြကို မိအောင်မဖမ်းချင်ကြပါဘူး။ တကယ်တော့ ဖူးခက်ဟာ ထိုင်းက ဗမာကိုသတ်ရင်တောင် ကြီးကြီးကျယ်ကျယ်အမှုအခင်းမဖြစ်တဲ့ မြို့ကြီးပါဗျာ။ အရှုံးအမြတ်တွက်ကြည့်ရင် ခင်ဗျားဆုံးရှုံးခဲ့တာ ဘတ်ငွေခြောက်သောင်း။ ဓားပြတွေအမှုလိုက်ပိတ်ရတာ ဘတ်သိန်းချီကုန်နေလောက်ပြီ။ ဒီနေရာမှာမှ ဒီဇာတ်လမ်းကို မရပ်ရင် ဒီမောင်တွေနဲ့ ကျွန်တော့်ကြားမှာ ပွဲပိုကြမ်းပြီး မလိုလားအပ်တဲ့ နောက်ဆက်တွဲဖြစ်ရပ်ဆိုးတွေ ပါလာတော့မယ်။ ဒီတော့ အဆိပ်ရှိမှန်းသိအောင် နှာမှုတ်ပြတာ လုံလောက်ပြီလို့ ယူဆတယ်ဗျာ။ အရေးကြီးဆုံးအချက်က သတ်ကွင်းဟာ သူတစ်ပါးတိုင်းပြည်ဖြစ်နေတဲ့ကိစ္စပါပဲ”

“ခင်ဗျားသဘောပါပဲကိုသက်ခိုင်ရာ။ ဘလက်ဆိုတဲ့ကောင်လည်း အခုတော့ အမြီးကုပ်နေလေရဲ့။ ဓားပြတွေဆီက ဝေစုမရတဲ့အပြင် မီးမသေဘဲ လက်ထောက်ချရသလားဆိုပြီးတောင် ပြန်အကြိမ်းခံနေရမယ့်အဖြစ်ကို ကျွန်တော်ရိပ်မိပါတယ်”

“ဘလက်ရဲ့အကုသိုလ်က ဆုံးခန်းမတိုင်သေးဘူးဆိုရမယ် ကိုမင်းဒင်”

“ဟ။ ခင်ဗျားက ဘလက်ကို ဘာလုပ်ထားပြန်ပြီတုံး”

“ကျွန်တော် ဘာမှမလုပ်ပါဘူး။ သူ့အကုသိုလ်နဲ့ သူပါဗျာ။ ဖေကြည်နဲ့ ဖိဝမ်ဇာတ်လမ်းပြတ်သွားတာဟာ ဖေကြည့်မှာ အိပ်ချ်အိုင်ဗီပိုးပေါ့စတစ်တွေ့လို့ဗျ”

“ဗျာ”

“မဗျာနဲ့။ ဖေကြည်ဟာ ကျွန်တော့်ကားကိုမောင်းနေရင်း ရုတ်တရက်နာမကျန်းဖြစ်တယ်။ သူ့အခြေအနေကို ကျွန်တော်အကဲခတ်ရတာ မဟန်တာကြောင့် ကျွန်တော်ကိုယ်တိုင် ဝေါဇီးရှင်းမှာ သွေးစစ်ဖို့တိုက်တွန်းခဲ့ရတယ်။ ဖေကြည့်ခမျာ အကြောက်လွန်ပြီး အစစ်မခံရဲလို့ ကျွန်တော်ကိုယ်တိုင်အဖော်အဖြစ် အစစ်ခံခဲ့ရသေးဗျာ။ ကျွန်တော်ထင်တဲ့အတိုင်းပါပဲ။ နောက်ပိုင်းတော့ ဖေကြည်လည်း မော်လမြိုင်ကိုပြန်သွားရှာတယ်။ ဖိဝမ်ကတော့အဖြစ်စုံကိုသိဟန်မတူသလို ကျွန်တော်လည်း ဘာမှရှင်းမပြနိုင်ခဲ့ပါဘူး။ ဖိဝမ်ခမျာ ဖေကြည့်ရောဂါကို သွေးရိုးသားရိုး ရောဂါထင်ပြီး တရုတ်ဘုံကျောင်းက နတ်ဆရာတွေနဲ့တောင် ကုပေးခဲ့လေရဲ့။ အခုတော့ ဖေကြည်လည်း မော်လမြိုင်မှာ ကျန်းမာပကတိချမ်းသာစွာ ရှိနေသတဲ့ဗျ။ ဖေကြည်ရဲ့စားတော်ကျ ဖိဝမ်နဲ့ဆက်တွဲနေတဲ့ ဘလက်ရဲ့အနာဂတ်ဟာ ဘယ်သို့ဘယ်ပုံရှိမယ်ဆိုတာ ခင်ဗျားစဉ်းစားကြည့်ပေတော့။ တစ်ခုတော့ လေးလေးနက်နက်သတိပေးထားပါရစေကိုမင်းဒင်။ ဥရောပတိုက်သားမျက်နှာဖြူကို သခင်၊ ဗမာကို ကျွန်လို့ အရိုးစွဲထင်မြင်နေကြတဲ့ ယိုးဒယားမြေမှာဗမာတစ်ယောက်အတွက် တရားမျှတမှုဆိုတာ အိပ်မက်ထဲမှာတောင် မမက်ပါလေနဲ့”

နံဘေးမှ ဇနီးသည်ကား အိပ်ပျော်နေလေပြီ။ အာစေးမိသလိုဖြစ်သွားသည့် ကျွန်တော်သည် တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန်စကားမဆိုနိုင်တော့ဘဲ ကိုသက်ခိုင်မျက်နှာကိုသာ ခပ်ငေးငေး ကြည့်နေရင်း ဆင့်ကဲအတွေးပွားမိပြန်သည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုသော်ငြား မသမာမှုများဖြင့် စီမံဖန်တီးထားလေသည့် စစ်ဝါဒစနစ်ဆိုးကြီးကား ဗမာပြည်တွင်ပန်းပန်လျက်ရှိနေဆဲ။ စစ်ဝါဒဟူသော ရေခံမြေခံ စနစ်ဆိုးကြီးကြောင့် လူရည်လူသွေးမညံ့လှသော သာကီနွယ်တို့သည် ရာဇဝင်ထဲက လက်အောက်ခံ ပဏ္ဏာဆက်နိုင်ငံသို့ ပြေးဝင်ခိုလှုံနေကြရ၏။ ရေခံမြေခံ စနစ်ကောင်းတစ်ခု၏ အကျိုးဆက်ကြောင့် ဇာတာတက်ကာစင်ပေါ်ရောက်နေကြသည့် လူစွမ်းလူစကင်းမဲ့သော ထိုင်းလူမျိုးတို့၏ လက်အောက်ဝယ် ဆီးဖြူသီးကို ဆန်ကောထဲ လှိမ့်သလို မတရားမှုမျိုးစုံကို ခါးစည်းခံရင်း မျက်နှာငယ်နေကြရသော ထမင်းတစ်လုပ်၊ တုတ်တစ်ချက်အဖြစ်သနစ်များကား ဖူးခက်မြို့ကြီးတွင်သာမက ယိုးဒယားပြည်တစ်ဝန်းတွင် ရေးဖွဲ့မကုန်နိုင်လောက်အောင်ရှိမည်မှာ ဧကန်တရားပေတည်း။ ဗမာပြည်ကြီး၏ နေသာသော နေ့များဆီ သို့မရောက်မီ ကျွန်တော်နှင့် ကျွန်တော့်လက်တစ်ကမ်းမှ အညတရတို့၏ ရင်နာဖွယ်အဖြစ်အပျက်တို့ကို သမိုင်းမှတ်တမ်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ နောင်တစ်ချိန်ချိန်တွင် နောင်လာနောက်သားတို့ သတိချပ်အမှတ်ရနိုင်ကြစေရန်အလို့ငှာ ရေးချင်သည်ဖြစ်စေ၊ မရေးချင်သည်ဖြစ်စေ၊ ကျွန်တော်ရေးနေရပေဦးမည်။

**Contractor ( Civil ) အဖွဲ့များ အလိုရှိသည်**

ရန်ကုန်မြို့အတွင်းတွင်ဆောင်ရွက်ရမည့် အထပ်မြင့် Project များအတွက် အောက်ပါအချက်များနှင့်ကိုက်ညီသော Contractor အဖွဲ့များအား အလိုရှိပါသည်။

(1) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး 5 နှစ်ရှိရမည်။
(2) လေဘာအင်အားအနည်းဆုံး 150 နှင့်အထက်ရှိသည့်အဖွဲ့ ဖြစ်ရမည်။
(3) လုပ်ငန်းသတ်မှတ်ကာလအတိုင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရမည်။
(4) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းဆောင်ရွက်ချိန်အား ညှိနှိုင်းသတ်မှတ်ပါမည်။
( လုပ်ငန်းစတင်ဆောင်ရွက်ချိန် 8:00 AM )

ဆက်သွယ်ရန် - Ahlone Tower၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ Ph; 09-49210331

မှတ်ချက် ။ ။ ကြော်ငြာပါသည့်ရက်မှ (၁၀)ရက်အတွင်းဆက်သွယ်ပါရန်။


ရွှေဖူရှီထီးများသည် အရည်အသွေးကောင်းမွန်၍ ဈေးနှုန်းချိုသာပါသည်။ ခိုင်ခန့်လှပ ထိပ်ရပ်သော ရွှေဖူရှီထီးများကို သုံးစွဲပါ။
ထီးအော်ဒါအမျိုးမျိုးကို အချိန်တိကျ မှန်ကန်စွာ စိတ်တိုင်းကျ လက်ခံဆောင်ရွက်ပေးနေပါသည်။
ရွှေဖူရှီထီးအမျိုးမျိုးတွင် လူကြီးမင်းတို့၏ ထုတ်ကုန်အမှတ်တံဆိပ် (Logo) များကို ဒီဇိုင်းစုံပြီး အရောင်အမျိုးအစားစုံလင်စွာ စိတ်တိုင်းကျ ဆောင်ရွက်ပေးနေပါပြီ။
ရွှေဖူရှီထီးစက်ရုံ အမှတ် ၅၅၊ ၅၆၊ ၅၇ မြတောင်ဝန်ကြီးဦးမှိုလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၈၅၇၉၄၊ ၀၁-၆၈၇၈၆၄
ဝင်ရိုးဖြန့်ချိရေးဆိုင် တိုက်(၁၈)၊ အခန်း (၇)၊ စံပယ်လမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၀၅၀၀၈၊ ၀၉၈၆၄၀၃၈၃၊ ၀၉၅၀၀၇၄၅၃
ဖူရှီရွှေဝင်းစင်တာ အမှတ်(၁၈၉/၁၉၅)၊ ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၁၁၃၀၊ ၀၁ - ၃၈၁၁၃၀
K&K စတိုး အမှတ်(၄၅/၉)၊ ကမ္ဘောဇလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့။ ဖုန်း ၀၈၁ - ၂၁၂၁၅၀၉
ဖူရှီရွှေဝင်းစင်တာ ဝင်ရိုး အမှတ်(၄၉၂/၄၉၄)၊ လမ်း(၈၀) နှင့် လမ်း(၃၀) ထောင့်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၃၆၈၀၊ ၀၂ - ၇၃၇၈၀
ဖူရှီရွှေဝင်းစင်တာ ဆိုင်ခွဲ (၁) အမှတ်(၀-၆/၃၀)၊ ၆၂ လမ်း၊ မနော်ဟရီလမ်းနှင့် နိုင်ရွှေဝါလမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၈၁၉၀၅၊ ၀၉ - ၉၁၀၂၉၉၆၆
ဖူရှီရွှေဝင်းစင်တာ ဆိုင်ခွဲ (၂) အကွက်(၈၅၄)၊ စစ်ကိုင်းလမ်းခွဲ၊ ဦးပွား ဂုံးကျော်တံတားအရှေ့ဘက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၆၃၄၁၊ ၀၂ - ၇၆၃၄၂
ဖူရှီရွှေဝင်းစင်တာ ဆိုင်ခွဲ (၃) အမှတ်(၁၀/၀-၂)၊ ၇၈-လမ်း၊ လမ်း ၃၀ နှင့် ၃၁ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂ - ၇၄၅၅၉၊ ၀၂ - ၆၈၇၂၇


မျိုမေတို့ရဲ့ အသားအရေ
"ရှင်းသန့် စိုပြေ လှပခြင်းအတွက်..."
NATURE VIT E
NATURE VIT E
Soft Cap
(VITAMIN E 400I.U)
UV ray ကြောင့် အသားအရေပျက်စီးမှာ မပူရတော့ဘူး...။
အရေးအကြောင်း
အမည်းစက်
တင်းတိပ်
NATURE VIT E ဟာ
အစွမ်းထက် ဓါတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သောကြောင့်
အရေပြားအတွင်းပိုင်းဆဲလ်များကို ပြန်လည်ကျန်းမာစေပြီး
အသားအရေ တင်းရင်းစိုပြေစေပါတယ်..။
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.
NATURE VIT E ကို နေ့စဉ်သောက်ပါ။



*လက်နက်ကိုင်အဖွဲ့အစည်းတစ်ဖွဲ့ကို ကြိုဆိုနေသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်* ဓာတ်ပုံ – အောင်ခိုင်

# အမြင်ကတ်ပုဒ်မနဲ့ မလွတ်သေးတဲ့ ပြည်သူတွေ

**အိဖြူလွင်၊ ထွန်းခိုင်**

အကယ်၍ သင်သည်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် နီးစပ်သည့် ဒေသများတွင် နေထိုင်သူဖြစ်ပြီး သင့်ထံအဆိုပါ လက်နက်ကိုင်များက အကူအညီ တစ်ခုလာတောင်းသည်ဆိုပါစို့။ ထို့အတွက်သင့်ထံတွင် ရွေးချယ်စရာသိပ်များများစားစားရှိမည်တော့မဟုတ်။

အကူအညီပေးရန် ငြင်းဆန်ခဲ့ပါက ယင်းလက်နက်ကိုင်တပ်ဖွဲ့များ၏ ငြိုငြင်မှုကို ခံရနိုင်သည်။ အကူအညီပေးရန် ဆုံးဖြတ်ခဲ့ပါက သင့်ကို အစိုးရက ဖမ်းဆီးထောင်ချလိမ့်မည်။

သင်သည်မည်သည့် ဥပဒေမှ မချိုးဖောက်သည့် သူတစ်ဦး ဖြစ်ဦးတော့ အစိုးရဘက်မှ မတရားအသင်းအဖြစ် ကြေညာထားသူများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား ထမင်းတစ်နပ်၊ ရေတစ်ခွက်တိုက်ရုံမျှဖြင့် ထောင်နန်းစံရနိုင်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းမတည်ငြိမ်မှုများ၊ စစ်ပွဲများနှင့် ဖုံးလွှမ်းနေခဲ့သည့် မြန်မာနိုင်ငံတွင် အဆက်ဆက်သော အစိုးရများက ၎င်းတို့အားပုန်ကန်တော်လှန်ကြသူများကို သာမက ၎င်းတို့အမြင်မကြည်သူများကိုပါ ကိုလိုနီခေတ်အင်္ဂလိပ်အစိုးရလက်ထက် ၁၉၀၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် မတရားအသင်းများ အက်ဥပဒေဖြင့် အရေးယူခဲ့သည်။

ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်ကို ရင်ဆိုင်နေရသည့် မြန်မာနိုင်ငံတွင် သန်းနှင့်ချီသော ပြည်သူများသည် လက်နက်ကိုင်တပ်ဖွဲ့များအကြား ကျဉ်းထဲကျပ်ထဲတွင် နေခဲ့ရသည့်ဘဝကို အဆုံးသတ်စေမလားဆိုသည့် မျှော်လင့်ချက်သည် သမ္မတဦး သိန်းစိန်အစိုးရလက်ထက်တွင် ပေါ်ပေါက်လာခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးခဲ့သည်။ ခေတ်အဆက်ဆက်ပြည်သူများအကြားအမြင်ကတ်ပုဒ်မ (သို့) လိုရာဆွဲဥပဒေဟုထင်ရှားခဲ့သည့် မတရားအသင်းများ အက်ဥပဒေပယ်ဖျက်ပြင်ဆင်ရေး ဆွေးနွေးမှုများလွှတ်တော်တွင် ပြုလုပ်ခဲ့သည်။

သို့သော်လည်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက အဖြစ်အပျက်တစ်ခုကြောင့် သမ္မတဦးသိန်းစိန်အစိုးရသည်လည်း ယခင်အစိုးရများနည်းတူ မတရားအသင်းများအက်ဥပဒေကိုလိုရာဆွဲဥပဒေတစ်ခုအဖြစ် အသုံးပြုနေဆဲလားဆိုသည့် မေးခွန်းများလည်း ထွက်ပေါ်လာခဲ့ရသည်။ ထိုမေးခွန်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ နမ့်လင်းမိုင်ကျေးရွာမှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ၏ ကျေးရွာပါတီစည်းရုံးရေးမှူးကို ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) နှင့် ဆက်သွယ်သည်ဆိုသည့် စွပ်စွဲချက်ဖြင့် ဖမ်းဆီးခဲ့သည့် မေလ ၅ ရက်နောက်ပိုင်းမှ စတင်လာခဲ့သည်။

SNLD ၏ ကျေးရွာပါတီစည်းရုံးရေးမှူးဖြစ်သည့် စိုင်းအိုက်တိန်(ခ) အိုက်ကျိမ်းဖမ်းဆီးခံရခြင်းသည် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များကိုအချိန်မရွေးဖမ်းဆီးနိုင်ကြောင်း အစိုးရမှ သတင်းစကားပေးသည့် အချက်ပေးခေါင်းလောင်းသံ တစ်ခုများလားဆိုသည်ကို နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်များက မေးခွန်းထုတ်နေပြီလည်းဖြစ်သည်။

ပြည်တွင်းစစ်အဆုံးသတ်ရေးအတွက် ခြေလှမ်းတစ်ခုအဖြစ် ရှမ်းပြည်နယ်အခြေစိုက် လက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရအကြားတွေ့ဆုံဆွေးနွေးနိုင်ရေးကြား ဝင်ပေးရန် အစိုးရက SNLD ကို ကမ်းလှမ်းခဲ့သည်။

အစိုးရဘက်မှ ကမ်းလှမ်းမှုထဲတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS/SSA) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်နှင့် သမ္မတဦးသိန်းစိန် မျက်နှာချင်းဆိုင်တွေ့ဆုံနိုင်ရေး SNLD ဘက်မှ အကူအညီပေးရေးလည်းပါဝင်ခဲ့ကြောင်း SNLD ၏ ပြောခွင့်ရပုဂ္ဂိုလ်ဦးစိုင်းလိတ်က ပြောသည်။

ပြဿနာရှိနေသည်က ရှမ်းလက်နက်ကိုင်များထံ သွားရောက်ဆက်သွယ်ပါက မတရားအသင်းများအက်ဥပဒေဖြင့် SNLD အရေးယူခံရနိုင်သည့်အချက်ဖြစ်သည်။

သို့သော်လည်း ထိုအခက်အခဲကို ကျော်လွှားနိုင်ရန် အစိုးရဘက်မှ ကမ်းလှမ်းမှုထဲတွင် ကတိကဝတ်တစ်ခုလည်း ထည့်သွင်းကမ်းလှမ်းခဲ့ကြောင်း ဦးစိုင်းလိတ်ကပြောသည်။

"ဦးခွန်ထွန်းဦး(SNLDဥက္ကဋ္ဌ) က ဆက်သွယ်ပေးလို့ အရေးယူခံရရင် ဘယ်လိုလုပ်မလဲမေးတော့ ဦးအောင်မင်းက ငြိမ်းချမ်းရေးကိစ္စဆောင်ရွက်လို့ အဘ(ဦးခွန်ထွန်းဦး)ကို ၁၇(၁)နဲ့ အရေးယူရင် ကျွန်တော်ကိုယ်တိုင်အဘကိုလာထုတ်မယ်။ ထုတ်လို့မရရင် ကျွန်တော်ကိုယ်တိုင်ထောင်ထဲလိုက်နေမယ် လို့ပြောတယ်"ဟု ဦးစိုင်းလိတ်က ထိုစဉ်ကအဖြစ်အပျက်ကို ပြန်လည်ပြောသည်။

ထို့နောက်ရက်အနည်းငယ်အကြာတွင် သမ္မတနှင့် (RCSS/SSA) ခေါင်းဆောင်ဒုတိယဗိုလ်ချုပ်ကြီး ယွက်စစ်တို့နေပြည်တော်တွင် တွေ့ဆုံနိုင်ခဲ့သည်။

ဆွေးနွေးပွဲအပြီးတွင်တော့ ပေးထားသည့်ကတိအတိုင်းအစိုးရဘက်က တည်ခဲ့သည်။ RCSS/SSA နှင့် ဆက်သွယ်မှုကြောင့် ဦးခွန်ထွန်းဦးအပါအဝင် SNLD ထိပ်ပိုင်းခေါင်းဆောင်များကို ဖမ်းဆီးခြင်းမရှိခဲ့။ သို့သော်လည်း SNLD ကိုအံ့အားသင့်စေသည့် လုပ်ရပ်တစ်ခုတော့ လုပ်ပြခဲ့သည်။

မြန်မာအစိုးရနှင့် ရှမ်းတိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်နှစ်ဦး တွေ့ဆုံခဲ့ပြီး ရက်ပေါင်း ၃၂၅ ရက်တိတိအကြာ ၂၀၁၄ မေလ ၅ ရက်တွင် RCSS/SSAနှင့်ဆက်သွယ်မှုကြောင့်ဟုဆိုကာSNLD၏ကျေးရွာပါတီစည်းရုံးရေးမှူးတစ်ဦးကို တပ်မတော်က ဖမ်းဆီးထိန်းသိမ်းလိုက်သည်။

"အပေါ်ပိုင်းကတော့ ဆက်ဆံနေတယ်။ ဘာမှမဖြစ်ဘူး။ အောက်က လူတွေကျတော့ အဖမ်းခံရတယ်ဆိုရင် မဟုတ်ဘူး" ဟု ၎င်းတို့ပါတီဝင် ထိန်းသိမ်းခံရမှုနှင့် ပတ်သက်ပြီး ပြောသည်။

တကယ်တော့SNLD၏ကျေးရွာပါတီစည်းရုံးရေးမှူးသည် အစိုးရသစ်လက်ထက်တွင် မတရားအသင်းများ အက်ဥပဒေဖြင့် ပထမဆုံးဖမ်းဆီးခံခဲ့ရသူတော့ မဟုတ်ခဲ့။ သူ့မတိုင်မီတွင် ရာနှင့်ချီသောသူများသည် မတရားအသင်းများအက်ဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရသည်။

"၂၀၁၁ ဇွန်လတိုက်ပွဲဖြစ်ပြီးနောက်ပိုင်း ကချင်ပြည်နယ်ရယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းရယ်မှာ ၁၇(၁) နဲ့ ဖမ်းဆီးခံရတဲ့သူ ၁၀၀ ကျော်လောက်ရှိတယ်"ဟုမတရားအသင်းများအက်ဥပဒေဖြင့်အရေးယူခံရသူများကို လိုက်လံကူညီနေသည့် ရှေ့နေဦးဂျီမားခါးကပြောသည်။ ဖမ်းဆီးခံရသူများအနက်အချို့သည် ရာဇဝတ်မှုပုဒ်မများဖြင့် ထပ်မံတရားရင်ဆိုင်ရခြင်း၊ စစ်ကြောရေးကာလများတွင် ပြင်းထန်သည့်စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာခြိမ်းခြောက်မှုများကြုံတွေ့ရခြင်းများလည်းရှိကြောင်း ဦးဂျီမားခါးကပြောသည်။

"ဒီဟာက တော်တော်ကို ရှုပ်ထွေးတဲ့ကိစ္စဖြစ်တယ်။ ကေအိုင်အိုနဲ့ ကျတော့ နိုင်ငံရေးဆွေးနွေးပွဲတွေ ဘာတွေလုပ်ပြီး အဆက်အဆံလုပ်တယ်။ နောက်တစ်ဖက်ကျတော့ တရားရုံးမှာတော့ ကေအိုင်အေအကြမ်းဖက်သောင်းကျန်းသူလို့ သုံးတယ်။ ဖမ်းခံရတဲ့သူတွေကိုများသောအားဖြင့် ကေအိုင်အေနဲ့ဆက်သွယ်တယ်လို့ သူတို့ပြောကြတာပေါ့။ ကေအိုင်အေနဲ့ အဆက်အသွယ်မရှိလည်း ဖမ်းဆီးခံရတဲ့သူတွေများတယ်" ဟု ဦးဂျီမားခါးကပြောသည်။

တကယ်တော့ မတရားအသင်းများ အက်ဥပဒေဆိုသည်မှာ ကိုလိုနီခေတ်အင်္ဂလိပ်အစိုးရလက်ထက် ၁၉၀၈ ကတည်းက ပြဋ္ဌာန်းထားသည့် ဥပဒေတစ်ခုဖြစ်သည်။

ယင်းဥပဒေပုဒ်မ ၁၇(၁)အရ မတရားအသင်းတစ်ခုခု၏အစည်းအဝေးတွင် ပါဝင်ဆောင်ရွက်နေပါက အသင်းအတွက် ငွေကြေးထောက်ပံ့လျှင် (သို့မဟုတ်) လက်ခံလျှင်(သို့မဟုတ်) တောင်းခံလျှင်သော်လည်းကောင်း၊ အသင်းလုပ်ငန်းတွင်တစ်နည်းနည်းဖြင့် ကူညီလျှင်သော်လည်းကောင်း ပြစ်ဒဏ်ကျခံစေရမည်ဆိုသည်ကို ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၁၇(၂) တွင် မတရားအသင်းကို စီမံအုပ်ချုပ်လျှင်(သို့) စီမံအုပ်ချုပ်မှုကို ကူညီလျှင်သော်လည်းကောင်း၊ အသင်း၏အစည်းအဝေးအတွက် ဆော်ဩကမကထပြုလျှင်သော်လည်းကောင်း၊ (သို့မဟုတ်) ကူညီလျှင်သော်လည်းကောင်း ပြစ်ဒဏ်ကျခံစေရမည်ဆိုပြီး ပြဋ္ဌာန်းထားသည်။

အရပ်သားများအကြားတွင် အမြင်ကတ်ပုဒ်မ၊ လိုရာဆွဲဥပဒေအဖြစ် ထင်ရှားသည့် အဆိုပါဥပဒေကို "ဒီဥပဒေဟာ တော်တော်ကျွန်တော်တို့နိုင်ငံအတွက် ကောင်းသောအကျိုးသက်ရောက်မှုတွေရော၊ မကောင်းသော အကျိုးသက်ရောက်မှုတွေလည်းရှိခဲ့တာ အမှန်ပါပဲ"ဟု ယင်းဥပဒေကို ပြန်လည်သုံးသပ်ရန် လွှတ်တော်သို့တင်သွင်းသည့်အခါတွင်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မှတ်ချက်ပေးသည်။

ထိုအတိုင်းဆိုပါက သာမန်ပြည်သူများအဖို့ကောင်းကျိုးထက် မကောင်းကျိုးသာ ကြုံတွေ့ဖို့များနေသည်။ ယနေ့ခေတ်တွင် သမ္မတမှအစ အောက်ခြေပြည်သူများအဆုံးဆက်သွယ်နေသော်လည်း အကျဉ်းထောင်အတွင်းရောက်ရှိနေသူများမှာ ပြည်သူများသာ ဖြစ်ခဲ့ရသည်။

"ဥပဒေအတိုင်းသာဆိုရင်တော့ ပြောရရင် ဝန်ကြီးဦး အောင်မင်းကိုလည်းအရေးယူလို့ရတာပဲ။ သူတော့ မဟုတ်ဘဲ အရပ်သားရွာသားတွေ အရေးယူနေတယ်ဆိုတာတော့ မဟုတ်ဘူး"ဟု တရားရုံးချုပ်ရှေ့နေ ဦးသန်းမောင် (စစ်တွေ) ကပြောသည်။

မတရားအသင်းများအက်ဥပဒေသည် နိုင်ငံရေးပါတီများအတွက်လည်း ခြိမ်းခြောက်လာနိုင်သည့် ဥပဒေတစ်ရပ်ဖြစ်သောကြောင့် သတိကြီးစွာ ထားနေရကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း မတရားအသင်းကြေညာခံထားရသူများနှင့် ပြည်ပတွင်တွေ့ဆုံခဲ့သည့် ဆွေးနွေးပွဲများတွင်လည်းအတော်ပင်သတိထားနေရကြောင်းရခိုင်အမျိုးသားပါတီမှ ဒုတိယခေါင်းဆောင်ဒေါက်တာ အေးမောင်ကပြောသည်။

လက်ရှိအချိန်တွင် အဆိုပါဥပဒေသည် ရှင်းရှင်းလင်းလင်းမရှိဘဲ အငြင်းပွားစရာများလည်းရှိနေကြောင်း၊ လက်ရှိအခြေအနေအတိုင်းဆိုပါက လက်နက်ကိုင်တပ်ဖွဲ့နှင့် ဆက်သွယ်သူတိုင်း ယင်းဥပဒေဖြင့် ငြိနေကြောင်းလည်း ဒေါက်တာအေးမောင်ကပြောသည်။

"အာဏာရှိတဲ့သူတွေ လုပ်ပိုင်ခွင့်ရှိတဲ့သူတွေ ဒီပုဒ်မအပေါ်မှာ ရောက်နေကြသလားဖြစ်နေပြီ။ ပြည်သူလူထုက အထူးသဖြင့် မငြိမ်းချမ်းတဲ့ အရပ်ဒေသမှာရှိတဲ့သူတွေက ဒီပုဒ်မရဲ့ ပစ်မှတ်ဖြစ်နေသလားပေါ့"ဟု ဒေါက်တာအေးမောင်ပြောသည်။

၁၉၀၈ မှစတင်ပြီး အစိုးရအဆက်ဆက်က မတရားအသင်းအက်ဥပဒေကို အသုံးပြုပြီး သာမန်ပြည်သူများကို အရေးယူခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ကျော်ခဲ့ပြီဖြစ်သည်။

ဦးသိန်းစိန်၏ အစိုးရသစ်လက်ထက်တွင်လည်း အငြင်းပွားဖွယ်ရာမတရားအသင်းဥပဒေဖြင့် အရေးယူမှုများကို လွှတ်တော်နှင့်လွှတ်တော်ပြင်ပတွင် ကန့်ကွက်နေသော်လည်း အောင်မြင်မှုမရသေးပါ။

"ဒီကြားထဲမှာ ထောင်ကျတန်းကျဖြစ်သွားတဲ့ အရပ်သားတွေနည်းတာမှ မဟုတ်တာ။ နည်းနည်းလောက် ကိုယ်ချင်းစာကြည့်ပါ။ ထောင်ထဲမှာ တစ်ပတ်လောက်နေကြည့်ပါ"ဟု တရားရုံးချုပ်ရှေ့နေ ဦးသန်းမောင်(စစ်တွေ)ကပြောသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# ပြည်သူ့ညည်းတွားသံ ကြားကြပါစ

အေးသူစံ



ရန်ကုန်မြို့ နေအိမ်တိုက်ခန်းတစ်ခု၏ တံခါးပေါက်တွင် ချိတ်ဆွဲထားသည့် မီတာခတောင်းခံလွှာစာရွက်ဖြတ်ပိုင်းကို တွေ့ရစဉ်

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

မေလလယ်မှစ၍ မြန်မာအိမ်ထောင်စုများအတွင်း အရေးတကြီး တွက်ချက်တိုင်းထွာရန်ကိစ္စတစ်ခုပေါ်လာပါပြီ။ ယင်းမှာ နိုင်ငံရေးအင်အားစုအချို့ပြင်ဆင်လိုနေကြသည့်အခြေခံ ဥပဒေပြင်ဆင်ရေးမဟုတ်ပါ။ ၂၀၁၄နှစ်ကုန်တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲလည်းမဟုတ်ပါ။ အစစအရာရာ ကုန်ဈေးနှုန်းကြီးမြင့်လာသည့်ကြားက နှစ်ဆတိုးပေးဆောင်ရသည့် မီတာခနှုန်းထားအတွက် အိမ်စရိတ်ကို ဘယ်လိုချွေတာ သုံးစွဲရမလဲဆိုသည့် ပုစ္ဆာပင်ဖြစ်သည်။

ဝန်ထမ်းလစာ ၂၀,၀၀၀ကျပ် မတိုးမီကတည်းက မီးဖိုချောင်သုံးသားငါးနှင့် အခြေခံစားသောက်ကုန်ဈေးနှုန်း၊ သယ်ယူပို့ဆောင်ရေးစရိတ်တို့ တရိပ်ရိပ်တက်လာခဲ့သည်။ မီးဖိုချောင်စရိတ်ကို ချွေတာ၍မဆုံးခင်မှာပင် နှစ်ဆတိုးမြှင့်လိုက်သည့်မီတာခက လျှပ်စစ်မီးကိုမကြာမတင်လေးကမှ အချိန်ပြည့်နီးပါးသုံးစွဲခွင့်ရသည်။ လူလတ်တန်းစား အိမ်ထောင်စုများနှင့် စက်မှုလုပ်ငန်းများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာသည်။

ယခုတိုးမြှင့်နှုန်းထားအရ အိမ်သုံးမီတာယူနစ်တစ်ရာကျော်ပါက တစ်ယူနစ်ကျပ်ငါးဆယ်နှုန်းဖြစ်သည်။ ထိုနှုန်းအရ တစ်လယူနစ်တစ်ရာကျော်သုံးသည့်အိမ်ထောင်စုအတွက်ပေးဆောင်ရမည့်မီတာခမှာ လူလတ်တန်းစားတစ်ဦးတစ်လစာဝင်ငွေ၏ ဆယ်ရာခိုင်နှုန်းနီးပါးဖြစ်နေပြီဖြစ်သည်။

လတ်တလောကုန်ဈေးနှုန်းနှင့် မီတာခ၏ချောင်ပိတ်မှုကြောင့် ကျပ်တည်းနေသောပြည်သူများအတွက် သမ္မတဦးသိန်းစိန်၊ အတိုက်အခံခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံရေးအင်အားစုများနှင့် တက်ကြွလှုပ်ရှားသူများက နှုတ်ဆိတ်နေပါသည်။

ပြည်သူတို့၏ အခက်အခဲအကျပ်အတည်းများကိုကျန်ရှိသမ္မတသက်တမ်းအတွင်း အာရုံစိုက်သွားမည်ဟုပြောထားသော သမ္မတဦးသိန်းစိန်က မီတာခများတိုးမြှင့်ကောက်ခံသင့်ကြောင်း သဝဏ်လွှာကို ပြည်ထောင်စုလွှတ်တော်သို့ ၂၀၁၃ နိုဝင်ဘာ ၁၆ ရက်စွဲဖြင့်ပေးပို့ခဲ့သည်။

မဲဆန္ဒနယ်ပြည်သူများ၏ လိုအပ်ချက်များကိုအစဉ်လေ့လာနားထောင်နေပါသည်ဆိုသော လွှတ်တော်ကိုယ်စားလှယ်အများစု၏ သဘောတူညီမှုဖြင့် ပြည်ထောင်စုလွှတ်တော်က မဲခွဲဆုံးဖြတ်ပြီး အတည်ပြုခဲ့ခြင်းဖြစ်သည်။

အချိန်ရှားပါးသော မြို့ပြလူလတ်တန်းစားအိမ်ထောင်စုများအတွင်း လျှပ်စစ်သုံးမီးပူ၊ ရေမော်တာ၊ ရေခဲသေတ္တာတို့ကိုမရှိမဖြစ်သုံးစွဲရသည်။ မိသားစုငါးဦးရှိသည့် အိမ်ထောင်စုတွင် ယင်းအသုံးအဆောင်များကိုသုံးစွဲပါက တစ်လလျှင် အနည်းဆုံးယူနစ်တစ်ရာအသာလေး ကျော်သွားမည်ဖြစ်သည်။

လစာများမတိုးခင်က ကြက်၊ ဝက်နှင့်အမဲသားဈေးနှုန်းများမှာ ကျပ်တစ်ဆယ်သားလျှင်အမြင့်ဆုံး ၈၀၀ခန့်ရှိခဲ့ရာမှ ယခုတစ်ထောင်ဈေးဖြစ်လာသည်။ ငါးပေါသည့်မိုးဦးရာသီတွင်ပင် ငါး၊ ပုစွန်ဈေးမှာ အရွယ်အစားအလိုက် လက်လီဈေးကျပ်၁,၂၀၀၊ ကြက်ဥတစ်လုံး ကျပ်၁၅၀ ထိဖြစ်လာခဲ့ပြီး ဧည့်မထဆန် တစ်အိတ် ကျပ် ၂၄,၀၀၀မှ ၂၇,၀၀၀ အထိဈေးတက်လာသည်။ လျှပ်စစ်မီး မကြာခဏပြတ်နေသည့်အတွက် မီးသွေးနှင့် ဂက်စ်ဈေးနှုန်းများလည်း တက်လာခဲ့ပြီး မီးသွေးတစ်ပိဿာကျပ် ၈၀၀ နှင့် ဂက်စ်တစ်ပိဿာလျှင် ၂,၇၀၀ မှ ၃,၀၀၀ သို့ ဈေးတက်သွားသည်။

ကုန်ဈေးနှုန်းတက်၍ ဝင်ငွေထွက်ငွေမမျှတရသည့်အထဲ မီတာခတက်လာသည့်အတွက် အိမ်ရှင်မအချို့က လျှပ်စစ်မီးကိုချွေတာသုံးရန်စဉ်းစားသလိုအချို့က လည်းမီးဖိုချောင်စရိတ်ကို ချွေတာရန်စဉ်းစားနေရပြီဖြစ်သည်။

ထို့ပြင် တက်လာသည့်ကုန်ဈေးနှုန်းကို သင့်တော်သလိုပြန်လည်လျှော့ချပေးဖို့ အစိုးရကို တောင်းဆိုလိုပြီး မီတာခကိုယူနစ်သတ်မှတ်သည့်ပမာဏများဥပမာ အိမ်သုံးကိုယူနစ် ၃၀၀ အထိ ၃၅ ကျပ်ဖြင့်ကောက်ခံစေလိုကြောင်း တောင်းဆိုမှုများရှိလာသည်။

“အရင်က အိမ်စရိတ်တစ်လကို တစ်သိန်း။ အခုနှစ်သိန်းလောက်ကုန်တယ်။ မီတာခတက်ပေမယ့် အိမ်မှာကလေးငယ်ရှိတော့ ရာသီဥတုပူတော့အဲကွန်း မဖွင့်လို့မှမရပဲ။ ရေကလည်း မသုံးလို့မဖြစ်တော့ မော်တာ မောင်းရတယ်။ ဒါကြောင့် အစားအသောက်ကို နည်းနည်းချွေတာလိုက်တယ်။ အစိုးရကိုကုန်ဈေးနှုန်းတွေပြန်ကျအောင်လုပ်ပေးဖို့ တောင်းဆိုချင်ပါတယ်”ဟု မှော်ဘီမြို့နယ်မှ အိမ်ရှင်မ မသဉ္ဇာကိုကိုကပြောသည်။

အစိုးရက လျှပ်စစ်မီးကို တစ်နှစ်မြန်မာငွေကျပ် ၂၈၄ ဘီလီယံကျော်အရှုံးခံဖြန့်နေပြီး ယခုမီတာခတိုးမြှင့်ခြင်းကြောင့် တစ်နှစ် ၁၂ ဘီလီယံသာ စိုက်ရတော့မည်ဟု လျှပ်စစ်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက လွှတ်တော်တွင် ဖြေကြားခဲ့သည်။

သို့သော် ဘယ်အပိုင်းက ဘယ်လိုလုပ်၍ ဘယ်လိုရှုံးနေသလဲဆိုတာ ပြည်သူကိုပွင့်လင်းမြင်သာမှုရှိရှိတင်ပြသင့်ပြီး အစိုးရ၏အရှုံးထဲတွင် မသမာသည့်စီးပွားရေးသမားအချို့နှင့် လျှပ်စစ်ဝန်ထမ်းအချို့ပူးပေါင်း၍ ဓာတ်အားခိုးသည့်ပြဿနာများလည်းပါဝင်နိုင်ကြောင်း အသက် (၃၀)နှစ်အရွယ်အင်္ဂလိပ်စာဆရာမမဇင်သီအေးကပြောသည်။

“ကျွန်မတို့မြို့နယ်မှာ ပုံနှိပ်စက်တွေဆိုင်းဘုတ်မတင်ဘဲ ဒိုင်လျှိုလုပ်နေတယ်။ လူမနေဘဲပိတ်ထားတဲ့အခန်းလိုလိုနဲ့ စီးပွားရေးသမားတွေက မီတာခိုးပြီးလုပ်နေတာ။ ဒီပြဿနာအပါအဝင် ရှုံးရတဲ့အကြောင်းတွေကို အရင်းမစစ်ဘဲ အလွယ်တကူမီတာခတွေတက်တာဟာ ပြည်သူကိုရေနစ်သူဝါးကူထိုးသလိုပါပဲ”ဟု ၎င်းကပြောသည်။

အဆိုးဆုံးက မီတာခသာတိုးမြှင့်သွားပြီး မီးကတော့မလာတစ်ခါပြတ်တစ်လှည့်ဖြစ်နေခြင်းပင်။ အမြတ်နည်းသွားသော်လည်း သုံးစွဲသူများကို ဈေးပိုတောင်း၍မရသဖြင့် မီးကိုတော့ ပုံမှန်လာစေချင်ကြောင်း Oscar အင်တာနက်ဆိုင်မှ ကိုကျော်ဇေမိုးကပြောသည်။

“အရင်ကတစ်လကိုမီတာခကျပ်၇၀,၀၀၀ လောက်ကနေ အခုတစ်သိန်းလေးသောင်းလောက်ဆောင်ရတယ်။ တစ်လဝင်ငွေက ခုနစ်သိန်းလောက်ရှိတယ်။ အမြတ်နည်းသွားပေမယ့်လာသုံးတဲ့သူတွေကို တိုးတောင်းလို့မရဘူး။ တစ်နာရီ ၄၀၀ဆိုတာပဲ လွန်လှပြီ။ လာကစားတဲ့သူ လျော့သွားလိမ့်မယ်။ မီးပုံမှန်လာနေရင်တော့ဒီလောက်မီတာ တက်တာကိုကြိတ်မှိတ်ခံရမှာပဲ။ မီးလေးတော့ ပုံမှန်လာစေချင်တယ်”ဟု ၎င်းကပြောသည်။

“ကျွန်မတို့က ပါးစပ်ပိတ်နေတာမဟုတ်ဘူး။အရင်ကတည်းက ဒီပြဿနာတွေဖြစ်မယ်ဆိုတာသိလို့ လွှတ်တော်မှာကန့်ကွက်ခဲ့တယ်။ ဒါပေမဲ့ မဲခွဲဆုံးဖြတ်တဲ့အခါရှုံးသွားတယ်။ အခု မီတာခတက်တာ၊ ကုန်ဈေးနှုန်းတက်တာကို နိုင်ငံတော်က ဘယ်လိုတာဝန်ယူမလဲဆိုတာ လာမယ့်လွှတ်တော်မှာမေးမှာ။ ကျွန်မတို့က အတိုက်အခံပါတီ။ အစိုးရမဟုတ်ဘူး။ လုပ်ပိုင်ခွင့်တွေ၊ အာဏာတွေက သူတို့လောက်မရှိဘူး”ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပုလဲမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ပြောသည်။ သူက လျှပ်စစ်မီတာခတိုးကောက်ရေးအဆိုကို ပြည်ထောင်စုလွှတ်တော်တွင် ကန့်ကွက်ခဲ့သည့်တစ်ဦးတည်းသောအမတ်လည်းဖြစ်သည်။

အစိုးရ၊ လွှတ်တော်နှင့် နိုင်ငံရေးအင်အားစုများအကြား အခြေခံဥပဒေပြင်ရေး၊ မပြင်ရေးလှုပ်ရှားပြောဆိုဝေဖန်မှုများက အသံကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာနေသည်။

“အခြေခံဥပဒေ ပြင်ဆင်ရေးက အရမ်းအရေးကြီးတာလက်ခံပါတယ်။ ပြည်သူတွေအတွက်ကလည်း အားကိုးတဲ့လူတွေဆီက မျှော်လင့်တာပေါ့”ဟု ရန်ကုန်မြို့ခံအမျိုးသမီးတစ်ဦးကပြောသည်။

ခေတ်နှင့်အညီ မီတာခတိုးကောက်ခြင်းကို လက်ခံသော်လည်းသုံးစွဲသည့်ယူနစ်ပမာဏနှင့် လုပ်ငန်းရှင်တိုင်း ပေးဆောင်ရသည့် ဓာတ်အားဆုံးရှုံးမှု ၁၀ ရာခိုင်နှုန်းကို ပြန်စဉ်းစားစေလိုကြောင်း မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်း ထုတ်လုပ်တင်ပို့သူများအသင်း အမှုဆောင်ဦးမျိုးညွန့်က အကြံပြုသည်။

“အရင်မီတာခက တစ်လ ၇၃ သိန်းကို အခုသိန်း ၁၂၀ ဆောင်ရတယ်။ ကျွန်တော်တို့က ပြည်ပကိုတင်ပို့တာဖြစ်လို့ ငါတို့ မီတာခတက်လို့ဆိုပြီး ဟိုဘက်ကို ဈေးပိုတောင်းလို့မရဘူး။ မီတာနှုန်းထားသတ်မှတ်ချက်ကိုပြင်စေချင်တယ်။ ယူနစ် ၅,၀၀၀ အထိကို ၇၅ ကျပ်၊ ၅,၀၀၀ ကနေ ၂၀,၀၀၀ အထိဆို ၁၀၀ အဲဒီလို Range ကို ကျယ်ပေးစေချင်တယ်”ဟု ၎င်းကပြောသည်။

**အချပ်ပို (A7) သို့**

## နှုန်းထားသစ်

| ကောက်ခံသည့် အမျိုးအစား | ယူနစ် | နှုန်းထား |
|---|---|---|
| အိမ်သုံး | ၁ ယူနစ်မှ ယူနစ် ၁၀၀အထိ | ၃၅ ကျပ် |
| အိမ်သုံး | ယူနစ်၁၀၁မှ ၂၀၀အထိ | ၄၀ ကျပ် |
| အိမ်သုံး | ယူနစ် ၂၀၁ နှင့်အထက် | ၅၀ ကျပ် |
| စက်မှုသုံး | ယူနစ် ၅၀၀ အထိ | ၇၅ ကျပ် |
| စက်မှုသုံး | ယူနစ်၅၀၁မှ၁၀၀၀၀အထိ | ၁၀၀ကျပ် |
| စက်မှုသုံး | ယူနစ်၁၀၀၀၁မှငါးသောင်းအထိ | ၁၂၅ကျပ် |
| စက်မှုသုံး | ယူနစ်၅၀၀၀၁မှနှစ်သိန်းအထိ | ၁၅၀ကျပ် |
| စက်မှုသုံး | ယူနစ်၂၀၀၀၀၁မှသုံးသိန်းအထိ | ၁၂၅ကျပ် |
| စက်မှုသုံး | ယူနစ်သုံးသိန်းအထက် | ၁၀၀ကျပ် |

## ယခင်နှုန်းထား

| ကောက်ခံသည့်အမျိုးအစား | ယူနစ် | နှုန်းထား |
|---|---|---|
| အစိုးရဌာနများ | တစ်ယူနစ် | ၃၅ ကျပ် |
| အိမ်သုံး | တစ်ယူနစ် | ၃၅ ကျပ် |
| စက်မှုလုပ်ငန်းသုံး | တစ်ယူနစ် | ၇၅ ကျပ် |

7 DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

# Special Report

အချပ်ပို (A6)မှ

## ပြည်သူ့ညည်းတွားသံ ကြားကြပါစ

မြန်မာသည် အရှေ့တောင်အာရှတွင် စွမ်းအင်အများဆုံးတင်ပို့သောငါးနိုင်ငံတွင်ပါဝင်သလို နိုင်ငံတွင်းလျှပ်စစ်မီးအနည်းဆုံးရသည့်စာရင်းတွင်လည်းပါဝင်နေသည်။ မိုးလေးနည်းနည်းရွာသည်နှင့် မီးပြတ်သည့်အလေ့ထွန်းကားဆဲ၊ နိုင်ငံ၏လူဦးရေသုံးပုံတစ်ပုံသာလျှပ်စစ်မီးသုံးစွဲနိုင်ဆဲမြန်မာနိုင်ငံမှ လျှပ်စစ်စွမ်းအင်များသည် အိမ်နီးချင်းတရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ရောက်ရှိနေသည်။

မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၆ မြို့နယ်အနက် ၂၂၄ မြို့နယ်နှင့် ကျေးရွာပေါင်းခြောက်သောင်းကျော်အနက် ၄၀,၀၀၀ ကျော်မှာ လျှပ်စစ်မီးမရရှိသေးဘဲ တစ်နိုင်ငံလုံး လူဦးရေ၏ ၃၀ ရာခိုင်နှုန်းသာအစိုးရဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အားကိုရရှိကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ခုတွင်ဖော်ပြထားသည်။

“မြို့ပြနဲ့ကျေးလက်တန်းတူညီမျှဖွံ့ဖြိုးဖို့ တိုးလာတဲ့မီတာခတွေနဲ့ ပြည်နယ်တွေကိုလျှပ်စစ်မီးပေးဖို့လုပ်တာဆိုတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ခွဲခြားတဲ့အသံတွေနဲ့ ဒီအဆိုကိုဝန်ကြီးဌာနကတင်လာကတည်းက ကျွန်တော်တို့ ကန့်ကွက်ခဲ့တယ်။ အခုဝန်ကြီးဌာနက ပြည်သူအပေါ် ဆိုးသထက်ဆိုးလာရင်၊ ပြည်သူတွေမခံရပ်နိုင်အောင်ဖြစ်လာရင် လာမယ့်လွှတ်တော်မှာ ဝန်ကြီးဌာနကိုအယုံအကြည်မရှိအဆိုတင်သွင်းကောင်းတင်သွင်းရလိမ့်မယ်”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခိုင်မောင်ရည်ကပြောသည်။

အရပ်သားအစိုးရ၏ ဆင်းရဲမွဲတေမှုလျှော့ချရေးစီမံကိန်း စတင်ခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပါပြီ။ ပြည်သူများကမူ ကျပ်သထက်ကျပ်၍သာလာနေသည်။

ကုန်ဈေးနှုန်းနှင့် မီတာခပြဿနာက မြန်မာနိုင်ငံတစ်ဝန်း လျှပ်စစ်သုံးစွဲသည့်မိသားစုအများစုထံမှ ဝေဖန်သံများညံလာနေပြီဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်များ၏ လူထုတွေ့ဆုံပွဲများတွင်ယင်းပြဿနာများနှင့်ထိတွေ့လာရပြီဟုဆိုသည်။ ထို့ကြောင့် မကြာမီ ပြန်စမည့်လွှတ်တော် အစည်းအဝေးများတွင် ပြည်သူ့ အသံလွှတ်တော်အသံ ဖြစ်၊ မဖြစ် စောင့်ကြည့်ရမည်ဖြစ်သည်။

စာမျက်နှာ ၄၂ မှ

## တက္ကသိုလ်များ ချန်ပီယံလိဂ် ဘယ်လိုခရီးဆက်နိုင်မလဲ

များ၊ အကောင်းဆုံးဂိုးသမားဆု၊ ဂိုးသွင်းအများဆုံး ဆုများကိုလည်း ချီးမြှင့်ခဲ့သည်။

“ပြိုင်ပွဲမှာက ဆုကြေးရတာ ၅၆ သိန်းကျော်လောက်ပဲရတယ်။ ကျောင်းတွေက ကုန်ကျတဲ့ငွေက သိန်းခြောက်ဆယ်လောက် ရှိတယ်။ ကစားသမားတွေရဲ့ သယ်ယူပို့ဆောင်ရေးဝတ်စုံ၊ လေ့ကျင့်ရေးလုပ်တာတွေအပြင် တခြားကုန်ကျတာတွေ လည်းရှိတယ်။ ဒါတွေကို ပညာရေးဝန်ကြီးဌာနက ထောက်ပံ့ပေးရတယ်”ဟု ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူများကဆိုသည်။

ဒုတိယအကြိမ်မြောက် တက္ကသိုလ်များချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပညာရေးဝန်ကြီးဌာနမှ ၄၆ သင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ၂၂ သင်း၊ ကျန်းမာရေးဝန်ကြီး ဌာနမှ ငါးသင်း၊ သမဝါယမဝန်ကြီးဌာနမှ နှစ်သင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ နှစ်သင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ နှစ်သင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တစ်သင်း စုစုပေါင်း ၈၆ သင်း စာရင်း ပေးသွင်းထားခဲ့သော်လည်း တက္ကသိုလ်ကောလိပ်စုစုပေါင်း၄၁ ခုသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲဝင်အသင်း များပြားလာခြင်းကြောင့် ခြေစစ်ပွဲများမှ တစ်ဆင့်စတင်ယှဉ်ပြိုင်ခဲ့ပြီး ၃၂ သင်းကို အုပ်စုရှစ်စုခွဲကာ ယှဉ်ပြိုင်စေခဲ့သည်။ ယခုလက်ရှိတွင် တက္ကသိုလ်ချန်ပီယံလိဂ်ဖလား ပြိုင်ပွဲသည် ရှုံးထွက်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲကို နှစ်စဉ်ကျင်းပနိုင်မှသာ တက္ကသိုလ်ဘောလုံးလက်ရွေးစင်များ ပြန်လည်ထွက်ပေါ်လာမည်ဖြစ်ပြီး အောင်မြင်မှုရရှိရန်အတွက် အချိန်ယူရမည်ဖြစ်ကြောင်း ကိုစိုးမိုးက သုံးသပ်သည်။

လာမည့် ၂၀၁၄ ဒီဇင်ဘာတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အာဆီယံတက္ကသိုလ်များ ချန်ပီယံပြိုင်ပွဲကို မြန်မာနိုင်ငံက တတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ တက္ကသိုလ်လက်ရွေးစင် ရွေးချယ်သောအခါ တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲအပြင် အထက်မြန်မာပြည်၊ အောက်မြန်မာပြည်တို့မှ ကစားသမားများနှင့် ပူးပေါင်းကာ အဆင့်လေးဆင့်ဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံတက္ကသိုလ်များ ချန်ပီယံပြိုင်ပွဲကို မြန်မာနိုင်ငံက ပထမဆုံးအကြိမ် စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး တတိယနေရာရရှိခဲ့ဖူးသည်။

“အခုချိန်မှာတော့ တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲက ကစားသမားတွေကို ခေါ်ဖို့မရှိဘူး။ အာဆီယံတက္ကသိုလ်ဖလားပြိုင်ပွဲမှသာ ခြေစွမ်းကောင်းတဲ့ ကစားသမားခေါ် သွားဖို့ရှိတယ်”ဟု ကမ္ဘောဇအသင်း စီအီးအိုဦးဝင်းမြင့်ဦးကပြောသည်။

မြန်မာနေရှင်လိဂ် ပြိုင်ပွဲများတွင် ဝင်ရောက်ကစားနိုင်ရန် ကျင်းပလျက်ရှိသည့် တက္ကသိုလ်ချန်ပီယံလိဂ်ပြိုင်ပွဲ ပွဲစဉ်များကို နေရှင်လိဂ်ကလပ်အသင်းများက လာရောက်ကြည့်ရှုမှသာလျှင် ရွေးချယ်ခံရနိုင်ပြီး ယခုလက်ရှိတွင် ကလပ်အသင်းများ လာရောက်ကြည့်ရှုခြင်းမရှိသည့်အတွက် နေရှယ်နယ်လိဂ်ကလပ်အသင်းများတွင် ပါဝင်နိုင်မည့် အခြေအနေမရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

## မီတာခမြင့်တက်သွားသော်လည်း မီးပေးချိန် မြှင့်မည်ဆိုလျှင် လုပ်ငန်းရှင်များ သက်သာမည်

သိမ့်သိမ့်စိုး

ရန်ကုန်၊ မေ-၁၉

လျှပ်စစ်မီတာခများ တိုးမြှင့်လိုက်သောကြောင့် ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာသဖြင့် ကုန်ဈေးနှုန်းများကိုပါ လိုက်ပါတိုးမြှင့်ရသည့်အတွက် ဝယ်လိုအားများ ကျဆင်းနေ၍ လုပ်ငန်းရှင်များအခက်အခဲ ဖြစ်နေရကြောင်း စက်မှုဇုန်လုပ်ငန်းရှင်များက ဆိုသည်။

သို့သော် မီတာခတိုးမြှင့်လိုက်ပြီး လျှပ်စစ်မီးကို အချိန်ပြည့်ပေးဝေမည်ဆိုပါက ယခင်က ဒီဇယ်ဖြင့် မောင်းနှင်ရ သည့်ထက် ကုန်ကျစရိတ်မှာ ထက်ဝက်ခန့် သက်သာနေသေးသည့်အတွက် ရာသီမရွေး မီးပုံမှန်ပေးစေလိုကြောင်းလည်း ဇုန်လုပ်ငန်းရှင်များက တောင်းဆိုနေသည်။

လက်ရှိနွေရာသီတွင်လည်း မီးအချိန်ပြည့်နီးပါးတစ်ရက်လျှင် နာရီ ၂၀ ခန့်အထိ မီးပေးထားသည့်အတွက် ယခင်က မီးမလာ၍ ရပ်နားရသည့်အချိန်များနှင့် ယှဉ်ပါက ထုတ်လုပ်နိုင်မှုပိုင်းမှာလည်း လျော့နည်းခြင်းမရှိတော့ကြောင်း ဇုန်လုပ်ငန်းရှင်များကပြောသည်။

မီတာခများသည် ယခင်က ကျသင့်သော နှုန်းထားဖြင့် တွက်ချက်ပါက အကြီးစားလုပ်ငန်း လုပ်ကိုင်သောလုပ်ငန်းရှင်များ၏မီတာခမှာ နှစ်ဆမြင့်တက်သွားသည်။

“စွမ်းအင်ဘက်မှာ ကုန်ကျစရိတ်တွေ မြင့်တက်သွားတော့ ကုန်ဈေးနှုန်းကိုလည်းလိုက်မြှင့်လိုက်ရတယ်။ ဈေးကြီးသွားရင် လူတွေကလည်း လျှော့သုံးကြတာဆိုတော့ အရောင်းအဝယ်တွေလည်း ကျသွားတော့ လုပ်ငန်းရှင်တွေနဲ့လည်ပတ်မှုတွေလည်း ကျသွားတယ်”ဟု စက်မှုဇုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထုတ်ကုန်လုပ်ငန်းများ၏ ရောင်းအားများ လျော့ကျသွားသည့်အတွက် အကျိုးအမြတ်အားဖြင့်လည်း ယခင်နှင့် နှိုင်းယှဉ်ပါက လျော့ကျနေကြောင်း ဇုန်လုပ်ငန်းရှင်များကဆိုသည်။ မီတာခတိုးမြှင့်လိုက်ခြင်းကြောင့် အကျိုးအမြတ်များကျဆင်းသွားသည့်အပြင် ပြည်ပမှ ဝင်ရောက်လာသော အမျိုးတူကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရောင်းချသည့်အချိန်တွင် ဈေးနှုန်းယှဉ်ပြိုင်ရောင်းချရန် အခက်အခဲများ ဖြစ်နေရကြောင်း လုပ်ငန်းရှင်များကဆိုသည်။

“အခုကတော့ မီတာခများသွားတော့ အရင်လောက် ဈေးနှုန်းကို မလျှော့နိုင်တော့ အရည်အသွေးကလည်း ပြည်တွင်းက နိမ့်တော့ အမျိုးတူပစ္စည်းထုတ်တဲ့သူတွေမှာ အခက်အခဲတွေ များတာပေါ့”ဟု လှိုင်သာယာစက်မှုဇုန်မှ လုပ်ငန်းရှင်တစ်ဦးက ပြောသည်။









7DAY NEWS JOURNAL
Vol.13, No.11 • MAY 21 , 2014

စာမျက်နှာ (၅)မှ

## ကချင်တောနက်ထဲ ၁၀ ရက်အကြာ



ကေအိုင်အေတောတွင်းတပ်စခန်းတစ်နေရာ　　ဓာတ်ပုံ – Jade Land

**မေလ ၄ ရက်**

နံနက် ၆ နာရီခန့်မှစတင်၍ ကိုဖြိုးဖြိုးတို့မှာ ကေအိုင်အေတပ်ဖွဲ့ဝင်များနှင့်အတူ တစ်နေကုန်တောထဲတွင် လမ်းလျှောက်ရသည်။ ၎င်းတို့ကို ခေါ်ဆောင်သွားမည့် တပ်မဟာ ၁ တပ်ရင်း ၄ နယ်မြေသို့ ဦးတည်သွားနေခြင်းဖြစ်သည်။ ယင်းအချိန်မှစတင်၍ ၎င်းတို့ကို ကြိုးချည်နှောင်မထားတော့ဘဲ လွတ်လွတ်လပ်လပ် နေထိုင်ခွင့်ပြုထားသည်။ သို့သော်လည်း ဖမ်းဆီးခံထားရသူများမှာ ကိုဖြိုးဖြိုးတို့ နှစ်ဦးထက်မကတော့ပါ။ အမျိုးသမီးသုံးဦး အပါအဝင် ၁၇ ဦးအထိ ရှိလာခဲ့သည်။

**မေလ ၆ ရက်**

မေလ ၅ ရက်တွင် ထူးခြားမှုမရှိခဲ့ဘဲ ၆ ရက်တွင်တော့ ကျိန်ခရန်ရွာနားသို့ ကိုဖြိုးဖြိုးတို့ ရောက်ရှိလာခဲ့သည်။

စားရေးသောက်ရေးနှင့် ပတ်သက်၍ အစပိုင်းတွင် ကေအိုင်အေတပ်ဖွဲ့ဝင်များ ပါလာသည့် ရိက္ခာခြောက်များကို စားသောက်ခဲ့ပြီးနောက်ပိုင်းတွင် မလုံလောက်သဖြင့် တောထဲရှိ အရွက်များကို ခူးဆွတ်စားသောက်ခဲ့ရသည်ဟု ကိုဖြိုးဖြိုးက ဆိုသည်။

“မိုးကာစကို ဖြန့်ခင်းပြီး အကုန်လုံးပုံ အားလုံးဝိုင်းစားကြတယ်” ဟု ကိုဖြိုးဖြိုးက သူ၏ တောတွင်းအတွေ့အကြုံကို ပြန်ပြောင်းပြောသည်။

ဖမ်းဆီးခြင်းခံရသော ကာလတစ်လျှောက်အတွင်း ကေအိုင်အေတပ်ဖွဲ့ဝင်များက ရိုက်နှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့ခြင်းမရှိဘဲ ကောင်းမွန်စွာ ဆက်ဆံခဲ့ကြောင်းလည်း ကိုဖြိုးဖြိုးက ဆိုသည်။

**မေလ ၇ ရက်**

ယင်းနေ့မှာတော့ ကေအိုင်အေတပ်ဖွဲ့ဝင်များက ကိုဖြိုးဖြိုး အမြတ်တနိုးထားသော ကိုရီးယားမင်းသားစတိုင် ဆံကေသာကို သူ့သဘောမပါဘဲ ညှပ်ပစ်လိုက်သည်။ တပ်ဖွဲ့ဝင်အသစ်အဖြစ် စုဆောင်းရန် စစ်သားပုံစံကတုံးဆံတောက်ဆံပင် ညှပ်ပစ်သည်ဟု ထင်မြင်ကြောင်းလည်း ကိုဖြိုးဖြိုးက ဆိုသည်။

**မေလ ၈ ရက်**

ထုံးစံအတိုင်း ကြုံသလိုစား၊ တစ်နေကုန်လမ်းလျှောက်ရသည်မှလွဲ၍ ထူးခြားမှုမရှိခဲ့။ သို့သော် ကချင်ပြည်နယ် ဇာတိဖြစ်သော်လည်း တစ်ခါမှ မရောက်ဖူးခဲ့သည့် တောတွင်းသစ်ထုတ်လုပ်ရေးဆင်စခန်းတစ်ခုသို့ ယင်းနေ့တွင် ရောက်ရှိခဲ့သည်။

**မေလ ၉ ရက်**

ယင်းနေ့တွင်တော့ ဖမ်းဆီးခံထားရသော သူတို့လူစုကို သုံးဖွဲ့ခွဲကာ တောင်ယာဟောင်းတစ်ခုရှိ တဲသုံးတဲတွင် အိပ်စက်စေခဲ့သည်။

ယင်းအချိန်မှစတင်၍ သူတို့ပြန်လည် လွတ်မြောက်နိုင်စေမည့် မျှော်လင့်ချက်တစ်ခုကို မြင်တွေ့လာခဲ့ရသည်။

၎င်းတို့ကို ပြန်လွှတ်ပေးရန် တပ်မတော်ဘက်မှ ကေအိုင်အိုထံ အကြောင်းကြားထားပြီး သူတို့သွားရာလမ်းကြောင်းတစ်လျှောက် တွင် အစိုးရတပ်များ ပိတ်ဆို့နေရာယူထားကြောင်း ကြားသိလာရခြင်းကြောင့်ဖြစ်သည်။

**မေ ၁၁ ရက်**

ယင်းနေ့ ညနေ ၄ နာရီတွင်တော့ ကိုဖြိုးဖြိုး၏ မျှော်လင့်ချက် ပြည့်ဝလာခဲ့သည်။ သူတို့ ဝန်ထမ်းနှစ်ဦးအပါအဝင် ၁၂ ဦးကို ကေအိုင်အေမှ ပြန်လွှတ်ပေးခဲ့ပြီး တီယန်ဇွပ်ကျေးရွာ အုပ်ချုပ်ရေးမှူးက လာရောက်ခေါ်ဆောင်ခဲ့သည်။

ယင်းနောက် အစိုးရတပ်နှင့်တွေ့ဆုံပြီး မေလ ၁၂ ရက်တွင်တော့ သူ၏ မိဘနှစ်ဦး၊ ညီငယ်နှစ်ဦးတို့ စောင့်မျှော်နေသော မြစ်ကြီးနားမြို့ရှိ နေအိမ်သို့ ကိုဖြိုးဖြိုး တစ်ယောက် ပြန်လည်ရောက်ရှိလာခဲ့သည်။

ယခုအချိန်တွင် ကိုဖြိုးဖြိုးမှာ သူ၏ မူလအလုပ်တာဝန်များကို ပုံမှန်ပြန်လည်ထမ်းဆောင်နေပြီး မိသားစုနှင့်အတူ တောတွင်းအိပ်မက်ဆိုးကို မေ့ပျောက်ရန် ကြိုးစားနေပါသည်။ ကြုံတွေ့ခဲ့သော ဖြစ်ရပ်များကြောင့် ကချင်ပြည်နယ်တွင် မနေထိုင်တော့ဘဲ အောက်ပြည်အောက်ရွာသို့ သွားရောက်လုပ်ကိုင်စားသောက်ရန် တစ်ခါတရံ စဉ်းစားမိကြောင်းလည်း သူက ဆိုသည်။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် ထင်မြင်ချက်ကို သတင်းထောက်များက မေးမြန်းရာ ကိုဖြိုးဖြိုး တစ်ယောက် ပြောမပြတတ်ခဲ့ပါ။သို့သော်လည်း လက်နက်ကိုင်တပ်ဖွဲ့များ၏ အရပ်သားပြည်သူများအပေါ် ဖမ်းဆီးခြင်း၊ ချောဆွဲခြင်း စသည့်လုပ်ရပ်များအပေါ် မေးမြန်းမှုကိုတော့ သူက ကြမ်းပြင်တစ်နေရာကိုငေးကြည့်ရင်းက ယခုကဲ့သို့ ပြောပြပါသည်။ “အပြစ်လည်း မပြောချင်ပါဘူး။ နောက်တစ်ခါတော့ ထပ်မကြုံချင်တော့ပါဘူး”

စာမျက်နှာ(၂၀) မှ

## သူခိုးကြီး ငတက်ပြားကိုပင် လွမ်းရတော့မလို

ဒုတိယ သမ္မတကြီး ပြောသည့် လယ်မြေတွေ သိမ်းရသည့် နောက်တစ်ကြောင်းက “စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကုမ္ပဏီတွေ လုပ်ကိုင်ခွင့်ရနိုင်ဖို့အတွက် သိမ်းရပါသည် . . . ”တဲ့ ဆိုသည့်အခါ ကိုယ့်နားကိုပင် ကိုယ်မယုံလိုက်။

ဘယ်နှယ့်ကွယ် . . .မကြုံကောင်းမစည်ရာ လယ်သမားလေးတွေ ဓားမဦးချ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်လာခဲ့ကြတာလေးတွေကို သိမ်းပြီး ငွေရှင်ကြေးရှင်ကြီးတွေ ကုမ္ပဏီကြီးတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ လုပ်နိုင်အောင် သိမ်းပေးရသတဲ့။ ကြုံဖူးပေါင်ကွယ်တို့ရယ်ဟု တွေးမိသည်။

ဟိုးရှေးခေတ်သက်ဦးဆံပိုင်ဘုရင်လက်ထက်က ရှိခဲ့ဖူးသည့် သူခိုးကြီးငတက်ပြားတောင်မှ ဗိုလ်ချုပ်ကြီးတို့ထက် အတွေးအခေါ်ကောင်းသေးဟုလည်း စိတ်ထဲမှာ ပြောမိရသည်။ သူခိုးကြီးငတက်ပြားက တိုင်းပြည်တွင်းမှာရှိတဲ့ ဆင်းရဲသားလေးတွေကို ကျိကျိတက်ချမ်းသာကြတဲ့ သူဌေးကြီးတွေရဲ့ အိမ်က ပစ္စည်းရတနာတွေကို ခိုးယူပေးကမ်းပြီး စီးပွားထူထောင်ပေးခဲ့သည်တဲ့။ များရာစုမရှိဆင်းရဲသားတွေ ထမင်းဝမှ တိုင်းပြည်အေးချမ်းသာယာရှိပေမည်ကိုး။ ခုတော့ဖြင့် ပြောင်းပြန်။ လက်ချိုးရေတွက်လို့မှ နှစ်ဖက်မပြည့်တတ်သည့် မြန်မာနိုင်ငံထဲက ငွေရှင်ကြေးရှင်တွေ၊ ကုမ္ပဏီပိုင်ရှင်တွေ စီးပွားလုပ်နိုင်အောင် မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားလည်းဖြစ်၊ တိုင်းပြည်လူဦးရေ၏ ၇၀ ရာခိုင်နှုန်းအများဆုံးလည်းဖြစ်သည့် လယ်သမားတွေထံမှ လယ်ကိုသိမ်းပြီး လုပ်ငန်းတွေလုပ်နိုင်အောင် ဖန်တီးပေးရသည်ဆိုသည့်အခါ ရင်သပ်ရှုမောအံ့ဩဘနန်းဖြစ်ရသည်။ လယ်သမားတွေ တိုးတက်ပါမှ တိုင်းပြည်တိုးတက်မည် ဆိုသည်ကို အဘယ့်ကြောင့်များ မတွေးကြတာပါလိမ့် တွေးမိတော့ သူခိုးကြီးငတက်ပြားကို သတိတရ လွမ်းမိသည်။

ထားတော့။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပြီ။ ခုဆို ပေးတန်တာတွေလည်း ပြန်လည်ပေးအပ်နေပြီဆိုသဖြင့် ကြိုဆိုရပါသည်။ ဝမ်းမြောက်ရပါသည်။

သည်လယ်၊ သည်မြေလေး လက်ဆုပ်ပြီး နွားနှင့် အတူရုန်းပါမှ ဝမ်းဝကြသည့် လယ်သမားလေးတွေကို သနားသင့်ပါသည်။ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ချင်း လုပ်လျှင် မြန်မာနိုင်ငံ၏ အောက်ခြေလူတန်းစား အများစုကြီးဖြစ်သော လယ်သမားလေးများ၏ ဘဝတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နိုင်ပါမှ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောသည့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုသည်က အကောင်အထည်တစ်စွန်းတစ်စ ပေါ်နိုင်လိမ့်မည်ထင်ပါသည်။

ကိုယ့်လယ်လေးတွေ ပြန်ရလိုရငြား ဆန္ဒပြတောင်းဆိုမိကြသည့် လယ်သမားကျောမွဲလေးတွေကို သွေးမြေကျအောင် ရိုက်နှက်၊ နှိပ်စက်ပြီး ထောင်သွင်း အကျဉ်းချသံများလည်းနောက်နောင်အခါများ မကြားရပါစေတော့ကြောင်း ဆုတောင်းမေတ္တာလည်း ပို့သရပါသည်။ ။

မလေးရှားနိုင်ငံ တွင်
တာဝန်ထမ်းဆောင်ရန်
General Fitter
လစာ – တစ်လ RM 1020 + OT
စားစရိတ် – တစ်လ RM 200 ထောက်ပံ့သည်။
General Worker
လစာ – တစ်လ RM 905 + OT
စားစရိတ် – တစ်လ RM 200 ထောက်ပံ့သည်။
နေစရာ - အလုပ်ရှင်မှ (အခမဲ့) စီစဉ်ပေးမည်။
အသက် - (၂၅) နှစ် မှ (၄၅)နှစ် အတွင်း
ဝန်ဆောင်ခ - (၉) သိန်း (လေယာဉ်လက်မှတ်ပါပြီး)

စင်ကာပူနိုင်ငံ PSA ကုမ္ပဏီတွင်
Container Driver
လုပ်ကိုင်လိုသူများအတွက်
လစာ - S$ 570 + OT
ဝန်ဆောင်ခ – S$ 1600 + One Way
ကားမောင်းလိုင်စင် ရှိသူများ လျှောက်ထားနိုင်သည်။
အမြန်သင်တန်းပေးနေပြီ
(၂၅-၅-၂၀၁၄) ရက်နေ့တွင် အင်တာဗျူးရှိသည်။

သူခစုစ် ပြည်တွင်း/ပြည်ပ အလုပ်အကိုင် ဝန်ဆောင်မှု ကုမ္ပဏီ
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၃၉–လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph: (01) 377343, 377344, 385758, 386877, 392233

ဦးကျော်သီဟ B.A(Korean) MUFL ဦးစီးသော
Ever Stand
ကိုရီးယား (EPS-TOPIK) စာမေးပွဲအတွက်
သီးသန့်(၇)ယောက်ဝိုင်းများ
09-43107402, 09-420132133
သင်တန်းစမည့်ရက်
၂.၆.၂၀၁၄ ရန်ကုန်
၄.၈.၂၀၁၄ နတ်ပေးရွာသင်တန်းခွဲ(ကန့်ဘလူမြို့နယ်)
အမှတ်(၁၀၁)၊ 8(C)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဟိုတယ်(သစ်)များရဲ့ လိုအပ်ချက်
လူငယ်တွေ တိုးတက်ဖို့ အခွင့်အလမ်း
ဟိုတယ်မန်နေဂျာ သင်တန်း
Hospitality Operation Specialists' Team
ဖုန်း–၀၉ ၅၁ ၉၉၀၇၁၊ ၀၉ ၆၈၁၅၆၃၇
လာမိုင်ကွန်ဒို၊ အမှတ်(၉၉)၊ အခန်း(၄ခ)၊ မြေနုလမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
www.facebook.com/hostwelcomeu